
ဂူးလုံစိမ်း၏ ရှန်ဖုန်ချီ
2003
တက္ကသိုလ်
နေလင်းအောင်
သိုင်းတံခွန်
၇-အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၆)
ဇော်ရဲအောင်(TZ)
သိုင်းစာစဉ်များpage


40
နေလင်းအောင်
သိုင်းတံခွန်
စာစဉ် ၆

# တက္ကသိုလ်နေလင်းအောင်

## သိုင်းတံခွန်

( စာစဉ်-၆ )

နေဝန်းသစ်စာပေ

အခန်း ၁၆၊ တိုက်၅၇၊ စံပြ ဖ-ဆ-ပ-လ ရပ်ကွက်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှအတတ်ပညာများနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## အခန်း ( ၁၀၁ )

### ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်၏ လျှို့ဝှက်ချက်

ရုံကူလင်သည် ဝမ်လျှံအဖွဲ့ရှင်၏နောက်ကျောကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့သည်။ သူ မည်မျှငေးမောနေမိသည်မသိ၊ သူ့နောက်ကျောမှချောင်းဟန့်သံကြောင့် လန့်ပင်သန့်သွားမိသည်။

"အဟမ်း....ဆရာလေး"

ရုံကူလင်သည် လှည့်ကြည့်မိသည်။ မိန်းမပျိုလေးတစ်ယောက်သည် လင်ဗန်းတစ်ချပ်ကို စုံကိုင်ရင်း သူ့အားပြုံး၍ကြည့်နေကြောင်း ရုံကူသင် တွေ့လိုက်ရသည်။

ရုံကူလင်သည် မိန်းမပျိုသေးအား ဘာစကားပြောရမည်မှန်းမသိသဖြင့် အကြီးအကျယ် စဉ်းစားနေရတော့၏။

"ဆရာလေး....ဘာတွေစဉ်းစားနေတာလဲ"

ရုံကူလင်သည် သတိပြန်ဝင်သွားပြီး....

"ဪ... ခင်ဗျားတို့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ အထီးကျန်ဘဝကို စဉ်းစားနေတာပါဗျာ၊ ဘာတွေ ယူလာတာလဲဗျ"

"အခုဆိုရင် အချိန်တောင် အတော်လင့်နေပါပြီရှင်၊ ဒီအချိန်ကျမှ ဆရာလေး အိပ်မပျော်ဘူးဆိုရင် မနက်ဖြန် တွေ့ဆုံပွဲအတွက် အခက်အခဲဖြစ်နိုင်တယ်လို့ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မက ပြောပါတယ်၊ အခု ဆရာလေးသောက်ဖို့ ဆေးတစ်ခွက် ပို့ခိုင်းလိုက်ပါတယ်"

ရုံကူလင်သည် လင်ဗန်းပေါ်မှဆေးခွက်ကို လှမ်းကြည့်ပြီး....

"ဘာလဲဗျ၊ အရက်တွေလား"

"ဟုတ်ကဲ့ရှင့်၊ အရက်ပါ၊ ဒါပေမယ့် ရိုးရိုးအရက် မဟုတ်ပါဘူး၊ ဒီအရက်ထဲမှာ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မတောင် မသုံးရက် မဆောင်ရက် သိမ်းဆည်းထားတဲ့ ဆေးတစ်မျိုး ထည့်စပ်ထားပါတယ်၊ အင်မတန် အဖိုးတန်ပါတယ်ရှင်၊ ရွှေစင်တစ်ထောင် ပေးလို့လဲ အဲဒီဆေးမျိုးကို ရောင်းလို့ မဖြစ်ပါဘူးရှင်၊ အို....ကုန်ကုန်ပြောလိုက်မယ်၊ ရွှေစင်တစ်သိန်းပေးရင်တောင် အဖွဲ့ခေါင်းဆောင်ချုပ်သခင်မ အနေနဲ့ ဒီဆေးကို မရောင်းနိုင်ပါဘူး"



"ဘယ်ဆိုတဲ့ဆေးပါလဲဗျာ၊ ဒီလောက်ညွှန်းနေမှတော့ ကျွန်တော်မသောက်လို့ ဘယ်ဖြစ်ပါတော့မလဲ၊ ကူညီမယ်လို့ ဆုံးဖြတ်ပြီးမှတော့ အရိုးကြေကြေ အရေခန်းခန်း ကူညီရတော့မှာပေါ့ဗျာ၊ အားတိုးဆေးပဲဖြစ်ဖြစ်၊ အဆိပ်ဆေးပဲ ဖြစ်ဖြစ် သောက်ရတော့မှာပေါ့"

မိန်းမပျိုက ပြုံးလိုက်ပြီး....

"ကြံကြံဖန်ဖန် ဆရာလေးရယ်၊ အင်မတန်အရေးကြီးတဲ့ အချိန်မို့လို့သာ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မက ဒီဆေးကို တိုက်တာပါ၊ ထင်ယောင်ထင်မှား သံသယတွေနဲ့ ကိုယ့်ကိုယ်ကို မနှိပ်စက်ပါနဲ့ရှင်"

ရုံကူလင်သည် မည်သည့်စကားမျှမပြောတော့ဘဲ ဆေးခွက်ကိုကောက်ယူ၍ မော့ချလိုက်လေတော့၏။

မိန်းမပျိုလေးသည် ရုံကူလင် ဆေးကုန်အောင်သောက်သည်အထိ စောင့်ကြည့်ပြီးမှ ဖြည်းညင်းစွာပြောသည်။

"ဆရာလေး....၊ ဒီဆေးသောက်ပြီးရင် လမ်းလျှောက်ဖို့ မကြိုးစားပါနဲ့တော့နော်၊ ခုတင်ပေါ်မှာလှဲပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်အနားယူပါတော့"

"ဘာဖြစ်လို့လဲ၊ ဒီဆေးသောက်ပြီးရင် လမ်းတောင် လျှောက်လို့ မရတော့ဘူးလား"

"ဟုတ်ပါတယ်ရှင်၊ ဒီဆေးက အိပ်ဆေးသဘောမျိုးလဲ သက်ရောက်ပါတယ်"

ရုံကူလင် ဖြုန်းခနဲ ထရပ်လိုက်၏။ သူ့ခြေထောက်များက သူ့ခန္ဓာကိုယ်အား ထိန်းမထားနိုင်ဘဲ ဖြစ်နေသဖြင့် ယိမ်းထိုးလဲကျလုမတတ် ဖြစ်သွားသည်။

သို့သော် မိန်းမပျိုက ဘေးမှအသာအယာ ဖေးမတွဲထားသည်။ မိန်းမပျိုသည် ရုံကူလင် ဤကဲ့သို့ လဲပြိုကျလာမည်ကို ကြိုတင်တွေးပြီး ဖြစ်ဟန်တူပေသည်။

"ကျွန်မပဲ ဆရာလေးကို ခုတင်ပေါ် ပို့ပေးပါရစေနော်"

ရုံကူလင်မှာ စကားမပြောနိုင်တော့သဖြင့် ခေါင်းသာ ညိတ်ပြလိုက်ရသည်။

မိန်းမပျိုသည် ရုံကူလင်အား ခုတင်ပေါ် လှဲချပေးပြီး ဖိနပ်ချွတ်ပေးသည်။ ခုတင်ပေါ်၌နေသားတကျဖြစ်စေရန်ပြင်ဆင်ပေးပြီး စောင်တစ်ထည် လွှမ်းခြုံပေးသည်။ အားလုံး အပြည့်အစုံ ပြင်ဆင်ပေးပြီးမှ အခန်းထဲမှ ထွက်ခွာသွားသည်။

ရုံကူလင်သည် ထိုဆေးအရက်အပေါ် သံသယဝင်နေမိ၏။ သို့သော် ဝမ်လျှံအဖွဲ့ရှင်၏ တည်ကြည်သော မျက်နှာထားကို သတိရမိသောအခါ ဤသို့ မလုပ်တန်ရာဟု တွေးမိပြန်သည်။

ထို့ပြင် ဝမ်လျှံအဖွဲ့ကသာ သူ့အား လုပ်ကြံလိုလျှင် ဤအထိ ခေါ်ဆောင်ပြီး ဆေးဝါးများဖြင့် လုပ်ကြံရန်မလိုကြောင်းတွေးမိလာသဖြင့် စိတ်ထဲ၌ဖြေသိမ့်မှုရသွားတော့၏။



သူသည် ဝမ်လျှံအဖွဲ့ရှင်အကြောင်း၊ သူရဲကောင်း တိန့်ရှီလုံ အကြောင်း၊ မြင်းမျက်နှာနှင့် တူသည့် ဝူကြည်တိုးတိုးအကြောင်း စသည်တို့ကိုတွေးရင်း ရုံကူလင်မှာ မျက်ခွံများလေးလံလာတော့၏။ မကြာမီ မေ့ခနဲ ဖြစ်လာကာ အိပ်ပျော်သွားလေတော့၏။

သူ မည်မျှအိပ်ပျော်နေသည်မသိ၊ သူ အိပ်ရာမှ နိုးလာသောအခါ သူ့တစ်ကိုယ်လုံး ကိုက်ခဲညောင်းညာနေကြောင်း သတိပြုမိလာသည်၊

အဘယ်သို့ ဖြစ်သနည်း၊

ရှေစင်တစ်သိန်းနှင့် မလဲနိုင်၊ မရောင်းနိုင်ဟူသော အဖိုးအနဂ္ဃထိုက်တန်သည့် ဆေးအရက်၏ တန်ခိုးအာနိသင်မှာ ဤသို့ ညောင်းညာကိုက်ခဲခြင်းပင်လော၊ ရုံကူလင် စိတ်ခေတ်ကျသွားလေ၏။

ဤသို့ တွေးလိုက်သည့် တစ်ဆက်တည်းမှာပင် သူ့ခန္ဓာကိုယ်ပေါ်သို့ လက်အစုံက နှိပ်နယ်ပေးနေကြောင်း ခံစားသိရှိလာလေ၏။ သူသည် ပတ်ဝန်းကျင်ကို အလျှင်အမြန် လှည့်လာလိုက်သည်။

ဝမ်လျှံအဖွဲ့ရှင်သည် ခုတင်ခေါင်းရင်း၌ ထိုင်ခုံတစ်လုံး၌ထိုင်ကာ သူ့အား စူးစူးစိုက်စိုက် ကြည့်နေ၏။ သူ့အား အဖိုးအနဂ္ဃ ထိုက်တန်သည်ဆိုသော အရက်ဆေး လာတိုက်

သည့် မိန်းမပျိုသည် သူ့အိပ်ရာဘေး၌ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်လျက် သူ၏ခြေဆစ်လက်ဆစ်များအား နှိပ်နယ်ပေးလျက် ရှိနေပေသည်။

ရုံကူလင်သည် သူ့အား နှိပ်နယ်ပေးသည့် မိန်းမပျိုအား အကဲခတ်လိုက်၏။ ထိုမိန်းမပျို၏ နဖူး၌ ချွေး သီးချွေးပေါက်များရှိနေသည်ကို ကြည့်ခြင်းအားဖြင့် သူ့အား ခွန်စိုက် အားစိုက် နှိပ်နယ်ပေးနေရခြင်း ဖြစ်ကြောင်း သိနားလည် လေသည်။

ရုံကူလင်သည် ညောင်းညာကိုက်ခဲနေသည့်ကြားမှ တွေး လိုက်မိ၏။

“အင်း....သူတို့ဆေးက စွမ်းတော့ စွမ်းတယ်နဲ့ တူပါရဲ့၊ ဒါပေမယ့် ငါ့ကို တိုက်တဲ့ ဆေးအချိန်အဆက များသွား တယ်နဲ့ တူပါတယ်၊ ဒါကြောင့်မို့ ရှေးလူကြီးသူမတွေက ‘တန်ဆေးလွန်ဘေး’ လို့ ဆိုခဲ့ကြတာပဲ”

သူ့အတွေး မဆုံးမီမှာပင်....

“ရပ်လိုက်တော့”

ဝမ်လျှံအဖွဲ့ရှင်၏ အမိန့်ပေးသံက ပီသကြည်မြစွာ ထွက် ပေါ်လာသည်။ မိန်းမပျိုသည် နှိပ်နယ်ပေးခြင်းကို ရပ်ဆိုင်း ကာ ရုံကူလင်ဘေး၌ ထိုင်နေရာမှ ကြမ်းပြင်ပေါ်သို့ ဆင်း သက်လိုက်၏။



ဝမ်လျှံအဖွဲ့ရှင်က လက်ဖြင့် အချက်ပြကာ....

“မင်းလဲ သိပ်ပင်ပန်းနေပြီ၊ ဒီ့ထက် ဆက်နှိပ်နေရင် မင်း အားလဲ အားလုံး ပျက်ပြုန်းသွားလိမ့်မယ်၊ ဒီတော့ သွားပြီးအနားယူပေတော့”

မိန်းမပျိုသည် ဝမ်လျှံအဖွဲ့ရှင်အားဦးညွှတ်ဂါရဝပြုလျက် အခန်းတွင်းမှ ထွက်ခွာသွားတော့သည်။

အခန်းထဲ၌ ဝမ်လျှံအဖွဲ့ရှင်နှင့် ရုံကူလင်တို့ နှစ်ယောက် သာ ကျန်ရစ်ခဲ့တော့သည်။

ဝမ်လျှံအဖွဲ့ရှင်က ရုံကူလင်အား ကရုဏာသက်သော မျက်နှာထားဖြင့် ကြည့်ကာ နူးညံ့စွာ မေးလေ၏။

“မင်း ဘယ်လိုခံစားနေရသေးသလဲ”

ရုံကူလင်မှာ စိတ်မသက်သာသော မျက်နှာထားဖြင့် ပြန် ဖြေကြားလိုက်၏။

“အဖွဲ့ခေါင်းဆောင်ချုပ်ကြီးတို့ရဲ့ ဆေးကတော့ တကယ့် ကို အဖိုးအနဂ္ဃ ထိုက်တန်ပေတာပဲဗျာ၊ ကျွန်တော် တစ်ကိုယ် လုံး ထုံကျဉ်ကိုက်ခဲတဲ့ အကျိုးကိုပဲ ခံစားနေရပါတယ်၊ ဟိုမိန်း ကလေးကတော့ ဒီဆေးကို ရွှေစင်တစ်သိန်းနဲ့တောင် ရလဲနိုင် ဘူးလို့ အဆိုပြုသွားခဲ့တာပဲ၊ ကျွန်တော့် သဘောအရတော့ ကြေးပြားဆယ်ပြား ပေးရင်တောင် ဒီတန်ဖိုးက သိပ်များ နေပြီလို့ ထင်မိမှာပါပဲဗျာ”

ဝမ်လျှံအဖွဲ့ရှင်က ပြုံးလိုက်လေ၏။ 'မင်း အရေမလည်သေးလို့ပါကွာ' ဟူသော အပြုံးမျိုး ဖြစ်ပေသည်။

"အဲဒီလိုမတော့ အထင်မလွဲလိုက်ပါနဲ့ကွာ၊ အကြောင်းအရာတစ်ခုကို တဒင်္ဂကလေးနဲ့ အဆုံးအဖြတ် မပေးပါနဲ့၊ ဒီဆေးက အဆိပ်ဆေးမဟုတ်ပါဘူး၊ မင်းရဲ့ အတွင်းအားကို ပိုကောင်းလာအောင် ဖြတ်လမ်းက အရောက်ပို့ပေးတဲ့ ဆေးပါ၊ တကယ့်ကို အဖိုးထိုက်တန်တဲ့ ဆေးပါကွယ်"

ရှုံကူလင်သည် ဝမ်လျှံအဖွဲ့ရှင်၏ မျက်လုံးများကို စိုက်ကြည့်ရင်း သူမသည် အမှန်စကားများကိုသာ ပြောနေခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်သွားလေ၏။

"ကျွန်တော့်အတွက် ဒီလောက် တန်ဖိုးရှိတဲ့ ဆေးကို တိုက်ဖို့ လိုသေးလို့လားဗျာ"

"ဘယ့်နှယ်ပြောပါလိမ့် မောင်ရာ၊ မင်း ဒီနေ့သွားတွေ့ရမယ့်သူက သိုင်းလောကထဲမှာလေလွင့်ပျက်စီးနေတဲ့ ကလေကချေသိုင်းသမားတစ်ယောက် မဟုတ်ဘူးကွယ့်၊ ဝူကြည်အဖွဲ့က ဝူကြည်ဘိုးဘိုးလို့ သူ့ကိုယ်သူ အမည်တပ်ထားတဲ့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးပဲကွယ့်"

"ဘယ်လိုသဘောလဲခင်ဗျာ၊ ကျွန်တော်တို့ တိုက်ရခိုက်ရဦးမယ်ဆိုတဲ့သဘောလား"

"ငါ့အနေနဲ့ကတော့ အစစအရာရာ ကြိုတင်ပြင်ဆင်ထားရတာပဲ၊ ဝီရိယပိုလို့ ဆုံးရှုံးတယ်ဆိုတာမျိုး ကြားဖူးရဲ့လားကွယ်"



မှန်ပေသည်။

လုံ့လဝီရိယရှိသူသည် မည်သည့်အခါမျှ အကျိုးမဲ့ မဖြစ်ချေ။ လူတို့သည် မိမိတို့ပြုမူသည့် အပြုအမူအရသာ ဆိုးခြင်း၊ ကောင်းခြင်း၊ အမည်ကျော်ကြားခြင်း၊ နာမည်ပျက်ခြင်း စသည်တို့ကြုံတွေ့ကြရသည်။

ကျင်းတူးသောသူသည် တဖြည်းဖြည်း နိမ့်၍နိမ့်၍ ကျဆင်းသွားတတ်သကဲ့သို့ တံတိုင်းပြုလုပ်သောသူသည်လည်း တဖြည်းဖြည်း မြင့်၍မြင့်၍ တက်သွားရပေသည်။

ရှုံကူလင်သည် ဝမ်လျှံအဖွဲ့ရှင်၏ ဝီရိယကောင်းသော သဘော၊ ရှေ့ရေးကို ကြိုတင် မြင်တတ်သော သဘောများနှင့် သိုင်းလောက၌ အံ့ဩဖွယ်ရာ ကြီးမြင့်လာသည့် အခြေအနေများကို ဆက်စပ်တွေးတောကာ ငြိမ်သက်စွာ နားထောင်နေမိလေ၏။

ဝမ်လျှံအဖွဲ့ရှင်က....

"ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ဟာ သိုင်းပညာ သိပ်ကောင်းမှာ သေချာပါတယ်၊ သူ ဒေါသထွက်မယ် မထွက်ဘူး၊ သူနဲ့ ပြေလည်မယ် မပြေလည်ဘူးဆိုတာ ဘယ်သူမှ ကြိုတင်တွက်ဆလို့ မရပါဘူး၊ မင်းနဲ့ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ် တွေ့ဆုံနေတဲ့အချိန်မှာ ငါက ကာကွယ်ပေး

မယ်ဆိုပေမယ့် မင်းအနားမှာကပ်ပြီး ကာကွယ်ပေးရတာ မဟုတ်တော့ မင်းအတွက် ဘယ်လိုမှ ရာခိုင်နှုန်းပြည့်စိတ်မချနိုင်ဘူး''

ဤစကားလည်း မှန်ပေသည်။ သူနှင့် ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ် နှစ်ယောက်ချင်းတွေ့ဆုံရာ၌ ဝမ်လျှံအဖွဲ့ရှင် အနေဖြင့် မည်သည့်နည်းနှင့်မျှ သူ့အနားလာကပ်၍ စောင့်ရှောက်နိုင်မည် မဟုတ်ပေ။

ဝမ်လျှံအဖွဲ့ရှင်က ဆက်ပြော၏။

''ဒါ့ကြောင့်မို့ အဖိုးအနဂ္ဃထိုက်တန်တဲ့ 'သြသဓ'ဆေးကို တိုက်ကျွေးရတာပါ၊ တကယ်လို့ မမျှော်လင့်တဲ့အန္တရာယ် ကျရောက်လာတဲ့အခါမှာ မင်းကိုယ်မင်း ရှတ်တရက်ကာကွယ်နိုင်အောင် ကြိုတင်ကာကွယ်ပေးတဲ့ သဘောပါပဲ''

မှုကူလင်သည် သူခံစားနေရသည့်ဝေဒနာများ ပပျောက်သွားသလို ခံစားလိုက်ရသည်။ စင်စစ် ဝေဒနာပျောက်ခြင်း မဟုတ်ပေ၊ ဝမ်လျှံအဖွဲ့ရှင်၏စကားအပေါ် သက်ဝင်ယုံကြည်သွားခြင်းသာ ဖြစ်ပေသည်။

''ဟုတ်ကဲ့၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီး စီမံပေးတဲ့အတိုင်း လိုက်နာဖို့ အသင့်ပါပဲ ခင်ဗျာ၊ သြသဓဆေးအပေါ်မှာလဲ ဘာမှ သံသယမရှိတော့ပါဘူး''

ဝမ်လျှံအဖွဲ့ရှင်က ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။



''ဒီလိုဆိုရင် ကောင်းပါလေရဲ့ကွယ်၊ ဒီည ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်နဲ့တွေ့တဲ့အခါမှာသာ ငါသင်ပေးထားတဲ့အတိုင်း ဆက်ဆံပါ၊ အရေးကြီးဆုံးအချက်က ပိုမသွားဖို့၊ လိုမသွားဖို့ပဲ''

''ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ် ခင်ဗျာ၊ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ဟာ ကျွန်တော့်အပေါ် သံသယမျက်လုံးနဲ့ စေ့စေ့စပ်စပ်အကဲခတ်မယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်ကလဲ ဟာကွက်မရှိအောင် ဂရုတစိုက် သရုပ်ဆောင်ပါ့မယ်''

''အေး....တစ်ခုတော့ရှိတာပေါ့ကွယ်၊ အခြေအနေအားလုံး ပုံသေကားချပ် တွက်ထားလို့တော့ မဖြစ်ပေဘူးပေါ့၊ ကိုယ်က ဒီနည်း ဒီပုံ တွက်ထားပေမယ့် ဒီအတိုင်းဖြစ်ချင်မှ ဖြစ်လာမှာ၊ တကယ်လို့ ကိုယ်တွက်ထားသလို ဖြစ်မလာတဲ့အခါကျတော့လဲ မင်းဘာသာမင်း မီးစင်ကြည့် ကပါလို့ ကြိုတင်မှာထားပါရစေ''

''စိတ်ချပါ၊ ကျွန်တော့်ဘာသာ ကြည့်လုပ် သွားပါ့မယ်''

''အေး.....ငါ ဒီလိုပြောလို့ မင်းဘာသာ ဖြစ်ချင်ရာဖြစ်ဆိုပြီး ငါက လွှတ်ထားတာမဟုတ်ပါဘူး၊ ဘေးကနေစောင့်ကြည့်ပြီး ကူညီနေမှာပါ''

''ဟုတ်ကဲ့၊ ဒါကိုလဲ ကျွန်တော်ယုံပါတယ်''

"ကောင်းပြီ၊ မင်း ခဏတစ်ဖြုတ် နားပေတော့၊ ကိုက်ခဲ ထုံကျဉ်နေတာတွေကိုလဲ စိတ်ထဲမထားပါနဲ့၊ အချိန်တန်တော့ ပျောက်သွားမှာပါ၊ မင်းအတွက် အဝတ်အစား လဲပေးဖို့ ငါ့တပည့်မတွေ ရောက်လာပါလိမ့်မယ်"

"ဟာ... ကျွန်တော့် ဘာသာ လဲပါ့မယ်ဗျာ"

"ဒီအချက်ကလဲ အရေးကြီးပါတယ်၊ မင်းဘာသာလဲလို့ မဖြစ်ပါဘူး၊ ည သန်းခေါင်ကျတဲ့အခါမှာ မင်းကို ငါလာခေါ်မယ်၊ တို့က ပိုကို အရင်ကြိုသွားနှင့်မယ်၊ ထွက်လမ်း ဝင်လမ်းတွေကို လေ့လာထားမယ်၊ မြေအနေအထားကို လေ့လာထားမယ်၊ အရေးကြုံရင် တို့အတွက် အထောက် အကူရတာပေါ့"

အမြစ်နှင့်ဘက္ကသော သစ်ပင်ကြီးကို ကြည့်ရှု စောင့်ရှောက်ပါက ထိုသစ်ပင်သည် အသီးတည်းဟူ သော အကျိုးကျေးဇူးကို ပြန်လည်ပေးအပ်တတ်ပေ သည်။

ဤအချက်ကို ရုံကူလင် ကောင်းစွာ သဘောပေါက်၏။ ထို့ကြောင့်....

"ဟာ....ဒီအလုပ်ဟာ အင်မတန် လျော်ကန်တဲ့ အလုပ်ပဲ ဗျာ၊ ဒီလို ကြိုတင်လေ့လာထားရင် ဘေးရေး ရှင်ရေးကျ တော့ ကျွန်တော်တို့က တစ်ပန်းသာသွားတာပေါ့ခင်ဗျာ"



"အေး....ညကျရင် ငါလာခေါ်မယ်"

"ကျွန်တော် အခု ထလို့မရသေးဘူးလား"

"မှတနေ့ဦး၊ လုံးဝမလှုပ်ရှားတာ အကောင်းဆုံးပဲ၊ ငါ့ တပည့်တွေက မင်းအတွက် အစစ အရာရာ တာဝန်ယူပေး ပါလိမ့်မယ်"

ဝမ်လျှို အဖွဲ့ရှင်သည် စကားဆုံးသည်နှင့် အခန်းအပြင် သို့ ထွက်သွားလေတော့သည်။

ရုံကူလင်သည် ခုတင်ပေါ်၌ ပက်လက်လှန်လျက်သား ရောက် ရှိနေသည့် အခြေအနေကို အပြန်ပြန်အလှန်လှန် သုံးသပ် လျက်ရှိလေ၏။

"အခုတွေ့ကြုံရမယ့် အတွေ့အကြုံကတော့ တကယ့် အတွေ့အကြုံအစစ်ပဲ၊ ရန်ကြုံမှ အပေါ်အဝင် သခင်မ သုံး ယောက်နဲ့ အဖွဲ့ခွဲမှူးခုနစ်ယောက်ကို ကြီးမှူးအုပ်ချုပ်နေတဲ့ ငှက်ကြည့်အဖွဲ့ခေါင်းဆောင်ချုပ်ကြီးဟာ ကောန်ကြောက်စရာ ကောင်းတဲ့ မိန်းမပဲဖြစ်ရမယ်၊ တိုက်ကြခိုက်ကြရင်လဲ တစ် ချက်မှ အညှာပေးမှာတော့ မဟုတ်ဘူး၊ သူ့တပည့်အရင်း ခေါက်ခေါက်တွေကိုတောင် ဘာမဟုတ်တဲ့ အပြစ်ကလေးနဲ့ ကြီးမားတဲ့ အပြစ်ဒဏ်တွေပေးခဲ့သေးတာပဲ၊ ငါ့နောက်ကို ခြေရာကောက်လိုက်မယ်ဆိုတဲ့ နှင်းတောင်က ဆရာကြီးမိုင် ရင်လဲ လုံးဝလိုက်မလာနိုင်တော့ဘူး၊ ဝမ်လျှို အဖွဲ့ရှင်ဟာ ငါ့

ကို အနီးကပ် မစောင့်ရှောက်နိုင်ရင် ငါ့အသက်အတွက် ငါ ကာကွယ်ရတော့မှာပဲ၊ တစ်ခုပဲဆိုးတယ်၊ ဝူကြည်အဖွဲ့ဟာ သိုင်းလောကအတွက် အန္တရာယ်ကြီး ဘယ်လို ဝမ်လျှံအဖွဲ့ရှင်က ပြောပေမယ့် ဘာအန္တရာယ်ဖြစ်နေမှန်း မသိရဘာပဲ''

နောက်ဆုံး၌ ရုံကူလင်သည် အခေါ်စများကို ဖြတ်တောက်ပစ်လိုက်ပြီး မျက်လုံးစုံမှိတ်ကာ အနားယူနေလေတော့သည်။

အတန်ကြာသော် ခြေသံဖွဖွကို ကြားလိုက်ရသည်။ ရုံကူလင် မျက်စိဖွင့်ကြည့်လိုက်သောအခါ မိန်းမပျိုနှစ်ယောက်သည် သူ့အနီးသို့ ဖြည်းညင်းစွာလျှောက်လာကြောင်းတွေ့လိုက်ရသည်။

တစ်ယောက်၏လက်ထဲတွင် အဝတ်အထည်များကို တစ်ထပ်ကြီးပွေ့ပိုက်ထား၏။

မိန်းမပျိုတစ်ဦးက ရုံကူလင်၏ ခုထင်ခေါင်း၌ ဝင်ထိုင်ပြီး မေးမြန်းသည်။

''ဆရာလေး....နေလို့ထိုင်လို့ကောင်းပါရဲ့လား''

''ဟုတ်ကဲ့၊ အခုတော့ အများကြီး ကောင်းလာပါပြီဗျာ၊ စောစောကတော့ တော်တော့်ကို မသက်သာဘာအမှန်ပဲ''



''ဆေးက ပြင်းသွန်းတော့ အဲဒီ ပို ခံစားလိုက်ရတာပါ၊ နောက် မကြာခင် ဒီဆေးရဲ့အကျိုးအာနိသင်ကို ဆရာလေးခံစားရလိမ့်မယ်၊ ကဲ... ကျွန်မကို ခွင့်ပြုပါဦးနော်၊ ဆရာလေးရဲ့ အကြောအချဉ်တွေကို ထပ်မံနှိပ်နယ်ပေးဖို့ လိုပါသေးတယ်''

''လုပ်ပါဗျာ၊ ခင်ဗျားတို့သဘောပါပဲ''

မိန်းမပျိုသည် ပထမတုန်းက နှိပ်နယ်သည့်ပုံစံအတိုင်း ရုံကူလင်အား ထပ်မံနှိပ်နယ်ပေးလေ၏။ မကြာမီ သူမ၏ မျက်နှာမှာ ချွေးများသီးလာတော့သည်။ သူမသည် ရုံကူလင်၏ အရေးကြီးသော အကြော သုံးဆယ့် ခြောက်ခုကို တဆတ်ဆတ်ရိုက်ပုတ်ပေးသည်။ သူမရိုက်ပုတ်လိုက်တိုင်း ရုံကူလင်မှာ တွန့်တွန့်လူး နာကျင်သွားသည်။

စင်စစ် ထိုမိန်းမပျိုသည် အတွင်းအား အလွန်ကောင်းမွန်သည့် သိုင်းပညာရှင်ဖြစ်၏။ ဆေး၏ အစွမ်းကို အကူအညီယူကာ သူမ၏ အတွင်းအားကို အသုံးပြုပြီးကုသပေးနေခြင်းဖြစ်ပေသည်။ ထို့ကြောင့် သူမအနေဖြင့် ဤမျှ မောဟိုက်ပင်ပန်းလာရခြင်း ဖြစ်ပေသည်။

သို့ရာတွင်ရုံကူလင်၏ခန္ဓာကိုယ်တွင်မူမယုံမှတ်နိုင်လောက်သည့် ပေါ့ပါးမှုမျိုးကို ခံစားလာရသည်။

မိန်းမပျိုက....

"ဆရာလေး... အခု ဘယ်လို ခံစားနေရသေးသလဲ"

ရုံကူလင်က ပြုံးရွှင်စွာပြောသည်။

"ဟာ... အခု အခြေအနေကတော့ စောစောက အခြေအနေနဲ့ ပြောင်းပြန်ပဲဗျာ၊ တကယ့်ကို ပေါ့ပေါ့ပါးပါး ဖြစ်လာတာပဲ၊ နေလို့ထိုင်လို့လဲသိပ်ကောင်းတယ်ဗျ"

"အင်း... ဒါဆိုရင် ဟုတ်ပြီ"

"ဘာတွေ ဟုတ်နေတာလဲ၊ တစ်ဆိတ်လောက် ရှင်းပြပါဦး"

"ကျွန်မတို့က ဒီဆေးအစွမ်းထက်တယ်ဆိုတာတော့သိပါတယ်၊ ဒါပေမယ့် ဒီဆေးကို ပမ်လူ အဖွဲ့ချုပ်ဖြစ်တဲ့ကျွန်မတို့ရဲ့ အဖွဲ့ချုပ်သခင်မကလွဲလို့ ဘယ်သူမှ ဒီဆေးကို မသောက်ဘူးတော့ ဒီဆေးသုံးအဆင့်ဆင့်ကို သိပ် မသိဘူးရှင့်၊ ပထမပိုင်း ရှင်ဝေဒနာခံစားနေရတယ်ဆိုတော့ ကျွန်မတို့လဲ ထိတ်လန့်မိတယ်၊ အခုလို ပေါ့ပေါ့ပါးပါးဖြစ်နေပြီဆိုရင်တော့ ဆေးအသေပြောက်ပြီဆိုတဲ့အဓိပ္ပာယ်ပဲပေါ့ရှင်၊ ဆရာလေးအတွက် ကျွန်မတို့ အများကြီး ဝမ်းသာပါတယ်ရှင်"

"ကျွန်တော့်အတွက်တော့ဝမ်းသာတယ်၊ ဝမ်းနည်းတယ် မရှိပါဘူးဗျာ"

"ဒါတော့ ဒီလိုပဲပေါ့ရှင်၊ သူရဲကောင်းဆိုတာ သေရေးရှင်ရေးအတွက် ဘယ်တုန်လှုပ်ပါ့မလဲ"



"ဒီလိုတော့လဲ မဟုတ်ပါဘူးဗျာ၊ ကျုပ်က သူတစ်ပါးအတွက် ကူညီလိုက်ရတယ်ဆိုရင် ကျေနပ်တာပါပဲ"

"ဒီစိတ်ကြောင့်လဲ ဆရာလေးအနေနဲ့ အကျိုးကျေးဇူးခံစားရမှာပါရှင်၊ ကဲ....ကျွန်မတို့အဖွဲ့ ခေါင်းဆောင်ချုပ်သခင်မကြွမလာခင် အဝတ်အစားလဲလိုက်ရင် ကောင်းမယ်ထင်ပါတယ်"

ရုံကူလင်သည် ခုတင်စောင်း၌ ထထိုင်လိုက်၏။

"အဝတ်အစားတွေ ထားခဲ့ပါဗျာ၊ ကျွန်တော့်ဘာသာဝတ်မယ်"

မိန်းမပျိုနှစ်ဦးက ပျာပျာသလဲတောင်းပန်၏။

"မဖြစ်နိုင်ပါဘူးရှင်၊ အခုသွားရမယ့်ကိစ္စက ဆရာလေးရုံကူလင့်ဘဝနဲ့ သွားရမယ့်ကိစ္စ မဟုတ်ပါဘူး၊ တခြားလူတစ်ယောက်အနေနဲ့သွားရမယ့် ကိစ္စပါ၊ ဆရာလေးရုံကူလင်ရဲ့ ဝတ်စားဆင်ယင်ပုံနဲ့ အခုသွားရမယ့်လူ ဝတ်စားဆင်ယင်ပုံ မတူပါဘူး၊ ကျွန်မတို့ပြင်ဆင်မပေးရင် ရန်သူကရိပ်မိသွားပါလိမ့်မယ်"

မိန်းမပျိုနှစ်ဦး၏စကားများက ကျိုးကြောင်းဆီလျော်လှပေသည်၊ ထို့ကြောင့် သူတို့သဘောအတိုင်း လိုက်လျောလိုက်ရတော့သည်။

''ကဲဗျာ....ခင်ဗျားတို့ သဘောအတိုင်းပဲ''

မိန်းမပျိုနှစ်ဦး၏ အထိအတွေ့ အကိုင်အတွယ်တွေကို ရုံကူလင် တုန်လှုပ်မိသည်။ သူသည် မိန်းမများနှင့် သီးသီးခြားခြားနေလေ့ရှိသူ မဟုတ်ပါလော။

ရုံကူလင်၏ ပင်ကိုယ်ဗီဇစိတ်နှင့် သူဟန်ဆောင်ရမည့် သူရဲကောင်းတိန်ရိလုံ၏ဗီဇစိတ်သည် အလွန်တရာကွာခြားလှသည်။ ရုံကူလင်သည် မိန်းမများနှင့် ဝေးဝေးနေလိုသူဖြစ်ပြီး တိန်ရိလုံက မိန်းမများအကြား၌ ပျော်မွေ့လိုသူဖြစ်၏။

မကြာမီပင် မိန်းကလေးများသည် ရုံကူလင်အား ဝတ်စားဆင်ယင်၍ပေးပြီးသွား၏။ မိန်းမပျိုတစ်ယောက်က ရုံကူလင်၏ လက်ထဲသို့ မှန်တစ်ချပ် ထိုးထည့်ပေးလိုက်သည်၊

''ကဲ....ကြည့်စမ်းပါဦးရှင်၊ ဒီအဝတ်အစားတွေနဲ့ လိုက်ရဲ့လားလို့''

ရုံကူလင်သည်မှန်ထဲ၌သူ့ရုပ်သွင်ကိုပြန်ကြည့်၏။ ငွေရောင်ဝတ်စုံသည် သူဝတ်ဆင်နေကျ အနက်ရောင်ဝတ်စုံနှင့်အလွန်တစ်ရာ ခြားနားစွာ တောက်ပြောင်နေသည်။ ချုပ်လုပ်ထားသည့် ပုံစံကလည်း ခြားနားနေသည်။ ဤဝတ်စုံမျိုးကိုသာ တိန်ရိလုံ ဝတ်ဆင်ခဲ့ပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ၊ ဝတ်စုံသည် သူ့ခန္ဓာနှင့် ချပ်ချပ်ယပ်ယပ် ဖြစ်နေသဖြင့် အလိုလိုချီးကျူးမိလေတော့၏။



''အင်း....ခင်ဗျားတို့ချုပ်လာတဲ့ဝတ်စုံကတော့တကယ့်ကို တင်တိုင်းတည်းပါပဲဗျာ၊ တော်ကြပါပေတယ်''

ထိုသို့ ပြောနေစဉ်မှာပင် ဝမ်လျှံအဖွဲ့ရှင် ရောက်ရှိလာလေ၏။

မိန်းမပျိုနှစ်ဦးသည် ကပျာကယာ ထရပ်ကာ သူတို့၏ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မအား ဦးညွှတ်ဂါရဝ ပြုလိုက်ကြ၏။

ဝမ်လျှံအဖွဲ့ရှင်က သူမ၏ လက်ကိုဝှေ့ယမ်းပြပြီး....

''ကဲ....မင်းတို့အလုပ် မရှိတော့ဘူး၊ သွားကြတော့''

ဝမ်လျှံအဖွဲ့ရှင်၏ အမိန့်သံဆုံးသည်နှင့် မိန်းမပျိုနှစ်ဦးစလုံးဦးညွှတ်ဂါရဝပြုကာ အခန်းထဲမှ လျင်မြန်စွာထွက်ခွာသွားတော့သည်။

ဝမ်လျှံအဖွဲ့ရှင်သည် ရုံကူလင်အား ခြေဆုံး ခေါင်းဆုံး အကဲခတ်ပြီး ကျေနပ်စွာပြုံးလေ၏။

''အင်း....မင်း ဒီဝတ်စုံ ဝတ်လိုက်တော့ ငါ့ယောကျ်ားအသက်ပြန်ရှင်လာတဲ့အတိုင်း ပါပဲကွယ်၊ တကယ့်ကို တစ်ထေရာတည်း တူပါတယ်''

ဝမ်လျှံအဖွဲ့ရှင်က ဆက်၍ပြောသည်၊

"ဒီကနေ့ည မင်းသာ ဆက်လက်အသက်ရှင်နေဦးမယ်ဆိုရင်တော့ မင်းနဲ့ငါ အများကြီး စကားပြောစရာ ရှိသေးတယ်၊ ရှုံးခဲ့ရင်တော့ ဘာမှ ပြောစရာ မလိုတော့ဘူးပေါ့ကွာ"

ရုံကူလင်မှာ စိတ်ထဲ၌ မသက်မသာဖြစ်သွား၏။ သူသည် မင်းကိုယ်အားဖြင့်စကားနည်းသူဖြစ်၍ ဝမ်လျှို အဖွဲ့ရှင်၏ သူ့အပေါ် ဖစ်ပစ်ခါခါ ပြောသော စကားအတွက် မည်သို့မျှ မချေပတော့ပေ။

သို့သော် စိတ်ထဲကမူ....

"ဩော်....ဝမ်လျှို အဖွဲ့ရှင်ကို အင်မတန်မှုဘတဲ့ အမျိုးသမီးအဖွဲ့ခေါင်းဆောင်ချုပ်ကြီးလို့ ထင်ခဲ့မိတာကိုး၊ ခုတော့လဲ ငါ့အသက်ကို ဖက်ရွက်ကလေးတစ်ရွက်လောက်သာ သဘောထားတဲ့ အမျိုးသမီးကြီးပါလား"

ရုံကူလင်စိတ်ထဲ၌ မည်သို့ ဖြစ်ပေါ်နေသည်ကို ဝမ်လျှို အဖွဲ့ရှင် မသိပေ၊ သိနိုင်လောက်သည့် တန်ခိုးဣဒ္ဓိပါဒ်ရှင်လည်း မဟုတ်ပေ။

ထို့ကြောင့် သူမ ပြောလိုသည့် စကားကိုသာ ဆက်ပြောနေတော့သည်။

"မင်း ထုတ်သုတ်ကိုင်နေတဲ့ ဓားကော ရှိသေးရဲ့လား"



"ဟုတ်ကဲ့....ရှိပါသေးတယ်"

"အဲဒီဓားဟာ သိပ်အစွမ်းထက်တယ်၊ မင်းရဲ့ ဓားသိုင်းပညာနဲ့ အဲဒီဓားနဲ့ ပေါင်းစပ်လိုက်ရင် တော်ရုံတန်ရုံ ရန်သူ မခံနိုင်ဘူး"

ရုံကူလင်သည် ခေါင်းအုံးအောက်မှ ဓားကိုယူ၍ ကျော၌ သိုင်းလွယ်လိုက်သည်။

ဝမ်လျှို အဖွဲ့ရှင်သည် ရုံကူလင် အသင့်ဖြစ်မဖြစ်ကို စောင့်ကြပ် အကဲခတ်နေသည်။ ပြီးမှ...

"ကဲ....သွားကြစို့"

"ဟုတ်ကဲ့....အဆင်သင့်ပါပဲ"

ဝမ်လျှို အဖွဲ့ရှင်သည် ရှေ့မှဦးဆောင်ထွက်သွားလေတော့၏။ ရုံကူလင်လည်း ဝမ်လျှို အဖွဲ့ရှင်နောက်မှ ထက်ကြပ်မကွာ လိုက်သွားသည်။

ဝမ်လျှို အဖွဲ့ရှင်သည် တဲကလေးမှထွက်၍ လျှင်မြန်သော အရှိန်နှုန်းဖြင့် သွားနေခိုက်တွင် တစ်ချက်ကလေးမျှ နောက်လှည့်မကြည့်ဘဲ ရှေ့တူရူကိုသာ တည့်တိုက်မတ်မတ် ကြည့်၍ သွား၏။

သူတို့နှစ်ယောက်သည် တောင်ကြောတစ်လျှောက် လျှင်မြန်သောအရှိန်နှုန်းဖြင့် ပြေးလွှားသွားကြခြင်းဖြစ်ရာ မကြာ

မြင့်မိုပင် တောင်ကြောအဆုံးမှ ရေကန်ကြီးဆီသို့ ရောက်ရှိလာလေတော့၏။

ရုံကူလင်က ရေကန်ကို အကဲခတ်ကြည့်ရာ စိမ်းမြသော ရေပြင်၌ လှိုင်းကြက်ခွပ်ကလေးများ ထနေပြီး သူပစဖွယ် တွေ့မြင်ရသည်။ သို့သော် ရုံကူလင်မှာနေဖြင့် ထိုအလှအပကို မခံစားနိုင်ပါချေ။

အလွန်တရာ အရေးကြီးသောကိစ္စကို ဆောင်ရွက်ရမည့် အချိန်၌ မည်သူသည် ဩကာသလောက၏ သဘာဝအလှကို ခံစားနိုင်ပါမည်နည်း။

"ဒီမှာ ရုံကူလင်"

ပတ်ဝန်းကျင်ကို လိုက်လံအကဲခတ်နေသည့် ရုံကူလင်သည် ဝမ်လျှံအဖွဲ့ရှင်၏ ခေါ်သံကြောင့် လန့်သွားမိတော့၏။

"ဟိုမှာကြည့်...."

ဝမ်လျှံအဖွဲ့ရှင် လက်ညှိုးညွှန်ပြရာသို့ ကြည့်လိုက်သောအခါ ကန်ပေါင်၌ ဆောက်လုပ်ထားသည့် ဇရပ်တစ်ဆောင်ကို တွေ့လိုက်ရသည်။

"ကျွန်တော်တို့ အဲဒီမှာ တွေ့ကြရမှာလား"

"ဟုတ်တယ် အဲဒီမှာပဲ တွေ့ကြရမယ်"



ဝမ်လျှံအဖွဲ့ရှင်သည် ထိုဇရပ်သို့ ဦးဆောင်ထွက်သွားရာ ရုံကူလင်လည်း နောက်မှလိုက်ရလေ၏။

ဇရပ်ထဲ၌ ကျောက်ကုလားထိုင် သုံးလေးလုံး တွေ့ရသည်။

ဝမ်လျှံအဖွဲ့ရှင်က ကုလားထိုင်တစ်လုံးကို ညွှန်ပြပြီး....

"အဲဒီမှာထိုင်ပြီး စောင့်ပါ၊ ငါသင်ပေးထားတဲ့အတိုင်း ပြောဆို ဆက်ဆံပါ၊ အမှားမပါရင် အကောင်းဆုံးပေါ့၊ တကယ်လို့ မှားသွားရင်လဲ ဘာမှပူစရာမရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါဟာ မင်းနဲ့ မလှမ်းမကမ်းအရပ်မှာ အမြဲရှိနေမှာမို့ လို့ပဲ"

"ဟုတ်ကဲ့....ကျွန်တော် နားလည်ပါတယ်"

ဝမ်လျှံအဖွဲ့ရှင်က ဆက်ပြောသည်။

"ဟောဒီ ကန်ပတ်ပတ်လည်မှာ ငါ့ အစောင့်အဆပ်တွေ ချထားခဲ့ပြီးပြီ"

ရုံကူလင် စိတ်ထဲ၌ တွေးနေ၏။

"ဝမ်လျှံအဖွဲ့ရှင်ဟာ သူလုပ်ရတော့မယ့် အလုပ်တစ်ခုကို တကယ့်ကို အမြန်ဆုံး လုပ်တာပဲကိုး၊ ဒါကြောင့် ဒီလို အခြေအနေမျိုး ရောက်ရှိလာတာပဲ"

သူ့အပြောစကို ဝမ်လျှံအဖွဲ့ရှင်၏ စကားသံက ဖြတ်တောက်ပစ်လိုက်၏။

"အခု ငါတို့ရောက်နေတဲ့ အချိန်အထိ ဘယ်အစောင့်ကမှ သဘင်းသို့ အချက်ပေးတာ မတွေ့ရသေးဘူး၊ ဒီတော့ ဟိုဝူကြည်အဖွဲ့က အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ဒီနေ့ရောက်ကို ရောက်မလာတာ သေချာနေပြီ"

"ကျွန်တော်တို့က ကင်းတွေ အထပ်ထပ် ချထားနိုင်တယ်ဆိုတာကို ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ကြီး မသိနိုင်ဘူးလား၊ ဘန့်ဖြန်မှု မလုပ်နိုင်ဘူးလား၊ ကင်းတွေချထားမှန်းရိပ်မိသွားရင် မလာဘဲနေတော့ ဘယ့်နှယ်လုပ်မလဲ"

"ဒါက သူ့အပိုင်းပဲ၊ မင်းပြောသလို သူလုပ်ချင်လုပ်မှာပေါ့၊ ဒါပေမယ့် ငါ့အစောင့်တွေက ပိုပြီး လျှို့ဝှက်ပါတယ်၊ သူ ရုတ်တရက် မတွေ့နိုင်ပါဘူး"

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကော ဒီဇရပ်ထဲမှာပဲ စောင့်နေမှာလား ခင်ဗျာ"

"စောင့်တော့ စောင့်မယ်၊ ဒီဇရပ်ထဲမှာတော့ မစောင့်ဘူး၊ ခုတော့ အချိန်ရှိပါသေးတယ်၊ မင်းနဲ့ စကားပြောချိန်ရတာပေါ့"

ဝမ်လျှံအဖွဲ့ရှင်ကထိုသို့ပြောနေချိန်မှာပင်ငှက်တစ်ကောင်၏ ထူးထူးခြားခြား အော်သံကို ကြားလိုက်ရသည်။



"ဟော..."

ဝမ်လျှံအဖွဲ့ရှင်သည် ကုလားထိုင်မှ ထရပ်လိုက်၏။

"ဒါ အချက်ပေးသံပဲ၊ ငါ့စကားကို မမေ့နဲ့၊ ငါဟာ သူ မရိပ်မိနိုင်သေးခင်တဲ့ နေရာက စောင့်နေမယ်"

ဝမ်လျှံအဖွဲ့ရှင်က တစ်ချက်ခုန်လိုက်ရာ ရုံကူလင်၏မျက်စိရှေ့မှောက်မှ ခဏအတွင်း ပျောက်ကွယ်သွားလေ၏။

"ဟာ...မကြာကာစရာ ကိုယ့်ဖော့ပညာပါလား၊ ငါ့ကို ကိုယ်ဖော့ပညာ အတော်ကောင်းတယ်လို့ လူတိုင်းပိုပြီးက ချီးကျူးကြတယ်၊ ဝမ်လျှံအဖွဲ့ခေါင်းဆောင်ချုပ်ကြီးနဲ့ စာရင်တော့ ငါဟာ တကယ့်ကို သူငယ်နှပ်စားလေး ဖြစ်သွားတာပဲ"

ရုံကူလင်သည် စွေးရစ် ဇရပ်အပြင်သို့ ငေးမောကြည့်နေမိသည်။ လူရိပ်တစ်ခုသည် မြားတစ်စင်း ပစ်လိုက်သည့်ပမာ သူရှိနေသည့်ဇရပ်သို့ ပြေးဝင်လာကြောင်း တွေ့လိုက်ရသဖြင့် အံ့ဩသွားရပြန်သည်။

"ဟင်...ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ ကိုယ်ဖော့ပညာဟာ ဝမ်လျှံအဖွဲ့ခေါင်းဆောင်ချုပ်ကြီးနဲ့ သူမသာ ကိုယ်မသာပါပဲလား"

မကြာခင်မှီ ထိုလူရိပ်သည် ဇရပ်ထဲသို့ ခုန်ပျံဝင်ရောက်လာသည်။ ရုံကူလင်သည် ထိုလူနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

ထိုသို့ရင်ဆိုင်လိုက်ရာတွင် သူသည် အတော်ကြီးစိတ်လှုပ်ရှားခဲ့၏။ အဘယ်ကြောင့် ဆိုသော် ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်သည် မည်မျှရက်စက်၍ မည်မျှ ဩဇာတိက္ကမရှိကြောင်း သူ သိထားသောကြောင့်ပေတည်း။

သို့သော် သူနှင့် မလှမ်းမကမ်းအရပ်၌ ဝမ်လျှံ အဖွဲ့ရှင်ရှိနေပေသေးသည်ဟူသောအသိဖြင့် သူ၏ လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်အောင်ကြိုးစားလိုက်ရသည်။

## အခန်း ( ၁၀၂)

### ကြာဖြူမယ်၏ ခံစားချက်

ထိုအခိုက်မှာပင် အလွန်တရာအံ့ဩရသည့် မိန်းမသံ တစ်သံ ထွက်ပေါ်လာတော့သည်။

"ရှင်....ဘယ်သူလဲ"

ရုံကူလင် တွေးသည်။

"အင်း....ဒီအသံကတော့ မခန္နက ကြားဖူးခဲ့တဲ့ အသံပဲ၊ ငါတို့လို လူပြောင်းရုပ်ဖျက်ထားပုံတော့ မရဘူး"

ထိုသို့ တွေးနေသဖြင့် ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်၏ မေးမြန်းသည့်စကားကို ရုံကူလင် မဖြေကြားနိုင်ဘဲ ဖြစ်နေသည်။ ဖြေကြားရန် မေ့လျော့နေသည်။

ဝူကြည်အဖွဲ့ ခေါင်းဆောင်ချုပ်ထံမှ မေးခွန်းစကားသံ ထပ်မံထွက်ပေါ်လာပြန်သည်။

"ကျွန်မ မေးနေတယ်၊ ရှင် ဘယ်သူလဲ"

ရုံကူလင်သည် သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။ သူ၏ ပွင့်လင်းနေသောစိတ်ကို ထိန်းချုပ်ကာ တည်တည်ငြိမ်ငြိမ်ပင် ဖြေလိုက်သည်။

"ကျုပ်ပါ"

သူ့မျက်စိရှေ့တွင် နီညိုရောင်သိုင်းဝတ်စုံကို ဝတ်ဆင်ထားသည့် မိန်းမတစ်ယောက်ကို တွေ့ရသည်။

မျက်နှာကိုလည်း အညိုရောင်ဇာပဝါ တစ်ထည်ဖြင့် လွှမ်းခြုံထားသည်။

ထိုမိန်းမက တုန်ယင်စွာဖြင့် ပြောလေ၏။

"ရှင်....ရှင်....တိန်ရီလို"

ရုံကူလင်သည် ဝမ်လျှံအဖွဲ့ရှင်၏ ညွှန်ကြားချက်များကို ပြန်လည်ကြားယောင်လာသဖြင့် ထိုမိန်းမအား ခပ်ပြတ်ပြတ်ပင် ဆက်ဆံလေ၏။

"ဟုတ်တယ်....ကျုပ်ပဲ"



"ရှင်....ရှုပ်....မသေသေးဘူးလား"

ရုံကူလင်က တိကျပြတ်သားသော လေသံဖြင့် အမိန့်ပေးလိုက်သည်။

"မင်းမျက်နှာပေါ်က ဇာပုဝါကို ဖယ်လိုက်စမ်း"

ရုံကူလင်၏လေသံမှာ မာကျောသည်။ တိကျ ပြတ်သားသည်။ တစ်ဖက်လူ မငြင်းဆန်နိုင်လောက်သည့် အင်အားသတ္တိများပါရှိ၏။ ထိုသို့ ဖြစ်လာစေရန် ဝမ်လျှံ အဖွဲ့ရှင်သည် ရုံကူလင်အား တစ်ညလုံး သင်ကြားပြသပေးခဲ့ရသောည်။

နီညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းမသည် ရုံကူလင်၏အမိန့်ကို တစ်သဝေတိမ်းလိုက်နာကာ မျက်နှာ၌ ဖုံးအုပ်ထားသည့် ဇာပဝါကို ဖယ်ရှားပစ်လိုက်လေ၏၊ ထိုမိန်းမသည် ဇာပဝါကို ဖယ်ချရင်းမှ....

"ရှင် ကျွန်မမျက်နှာကို တကယ်ကော ကြည့်ချင်စိတ်ရှိသေးလို့လားရှင်"

ထိုစကားသည် ရုံကူလင် မျှော်လင့်ထားသည့် စကားမဟုတ်ပေ။ သူ့ကို ဤသို့ မေးလိမ့်မည်ဟု သူ မထင်ခဲ့ပေ။ ယခုကဲ့သို့ မထင်မှတ်သောမေးခွန်းကို ရုတ်တရက်မေးလိုက်သောအခါ ရုံကူလင်မှာ မည်သည့်စကား ဆက်ပြောရမှန်း မသိတော့တဲ့ ဖြစ်သွားလေ၏။ထို့ကြောင့် ငိုင်သွားမိသည်။

နီညိုရောင်ဝတ်ဆင်ထားသည့် မိန်းမကထပ်မံ၍မေးမြန်းလေ၏။

"ကျွန်မ မေးနေတယ်လေ၊ ရှင်ဟာတကယ်ပဲ တိန်ရီလို့ ဟုတ်ရဲ့လား"

လိုစဉ်....

တည်ကြည်သောအသံတစ်သံက ဇရပ်တစ်ခုလုံး လွှမ်းခြုံသွားလောက်အောင် ထွက်ပေါ်လာတော့သည်။

"မဟုတ်ဘူး၊ တိန်ရီလို့ဟာ မင်းကျေးတဲ့ အဆိပ်ဆေးကို စားပြီး သေဆုံးသွားခဲ့ပြီ မဟုတ်လား"

ဝမ်လျှိ အဖွဲ့ရှင်သည် ဇရပ်ထဲသို့ ခုန်ပျံ၍ ဝင်ရောက်လာလေသည်။

နီညိုရောင်ဝတ်စုံ ဝတ်ဆင်သည့် မိန်းမကလည်း အလွန်တရာ လျင်မြန်လှသည်။ လျှပ်တစ်ပြက်ပင် ရုံကူသင်ရှိရာသို့ ခုန်ဝင်သွားပြီး ရုံကူလင်၏ လက်ကောက်ဝတ်အကြောကို လှမ်းပိတ်လိုက်သည်။

ဝမ်လျှိ အဖွဲ့ရှင်က အေးစက်စွာ အမိန့်ပေးသည်။

"သူ့ကို လွှတ်လိုက်၊ သူဟာ ဒီကိစ္စနဲ့ ဘာမှဆိုင်တဲ့လူ မဟုတ်ဘူး"



နီညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းမကလည်း အေးစက်သောလေသံဖြင့် ပြန်မေးသည်။

"သူ တိန်ရီလို့မဟုတ်ရင် ဘယ်သူလဲ"

"သူဟာ လူစိမ်းတစ်ယောက်ပဲ"

"ဘာဖြစ်လို့ တိန်ရီလို့ ဖြစ်နေရတာလဲ"

"ဘာဖြစ်လို့ တိန်ရီလို့ ဖြစ်နေရတာလဲ ဟုတ်လား၊ သူ့ရုပ်ရည်ကိုက တိန်ရီလို့နဲ့ တူနေလို့ပေါ့"

"သူ ဘယ်သူလဲဆိုတာ မှန်မှန်မပြောရင် ကျွန်မ သူ့ကို သတ်ပစ်မယ်"

ဝမ်လျှိ အဖွဲ့ရှင်မှာ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွား၏။ သို့သော် သူမက အေးတိအေးစက်ပင် ပြန်ပြောသည်။ သူ့လေသံက သိတ်ရုံမကလို့ ဘာပဲလုပ်လုပ်ဟူသည့် လေသံမျိုး။ ဤကား ဝမ်လျှိ အဖွဲ့ရှင်၏ ပရိယာယ်ပင်တည်း။

"မင်းသဘောပဲလေ၊ မင်းနဲ့တွေ့ဖို့က အဓိကပဲ၊ ဒီလူ့ကို ငါးစာအဖြစ် သုံးထားတာက မင်းနဲ့ တွေ့ဆုံရဖို့ပဲ၊ အခု မင်းနဲ့တွေ့ပြီးပြီ၊ သူသေသေကြေကြေ ငါ့အတွက် အကြောင်း မဟုတ်တော့ဘူး"

ရုံကူလင်မှာ စိတ်ထဲမှ ဘုရားတ လိုက်မိလေ၏။ သူ့အနေဖြင့် ဝမ်လျှ အဖွဲ့ရှင်၏ အတွင်းစိတ်ကို ဖောက်ထွင်း မသိမြင်၍လည်း အပြစ်မဆိုသာပေ။

ရုံကူလင်သည် သူ့ အသက်အေးရန်အတွက် ထိတ်လန့်နေသည့်ကြားမှ ထိုမိန်းမ၏ ရုပ်ရည်သွင်ပြင်ကို အကဲခတ်လိုက်သည်။ ထိုမိန်းမသည် ဝမ်လျှ အဖွဲ့ရှင်နှင့် အသက်အရွယ်အားဖြင့် မတိမ်းမယိမ်းလောက်ရှိပြီး အနည်းငယ် ငယ်ချင်ငယ်နိုင်သည်၊ ရုပ်ရည်အားဖြင့်လည်း ဝမ်လျှ အဖွဲ့ရှင်ကဲ့သို့ပင် ချောမောပေသည်။

သို့သော် ဝမ်လျှ အဖွဲ့ရှင်၏မျက်နှာသည် မိန်းမသားပင် ဖြစ်သော်ငြားလည်း တည်ကြည်ခိုင်မာသော ရုပ်ရည်ရှိပြီး မျက်လုံးများက ကြင်နာသနားတတ်သော အရိပ်အယောင်များ ဖုံးလွှမ်းနေပေသည်။

ယခုမိန်းမ၏ မျက်နှာသည် ချောပင်ချောမောသော်လည်း မျက်လုံးများက ရက်စက်တတ်သည့် အရိပ်အယောင်များ ဖုံးလွှမ်းနေပေသည်။

ရုံကူလင် အကဲခတ်နေစဉ်မှာပင် ထိုမိန်းမက ရုံကူလင်၏ အကြောကိုဖြေပြီး လွှတ်ပေးလိုက်သည်။ ရုံကူလင်မှာ အထူး အံ့သြသွားပြီး ထိုမိန်းမနှင့် လှတ်ကင်းရာအရပ်သို့ ဖြည်းဖြည်း နောက်ဆုတ်သွားသည်။



ဤသည်မှာ ဝမ်လျှ အဖွဲ့ရှင်၏ ပရိယာယ် အောင်မြင်ကြောင်း ပြသသည့်အချက်ပေတည်း။ နီညိုရောင်ဝတ်စုံ ဝတ်ဆင်သည့် မိန်းမက....

"ရှင် လူစိမ်းတစ်ယောက်ကို ခေါ်ပြီး ထိန်ရိလုံအစား တန်ခေဆောင်ခိုင်းတာ ဘာသဘောလဲ၊ ဘာရည်ရွယ်ချက်နဲ့ ဒီလို လုပ်ရတာလဲ"

သူမ၏လေသံက အေးစက်မာကျောလှသည်။

ဝမ်လျှ အဖွဲ့ရှင်သည် သူမ၏မျက်နှာဝှ ဖုံးအုပ်ထားသည့် အနက်ရောင်ဇာပဝါကို ဖယ်ရှားပစ်လိုက်သည်၊ သူမ၏ တည်ကြည်ခန့်ညားသောမျက်နှာ ပေါ်လာ၏။

"ငူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ဟာမင်းပဲဖြစ်မယ်ဆိုတာ မနေ့ကတည်းက ငါရိပ်စားမိတယ်၊ ပိုသေချာအောင် ဒီကို ချိန်းလိုက်တာပဲ"

"ကျွန်မကတော့နည်းနည်းလွဲသွားတယ်ဆိုရမှာပေါ့လေ"

"ကဲပါ၊ ဒါတွေ အရေးမကြီးပါဘူး၊ ငါတို့နှစ်ယောက် စလုံး ပကတိမျက်နှာ အစစ်အမှန်နဲ့ တွေ့ဆုံကြပြီမဟုတ်လား၊ ငါ့အဓိက ပြောပြချင်တဲ့အချက်က ဒါမဟုတ်ဘူး"

"ရှင် ဘာပြောချင်သလဲ"

"ငါပြောချင်တဲ့အချက်က မင်း ငါ့ယောကျ်ားကို တိုက်လိုက်တဲ့အဆိပ်ဟာ အကျိုးမဲ့မဖြစ်ဘူး၊ ငါ့ယောကျ်ား တကယ် သေသွားတယ်ဆိုတာပဲ"

"ဒါကြောင့်မို့ ရှင်က ဝမ်လျှံအဖွဲ့ကို ထူထောင်ပြီး သူ့အတွက် ကျွန်မကို လက်တုံ့ပြန်မယ် ဆိုပါတော့လေ"

ဝမ်လျှံအဖွဲ့ရှင်ကလည်း အားကျမခံ ပြန်ပြောသည်။

"မင်းကလဲ ဒီအရည်တွေမြင်လို့ အဆိပ်မျိုးစုံထွင်၊ အဆင့်မြင့် သိုင်းသမားတွေစုဆောင်း၊ ငူကြည်အဖွဲ့ထောင်၊ ငူကြည်ဘိုးဘိုးအဖြစ် အယောင်ဆောင်၊ ဒါတွေအားလုံးဟာ ငါ့လုပ်ဆောင်ချက်တွေကို တန်ပြန်ဖျက်ဆီးဖို့ပဲ မဟုတ်လား"

"ရှင် ဘာတွေပြောနေတာလဲ"

"ငါ အမှန်တရားတွေကို ပြောနေတာပဲ"

"ရှင့်ကို ကျွန်မ တစ်ခုပြောမယ်၊ မယုံမရှိပါနဲ့"

"ပြောလေ....မင်းစကားကို ချင့်ချိန်ရမှာပေါ့"

"ကျွန်မကလဲ အမှန်တရားကိုပဲ ပြောပါမယ်၊ ကျွန်မဟာ ရှင့်ယောကျ်ားကို လုံးဝမသတ်ခဲ့ပါဘူး၊ အဲဒါကို ရှင် သိထားပါ"

ဝမ်လျှံအဖွဲ့ရှင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ ငူကြည်အဖွဲ့ခေါင်းဆောင်ချုပ်က....

"ရှင် ဘာရယ်တာလဲ"

"ငါ ရယ်တာပေါ့၊ ငါ သေသေချာချာ ထောက်လှမ်းစုံစမ်းပြီးပြီ၊ ငါ့ဆီက ငါ့ယောကျ်ား ထွက်သွားပြီးတဲ့နောက် မင်းဆီကို ရောက်သွားခဲ့တယ်ဆိုတာ ငါတိတိကျကျ သတင်းရခဲ့ပြီးပြီ၊ ဒီတော့ ငါ့ယောကျ်ားကိုသတ်တာ မင်းမဟုတ်ရင် ဘယ်သူဖြစ်မှာလဲ"



ငူကြည်အဖွဲ့ ခေါင်းဆောင်ချုပ်ကလည်း တည်တည်ကြည်ကြည် ပြောသည်၊ သူမ၏စကားများက အမှန်တရားကို ပြောနေခြင်းဖြစ်ကြောင်း ထောက်ခံနေပေသည်။

"ရှင့်ယောကျ်ားကိုသတ်တာ ကျွန်မ လုံးဝမဟုတ်ပါဘူး ရှင်၊ ကျွန်မကိုယ်တိုင် ဒီတရားခံကို လိုက်ရှာနေတာပါ၊ အခုဆိုရင် သဲလွန်စတစ်ခုတော့ ရနေပါပြီ"

ဝမ်လျှံအဖွဲ့ရှင်၏ မျက်လုံးများက တောက်ပြောင်လာသည်။

"အဲဒီ သဲလွန်စက ဘယ်မှာလဲ"

"သဲလွန်စက မျက်မြင်သက်သေ တစ်ယောက်ပဲ၊ ဒါပေမယ့် သူပြောတဲ့အတိုင်း အရမ်းယုံလို့တော့မဖြစ်သေးဘူး၊ ခိုင်လုံတဲ့ သက်သေ အထောက်အထားကို ရှာရဦးမယ်"

ဝမ်လျှံ အဖွဲ့ရှင်မှာ မကျေမနပ် ဖြစ်သွားသည်။ သူမ၏ လေသံမှာ ပို၍ မာကျောလာသည်။

"ဒီမှာ ငါ့ကိုကြည့်စမ်း၊ မင်း သိထားတဲ့ လူသတ်တရားခံကို ထုတ်ဖော်မပြောမချင်း ဒီနေရာက တစ်ဖဝါးခွာသွားနိုင်လိမ့်မယ် မထင်နဲ့"

နီညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ဂူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကလည်း ဟက်ဟက်ပက်ပက် ရယ်သည်။ သူမ၏ ရယ်သံ၌ မထီလေးစားသော သဘောများ အပြည့်အဝ ပါဝင်နေသည်။

"ရှင့်စကားက စီးလှချည်လား၊ကျွန်မကရှင့်ကို ကြောက်ရှံ့နေတယ်လို့များ ရှင်သင်ထားသလား၊ ဒါဒါဆိုရင်တော့ ရှင်မှားသွားလိမ့်မယ်"

ဝမ်လျှံအဖွဲ့ရှင်၏လေသံ အနည်းငယ် ပျော့သွားသည်။

"ကောင်းပြီ၊ မင်းဟာဝေါ့ယောကျ်ားကိုသတ်တဲ့ တရားခံမဟုတ်ဘူးဆိုရင်ဘာဖြစ်လို့ ဝေါ့ယောကျ်ားဆုံးပြီးကတည်းက ကြာပန်းအဖွဲ့ကနေ ပျောက်သွားရတာလဲ၊ ဒီအချက်ဟာမသက်သေရောအကောင်းဆုံးအချက်ပေါ့၊ဝေါ့ရန်ကိုကြောက်လို့ရှောင်နေတာ မဟုတ်လား"

နီညိုရောင်ဝတ်စုံဝတ်ဆင်ထားသည့် မိန်းမသည် ဝမ်လျှံအဖွဲ့ရှင်အား လုံးဝမကြည့်တော့ဘဲ ရေပ်ရွှေ့ရှိ သာယာလှပသော ရေပြင်ကိုသာ ငေးမောကြည့်နေတော့သည်။

အတန်ကြာမှ....

"ရှင် စိတ်အေးအေး ထားနိုင်မလား"

"ငါက ဘာဖြစ်လို့ စိတ်အေးအေး မထားနိုင်ရမှာလဲ"



"ရှင်သာ တကယ်တမ်းစိတ်အေးအေးထားနိုင်မယ်ဆိုရင် ရှင်မသိတဲ့အချက် တော်တော်များများကို ကျွန်မပြောပြနိုင်ပါလိမ့်မယ်"

"မင်းသာ လူသတ်တရားခံဟာယ်သူဆိုတာကိုဖော်ပြောနိုင်မယ်ဆိုရင်တော့ အချိန်ဘယ်လောက်ပဲ ကုန်ကုန် ငါသည်းညည်းခံပြီး နားထောင်နိုင်ပါတယ်"

ဝမ်လျှံအဖွဲ့ရှင်ထံမှ ဤစကားကိုကြားလိုက်ရသောအခါ နီညိုရောင်ဝတ်စုံဝတ်ဆင်ထားသည့် မိန်းမသည် ကျောက်ကုလားထိုင်လွတ် တစ်လုံးပေါ် အသာအယာ ထိုင်ချလိုက်သည်။ သူ့အမူအရာမှာ လွန်စွာ စိတ်အေးလက်အေး ရှိလှပေသည်။

ထိုအမူအရာကို ကြည့်ခြင်းအားဖြင့် တစ်ဖက်ရှိ သူသည် သူမသိထားသမျှတို့ကို အမှန်တကယ်ပင် ပြောပြတော့မည် ဖြစ်ကြောင်း သိသာထင်ရှားနေပေသည်။

ဝမ်လျှံအဖွဲ့ရှင်သည် အလွန်တရာ အကင်းပါးသူဖြစ်၍ သူလည်း ကျောက်ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်ချလိုက်လေ၏။

ဝမ်လျှံအဖွဲ့ရှင်က...

"နေစမ်းပါဦး၊ မင်းဟာ အမြဲတမ်း အဖြူရောင် အသုံးအဆောင်ကိုပဲ သုံးစွဲတယ်၊ အဖြူရောင်အဝတ်အစားကိုပဲ ဝတ်ဆင်တယ်၊ ဒါကို လူတိုင်းသိတယ်၊ ဒါကြောင့်လဲ

မင်းကို 'ကြာဖြူမယ်'လို့ ခေါ်ခဲ့ကြတယ် မဟုတ်လား၊ ဇီကနေ့ညမှာ ဘာဖြစ်လို့ ဇီနီညိုရောင်ဝတ်စုံကို ဝတ်ဆင်ရတာလဲ"

ကြာဖြူမယ်က ပြုံးလိုက်သည်။

"ဒီမေးခွန်းကို ရှင် ကျိန်းသေမေးမယ်လို့ ကျွန်မ တွက်ထားတာပဲ"

သူမသည် ရုံကူလင်အား တစ်ချက်လှမ်းကြည့်ပြီးနောက် ဝမ်လျှံအဖွဲ့ရှင်ကို လှမ်းပြောသည်၊

"ကျွန်မနဲ့ တိန်ရီလုံဟာ ဘယ်လို အဆက်အသွယ်ရှိတယ်ဆိုတာ ရှင်လဲသိနေတာမို့ ကျွန်မအနေနဲ့ ရှင့်ကို ဘာမှ လိမ်နေစရာမလိုတော့ပါဘူး"

"ငါကတော့ မင်းတင်မကပါဘူး၊ သူနဲ့ဆက်သွယ်နေတဲ့ အမျိုးသမီးအတော်များများ အကြောင်းပါ သိနေပါတယ်၊ သူ့ကိုမှ ချစ်နေမိတော့လဲ ခွင့်လွှတ်ရတာပေါ့"

"ရှင်နဲ့မင်္ဂလာဆောင်ပြီး ဆယ်ရက်အကြာမှာ ကျွန်မဆီ ရောက်လာတယ်ဆိုတာ ရှင် ရိပ်မိရဲ့လား"

"အဲဒီတုန်းက မရိပ်မိပါဘူး၊ သူ့စိတ်ထဲမှာ တစ်ခုခု ချိတုံချတုံ ဖြစ်နေတယ်ဆိုတာတော့ သူ့မျက်နှာပေါ်မှာ ပေါ်နေတယ်၊ ဒါပေမယ့် ငါက ဘာမှမမေးပါဘူး"



ကြာဖြူမယ်က ဆွေးဆွေးမြည့်မြည့်ကလေး ပြောသည်၊

"အင်း....တွေးမိတိုင်း ဆွေးရပါတယ်သေ၊ သူနဲ့ကျွန်မဟာ ရှင့်ထက်အရင် တွေ့ခဲ့ကြတဲ့လူတွေပါ၊ သူက ကျွန်မနဲ့ ရိုးမြေကျ ပေါင်းသင်းသွားမယ့်အကြောင်း ကတိပေးခဲ့တယ်၊ သူနဲ့ကျွန်မ သုံးလလောက်ပဲခွဲလိုက်ရော သူဟာ ကျွန်မကိုပေးခဲ့တဲ့ ကတိစကားကို မေ့သွားတော့တာပဲ၊ အဲဒါကြောင့်လဲ ရှင်နဲ့ လက်ထပ်ဖြစ်သွားတာပေါ့ရှင်"

ဝမ်လျှံအဖွဲ့ရှင်က တည်ကြည်စွာပင် မေးသည်။

"ဒါကြောင့် မင်းဟာ သူ့အပေါ် မုန်းတီးနေတာပေါ့၊ ဟုတ်တယ်မဟုတ်လား"

ကြာဖြူမယ်က ဆွေးမြည့်ရိပ်ကလေးမပြယ်ဘဲ ခပ်သဲ့သဲ့ ရယ်မောမိ၏။

"မဖြစ်နိုင်တာပဲရှင်"

"ဘာလို့မဖြစ်နိုင်ရမှာလဲ"

"ဘာလို့မဖြစ်နိုင်ရမှာလဲဆိုတော့ သူဟာ ရှင်နဲ့ ဆယ်ရက်သာပေါင်းပြီး ကျွန်မဆီ ပြန်လာခဲ့လို့ပေါ့ရှင်၊ နာကြည်းစရာရှိရင် အသစ်ကျပ်ချွတ်ဇနီးကသာ သူ့ကို နာကြည်းရမှာပေါ့၊ မုန်းစရာရှိရင် ရှင်ကသာ သူ့ကို မုန်းရမှာပါ၊ ကျွန်မပြောတာ သဘာဝကျတယ်မဟုတ်လား"

ဝမ်လျှံအဖွဲ့ရှင်သည် ထိုစကားကို ကြားရသောအခါ အနည်းငယ် စိတ်ထိခိုက်သွားပုံရသည်။

"ဟုတ်တယ်၊ သူ့ကို ငါ့အနားက ခွာမသွားနိုင်အောင် မလုပ်နိုင်တာကိုက ငါ ညံ့ဖျင်းလို့ပဲပေါ့လေ"

ကြာဖြူမယ်သည် ဝမ်လျှံအဖွဲ့ရှင်အား စာနာမိသွားဟန် တူပေသည်။

"သူ့ကိုတော့ ဘယ်လောက်ချောလှတဲ့ မိန်းမကမှ သူ့ကို အနားကခွာမသွားအောင် လုပ်နိုင်မှာမဟုတ်ပါဘူး"

ဝမ်လျှံအဖွဲ့ရှင်သည် သူမ၏ခင်ပွန်းသည်ကို ပြန်လည် သတိရ တမ်းတနေသည်ဆင့်၊ စကားတစ်လုံးမျှ ပြန်မပြော နိုင်ဘဲ ငိုင်နေတော့သည်။

ကြာဖြူမယ်က ဆက်၍ပြောနေသည်။

"အခုတော့ အားလုံးပြီးသွားပါပြီ၊ အစ်ကိုတိန်ရိလို့ အတွက် လက်တုံ့ပြန်ဖို့ကိစ္စကလဲ့လို့ ဆိုပါတော့လေ၊ အစ်ကို့ အတွက် ရှင်နဲ့ကျွန်မ နှစ်ယောက်ပေါင်းပြီး လက်တုံ့ပြန် မယ်၊ အခု နီညိုရောင်ဝတ်ဆင်လာတာလဲ အစ်ကိုတိန်ရိလို့ နှစ်သက်တဲ့အရောင်ကို ရွေးဝတ်လာမိတာပါ"

ဝမ်လျှံအဖွဲ့ရှင်က အေးစက်မာကျောစွာ ပြောသည်။



"လျှာအရိုးမရှိတဲ့အတိုင်း မင်းပြောချင်တာတွေလျှောက် ပြောမနေစမ်းပါနဲ့၊ မင်းက ဘာဖြစ်လို့ ဒီဂူကြည်အဖွဲ့ခေါင်း ဆောင်ချုပ် လုပ်နေရတာလဲ၊ ဒါက ဘာအဓိပ္ပာယ်လဲ"

ကြာဖြူမယ်က....

"ရှင်ကများ ကျွန်မကို ပြန်ပြောနေသေးတယ်၊ ရှင့် ယောကျ်ားကို ကျွန်မသတ်တယ်ဆိုတာ မသေချာသေးတဲ့ မှု များ ကျွန်မကိုတန်ပြန်ဖို့ ဝမ်လျှံအဖွဲ့ကို ထူထောင်တယ်ဆို တာကို ကျွန်မ သိပ်အံ့သြတယ်"

ဝမ်လျှံအဖွဲ့ရှင်က အံကြိတ်လျက်ပြောသည်။

"ဟေ့....ငါထောင်တဲ့ ဝမ်လျှံအဖွဲ့ဟာ အောက်လမ်း အဖွဲ့မဟုတ်ဘူး၊ ဘာအဆိပ်မှ မထွင်ဘူး၊ မင်းကသာ အဆိပ် အမျိုးမျိုးထွင်၊ အဆင့်မြင့်သိုင်းသမားတွေ စုနဲ့ သိုင်းလောက ကို ဒုက္ခပေးဖို့ ကြံစည်နေတာမဟုတ်လား"

ကြာဖြူမယ်က ရိုးသားသောမျက်နှာဖြင့် ပြန်လည်ရှင်းပြ နေသည်။

"ဂူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ဆိုတာ ကျွန်မ မဟုတ်ပါ ဘူးရှင်၊ ကျွန်မမှာလဲ ဒီလိုအစွမ်းအစမျိုး မရှိပါဘူး"

ဝမ်လျှံအဖွဲ့ရှင်က လှောင်ရယ် ရယ်လိုက်၏။

"မင်းမို့ ပြောရက်ပလေ၊ မနေ့က ဝတ်ရုံစိမ်းဝတ်ပြီး ရုပ်ဆိုးအိုး အတိုးကြီးရဲ့မျက်နှာနဲ့ ဟန်ဆောင်ထားတာ

မင်းမဟုတ်ဘူးလား၊ ဂူကြည်အဖွဲ့ကြီးတစ်ခုလုံးကို အုပ်ချုပ်နေတာ မင်း မဟုတ်ဘူးလား"

"ဟုတ်ကဲ့...ဒါကတော့ ကျွန်မပါပဲ"

"ဒါဆို ရှင်းနေတာပဲ၊ ဒါနဲ့များ စကားကို ဝေ့ လည်ချောင်ပတ် ပြောနေသေးတယ်၊ ဂူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ဟာ ဂူကြည်ဘိုးဘိုးပဲပေါ့"

ရုံကူလင်ကလည်း ဝင်ပြောသည်။

"ဟုတ်သားပဲဗျာ၊ခင်ဗျားပဲဂူကြည်ဘိုးဘိုးယောင်ဆောင်တယ်၊ ဂူကြည်အဖွဲ့ကြီးတစ်ခုလုံးကို အုပ်ချုပ်နေတယ်၊ခင်ဗျားဟာ ဂူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ပေါ့၊ ဘာဖြစ်လို့ ဂူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ဟာ ကျွန်မ မဟုတ်ရပါဘူးလို့ ငြင်းနေရတာလဲ"

ကြာဖြူမယ်က သက်ပြင်းချလိုက်၏။

"ရှင်တို့ပြောမယ်ဆိုလဲ ပြောစရာပါပဲရှင်၊ ကျွန်မစကားကိုက ရှုပ်နေတာကိုး၊ ဒီစကားရှင်းသွားအောင် အဖြစ်တစ်ခုကို ရှင်တို့ကို ကျွန်မပြောပြပါ့မယ်၊ ကျွန်မ ဒီလို ဂူကြည်အဖွဲ့ခေါင်းဆောင်ချုပ်နေရာကို ဘာကြောင့် ရောက်ရှိနေတယ်ဆိုတာ အဲဒီဇာတ်လမ်းဆုံးသွားရင် ရှင်တို့ သဘောပေါက်သွားကြမှာပါ၊ ဒီဇာတ်လမ်းကို စ,စေခဲ့တဲ့လူကလဲ အစ်ကိုတိန်ရှိလို့ပဲရှင်"



ဝမ်လျှံအဖွဲ့ရှင်က....

"မင်း ဘာတွေပြောပြော ငါယုံမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ ငါ့ဆီက ထွက်သွားပြီးတဲ့နောက် မင်းဆီမှာ တစ်သလုံးလုံး နေခဲ့တယ်ဆိုတာ နောက်ဆုံးသတင်းရထားတယ်"

"အဲဒါပြောတာပေါ့၊ သူ ကျွန်မဆီကိုလာတယ်၊ နောက်တော့ ကျွန်မဆီက ထွက်သွားတယ်၊ အဲဒီနောက်ပိုင်းမှာ သူ့ကို လုံးဝ မတွေ့ခဲ့ရတော့ပါဘူး"

ဝမ်လျှံအဖွဲ့ရှင်က အံကြိတ်၍ ပြောလေ၏။

"အေး....ဘယ်တော့ရတော့မလဲ၊ မင်းသတ်ပစ်လိုက်ပြီကိုး၊ သူ့ကို တွေ့ချင်ရင် နောင်တမလွန်ဘဝကျမှပဲ တွေ့နိုင်တော့မှာပေါ့"

ကြာဖြူမယ်မှာ ပြောရင်း ပြောရင်း မခံမရပ်နိုင်ဖြစ်လာဟန်တူသည်။ သူမ၏ ဆွတ်ဆွတ်ဖြူသောမျက်နှာမှာ တဖြည်းဖြည်း နှင်းဆီရောင် သမ်းလာသည်။

"ရှင်ဟာ တကယ့်ကို တစ်ဖက်စီးနင်း ပြောတာပဲကိုး၊ ရှင်ထင်တိုင်း ပြောလို့ရမယ်၊ လုပ်လို့ရမယ်ထင်ရင် ရှင် မှားလိမ့်မယ်၊ ရှင်က တိုက်ချင် ခိုက်ချင်တယ်ဆိုရင် ကျွန်မက အဆင်သင့်ပဲ"

ဝမ်လျှံအဖွဲ့ရှင်နှင့် ကြာဖြူမယ်တို့၏ စကားများသည် တိန်ရီလုံ အဘယ်ကြောင့် သေဆုံးရသည်ဟူသည့် အဖြေသို့ မရောက်ဘဲ ရန်စောင်သည့်စကားများဖြင့်သာ တဝဲဝဲလည်လည်ဖြစ်နေသဖြင့် ရှီကူလင်က ကြားမှ ဝင်ရောက်ပြောဆိုရတော့သည်။

"ကျွန်တော် တစ်ခုလောက် ပြောပါရစေ ခင်ဗျာ"

ဝမ်လျှံအဖွဲ့ရှင်ရော ကြာဖြူမယ်ကပါ တိုင်ပင်ထားသလို မေးမိကြ၏။

"မင်း ဘာပြောမလို့လဲ"

ရှီကူလင်က....

"အခု ခင်ဗျားတို့ အဓိကထား ပြောနေကြတာ သူ့ရဲ့ ကောင်းကြီး တိန်ရီလုံနဲ့ သက်ဆိုင်တာချည်းပဲ၊ ကျွန်တော် ကြားနေရသလောက်တော့ ခင်ဗျားတို့နှစ်ယောက်စလုံး သူ့ရဲ့ ကောင်းကြီး တိန်ရီလုံအပေါ်မှာ တကယ်ပဲ ခမတ္တာထားကြတယ်ဆိုတာ ပေါ်လွင်နေပါတယ်"

ရှီကူလင်သည်စကားကိုဖြတ်၍ခဏအကဲခတ်လိုက်သည်။ ထို့နောက် ဆက်ပြော၏။

"ခင်ဗျားတို့ဟာ မိန်းမသားတွေသာ ဆိုတယ်၊ သာမန်ယောကျ်ားသားတွေ မစွမ်းဆောင်နိုင်တဲ့ ကိစ္စမျိုးကို စွမ်းဆောင်နိုင်ကြပါတယ်၊ ဝမ်လျှံအဖွဲ့ရှင်အဖြစ် ရောက်အောင်၊ ငွေကြည်အဖွဲ့ ခေါင်းဆောင်ချုပ်အဖြစ် ရောက်အောင် သာမန်ယောကျ်ားတွေ စွမ်းဆောင်နိုင်ကြမှာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ ရောက်ရှိနေတဲ့ အခြေအနေမျိုးမှာ ခင်ဗျားတို့ရဲ့ ဂုဏ်ဒြပ်၊ ခင်ဗျားတို့ရဲ့သြဇာ၊ ခင်ဗျားတို့ရဲ့ တပည့်တပန်းတွေရဲ့အင်အားကို သုံးပြီး သူ့ရဲ့ကောင်းကြီး တိန်ရီလုံ ဘယ်ပုံသေဆုံးရတယ်ဆိုတာ စုံစမ်းလိုက်ရင် ခေတ္တခဏလေးနဲ့ အဖြေပေါ်လာနိုင်ပါတယ် ခင်ဗျာ"



ဝမ်လျှံအဖွဲ့ရှင်က ဒေါသဖြင့် ပြော၏။

"ဩော်....မင်းပြောမှာက ဒါလား၊ ဒါတွေအားလုံး ငါတို့ နားလည်ပြီးသား၊ မင်း ဝင်ပြီး ဆရာလုပ်နေစရာ မလိုဘူး"

"နေပါဦးလေ....ကျွန်တော့်စကားကမဆုံးသေးပါဘူး"

ရှီကူလင်က ဆက်ပြော၏။

"ခင်ဗျားတို့သိတာက အဓိပ္ပာယ်မရှိတဲ့အလုပ်တွေကိုသာ သိနေတာပါ၊ အခု ခင်ဗျားတို့ပြောတဲ့အတိုင်း ထိုးနှက်တိုက်ခိုက်ကြည့်ပါလား၊ ခင်ဗျားတို့ နှစ်ယောက်စလုံး သေရင်သေ၊ မသေရင် ဒဏ်ရာရမယ်၊ သူ့ရဲ့ကောင်းကြီး တိန်ရီလုံ ဘယ်ပုံသေရတယ်ဆိုတာတော့ ခင်ဗျားတို့ သိကြတော့မှာ မဟုတ်ပါဘူး"

ဝမ်လျှံအဖွဲ့ရှင်က....

"မင်းသဘောက ဘယ်လိုဖြစ်စေချင်လို့လဲ"

"ကျွန်တော့်သဘောကတော့ ရှင်းပါတယ်၊ ကြာဖြူမယ်ရဲ့ လေသံကို နားထောင်ကြည့်တော့ သူဟာ သူ့ရဲ့ကောင်းကြီး တိန်ရှိလုံကို သတ်တဲ့လူ ဖြစ်ပုံမရဘူး၊ သူ့ကို လူသတ်သမား အဖြစ် စွပ်စွဲနေမယ့်အစား လူသတ်တရားခံအစစ်ကိုခင်ဗျားတို့ နှစ်ယောက် ပူးပေါင်းပြီး အဖြေရှာသင့်တယ် ဆိုတာပါပဲ"

ဝမ်လျှံအဖွဲ့ရှင်နှင့် ကြာဖြူမယ်တို့မှာ ငြိမ်သက်တိတ်ဆိတ် နေကြသည်။

ရုံကူလင်က....

"ကဲ... ခင်ဗျားတို့ နှစ်ယောက် အေးအေး ဆေးဆေး ဆွေးနွေးကြပါဗျာ၊ သာယာလှပတဲ့ ဟောဒီရေကန်ကြီးကို ကျွန်တော် တစ်ပတ်လောက် လျှောက်ကြည့်လိုက်ဦးမယ်"

စကားဆုံးသည်နှင့် ရုံကူလင် အပြင်သို့ ထွက်ခွာသွား လေတော့၏။

ရုံကူလင်၏ ပြောဟန်ဆိုဟန်တို့မှာ ဝမ်လျှံအဖွဲ့ရှင် သင်ကြားပေးထားချက်အရ သူ့ရဲ့ကောင်းကြီး တိန်ရှိလုံ၏ ဟန်အမူအရာတို့နှင့် တစ်ထပ်တည်း တူညီနေပေတော့သည်။

ထို့ကြောင့် ကြာဖြူမယ်သာမက ဝမ်လျှံအဖွဲ့ရှင်ပါ ငေးမောကြည့်ရှုနေမိကြလေ၏။ ရုံကူလင်သူဘို့၏မြင်ကွင်းအဘွင်း



မှ ပျောက်ကွယ်သွားသောအခါ ကြာဖြူမယ်က သက်ပြင်းချ၍ မေးလေ၏။

"သူက ဘယ်သူလဲဟင်၊ အစ်ကိုတိန်ရှိလုံနဲ့ သိပ်တူတာပဲ၊ ရုပ်ရည်တူတာကတော့ ပြင်ဆင်လို့ရပါတယ်၊ ဟန်အမူအရာ ပြောပုံဆိုပုံကအစ သိပ်တူနေတယ်၊ အကြောင်းမှန် မသိတဲ့ လူကတော့ အစ်ကိုတိန်ရှိလုံ တကယ်မသေသေးဘူးလို့ ထင်ကြမှာပဲ"

ဝမ်လျှံအဖွဲ့ရှင်ကလည်း သက်ပြင်းချသည်။

"မင်းပြောတာ ဟုတ်ပါတယ်၊ ရုပ်ရည်နည်းနည်း ဆင်တူတာကို ငါက ပိုတူအောင်ပြုပြင်ပေးထားတာပါ၊ ဟန်အမူအရာ ပြောပုံဆိုပုံကိုလဲ ငါ သင်ပေးထားတာပါ၊ ကဲ.... ငါတို့နှစ်ယောက်တည်းပဲ ရှိတော့တယ်၊ မင်း ပြောချင်တာ တွေ ပြောပေတော့"

ကြာဖြူမယ်က....

"အင်း....ပြောရမှာကတော့ အရှည်ကြီးပဲ၊ ဘယ်က စပြောရမယ်မှန်းတောင် မသိတော့ပါဘူးရှင်"

ဝမ်လျှံအဖွဲ့ရှင်က....

"ကဲ....ကောင်းပြီ၊ ဒီလိုဆိုရင် ငါကပဲစမေးပါ့မယ်"

"ဟုတ်ကဲ့....မေးပါ"

"မင်းရဲ့ ကြာပန်းအင်းမှာ သူဟာမင်းနဲ့အချိန်တော်တော် ကြာကြာနေခဲ့တယ်လို့ဆိုတယ်၊ မင်းမှာ သူ့ ရင်သွေးလေး များ မထျန်ရစ်ဘူးလား"

"ဟင့်အင်း....ကျွန်မ သူနဲ့ကိုယ်ဝန်မရခဲ့ပါဘူး",

"သူနဲ့ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတချို့ကို ငါသိပါတယ်၊ တချို့ ငါမသိတဲ့ကိစ္စတွေကို မင်း သိချင်သိမှာပဲ၊ သူနဲ့ဖြစ်တဲ့ အမျိုး သမီး တချို့မှာတော့ ရင်သွေးတွေ ဘာတွေ မကျန်ခဲ့ဘူး လား"

"ကျွန်မ သိသလောက်တော့ ဘယ်အမျိုးသမီး ဆီမှာမှ သူ့ ရင်သွေးမကျန်ခဲ့ပါဘူး"

ဝမ်လျှံအဖွဲ့ရှင်က ဆက်ပြင်းချရင်း ပြောသည်၊

"ဟင်း....ငါနဲ့သူဟာ ဆယ်ရက်လောက်ပဲ ပေါင်းသင်း လိုက်ရတာဆိုတော့ ဟလေးမရခဲ့ဘူး၊ သူ့လို လူမျိုးမှာ ရင်သွေး မကျန်ရစ်ဘူးဆိုတာလဲ မဖြစ်နိုင်ဘူး၊ သူ့ရင်သွေး လေး တစ်ယောက်ယောက်ကိုသာ ငါရခဲ့ရင် ငါ့အတွက် ဘဝမှာ အဓိပ္ပာယ်ရှိတဲ့ အလုပ်တစ်ခုကို လုပ်သွားနိုင်တော့ မှာပါ"

ကြာဖြူမယ်က အံ့သြစွာမေး၏။

"သူ့ရင်သွေးရချင် ရှင် ဘာလုပ်မလို့လဲ ဟင်"



"ဘာလုပ်ရမှာလဲ၊ ဒီကလေးကို သူလားမြောက်အောင် ကျွေးမွေးသုတ်သင်ပေးရမှာပေါ့၊ သူ့ကို သိုင်းပညာ တော် အောင် သင်ကြားပေးရမှာပေါ့"

ကြာဖြူမယ်သည်သူမကဲ့သို့ပင် တိန်ရီလုံအပေါ် သံယော ဇဉ်ကြီးလှသည့် ဝမ်လျှံအဖွဲ့ရှင်အား ငေးကြည့်နေမိ၏။

"မမ ရီရုံရှန်"

ရီရုံရှန်ဆိုသည်မှာ ဝမ်လျှံအဖွဲ့ရှင်၏ နာမည်ရင်း ဖြစ် သည်။ ကြာဖြူမယ်သည် လေးစားခင်မင်စိတ်ဖြင့် ဝမ်လျှံ အဖွဲ့ရှင်၏ နာမည်ရင်းကို ထုတ်ဖော်ခေါ်ဆိုလိုက်ခြင်း ဖြစ် ပေသည်။

ဝမ်လျှံအဖွဲ့ရှင်က....

"မင်း ဘာပြောချင်လို့လဲ"

"ဩော်...မမရီရုံရှန် ပြောမှပဲ ကျွန်မလဲ ကျွန်မ ဘာ လုပ်သင့်တယ်ဆိုတာ တွေးမိလိုက်လို့ပါ၊ မမ ပြောသလို ကျွန်မလဲ သူ့ရင်သွေးတစ်ယောက်ယောက်ကို ရှာမယ်၊ မမ ပြောသလို ကျွေးမွေးသုတ်သင်ပြုစုမယ်၊ ဒါဆိုရင်သူ့အပေါ် ကျွန်မတို့ ဘယ်လောက် ချစ်တယ်ဆိုတာ သက်သေပြရာ ရောက်တာပေါ့နော်"

ဝမ်လျှံအဖွဲ့ရှင်မှာလည်း ကြာဖြူမယ်၏ ရင်းနှီးလာသော လေသံကြောင့် စိတ်ထားများ ပျော့ပျောင်းသွားသည်။

"တဲ့...ဗူကြည်အဖွဲ့ ခေါင်းဆောင်ချုပ် မဟုတ်ဘဲနဲ့ ဗူကြည်အဖွဲ့ ခေါင်းဆောင်ချုပ် နေရာကို ရောက်နေရတဲ့ မင်းရဲ့အဖြစ်ဆန်းတွေ ပြောပြလို့ရပြီနဲ့တူတယ်"

"ဟုတ်ကဲ့....ကျွန်မ အဲဒါကို ပြောပြဖို့ ရည်ရွယ်ပြီးသား ပါ၊ အစ်ကိုတိန်ရိုလုံဟာ မမရီရုံရှန့် ဆီကနေ ကျွန်မဆီ ပြန်လာပြီးတဲ့နောက် ကျွန်မရဲ့ ကြာပန်းအငူမှာ ခေတ္တခဏပဲ နေပါတယ်၊ ကျွန်မကို အသိမပေးဘဲနဲ့ တိတ်တခိုးထွက်သွား ခဲ့ပါတယ်"

ဝမ်လျူ အဖွဲ့ရှင်မှာ ထိုစကားအတွက် သက်ပြင်းချမိ လေ၏။

"ဟင်း....ဖြစ်ရမယ်လေ၊ သူ့စိတ်တွေဟာ မိုးတိမ်တွေလို အမြဲတမ်းရွေ့လျားနေတတ်တာကိုး"

ကြာဖြူမယ်က....

"မမဆီက ကျွန်မဆီကို ပြန်လာတုန်းက ကျွန်မဝမ်းသာ မိသလောက် ကျွန်မဆီက သူထွက်သွားတော့ သိပ်ပြီး နာကြည်းမိတယ်၊ ငါ့အပေါ် ဒီလောက်ရက်စက်စိမ်းကား ရမလားဆိုပြီးတော့ပေါ့လေ၊ သူတောင် ငါ့ကို ဒီလောက် ရက်စက်ရင် ငါကလဲ သူ့ကို ဂရုစိုက်စရာ မလိုဘူးဆိုပြီး ကျွန်မလဲ သူ့နောက်ကို မလိုက်ဘဲ လွှတ်ပေးလိုက်မိတယ်"



ကြာဖြူမယ်သည် အဝေးသို့ ငေးမျှော်ကြည့်ပြီးမှ ဆွေး မြည့်စွာ ဆက်ပြောသည်။

"ဒါပေမယ့် သုံးလေးလလောက်ကြာတော့ ကျွန်မဟာ သူ့ကို ဘယ်လိုမှ မမေ့နိုင်ဘူးဆိုတာ သိလာခဲ့ပါတယ်၊ ကျွန်မရဲ့ ဒေါသလဲ ပြယ်သွားပြီလေ၊ အဲဒီအခါမှာ သူ့ကို သိပ်သတိရလာတယ်၊ သိပ်ပြီး တွေ့ချင်လာတယ်၊ အချစ်မိတ် ဆိုတာ သိပ်ဆန်းကြယ်တာပဲနော်"

သူမသည် စကားကိုဖြတ်၍ ဝမ်လျူအဖွဲ့ရှင် ရီရုံရှန်၏ မျက်နှာကို လှမ်းကြည့်လိုက်၏။ ရီရုံရှန်၏ မျက်နှာမှာ ပကတိ ငြိမ်သက်လျက် ရှိနေပေသည်။

ကြာဖြူမယ်က သူမ၏ ခံစားချက်များကို ဆက်ပြော နေ၏။

"သူ့အကြောင်း မတွေးဖို့ ကိုယ့်စိတ်ကိုဆုံးမလေ သူ့ အကြောင်းတွေးချင်လေပဲ၊ နောက်ဆုံးတော့ သူ့ကို လိုက် ရှာဖို့ဆုံးဖြတ်လိုက်တယ်၊ ဟုတ်တယ်လေ၊ သူမရှိဘဲနဲ့ ကျွန်မ ဘဝဟာ ဘယ်လိုမှ မပြည့်စုံဘူးဆိုတာ အခုလို သိလာ တယ်"

ဝမ်လျူအဖွဲ့ရှင်ကမူ တောင့်မလှုပ်ကျောက်ရုပ်မျက်နှာဖြင့် နားထောင်နေသည်။ သူမသည် တိန်ရိုလုံအပေါ် သူမကဲ့သို့

ပင် အချစ်ကြီးလှသော မိန်းမတစ်ယောက်အပေါ် သဝန်တို နေမိသလား မပြောနိုင်ပါချေ။ ကျောက်ရုပ်ကျောက်နှာကဲ့သို့ ခံစားမှုကင်းမဲ့သော မျက်နှာပေါ်၌ အဘယ်ကဲ့သို့အနဖြင့်ရှာ နိုင်ပါမည်နည်း။

# အခန်း ( ၁၀၃ )

## လျှို့ဝှက်မှတ်တမ်း

"ကျွန်မဟာ သူ့ကို မိုးအဆုံးမြေအဆုံး မတွေ့ တွေ့ အောင်ရှာမယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ဒါကြောင့်မို့ ကျွန်မ ဟာ သိုင်းလောကထဲ ခြေချပြီး မိုင်ပေါင်းရာချီ ခြေဆန့်ခဲ့ တယ်၊ ကျွန်မ အများကြီး အပင်ပန်းခံခဲ့တယ်၊ ဒါပေမယ့် သတင်းအစအနကလေးတောင် မရခဲ့ပါဘူး"

ဝမ်လျူ အဖွဲ့ရှင် ရီရုံရှန်က ခပ်တိုးတိုးမေးလိုက်သည်။

"မင်း လုံးဝ သတင်းမရဘူးလား"

"လုံးဝသတင်းမရဘူးတော့ မဟုတ်ပါဘူး၊ ကျွန်မ စိတ် ပျက် ဖွားလျော့ချင်ချင် ဖြစ်လာတဲ့အချိန်မှာ သူ့သတင်း ကြားလာရတယ်၊ သူဟာ ကျွန်နှန်နယ်ထဲက မိန်းမလှတွေ ကြားမှာ ကျက်စားနေပြန်သတဲ့"

"မင်း လိုက်သွားရောလား"

"ကျွန်မက သူ့ကိုတွေ့ချင်နေတဲ့လူမို့ ဘယ်မှာမလိုက်ဘဲ နေပါ့မလဲ၊ သတင်းရရချင်း ကျွန်နန်ကို လိုက်ခဲ့တာပဲ"

"ကျွန်နန်ရောက်တော့ သူ့ကို တွေ့သလား"

"ဟင့်အင်း မတွေ့ဘူး၊ သူ့အစား ထူးထူးဆန်းဆန်း သတင်းတစ်ခုပဲ ကြားလိုက်ရတယ်၊ အဲဒီ သတင်းကတော့ သိုင်းလောကတစ်ခုလုံးကို ဖိန့်ဖိန့်တုန်စေခဲ့တဲ့သတင်းပဲ"

"ဘာသတင်းလဲ၊ သိုင်းလောကကို ဖိန့်ဖိန့်တုန်စေတဲ့ သတင်းဆိုရင်တော့ ငါလဲ ကြားရမှာပေါ့"

"သတင်းကတော့ တရုတ်ပြက္ခဒိန် ခုနစ်လ ဆယ့်ငါးရက်မှာ အဆင့်မြင့်သိုင်းသမားတွေရဲ့ သိုင်းပညာပြိုင်ပွဲကြီးရှိတဲ့၊ နေရာကတော့ ချန်ကျန်မြစ်ရဲ့ တောင်ဘက်ကမ်းမှာ တည်ရှိတဲ့ တောင်ထိပ်ပေါ်မှာတဲ့"

"ဘယ်လိုသိုင်းသမားတွေ ယှဉ်ပြိုင်မှာတဲ့လဲ၊ ရှောင်လင်အဖွဲ့ပါသလား၊ ဝူတန်းအဖွဲ့ပါသလား၊ ငါကျတော့ အဲဒီ သတင်းကို ဘာဖြစ်လို့ မကြားရတာလဲ"

"မမ ဘာဖြစ်လို့ မကြားတာလဲတော့ ကျွန်မလဲမသိဘူး၊ အဲဒီတုန်းကတော့ ဒီတင်းဟာ လူတိုင်းလိုလိုသိနေတဲ့သတင်း



ပါ၊ တစ်ခုတော့ ရှိတယ်၊ ပြိုင်မယ့်သိုင်းသမားတွေဟာ ဘယ်သူ ဘယ်ဝါဆိုတာတော့ အတိအကျမသိရပါဘူး"

"ကဲ....ထားပါတော့၊ မင်းကြုံသမျှကိုသာ ဆက်ပြောပါတော့"

"အဲဒီသတင်း ကြားလိုက်တဲ့အခါမှာတော့ ကျွန်မစိတ်ထဲမှာ ထူးထူးဆန်းဆန်းဖြစ်သွားတယ်၊ ဒီသိုင်းပြိုင်ပွဲမှာ အစ်ကို တိန်ရှုံလုံ ပါဝင်ပတ်သက်လာရမယ်လို့ စိတ်ထဲမှာ အလိုလို ထင်မှတ်လာတယ်"

ဝမ်လျှူအဖွဲ့ရှင်က ခေါင်းညိတ်၏၊

"မင်းတွေးတာလဲဖြစ်နိုင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပထမ မင်းကြားထားတဲ့သတင်းမှာ သူဟာ ကျန်နန်မှာ ပေါ်လာတယ်ဆိုတာ ပါခဲ့တယ် မဟုတ်လား"

ကြာဖြူမယ်က....

"ကျွန်မ ရောက်သွားတဲ့အချိန်နဲ့ တွက်ကြည့်တော့ သိုင်းပြိုင်မယ့် ရက်က သိပ်မကွာတော့တာ တွေ့လာရတယ်၊ ဒါကြောင့်မို့ ချန်ကျန်မြစ်ကိုဖြတ်ကူးတယ်၊ တစ်ဖက်ကမ်းကို ရောက်တဲ့အခါ တရုတ်ပြက္ခဒိန် ခုနစ်လနဲ့ ဆယ့်လေးရက် ရှိနေပြီ၊ သိုင်းပြိုင်ပွဲလုပ်မယ့် တောင်ထိပ်ကို အသေအချာရှာရတော့တာပဲ"

ဝမ်လျှံအဖွဲ့ရှင်က ...

"ကြာဖြူမယ်ဆိုတဲ့ အမည်ဟာ သိုင်းလောကမှာ ကျော်ကြားတဲ့ နာမည်တစ်ခုပဲ၊ မင်းဒီလို ဟိုသွားဒီသွား ခရီးပြင်းနှင်နေတာကို တခြားသိုင်းလောကသားတွေက လုံးဝမရိပ်မိဘူးလား"

ကြာဖြူမယ်က ကျေနပ်စွာ ပြုံးလိုက်၏။

"ကျွန်မက ဒါကို အစောကြီးကတည်းက တွက်ထားတာပေါ့၊ သူ့ကိုရှာဖို့ ခရီးထွက်ကတည်းက ယောကျ်ားလေးတစ်ယောက်လို ရုပ်ဖျက်ပြီး ခရီးထွက်ခဲ့တာပါ"

ဝမ်လျှံအဖွဲ့ရှင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပြီ၊ နောက်တော့ကော ဘာဖြစ်သေးသလဲ"

ကြာဖြူမယ်က....

"ကျောက်တောင်ထိပ်ကို ရောက်တဲ့အခါကျတော့ သိုင်းပညာယှဉ်ပြိုင်မယ့်လူတွေကို တစ်ယောက်မှ မတွေ့ရဘူး"

ဝမ်လျှံအဖွဲ့ရှင်က တအံ့တဩ ပြောသည်။

"ဟင်....ဒီသတင်းက ဒီလောက် ဟိုးလေးတကျော် ဖြစ်နေလျက်သားနဲ့ ဘယ့်နှယ်လူတစ်ယောက်မှ မတွေ့ရမှာလဲ၊ တစ်ခုခုမှားနေလို့ ဖြစ်မှာပေါ့"



"ဟုတ်ပါတယ်၊ သိုင်းပြိုင်ပွဲသတင်းဟာ ခုနစ်လ၊ ဆယ့်ငါးရက်မဟုတ်ဘူး၊ ရှစ်လ ဆယ့်ငါးရက် ဖြစ်တယ်ဆိုတာ နောက်တော့မှ သိရတယ်၊ ကျွန်မကတော့ ရှစ်လ ဆယ့်ငါးရက်သတင်းကို မရဘဲ ခုနစ်လ ဆယ့်ငါးရက် သတင်းကိုပဲ ရတော့ အဲဒီနေ့ အရောက်လာခဲ့မိတာပေါ့"

"ကြောင့်"

"အဲဒီတောင်ထိပ်မှာ ကျွန်မတစ်ယောက်တည်း ရောက်နေမှန်းသိရတော့ ကျွန်မ သိပ်အံ့ဩတာပေါ့၊ ဒါပေမယ့် ကျွန်မဘာစ်ယောက်ပဲ တကယ့်ကို ကံကောင်းခဲ့ပါတယ်"

"ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုတော့ ခုနစ်လ ဆယ့်ငါးရက်မှာ သိုင်းပြိုင်ပွဲ တကယ်ရှိနေလို့ပဲပေါ့"

"ဘယ်လိုဖြစ်ကုန်ရတာလဲ"

"ဘယ်လိုဖြစ်တာလဲတော့ ကျွန်မ မသိဘူး၊ ကျွန်မကတော့ သိုင်းပြိုင်ပွဲကို တကယ်ကြုံတွေ့ခဲ့ရတာပဲ"

"အပြည့်အစုံ ရှင်းပြစမ်းပါဦး"

"ဒီလိုပါရှင်၊ ကျွန်မတစ်ယောက်တည်း တောင်ထိပ်ရောက်နေတော့ ငါရထားတဲ့သတင်း မှားပြီဆိုပြီး ကျွန်မစိတ်ပျက်သွားတယ်၊ စိတ်ဓာတ်ကျသွားတော့ တောင်ထိပ်က

ဂူငယ်လေးသဲ စိတ်ပျက်လက်ပျက် ဝင်အိပ်မိတယ်၊ ညသန်း ခေါင်လောက်ကျတော့မှ အိပ်ရာက နိုးလာတယ်၊ အဲဒီ အချိန်မှာ ခုတ်သံသတ်သံတွေ ကြားရတော့တာပဲ"

"ဟင်...ဘယ်သူ့ဖြစ်တာလဲ"

"ကျွန်မလဲ သိပ်အံ့ဩသွားတာပေါ့၊ ဒါနဲ့ ကျွန်မလဲ ဂူငယ်ထဲက ထွားသွားပြီး ထွက်လာခဲ့တယ်၊ ခုတ်သံထစ်သံ တွေကြားရတဲ့ တောင်ထိပ်ကို အရောက်သွားခဲ့တယ်"

"တောင်ထိပ်မှာ သိုင်းပြိုင်ပွဲကို တွေ့ရောလား ပြိုင်နေတဲ့ သူတွေကရော ဘယ်သူတွေလဲ"

"တွေ့တာပေါ့၊ တောင်ထိပ်မှာယှဉ်ပြိုင်နေတဲ့ သိုင်း သမားက နှစ်ယောက်တည်းပါ၊ စီးချင်းထိုးတဲ့ပွဲလို့ ဆိုရ မှာပေါ့"

"ဘယ်သူတွေလဲ သိလား"

"ဟင့်အင်း...မသိဘူး၊ လရောင်လင်းနေပေမယ့် သူတို့ရဲ့ မျက်နှာတွေကို ပီပီသသ မတွေ့ရပါဘူး"

"ဘာဖြစ်လို့လဲ"

"သူတို့နှစ်ယောက်စလုံး ဝတ်ရုံရှည်ကြီးတွေ ဝတ်ထား တယ်၊ နှစ်ယောက်စလုံး မျက်နှာဖုံးတွေ တပ်ထားတယ်၊



ခွဲခြားလို့ရတဲ့အချက်ကတော့ ဝတ်ရုံအရောင်ပဲ၊ တစ်ယောက် က ဝတ်ရုံစိမ်း ဝတ်ထားတယ်၊ တစ်ယောက်က အနက်ရောင် ဝတ်ရုံကို ဝတ်ထားတယ်၊ တစ်ယောက်က ကိုယ်လုံး ခပ် သေးသေးပဲ၊ ဝတ်ရုံစိမ်းနဲ့လူက ကိုယ်လုံးသေးတယ်၊ တစ် ယောက်ကတော့...."

ဝမ်လျူ အဖွဲ့ရှင်က အခေါ်ဘက တော့ မေးလေ၏။

"နောက်တစ်ယောက်က ဘယ်သူလဲ၊ သူ...သူ...သူပဲ လား"

"အဲဒီဝတ်ရုံ အနက်ရောင်ဝတ်ထားတဲ့လူကတော့ အစ်ကို တိန်ရီလုံနဲ့ အတော်လေးကို ဆင်တူတယ်၊ ကျွန်မလဲ အစ်ကို တိန်ရီလုံလို့ အော်ခေါ်မိမတတ် ဖြစ်သွားတယ်၊ ဒါပေမယ့် ကျွန်မဟာ ကိုယ့်ပါးစပ်ကို ကိုယ့်လက်နဲ့ ပိတ်လိုက်မိတယ်၊ ကျွန်မ အသံပေးလိုက်လို့ သူ့ စိတ်တွေပြားသွားရင် ဒဏ်ရာ အကြီးအကျယ် ရသွားနိုင်တယ်မဟုတ်လား၊ ဘာကြောင့်လဲဆိုတော့ အနယ်ပြိုင်ပွဲမှာ အာရုံပျက်လို့မရဘူးဆိုတာ သိုင်းသမား တိုင်း သိကြတာပဲဥစ္စာ"

ဝမ်လျူ အဖွဲ့ရှင်က ခေါင်းညိတ်လိုက်၏။ နတ်ဖက်တော့ ဘာမျှမပြောပေ။

"အစ်ကိုတိန်ရီလုံနဲ့တူတဲ့လူရဲ့ ဓားသိုင်းကတော့ အတော့် ကို တက်မြောက်တယ်၊ သိပ်ကြည့်လို့ကောင်းတယ်၊ ဝတ်ရုံ

စိမ်းနဲ့လူဟာ အတောင်ကို ခက်ခက်ခဲခဲ ခုခံနေရတယ်၊ တစ်ချီမှာ ဝတ်ရုံအနက်နဲ့လူရဲ့လက်ချက်နဲ့ ဝတ်ရုံစိမ်း ဒဏ်ရာရသွားတယ်၊ နောက်တစ်ချီမှာတော့ ဝတ်ရုံနက်လဲ ဒဏ်ရာရသွားပြန်တယ်”

“နောက်တော့ ဘာဖြစ်သွားသလဲ”

“နောက်တော့ ဝတ်ရုံနက်ဟာ သိပ်ဒေါသထွက်သွားတယ်၊ တရကြမ်း ထိုးခုတ်တိုက်ခိုက်တော့ ဝတ်ရုံစိမ်းဟာ အကြီးအကျယ်ဒဏ်ရာရပြီး ဗုန်းဗုန်းလဲသွားတော့တာပဲ”

“ဝတ်ရုံနက် နိုင်သွားတဲ့သဘောပေါ့”

“ဒီသဘောပါပဲ၊ ဒါပေမယ့် ဒီဝတ်ရုံနက်ရဲ့ဒဏ်ရာကလဲ သေးပုံမရဘူး၊ သူလဲ အလဲလဲအပြိုပြိုနဲ့ သောင်ပေါ်ကနေ တောင်ခြေကို ဆင်းပြေးတော့တာမဲ”

“ဘုရားရေ... ဘယ်လိုဖြစ်တာလဲ၊ သူ့ရန်သူကိုတောင် လက်စတုံး မရှင်းခဲ့ဘူးလား”

“သူ့စိတ်ထဲမှာ တစ်ခါတည်း သေသွားပြီလို့လဲ ထင်ချင်ထင်နေမှာပေါ့၊ သူဟာ တောင်ခြေမြစ်ဆိပ်ရောက်တော့ အသင့်ရှိနေတဲ့လှေတစ်စင်းနဲ့ မြစ်ကို ဖြတ်ကူး ထွက်ပြေးသွားတော့တာပဲ”

“ဟင်....ဒီလိုဆိုတော့ မင်းဟာ သူမှန်း သေသေချာချာ ဘယ်သိလိုက်ရတော့မှာလဲ”



“ဟုတ်တယ်၊ ကျွန်မလဲ တိုက်ပွဲထဲမှာ စိတ်ရောက်နေတော့ အစ်ကိုတိန်ရှိလုံ ဟုတ်မဟုတ်စုံစမ်းဖို့ မေ့သွားတယ်၊ ဒါပေမယ့် အဲဒီလူဟာ အစ်ကိုတိန်ရှိလုံဖြစ်တယ် ဆိုတာတော့ ကျွန်မ သိလိုက်ရပါတယ်”

“ဟင်....ဘယ်လိုလုပ် သိလိုက်ရတာလဲ”

“ဒဏ်ရာရသွားတဲ့ ဝတ်ရုံစိမ်းဆီကပဲပေါ့”

“သူ မသေဘူးလား”

“မသေပါဘူး”

“ဒါဖြင့် သူက ဘယ်သူလဲ”

“အဲဒီလူက ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ကြီးပေါ့ မမ ရှီရုံရှန်ရဲ့ သူ့ခန္ဓာကိုယ်က ခပ်သေးသေးဆိုတော့ ကျွန်မ အတွက် အဆင်ပြေသွားတာပေါ့၊ ကျွန်မအနေနဲ့ သူ့ကိုယ်စား ဝင်လို့ရသွားတာပေါ့၊ ဒီကိစ္စကို မမ တဖြည်းဖြည်း သိလာပါလိမ့်မယ်၊ ကျွန်မ ဆက်ရှင်းပြပါ့မယ်”

“နောက်တော့ကော”

“နောက်တော့ ကျွန်မဟာ အစ်ကိုတိန်ရှိလုံ နောက်ကို ထပြေးပြီး လိုက်တယ်၊ အဲဒီအချိန်မှာ အစ်ကို တိန်ရှိလုံရဲ့ လှေဟာ ကမ်းက အတော်ကွာနေပါပြီ၊ ကျွန်မ စိတ်လှုပ်

ရှားနေတဲ့အချိန်မှာပဲ ကျွန်မနောက်က လှမ်းခေါ်သံကြားလိုက်ရတယ်၊ 'ဟေ့....သူငယ်၊ သူ့နောက်ကို မလိုက်ပါနဲ့၊ ငါ့ကို ကူညီပါတဲ့''

''ဒါ ဝတ်ရုံစိမ်းရဲ့အသံပေါ့၊ ဟုတ်လား''

''ဟုတ်ပါတယ်၊ ဝတ်ရုံစိမ်း ဝတ်ထားတဲ့ အဘိုးကြီးက လှမ်းခေါ်တာပါ၊ ကျွန်မလဲ အစ်ကိုဘိန်ဇီလိုနောက်ကို ဘယ်လိုမှလိုက်လို့ မရမှန်းသိတော့ ဝတ်ရုံစိမ်း အဘိုးကြီးဆီ ပြန်လျှောက်သွားခဲ့မိပါတယ် အဘိုးကြီးကပြောတယ်၊ 'သူငယ် မင်း ငါ့ကို ကူညီပါ၊ မင်းကို သိုင်းလောကရဲ့ အထွတ်အထိပ်ရောက်သွားအောင် ငါက ပြန်ကူညီပါ့မယ်၊ သိုင်းသမားတိုင်းကို မင်းစိတ်တိုင်းကျ ထိန်းချုပ်နိုင်မယ်၊ မင်းဟာ သိုင်းလောကရဲ့ ကေချာင် ဖြစ်စေရမယ်လို့ သူက ပြောပါတယ်''

''ဒီစကားကို ပြောခြင်းအားဖြင့် သူဟာ သိုင်းလောကရဲ့ တစ်စိတ်တစ်ဒေသကို ထိန်းချုပ်နိုင်ပြီလို့ ဖြစ်မှာပေါ့''

''ဒါတွေ နောက်ပိုင်းမှာ ပေါ်လာပါ့မယ်၊ သူ့ ဒဏ်ရာဟာ တကယ်ပြင်းထန်တယ်၊ ဒီကြားထဲက သူဟာ ပြတ်တောင်း ပြတ်တောင်း ပြောခဲ့တာပဲ၊ အသက်ကတော့ တကယ်ပြင်းတဲ့ အဘိုးကြီးပါပဲ''

ဝမ်လျှို အဖွဲ့ရှင်က မေးလိုက်၏။



''ဘယ်လိုလဲ၊ သူ့ အသက်ကိုကယ်ပေးရင် သူ့ အရိုက်အရာကို လွှဲပေးမယ်ဆိုတဲ့ သဘောလား''

ကြာဖြူမယ်က....

''ဒီသဘောပါပဲ၊ ကျွန်မလဲ အဲဒီတုန်းကတော့ သူ ဘာတွေပြောနေမှန်း ဘယ်ရိပ်မိပါ့မလဲ၊ သူ့ ဒဏ်ရာကို ပြုစုကုသပေးဖို့ စေတနာသက်သက်နဲ့ သူ့ဆီ ပြန်သွားခဲ့တာပါ၊ သူ့ ဒဏ်ရာတွေကို စစ်ဆေးကြည့်တော့ ဒဏ်ရာခြောက်ချက်ရှိတယ်၊ ဘယ်နည်းနဲ့မှ အသက် မရှင်နိုင်ဘူးဆိုတာ ကျွန်မ ချက်ချင်းသိလိုက်တယ်''

''နောက်တော့ ဘာဖြစ်သလဲ''

''ကျွန်မကတော့ ဘာမှမလုပ်ပါဘူး၊ သူ့ စကားအတိုင်း သူ့ ဝတ်ရုံထဲက ဆေးတွေရှာပြီး သူ့ ဒဏ်ရာထဲထည့်၊ ဆေးလုံးတွေကို သူ့ ပါးစပ်ထဲထည့်၊ ဒါတွေပဲ ကူညီခဲ့တာပါ၊ ကျွန်မ အဲဒီလိုပြုစုတော့ ကျွန်မဟာ ယောကျ်ားလေး တစ်ယောက်မဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်သာ ဖြစ်တယ်ဆိုတာ သူ ချက်ချင်းရိပ်မိသွားပါတယ်''

''မင်းကို ဝတ်ရုံစိမ်း အဘိုးကြီးက ဘာမှ မမေးဘူးလား''

''မေးတယ်လေ၊ မင်းနာမည် ဘယ်သူလဲတဲ့၊ ကျွန်မကလဲ ရှင်းရှင်းပဲ ပြောပါတယ်၊ ကြာဖြူမယ်လို့''

"အဲဒီတော့ သူ ဘာပြောသလဲ"

"သူ သိပ်ပြီးစိတ်ဆိုးသွားတယ်၊ မင်းဟာ တိန်ရိုလုံရဲ့ ချစ်သူပဲ၊ ငါ့ကို ဘာမှပြုစုစရာမလိုတော့ဘူးလို့ ပြောတယ်၊ အဲဒီအခါကျမှ စောစောကထွက်ပြေးသွားတဲ့လူဟာ အစ်ကို တိန်ရိုလုံဆိုတာ သေချာသွားတာပေါ့၊ သူက ဆက်ပြောတယ်၊ ငါ့ကို သေလောက်အောင် ဒဏ်ရာရသွားစေတဲ့လူဟာ တိန်ရိုလုံပဲ၊ တိန်ရိုလုံရဲ့ ချစ်သူက ကယ်လို့ အသက်ရှင်ရတယ်ဆိုတဲ့ အဖြစ်မျိုးကို ငါ မလိုချင်ဘူးတဲ့၊ ကဲ.... ဘယ်လောက် စိတ်ကြီးတဲ့ အဘိုးကြီးလဲလို့"

"အဲဒီတော့ မင်း ဘာလုပ်သလဲ"

"ကျွန်မလဲ ပထမတော့ စိတ်ဆိုးသွားတယ်၊ ဒီအတိုင်း ပစ်လာခဲ့ဖို့ စိတ်ကူးမိတယ်၊ ဒါပေမယ့် သေလုမျောပါး လူတစ်ယောက်ကို ဒီလိုထားပစ်ခဲ့တာ မသင့်လျော်ပါဘူးလေဆိုပြီး သူ့ကိုဆက်ပြီး ပြုစုခဲ့ပါတယ်"

"သူ အသက်ရှင်လာခဲ့သလား"

"ဘယ်ရှင်ပါ့မလဲ၊ ဒဏ်ရာခြောက်ချက်စလုံးသေကွင်းမှာချည်းပဲ၊ ကျွန်မကတော့ စိတ်ရင်းဖြူဖြူနဲ့ သူ့အသက်ကိုပြန်ရအောင် အပြင်းအထန်ပြုစုခဲ့ပါတယ်၊ ကျွန်မထင်တယ်လေ သူသာ တကယ်တန်းအသက်ပြန်ရှင်လာရင် ကျွန်မကို အရင်ဆုံး သတ်မှာပဲလို့"



"အံ့ပါ့ကွယ်၊ မင်းကို သတ်မယ်မှန်း သိလျက်နဲ့ မင်းဘာဖြစ်လို့ သူ ရှင်အောင် ကယ်တင်နေရတာလဲ၊ နောက်ပြီး သိုင်းလောကမှာ ကြာဖြူမယ်ဟာ သနားကြင်နာတတ်တဲ့ မိန်းမလို့ ကျော်ကြားတာ မဟုတ်ပါဘူး၊ ရက်စက်ကြမ်းကြုတ်တဲ့ မိန်းမလို့ပဲ ကျော်ကြားခဲ့တာပါ၊ ငါပြောတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ မမ စကားကို ကျွန်မ မငြင်းပါဘူး၊ ကျွန်မဟာ အဲဒီတုန်းက စိတ်ကောင်းဝင်နေမိမှန်း မသိပါဘူး၊ သူကလဲ ကျွန်မကို ကြာဖြူမယ်မှန်းလဲသိရော လုံးဝစကားမပြောတော့ဘူး၊ ဒါပေမယ့် သူက လှုပ်တောင်မလှုပ်နိုင်တော့တဲ့ အခြေအနေရောက်နေတော့ ကျွန်မ ပြုစုသမျှ ငြိမ်ခံနေရတော့တာပါပဲ"

"နောက်တော့ ဘာဖြစ်သလဲ"

"နောက်တော့ စေတနာက ပြန်အကျိုးပေးတယ် ဆိုရမလားမသိဘူး၊ ကျွန်မ စေတနာအပြည့်အဝနဲ့ ဖြူဖြူစင်စင် ကူညီနေတယ်ဆိုတာကို သူ နားလည် သဘောပေါက်သွားဟန် တူပါတယ်၊ မိုးလင်းခါနီးတော့ သူဟာ ကျွန်မကို ပြန်ပြီး စကားပြောလာတယ်၊ စကားကလဲ ချိုချိုသာသာပါပဲ"

"သူ ချက်ချင်း မသေဘူးဆိုပါတော့"

"ဟုတ်ကဲ့....ချက်ချင်း မသေပါဘူး၊ ဒဏ်ရာတွေကတော့ သေလောက်တဲ့ ဒဏ်ရာတွေပါပဲ၊ ဒါပေမယ့် သူ့ အတွင်းအား ကောင်းတာကတစ်ကြောင်း၊ သူ့ ဆေးတွေ စွမ်းတာက တစ်ကြောင်း အဲဒီအကြောင်း နှစ်ချက်နဲ့ သူဟာ နောက်ထပ် တစ်နေ့နဲ့တစ်ည အသက်ရှည်ခဲ့တယ်"

"မင်းအတွက် ဟန်ကျသွားတယ် ဆိုပါတော့"

"ဟုတ်ကဲ့....အဲဒီအချိန်မှာသူက ကျွန်မကို စကားတစ်ခွန်း မေးပါတယ်၊ လေးလေးနက်နက် စဉ်းစားပြီးမှ ဖြေပါလို့လဲ ကြိုတင်ပြောပါတယ်"

"ဘာစကားလဲ"

"သူ့ အရိုက်အရာကို ဆက်ခံမလားတဲ့"

"မင်း ဘာပြောလိုက်သလဲ၊ သဘောတူလိုက်သလား။ အင်းလေ.... ခုအခြေအနေအရဆိုရင် အဲဒီ တုန်းက မင်း သဘောတူခဲ့တယ် ဆိုပါတော့"

"မှန်တာပေါ့ရှင်၊ ကျွန်မ သဘောတူခဲ့လို့ ခုလိုဝူကြည် ဘိုးဘိုး အမည်ခံပြီး ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ် ဖြစ်နေတာပေါ့ရှင်၊ သူ့ စကားနားထောင်ရင် ကျွန်မအတွက် အကျိုးမယုတ်နိုင်ဘူးဆိုတာ ကျွန်မ သိထားပါတယ်လေ"

"ဆက်ပြောပါဦး"



"ဒါပေမယ့် သူကပြောတယ်၊ အရိုက်အရာကို ဆက်ခံရင် အရေးကြီးတဲ့ စည်းကမ်းချက် တစ်ခုကိုလဲ လက်ခံရမယ်လို့ ပြောပါတယ်"

"ဘာလဲ....တိန်ရှီလုံကို သတ်ခိုင်းတာလား"

"မဟုတ်ပါဘူး၊ သူ့ စိတ်ထဲမှာတော့ အစ်ကိုတိန်ရှီလုံကို သတ်ခိုင်းချင် သတ်ခိုင်းမှာပေါ့၊ ဒါပေမယ့် ဒီစည်းကမ်းချက်ကို သတ်မှတ်လိုက်ရင် ကျွန်မ ဘယ်နည်းနဲ့မှ သူ့ စည်းကမ်းချက်ကို သဘောမတူဘူးဆိုတာ သိနေလို့ မသတ်မှတ်တာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒါဖြင့် သူက ဘာကို စည်းကမ်းသတ်မှတ်တာလဲ"

"စည်းကမ်းချက်ကတော့ အစ်ကိုတိန်ရှီလုံနဲ့ ပတ်သက်နေတာပါပဲ၊ သူ့ အရိုက်အရာကို ဆက်ခံမယ်ဆိုရင် တိန်ရှီလုံနဲ့ လုံးဝမတွေ့ဆုံပါဘူး၊ လုံးဝ အဆက်အသွယ်ဖြတ်ပါမယ်ဆိုတဲ့ စည်းကမ်းချက်ပါပဲ၊ သူက ဆက်ပြောသေးတယ်၊ သူ့ ပညာအမွေကို လက်ခံယူထားတဲ့လူဟာ သူ့ ရန်သူကို မချေမှုန်းဘူးဆိုရင်တောင် အကူအညီတော့ မပေးသင့်ဘူးတဲ့"

ဝမ်လှူ အဖွဲ့ရှင်က ခေါင်းညိတ်၏။

"သူ့ ဘက်ကတွေးရင်တော့ ဒီအချက်ဟာ မှန်ကန်ပါတယ်"

ကြာဖြူမယ်က....

"အဲဒီအချိန်မှာ ကျွန်မဟာ ကျွန်မအပေါ် စီမံကား သွားတဲ့ အစ်ကိုတိန်ရိုလုံအပေါ် မုန်းတီးမိသလို ခံစားလိုက်ရတယ်၊ ဒါ့ကြောင့် သူ့စည်းကမ်းချက်ကို လက်ခံပြီး ချက်ချင်း ခေါင်းညိတ်လိုက်မိတာပဲ"

ဝမ်လျှံအဖွဲ့ရှင်က....

"မင်းဟာ ဒီစည်းကမ်းချက်ကို ဖောက်ဖျက်ပြီး ငါ့ ယောက်ျားနဲ့ ထပ်တွေ့သေးတယ် မဟုတ်လား"

ကြာဖြူမယ်က ခေါင်းခါရင်း....

"ဒါတွေပြောရင်း ပါလာလိမ့်မယ်၊ ကျွန်မလဲ သခင်ဘာ တူရော ဂူကြည်အဖွဲ့ ခေါင်းဆောင်ချုပ် အဘိုးကြီးဟာ သူ့ သိုင်းပညာတွေကို တစ်ကွက်ချင်း အံလွှတ်ရွတ်ပြပါတယ်၊ ကျွန်မကိုလဲ အလွတ်ရအောင် ကျက်မှတ်ခိုင်းပါတယ်၊ တကယ် တော့ သူဟာ ဒဏ်ရာပြင်းထန်လွန်းတော့ သိုင်းကွက်ရဲ့ ထူးခြားတဲ့ အလှည့်အပြောင်း သိုင်းကွက်တွေကို ကိုယ်တိုင် သရုပ်မပြနိုင်တော့ပါဘူး၊ သူတတ်ထားတဲ့ သိုင်းပညာတွေကို ကျွန်မလေ့ကျင့်နိုင်အောင် ပြန်လည်ပြောပြတာပဲ ရှိပါတော့ တယ်"

ဝမ်လျှံအဖွဲ့ရှင်က....



"အခုလောက်ဆိုရင်တော့ အဲဒီတုန်းက ပြောခဲ့တဲ့ သိုင်း ပညာတွေအားလုံး ပင်းတက်မြောက်နေလောက်ပြီပေါ့"

ကြာဖြူမယ်က ခေါင်းခါ၏။

"ဘယ်တတ်နိုင်ပါ့မလဲရှင်၊ အဲဒီတုန်းကသာ သူကိုယ်တိုင် ကြပ်မတ်သင်ပြနိုင်ရင် ကျွန်မအတွက် သိပ်ကောင်းမှာ၊ အခု တော့ သူပြောပြသမျှတွေကို အလွတ်ကျက်မှတ်ပြီး လေ့ ကျင့်ရတော့ သိုင်းပညာက တိုးတက်သင့်သလောက် မတိုး တက်ပါဘူး၊ နောက်ပြီး...."

"နောက်ပြီး ဘာဖြစ်သလဲ"

"အဘိုးကြီးဟာ ကျွန်မကို သူ တတ်ထားသမျှ သိုင်း ပညာအားလုံးကို အကုန်ပြောမပြခဲ့ပါဘူး၊ ပြောမပြချင်လို့ တော့မဟုတ်ဘူး၊ သိုင်းပညာ သင်တာထက် အရေးကြီးတဲ့ ကိစ္စက ရှိသေးတယ်လို့ သူယူဆပုံရတယ်၊ တကယ်လဲ အရေး ကြီးပါတယ်၊ သူတည်ထောင်ထားတဲ့ ဂူကြည်အဖွဲ့ကို သူဟာ သိုင်းပညာနဲ့ အုပ်ချုပ်တာမှ မဟုတ်ဘဲကိုး"

ဝမ်လျှံအဖွဲ့ရှင် စိတ်ရှုပ်သွားသည်။

"ငါတော့ ဘာမှနားမလည်ဘူး၊ ငါ့ဘဒေါ့ ငါ့ဝမ်လျှံ အဖွဲ့ကို သိုင်းပညာနဲ့ အုပ်ချုပ်တာပဲ"

ကြာဖြူမယ်က ရယ်လိုက်သည်။

"ဒါကတော့ မမစိတ် မမသဘောကိုး၊ ငှုကြည်ဘိုးဘိုးကလဲ သူ့စိတ် သူ့သဘောပဲမဟုတ်လား၊ သူ အုပ်ချုပ်ချင်သလို အုပ်ချုပ်မှာပေါ့"

ဝမ်လျှံအဖွဲ့ရှင်သည် စဉ်းစဉ်းစားစားဖြင့် ခေါင်းညိတ်လိုက်၏။

မှန်ပေသည်။ သိုင်းလောကဌ် ရှောင်လင်၊ ဂူတန်း၊ ခုံးတုံး၊ ခွန်းလွန် စသည်ဖြင့် အဖွဲ့အမျိုးမျိုး ရှိကြ၏။

အဖွဲ့ကြီးများ၏ စည်းကမ်းချက်များသည် တစ်ခုနှင့်တစ်ခု မတူပေ။ ကိုယ့်အစဉ်အလာ ကိုယ့်စည်းကမ်းအတိုင်း အုပ်ချုပ်ခဲ့ကြပေသည်။

ကြာဖြူမယ်က ဆက်ပြော၏။

"ဧင်စစ်တော့ ငှုကြည်အဖွဲ့ဆိုတာ အောက်လမ်းသိုင်းအဖွဲ့တစ်ခုပါပဲ၊ အင်မတန်လဲ ကြောက်စရာကောင်းပါတယ်၊ သူဟာ သူ့လက်အောက်က သိုင်းသမားတွေကို အဆိပ်ဆေးသုံးပြီး ထိန်းချုပ်ထားခဲ့ပါတယ်၊ သူ့လက်အောက်မှာ အဆင့်အမြင့်ဆုံးသိုင်းသမား ဆယ်ယောက်ရှိတယ်၊ သိုင်းပညာလဲ အံ့မခန်းတတ်မြောက်ကြတယ်"

"ဘယ်သူတွေလဲ၊ နာမည်တွေ မရှိကြဘူးလား"



"နာမည်တွေတော့ ရှိတာပေါ့၊ ဒါပေမယ့် ကျွန်မကတော့ အကြမ်းအားဖြင့်ပဲ ပြောသွားပါမယ်၊ အဖွဲ့ခွဲမှူးက နှစ်ယောက်၊ သခင်မက သုံးယောက်၊ အားလုံးပေါင်း ဆယ်ယောက်ပေါ့၊ ဆယ်ယောက်ထဲက သခင်မသုံးယောက်ဟာ သူ့မွေးစားသမီးတွေပဲ"

"ဘာ....မွေးစားသမီး၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ငှုကြည်ဘိုးဘိုးဟာ သိုင်းပညာ ထက်မြက်တယ်၊ စိတ်ထက်သန်ဆိုတဲ့ မိန်းကလေးတွေတွေ့ရင် သူ့သိုင်းပညာနဲ့ ဒုက္ခရောက်အောင် လုပ်လိုက်တာပဲ၊ နောက်တော့မှ တဖြည်းဖြည်း သူ့အဖွဲ့ထဲ သွင်းယူတယ်၊ ဒီသခင်မသုံးယောက်ဟာ ဒီပုံစံနဲ့ ဒီအဖွဲ့ထဲ ရောက်လာတာပဲ၊ သခင်မသုံးယောက်စလုံး ထက်ထက်မြက်မြက် ရှိကြပါတယ်"

"ဟင်း....ဘာကယ့် အောက်လမ်းအဖွဲ့ချုပ်ကြီးပဲ"

"ဟာ တကယ့်အောက်လမ်း အဖွဲ့ခေါင်းဆောင်ချုပ်ကြီးပေါ့၊ အဲဒီသိုင်းသမားဆယ်ယောက်မှာ ခေါင်းဆောင်ငယ်တွေ ရချိပြီးရှိတယ်၊ သူတို့အောက် အောက်မှာ သိုင်းသမားအများကြီး ရှိတယ်၊ အဲဒီသိုင်းသမားတွေအားလုံးဟာ ငှုကြည်အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက သေဆို သေရတာပဲ၊ ရှင်ဆိုရှင်ရတာပဲ၊ ဒါပေမယ့် သူတို့ဟာ ငှုကြည်အဖွဲ့ခေါင်းဆောင်ချုပ်ကြီးအပေါ် အလွန်ပဲ မုန်းတီးကြပါတယ်"

ဝမ်လျှံအဖွဲ့ရှင် နားရှုပ်သွားသည်။

"မင်းပြောတာ ဘယ်လိုသဘောလဲ၊ ဂူကြည်တိုးဘိုးရဲ့ သြဇာ ဒီလောက်ကြီးမားတာတောင် လက်အောက်ငယ်သားတွေက မုန်းတီးကြတာပဲလား"

"ဟာ...မုန်းတာပေါ့၊ မုန်းတယ်ဆိုတာ အကြောင်းရှိတယ်လေ၊ ဆေး...အဆိပ်ဆေးပေါ့၊ အဆိပ်ဆေးတွေ သောက်သုံးသွားရတော့ သူတို့ဟာ ဂူကြည်တိုးဘိုးရဲ့သြဇာအာဏာကို မလွန်ဆန်နိုင်ဘူးပေါ့၊ သူတို့တစ်ခါက်လုံး ဂူကြည်တိုးဘိုးကို သစ္စာစောင့်သိသွားကြရတာယ်"

ဝမ်လျှံအဖွဲ့ရှင်က....

"ဟင်း....သူတို့အဖွဲ့အုပ်ချုပ်ပုံကတော့ လွယ်လိုက်တာ၊ ပင့်ကူမျှင်လို မျှားပြားတဲ့အဖွဲ့တွေကို သူက လွယ်လွယ်ကူကူ ပိုင်ပိုင်နိုင်နိုင်ပဲ ချုပ်ကိုင်ထားနိုင်ခဲ့တာကိုး၊ ကဲ...မင်းနဲ့ဂူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ကြီးနဲ့ တွေ့ကြုံရတဲ့ အချိန်ကလေးအကြောင်း ဆက်ပြောစမ်းပါဦး"

ကြာဖြူမယ်က....

"ဂူကြည်တိုးဘိုးက နောက်ထပ် တစ်ခုတော့ တောင်းခံထားနိုင်ပါသေးတယ်၊ သူ မသေခင် သူ့အဖွဲ့အကြောင်း အစုံအလင် ပြောပြသွားနိုင်ခဲ့တယ်၊ နောက်ပြီး သူ့အလောင်း



ကို ပင်လယ်ထဲပစ်ချဖို့၊ နောက်ပြီး စီဟူကန်မှာ လင်ရင်ဘုရားကျောင်းပျက်ဆီသွားပြီး သူ့အမွေပစ္စည်းကိုယူဖို့ စသဖြင့် အကြောင်းတွေ တော်တော်များများကို ပြောပြသွားနိုင်ခဲ့ပါတယ်"

ဝမ်လျှံအဖွဲ့ရှင်က မှတ်ချက်ချလိုက်၏။

"ဟင်း....တကယ့်ကို အသက်ပြင်းတဲ့ အဘိုးကြီးပဲ"

"ဟုတ်တယ်၊ အတော်ကို အသက်ပြင်းပါတယ်၊ သူဟာ ပထမပိုင်းမှာ အမွေကိစ္စကို သိပ်မပြောချင်ဘူး၊ ဒါပေမယ့် မသေခင် အချိန်ကလေးမှာပဲ စိတ်ပြောင်းလဲသွားတယ်"

"မင်းကို သိုင်းပညာအကုန်သင်မပေးလိုက်တာကဒီအမွေကိစ္စကို ပိုအလေးထားလို့ မဟုတ်လား"

"မှန်ပါတယ်၊ အမွေကိစ္စက အဓိကပဲ၊ သိုင်းပညာက သာမညသာ ဖြစ်ပါတယ်"

"နောက်တော့ ဘာဖြစ်သေးသလဲ"

"နောက်တော့ ကျွန်မလဲသူ့အလောင်းကိုသယ်ပြီး ကတိအတိုင်း ပင်လယ်ထဲပစ်ချလိုက်တာပေါ့၊ သူ့အလောင်းမှာလဲ ဓါးတွေ ဆွဲပေးလိုက်ပါသေးတယ်"

"နောက်တော့ စီဟူကန်ကို သွားတာပဲလား"

"မှန်ပါတယ်၊ ဒါကလဲ ကတိအတိုင်းပဲလေ၊ ဒါ့ပမယ့် ဒီကတိက သူ့အတွက်ထက် ကျွန်မအတွက်က ပိုတန်ဖိုးကြီးပါတယ်၊ ကျွန်မ စီဟူကန်က လင်ရင်ဘုရားကျောင်းပျက်ကို သွားတော့ ဘုရားကျောင်းပျက်ကြီးဟာ အင်မတန်ကြီးမားတာကို တွေ့ရတယ်"

ဝမ်လျှံအဖွဲ့ရှင်က စိတ်မရှည်သလို ပြောလေ၏။

"ဘုရားကျောင်းပျက်ကြီး ကြီးမားတာက အဓိက အကြောင်း မဟုတ်ပါဘူး၊ သူပြောတဲ့အမွေကို ရ,မရကသာ အကြောင်းပါ"

ကြာဖြူမယ်က....

"မမကလဲ နည်းနည်းလောက် စိတ်ရှည်ရှည်ထားပြီး နားထောင်ရောပေါ့၊ ဒီအကြောင်းတွေ အားလုံး ကျွန်မ ပြောပြမှာပါ၊ တိုရှင်းလိုရင်း ပြောလိုက်ရင် မမနားမလည်ဘဲ ဖြစ်ကုန်မှာစိုးလို့ ဒီလို ဇာတ်စုံရှင်းပြနေရတာပါ"

"ကဲ....ကဲ....မင်းစိတ်ကြိုက်ပဲ ပြောပါတော့ကွာ"

"ကျွန်မ လင်ရင်ဘုရားကျောင်းထဲရောက်ပြီး သူ ပြောတာတွေ ရှာဖွေတော့ သိပ်မခက်ခဲဘဲ ရရှိလိုက်ပါတယ်၊ ဒီဘုရားကျောင်းပျက်ကြီးထဲမှာ နေရတာ အလိုလို လန့်လာတာနဲ့ ကျွန်မလဲ ပစ္စည်းတွေ ရပြီးတာနဲ့ ဘုရားကျောင်းပျက်ထဲက ချက်ချင်း ထွက်ပြေးလာခဲ့တာပဲ"



"မင်းယူလာတာ ဘာပစ္စည်းတွေလဲ"

"ကျွန်မလဲ လင်ရင်ဘုရားကျောင်းက ပြေးထွက်လာပြီးတဲ့နောက် တည်းခိုဆောင်တစ်ခုမှာ တည်းခိုပါတယ်၊ အဲဒီအခန်းထဲကျမှ ဘာပစ္စည်းတွေလဲဆိုတာ သေသေချာချာ စစ်ဆေးကြည့်ပါတယ်"

"ဘာပစ္စည်းတွေ တွေ့သလဲ"

"ပစ္စည်းကတော့ သုံးခုပါ၊ ပထမပစ္စည်း တစ်ခုကတော့ သူ့အဖွဲ့သားတွေရဲ့ နာမည်စာရင်းပါပဲ၊ နာမည်ရင်းအပြင် လျှို့ဝှက်နာမည်တွေကိုလဲ ရေးသားထားပါတယ်၊ အဲဒီထဲမှာ အဖွဲ့ခွဲမှူး ခုနစ်ယောက်နဲ့ သခင်မ သုံးယောက်ရဲ့ ကိုယ်ရေးရာဇဝင်တွေက ထိပ်ဆုံးကပေါ့၊ သူတို့ဆယ်ယောက် ဘယ်လိုအဆိပ်မျိုး-မိထားတယ်ဆိုတာကိုလဲ ရေးသားထားတယ်"

ဝမ်လျှံအဖွဲ့ရှင်မှာ မသိမသာ ညည်းညူလိုက်သည်၊

"ဟင်း... တကယ့်လူပါပဲ"

"မှန်ပါတယ်၊ တကယ့်လူပေါ့ပဲ၊ တကယ့်ကို အကြံအစည်ကြီးမားတဲ့ အဘိုးကြီးပါ"

"နောက်တော့ ဘာပစ္စည်း တွေ့သေးသလဲ"

"နောက်ပစ္စည်းတစ်ခုကတော့အဆိပ်ကျမ်းတစ်စောင်ပါ၊ အဲဒီကျမ်းကတော့ ကမ္ဘာပေါ်မှာအပြည့်စုံဆုံးအဆိပ်ကျမ်းပဲ ဖြစ်ပါလိမ့်မယ်၊ ဒီအဆိပ်ကို ဖော်ထုတ်ပုံ၊ သုံးစွဲပုံ၊ အဆိပ်ရဲ့ ဖြေဆေး အစရှိသဖြင့် အဆိပ်နဲ့ ပတ်သက်သမျှ အကြောင်းအရာ ထောင်ချောက် ပါရှိတယ်၊ အဆိပ်မှတ်တမ်းစာအုပ်ပဲ ဆိုပါတော့"

ထိုစဉ် လေပြည်လေညင်းကလေး တသုန်သုန်ဖြူးသွားရာ လူမ၏ဆံပင်များ ဖွာထွက်သွား၏။ ကြာဖြူမယ်သည် သူမ၏ ဆံပင်များကို အသာအယာ သင်တင်လိုက်၏။

"တတိယပစ္စည်းကတော့ ပဝါကလေးတစ်ထည်နဲ့ ထုပ်ပိုးချည်နှောင်ထားပါတယ်၊ ကျွန်မက ပဝါကလေးကို ဖြေကြည့်လိုက်တော့ စာအုပ်ပါးကလေးတစ်အုပ်တွေ့ရပါတယ်၊ စာအုပ်ပေါ်မှာတော့ 'အခွင့်မရှိ မဖတ်ရ' လို့ တားမြစ်စာတန်း ထိုးထားပါတယ်"

ဝမ်လျှံအဖွဲ့ရှင်က...

"ကောင်း ဒီစာအုပ်ဟာ ဝူကြည်ဘိုးဘိုးရဲ့ လျှို့ဝှက်သိုင်းကျမ်းပဲ ဖြစ်ရမယ်၊ ဒီစာအုပ်ဟာ ဘာပဲဖြစ်ဖြစ် အဆိပ်ကျမ်းထက်တော့ တန်ဖိုးရှိရှမှာပဲ"

ကြာဖြူမယ်က ခေါင်းခါလိုက်၏။



"သိုင်းကျမ်း မဟုတ်ပါဘူး မမ၊ ဒီစာအုပ်ထဲမှာ ရေးသားထားတဲ့ အကြောင်းတွေကတော့ ဝူကြည်ဘိုးဘိုးရဲ့အဖြစ်အပျက်တွေပါ၊ ဝူကြည်ဘိုးဘိုးရဲ့ ကိုယ်ရေးမှတ်တမ်းပဲ ဆိုပါတော့ မမရယ်"

"ဟင်....ဒါဟာလဲ အင်မတန် စိတ်ဝင်စားစရာကောင်းတာပဲ၊ဘာဖြစ်လို့လဲဆိုတော့ ဝူကြည်ဘိုးဘိုးဟာ အဲဒီတုန်းက လုံးဝမကြားဖူးခဲ့ဘူး၊ ဒါပေမယ့် သူ တည်ဆောက်ထားတဲ့ အဆောက်အအုံကြီးကတော့ တကယ့်ကို ကြီးမားနေပြီ"

ကြာဖြူမယ်က....

"ဒီအတွက်တော့ မမကို အပြစ်ဆိုစရာမရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက သူ့အဖွဲ့ကို လျှို့ဝှက်တည်ထောင်ထားတာကိုး၊ လျှို့ဝှက်အဖွဲ့ဆိုတော့ တော်ရုံတန်ရုံလူ ဘယ်သိပါ့မလဲ"

ဝမ်လျှံအဖွဲ့ရှင်က မေးလိုက်မိသည်။

"ဆိုပါဦး....ကိုယ်ရေးမှတ်တမ်း စာအုပ်ထဲမှာ ဘာတွေရေးထားသလဲ"

"ဒီမှတ်တမ်းစာအုပ်ရဲ့ ပဌမစာရွက်အထိပဲ ကျွန်မ ဖတ်ဖြစ်ပါတယ်"

ဝမ်လျှံအဖွဲ့ရှင် အံ့ဩသွားသည်။

"ဘုရားရေ… ဘာဖြစ်လို့ မဖတ်ဖြစ်တာလဲ၊ မှတ်တမ်းစာအုပ် ပျောက်သွားလို့လား"

"မပျောက်ပါဘူး၊ ဘာဖြစ်လို့ ကျွန်မ ငါးရက်ပဲဖတ်ဖြစ်တယ်ဆိုတာ နောက်တော့ ပါလာပါလိမ့်မယ်၊ ဒီပထမ ငါးရက်ထဲမှာပါတဲ့ အကြောင်းအရာတွေကတော့ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ဟာ ဘယ်သူဖြစ်တယ်၊ ဘာကြောင့် ဒီလျှို့ဝှက်အဖွဲ့ကို တည်ထောင်ရတယ်ဆိုတဲ့ အကြောင်းအရာတွေပါ၊ အင်မတန်လျှို့ဝှက်တဲ့ အကြောင်းအရာတွေပါ၊ သိုင်းလောကသားတွေအနေနဲ့ ဒီဝူကြည်အဖွဲ့ကို လုံးဝ မသိနိုင်ပါဘူးရှင်"

"ဆိုစမ်းပါဦး…. ဝူကြည်အဖွဲ့ ခေါင်းဆောင်ချုပ်ဟာ ဘယ်သူများလဲ၊ ငါသိတဲ့လူများ ဖြစ်နေမလား"

ကြာဖြူမယ်က သက်ပြင်းချရင်း….

"ဝူကြည်အဖွဲ့ ခေါင်းဆောင်ချုပ် ဘယ်သူလဲဆိုတာကို မမ သိတာပေါ့၊ ရွှေဟင်္သာအဖွဲ့ရဲ့ ဦးစီးပဲလေ"

ဝမ်လျှံအဖွဲ့ရှင်မှာ အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသားဖြစ်သွား၏။

"ဘာ….ကျွန်ုပ်ခဲတော်ရဲ့ယောကျ်ား ဟုတ်သလား"



ကြာဖြူမယ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ စာအုပ်ထဲမှာတော့ ဒီအတိုင်း ရေးမှတ်ထားတာပါပဲ"

ထိုအခိုက်မှာပင် ရေကန်ကို တစ်ပတ်ပတ်၍ လမ်းလျှောက်နေသော ရှုံကူလင်သည် ပြန်ရောက်ရှိလာလေ၏။ သို့သော်သူသည် ဇရပ်ထဲသို့ ဝင်မလာပေ။ အဘယ်ကြောင့်ဆိုသော် ဝမ်လျှံအဖွဲ့ရှင်နှင့် ကြာဖြူမယ်တို့ ဆွေးနွေး၍ မပြီးသေးသောကြောင့်တည်း။

## အခန်း ( ၁၀၄ )

### သွေးသတင်းပို့သူ

ဝမ်လျှံအဖွဲ့ရှင်သည် သက်ပြင်းချလိုက်ပြီး....

"အင်း....မင်းပြောတာ မှန်တာပဲ၊ ဒီကိစ္စကြီးကသာ ပွတ်အူလို ရှုပ်ထွေးနေတဲ့ကိစ္စကြီးပဲ"

သူမသည် ဇရပ်ထဲသို့မဝင်ဘဲ အပြင်၌ ရပ်စောင့်နေသည့် ရှုံကူလင်အား တစ်ချက်လှမ်းကြည့်ကာ....

"မင်း ဝင်ချင်ဝင်ခဲ့လေ"

ရှုံကူလင်က....

"ကျွန်တော့်ကြောင့် ခင်ဗျားတို့ အနှောင့်အယှက်များဖြစ်နေမလားလို့ပါ"



ကြာဖြူမယ်က....

"ကိစ္စမရှိပါဘူး ဝင်ခဲ့ပါ၊ မင်းသိလို့လဲ ဘာမှဆိုးပါတ်သွားစရာ အကြောင်းမရှိပါဘူး"

ရှုံကူလင်သည် ဇရပ်ထဲသို့ ဝင်လာ၏။

"ခင်ဗျားတို့ ဆွေးနွေးနေကြတာ အချိန်အတော်ကြာပါတယ်၊ ကျွန်တော့် စိတ်ထင်တော့ သူ့ရဲ့ကောင်းကြီးတိန်ရှိလုံကို ဘယ်သူက သတ်တယ်ဆိုတာ ပေါ်ပေါက်နေပြီလို့ ထင်ပါတယ်"

ဝမ်လျှံအဖွဲ့ရှင်က မချိပြုံးပြုံးလိုက်ပြီး....

'မထင်နဲ့ဟေ့' ဟု ပြောလိုက်လေ၏၊ ရှုံကူလင်မှာ အကြီးအကျယ် အံ့ဩသွားသည်။

"ဗျာ.... ဘယ်လိုလဲဗျာ၊ ခင်ဗျားတို့နှစ်ယောက် စကားတွေအများကြီး ပြောပြီးကြပြီ၊ ဒီအထဲမှာ တိန်ရှိလုံ ဘယ်လိုလုပ်ကြံခံရတယ်၊ ဘယ်သူက လုပ်ကြံလိုက်တယ် ဆိုတဲ့ အကြောင်း လုံးဝ မပါဘူးလား"

ဝမ်လျှံအဖွဲ့ရှင်က...

"မပါသေးဘူးကွယ့်၊ အခု ကြာဖြူမယ် ပြောပြနေတဲ့ အကြောင်းတွေက ရှုပ်ထွေးပွေလီလှလွန်းလို့ ငါ့မှာ ရှူးချင်

ချင်တောင်ဖြစ်နေရပြီ၊ ဒါပေမယ့် သဲလွန်စတော့ တွေ့နေရပြီလို့ ဆိုရမလား မသိဘူး”

ရုံကူလင်က....

“ကဲ....ကျွန်တော်ရှိနေတဲ့အတွက် ခင်ဗျားတို့ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ကြဘူးဆိုရင် ခင်ဗျားတို့ ပြောလက်စ စကားတွေကို ဆက်ပြောကြပါ ခင်ဗျာ၊ ရှေ့ပိုင်းက ဘာတွေ ပြောခဲ့တယ်ဆိုတာ ကျွန်တော် ဘာသာ ဆက်စပ်ယူပါမယ်”

သို့သော် ဝမ်လျူအဖွဲ့ရှင်က ကြာဖြူမယ် ပြောပြသည့် အကြောင်းအရာများကို အကျဉ်းချုပ်လျက် ရုံကူလင်အား ပြန်လှန်ပြောပြသည်။

ထို့နောက်....

“ကဲ....ဆက်ပြောစမ်းပါဦး၊ မရှုတည်သာအဖွဲ့က ကျွန်းတုံရင်တာ ဘာဖြစ်လို့ သူ့ရှေ့ဟည်သာအဖွဲ့ကို ဆက်မထောင်ပဲနဲ့ ဝူကြည်အဖွဲ့ကို သျှီ့ဝှက်တည်ထောင်ရတာလဲ အဲဒီမှတ်တမ်းစာအုပ်ထဲမှာ အကျိုးအကြောင်းတော့ ရေးသားမှာသေချာတယ်၊ ဒီလို ရေးမထားရင် သူ သိက္ခာကျမှာပေါ့”

ကြာဖြူမယ်က ခေါင်းခါ၏။



“ဟင့်အင်း... အဲဒီအကြောင်းတွေကိုတော့ ကျွန်မဆက်ပြီး မဖတ်ရပေါ်ဘူး မမှရယ်၊ ကျွန်မက ရှေ့စာရွက် ငါးရွက်လောက်ပဲ ဖတ်ရတာကိုး”

“ဘာဖြစ်လို့ နောက်ပိုင်းစာရွက်တွေကို မဖတ်ဘာလဲ”

“အဲဒီ ဆဌမစာရွက်က စပြီး နောက်ပိုင်းစာရွက်တွေအားလုံးမှာ အပြင်းထန်ဆုံး အဆိပ်တက်ာ အဆိပ်တွေကို သုတ်လိမ်းထားလို့ပါပဲ၊ ဒီအဆိပ်မိသွားရင် တုံးခနဲ ခဏဆုံးမှာ သေချာတယ်”

ရုံကူလင်က ဝင်မေးလိုက်၏၊

“အဲဒီစာရွက်တွေမှာ အပြင်းထန်ဆုံး အဆိပ်တွေ သုတ်လိမ်းထားတယ်ဆိုတာ ခင်ဗျားက ဘယ်လိုလုပ် သိတာလဲ”

ကြာဖြူမယ်က ရုံကူလင်အား တစ်ချက် လှမ်းကြည့်ပြီး....

“မင်းမေးတဲ့ မေးခွန်းက မေးလိုက်တယ်၊ ဘာဖြစ်လို့ ငါသိနေတာလဲဆိုတော့ အဲဒီ ရှည်းဘုံးခုရှိတဲ့ အနက်မှာ ငါတာ အဆင်ကြမ်းကို အငင်ဆုံး လေ့လာမိခဲ့လို့ပဲ၊ ငါကိုယ်တိုင်တာ အဆင်ဘုငင်မပေးတဲ့ အဆိပ်နဲ့ပတ်သက်လို့ အတောင်ကလေး နာမည်ကြီးခဲ့တဲ့ မိန်းမပါ၊ ကြာဖြူမယ်ဆိုတဲ့ နာမည်ကလေးက လှပေမယ့် သိုင်းသမား တော်တော်

များများက ကြောက်ကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါက အဆိပ်အမျိုးမျိုးကိုင်သုံးနေတဲ့ မိန်းမဖြစ်နေတာကိုး"

"အင်း....စိတ်ဝင်စားစရာပါပဲဗျာ၊ ခင်ဗျား အဆိပ်ကျမ်း ဖတ်တော့ ဘာတွေ တွေ့ရသလဲ"

"ကမ္ဘာပေါ်မှာ အထူးဆန်းဆုံးအဆိပ်တွေအကြောင်း ရေးသားထားတာပဲ၊ ငါဟာ အဆိပ်နဲ့ပတ်သက်လို့ အတော်ကလေး ကျွမ်းကျင်ပါတယ်၊ ဒါပေမယ့် ဒီအဆိပ်ကျမ်းဖတ်လိုက်တဲ့အခါမှာတော့ ငါဟာ မွေးကင်းစကလေးငယ်လေးလို ဖြစ်သွားတော့တာပဲ"

"ဒီလောက်တောင်ပဲလားဗျာ"

"ဒီထက်တောင်ပိုသေးတယ်၊ အဲဒီ အဆိပ်ကျမ်းရဲ့နောက်ဆုံး စာမျက်နှာဟာ ငါ့အသက်ကို ကယ်လိုက်တဲ့ စာမျက်နှာပါပဲ"

"ဘာဖြစ်လို့လဲဗျ"

"အဲဒီနောက်ဆုံး စာမျက်နှာမှာ ရေးထားတယ်လေ၊ သူ့ကိုယ်ရေးမှတ်တမ်းစာအုပ်ရဲ့ ဆဋ္ဌမမြောက် စာရွက်ကစပြီး 'အဆိပ်တကာ့အဆိပ်'ကို သုတ်လိမ်းထားတယ်လို့"

"ဩော်"



ရုံကူလင်ရော ဝမ်လျှံအဖွဲ့ရှင်ပါ အာမေဋိတ်သံများ ထွက်ပေါ်သွား၏။

ကြာဖြူမယ်အနေဖြင့် ဆဋ္ဌမစာရွက်မှစ၍ နောက်ပိုင်းစာရွက်ပါ အဖြစ်အပျက်များကို အဘယ့်ကြောင့် မသိရှိရခြင်းအတွက် သူတို့ သံသယကင်းရှင်းသွားကြသည်။

ရုံကူလင် မေးခွန်းထုတ်လိုက်၏၊

"နေစမ်းပါဦးဗျာ၊ အဆိပ်တကာ့ အဆိပ်ဆိုတာက ဘာအဆိပ်မျိုးလဲဗျ"

"အရှင်းဆုံးပြောရရင်တော့ ကမ္ဘာပေါ်မှာအပြင်းထန်ဆုံးအဆိပ်ပဲ၊ ဖြေဆေးမရှိတဲ့အဆိပ်ဆိုရင်လဲ မှန်ကန်ပါတယ်၊ အဲဒီအဆိပ်မိပြီးတဲ့နောက် ဒီလူဟာ လုံးဝ အသက်မရှင်နိုင်တော့ပါဘူး"

"ကြောက်စရာပါပဲလားဗျာ"

"မှန်တယ်၊ ဒီအဆိပ်ထက် ကြောက်စရာ ကောင်းတဲ့ အဆိပ်မျိုး ဒီလောကမှာ မရှိတော့ပါဘူး"

ဝမ်လျှံအဖွဲ့ရှင်က ဝင်ပြောလေ၏၊

"ဒါတွေထားပါတော့၊ မင်းရထားတဲ့ ပစ္စည်းတွေထဲက ငါတို့ သိသင့် သိထိုက်တဲ့ အကြောင်းအရာတွေကိုပြောပြစမ်းပါ"

ကြာဖြူမယ်က....

"ကျွန်မ ဖတ်ထားတဲ့ အဆိပ်ကျမ်းအရတော့ ပူကြည် ဘိုးဘိုးရဲ့ အဆိုအရပေါ့ရှင်၊ လက်ရှိသိုင်းလောကမှာ အဆိပ်အဖွဲ့ နှစ်ဖွဲ့ရှိတယ်လို့ဆိုပါတယ်၊ သူ့အဖွဲ့က သိုင်းလောကထဲမှာ လှုပ်ရှားစပြုနေပေမယ့် ကျန်တဲ့ အဆိပ်အဖွဲ့ကတော့ သိုင်းလောကထဲမှာ လှုပ်ရှားခြင်း မပြုသေးဘူးလို့ သိရပါတယ်"

"ဘုရားရေ... သိုင်းလောကတော့ အခုတောင် အတော်ကလေး ရှုပ်ထွေးနေတယ်၊ ကျန်တဲ့ အဆိပ်အဖွဲ့ပါ သိုင်းလောကထဲဝင်ပြီး လှုပ်ရှားမယ်ဆိုရင် မတွေးဝံ့စရာကြီးပါလား"

အလွန်တရာ တည်ငြိမ်ပါသည်ဆိုသော ဝမ်လျှိ အဖွဲ့ရှင် ငင်လျှင် ဘုရားတမိလေတော့သတည်း။

## အခန်း (၁၀၅)

### သွေးသတင်းပို့သူ

ထိုအခါ ရှုံကူလင်က ဝင်ရောက်ပြောဆိုသည်။

"ဒါကတော့ အနာမသိ ဆေးမရှိပါဗျာ၊ အနာသိရင် ဆေးရှိတာပါပဲ၊ ရန်စူးရန်ငြောင့် ဘယ်လိုဖြစ်ပေါ်လာတယ်ဆိုတာ ခင်ဗျားတို့ သိကြပြီ၊ ဒါကို ခင်ဗျားနဲ့ ဝမ်လျှိ အဖွဲ့ခေါင်းဆောင်ချုပ်ကြီး နှစ်ယောက်ပေါင်း ဖယ်ရှားပစ်လိုက်ရင် ပြီးစီးအောင်မြင်မှာ သေချာနေပါတယ်၊ အကြောင်းမဲ့ သေကြေကြရမယ့် သိုင်းသမားတွေလဲ အသက်ချမ်းသာရာ ရသွားတာပေါ့ဗျာ"

ကြာဖြူမယ်သည် ရှုံကူလင်၏စကားကို အာရုံစိုက် နားထောင်ပြီးမှ စိတ်ပျက်စွာခေါင်းခါလေ၏။

"မဖြစ်နိုင်ပါဘူး"

ရုံကူလင်မှာ အကြီးအကျယ် အံ့အားသင့်သွားလေတော့သည်။

"ဗျာ...မဖြစ်နိုင်ဘူးဟုတ်လား၊ ဘာဖြစ်လို့လဲ"

"မဖြစ်နိုင်ပါဘူး၊ ငါဟာ ပထမတုန်းကတော့ ဝူကြည့်အဖွဲ့ခေါင်းဆောင်ချုပ်လုပ်ပြီး ငါ့စိတ် ငါ့သဘောနဲ့ အုပ်ချုပ်မယ်လို့ စိတ်ကူးခဲ့တယ်၊ ဒါပေမယ့် အခု ဝူကြည့်အဖွဲ့ခေါင်းဆောင်ချုပ်လုပ်ပြီးတဲ့ အခါမှာတော့ အားလုံး ငါ့အထင်နဲ့အမြင် တစ်လွဲစီ ဖြစ်ကုန်ပြီ၊ ရေစီးသန်တဲ့ မြစ်ထဲပါသွားတဲ့လူဟာ ရေစီးကိုဆန်ပြီး အထက်ကို တက်ချင်လို့မရသလို ငါလဲ ဝူကြည့်အဖွဲ့ ခေါင်းဆောင်ချုပ်ဟောင်းချမှတ်ပေးထားတဲ့ အစီအစဉ်တွေကို ဖီဆန်ပြီး လုပ်လို့မရဘဲဖြစ်နေတယ်၊ ငါလုပ်နိုင်တဲ့အလုပ်တစ်ခုပဲရှိတယ်၊ မမရီရုံရှန်နဲ့လက်တွဲပြီး အင်ကိုတိန်ရီလုံကို သတ်သူကို လက်တုံ့ပြန်ဖို့ပဲ"

ဝမ်လျှံအဖွဲ့ရှင်က စဉ်းစဉ်းစားစားဖြင့် မေးလေ၏။

"ကဲ...ဝူကြည့်အဖွဲ့ ခေါင်းဆောင်ချုပ်အကြောင်း ပြောနေတာနဲ့ ငါ့သောကျွားသေရတဲ့ ဇာတ်ကြောင်းက ပျောက်နေတယ်၊ ပျောက်နေတဲ့ ဇာတ်ကြောင်းကို ပြန်ဆက်စမ်းပါဦး"

ကြာဖြူမယ်က ခေါင်းညိတ်၏။



"ဟုတ်ကဲ့....ကျွန်မ ပြောပြပါမယ်၊ ကျွန်မဟာ ဝူကြည့်အဖွဲ့ခေါင်းဆောင်ချုပ် ဖြစ်လာတဲ့အခါမှာ အတော်ကလေးပေါက်ပေါက်ရောက်ရောက်ရှိလာပါတယ်၊ တပည့်လက်သားတော်တော်များများကိုလဲ ထောက်လှမ်း အသုံးချနိုင်လာပါတယ်၊ အဲဒီလို စုံစမ်းလို့ရလာတဲ့အဖြေကတော့ အင်ကိုတိန်ရီလုံဟာ ရွှေဟသ်ာအဖွဲ့က ကျွန်ကတော်ကြီးရဲ့ လက်ချက်နဲ့သေသွားရတယ် ဆိုတာပါပဲ"

"ဗျာ"

"ဘုရားရေ...."

ရုံကူလင်ရော ဝမ်လျှံအဖွဲ့ရှင်ပါ ယောင်ယမ်းအော်ဟစ်မိကြလေတော့၏။

ရုံကူလင်က....

"အဲဒီအချက်ကတော့ လုံးဝမဖြစ်နိုင်ပါဘူးဗျာ၊ မဖြစ်နိုင်ဘူးလို့ ကျွန်တော် အတိအကျပြောရဲပါတယ်"

ကြာဖြူမယ်က....

"မဖြစ်နိုင်ဘူးပြောရအောင် မင်းက ဘာတွေ သိထားလို့လဲ၊ ကျွန်ကတော် ဆိုတာကိုရော သိထားလို့လား"

ရုံကူလင်က ခေါင်းညိတ်၏။

"ဟုတ်ကဲ့၊ သိပ် မကြာသေးခင်ကပဲ ကျွန်တော်ဟာ ကျန်ကာတော်ကို တွေ့မြင်ခဲ့ပါတယ်၊ ကျန်ကာတော်ရဲ့ ရုပ်ရည်ဟာ တည်ကြည် ခန့်ညားတယ်၊ ဂုဏ်ရှိတယ်၊ အကြင်နာ တရားရှိတယ်၊ သူဟာ ဘယ်နည်းနဲ့မှ သူရဲ့ကောင်းကြီး တိန်ရီလုံကို မသတ်နိုင်ပါဘူး"

ကြာဖြူမယ်က အေးစက်စက်မေးလိုက်၏။

"လူသတ်ယောက်ဟာ အကြောင်းမဲ့တော့ တခြားလူ တစ်ယောက် အပေါ်မှာ မရက်စက်ကြဘူး၊ ဒါပေမယ့် အကြောင်းရှိလာတဲ့ အခါမှာတော့ ရက်စက်တတ်ကြတာပဲ၊ ကျန်ကာတော်ကြီးရဲ့ယောကျ်ား ကျန်းတုံရင်ကို အစ်ကို တိန်ရီလုံသတ်သွားတာလို့ သိထားရင်တော့ အဖြေကဘယ်လို ဖြစ်နိုင်သလဲ"

ရှုံကူဖင်မှာ လုံးဝစကားမပြောနိုင်ဘဲ ဖြစ်သွားရသည်။

ထိုနောက် ဝမ်လျှံအဖွဲ့ရှင်က ဝင်ပြောလေ၏။

"ငါ့ယောကျ်ားဟာ အင်မတန် ပြင်းထန်တဲ့ အဆိပ် တစ်မျိုးကြောင့် သေရတယ်လို့ သတင်းစကားကြားရတယ်၊ အဲဒီအဆိပ်ရဲ့နာမည်ကတော့ အသည်းပျော်အဆိပ်ဆေးတဲ့၊ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ရဲ့ အဆိပ်ကျမ်းထဲမှာ အဲဒီ အဆိပ်အကြောင်း ရေးသားထားတာပါသလား"

ကြာဖြူမယ်က ခေါင်းညိတ်၏။



"ပါပါတယ်၊ အဲဒီအဆိပ်ကလဲ အတော်ပြင်းတဲ့ အဆိပ် ပါပဲ၊ နာမည်ကိုက ကြောက်စရာ ကောင်းနေပါတယ်"

သူသည် စကားကိုခေတ္တဖြတ်၍....

"ကျွန်မ စဉ်းစားလို့မရတဲ့အချက်တစ်ချက် ရှိနေပါတယ်၊ မမများစဉ်းစားလို့ရပလား မသိဘူး၊ ကျွန်မ တစ်ခုလောက် မေးချင်ပါတယ်"

"ဘာများလဲ"

"ကျွန်မ ဝူကြည်အဖွဲ့ ခေါင်းဆောင်ချုပ်အဖြစ် တာဝန် ဆောင်နေတာကို ဘယ်သူမှ မသိကြဘူး၊ ဒါပေမယ့် မမက တော့ ကျွန်မ ဘယ်သူ ဖြစ်နိုင်တယ်ဆိုတာ အနီးစပ်ဆုံး ခန့်မှန်းနိုင်ခဲ့တယ်၊ အဲဒါ ဘယ်အချက်တွေအသောက်ပြီး ခန့် မှန်းခဲ့တာလဲဟင်"

ဝမ်လျှံအဖွဲ့ရှင်က....

"ဒါလဲ အမှတ်မထင် ခန့်မှန်းမိခဲ့တာပါ၊ ငါဟာ ငါ့ ယောကျ်ား ပျောက်ဆုံးသွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မင်း နေထိုင်တဲ့ ကြာပန်းအင်ကို သွားစုံစမ်းခဲ့တယ်၊ မင်းဟာ ကြာပန်းအင်မှာ လုံးဝ မရှိတော့ဘူး၊ မရှိရုံတင်မကဘူး ကြာပန်းအင်ကိုလဲ လပေါင်းများစွာ ပြန်မလာခဲ့ဘူးဆိုတာ သိခဲ့ရတယ်၊ ဒီအခါမှာ ငါ စဉ်းစားတယ်၊ ငါ့ယောကျ်ား

ပျောက်ဆုံးသွားတယ်၊ ကြာဖြူမယ်လဲ သူနေတဲ့အငူက ထွက်သွားတယ်၊ တစ်နည်းတစ်ဖုံတော့ ဆက်စပ်မှုရှိရမယ်လို့ တွက်တယ်"

ကြာဖြူမယ်က....

"ဒီတော့ မမ ဘာဆက်လုပ်သလဲ"

"ငါက ဘာဆက်လုပ်ရမလဲ၊ ငါ့တပည့်တွေကို ကြာပန်းအငူပတ်လည်မှာ လျှို့ဝှက်ပြီး အစောင့်ချထားလိုက်တာပေါ့၊ မင်း မသေသေးရင် တစ်နေ့နေ့တော့ ဒီကြာပန်းအငူကို ပြန်လာရဦးမယ်လို့ ငါတွက်တယ်"

ကြာဖြူမယ်က ခေါင်းညိတ်၏။

"မမရဲ့ အတွေးအခေါ်က မဆိုးပါဘူး"

ဝမ်လျှံအဖွဲ့ရှင်က....

"သိပ်မကြာပါဘူး၊ တစ်နှစ်ခွဲလောက်ရှိတော့ ငါ့လျှို့ဝှက်အစောင့်တွေဆီက သတင်းပို့လာတာပဲ၊ ဝတ်ရုံစိမ်း ဝတ်ထားတဲ့ အရုပ်ဆိုးဆိုး အဘိုးကြီးတစ်ယောက်ဟာ ကြာပန်းအငူကို လက်အောက်ငယ်သား အတော်များများနဲ့လာပြီး လေ့လာတယ်ဆိုတဲ့ သတင်းပဲ"

ကြာဖြူမယ်က....



"ဩော်....အဲဒါကြောင့် ကျွန်မမှန်းရိုင်မိသွားတာလား"
ဝမ်လျှံအဖွဲ့ရှင်က ခေါင်းခါ၏။

"ဟင့်အင်း....မရိပ်မိသေးပါဘူး၊ ဘယ်လိုလုပ် ရိပ်မိမှာလဲ၊ ကြာပန်းအငူမှာ မင်းတစ်ယောက်တည်း နေတာပဲဥစ္စာ၊ ဘာကယ်လို့ ဝတ်ရုံစိမ်းနဲ့ ရုပ်ဆိုးဆိုး အဘိုးကြီးဟာ တပည့်တပန်းတွေ မပါဘဲနဲ့ ကြာပန်းအငူကို လာလေ့လာတယ်ဆိုရင်တော့ တစ်မျိုးပေါ့လေ၊ မင်း ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ တွေးမိချင် တွေးမိမှာပဲ"

"နောက်တော့ မမ ဘာဆက်လုပ်သလဲ"

"နောက်တော့ ငါ့တပည့်တွေကို အဲဒီအဘိုးကြီးနောက်ကို လိုက်ခိုင်းတာပဲ၊ ငါ့တပည့် တော်တော်များများကိုလဲ မင်းရဲ့ဝူကြည်အဖွဲ့ထဲ လျှို့ဝှက်ဝင်ခိုင်းတယ်၊ သူလျှိုလုပ်ခိုင်းတဲ့ သဘောပဲပေါ့၊ ဒါပေမယ့်...."

ကြာဖြူမယ်က ပြုံး၍မေးလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်သွားသလဲ မမရယ်"

"ငါလွှတ်လိုက်တဲ့ ငါ့တပည့်တွေဆီက ဘာသတင်းမှ မရဘူး၊ သူတို့လဲ တစ်ယောက်မှ ငါ့ဆီ ပြန်ရောက်မလာကြဘူး၊ အဲဒါဘယ်လိုဖြစ်သွားကြတာလဲ၊ မင်းတော့သိမယ်နဲ့တူတယ်"

ကြာဖြူမယ်က ခေါင်းညိတ်၏၊

“အဲဒီအချက်ဟာ ဝူကြည်အဖွဲ့ရဲ့ ကြောက်စရာကောင်းတဲ့ အချက်ပါပဲ၊ ကျွန်မတို့အဖွဲ့ထဲကို အဖွဲ့သား တစ်ယောက် ရောက်လာရင် ဆေးတစ်မျိုး ထိုးလိုက်တယ်၊ တချို့ကိုတော့ အသိဉာဏ် ပျောက်သွားတဲ့ဆေး တိုက်တယ်၊ တချို့ကိုတော့ အဆိပ်ဆေးတိုက်တယ်၊ အဲဒီအဆိပ်ဆေးကို ခြောက်လတစ်ခါ ပေးတယ်၊ အဲဒီဆေးတွေ သောက်ပြီးတဲ့နောက် ဘယ်သူမဆို ကျွန်မအနေနဲ့ လုံးလုံးလျားလျား ယုံကြည်ရတဲ့ အဖွဲ့သား ဖြစ်သွားတော့တာပဲ၊ ကျွန်မအပေါ် သစ္စာမရှိရင်လဲ အဲဒီ လူဟာ မကြာခင် သေရွာမြန်းရမှာပဲလေ”

ဝမ်လျှံအဖွဲ့ရှင်မှာ အံ့ကြိတ်သွားမိသည်။

“အင်း....မင်းရဲ့အကြံက တကယ်ပက်စက်တာပဲ”

“ဒါကို ပက်စက်တယ်လို့ မခေါ်ပါဘူး၊ ဒီလိုသာ ကာကွယ်ရေးလုပ်မထားရင် ကျွန်မရဲ့ အဖွဲ့ကြီး ပြိုကွဲတာ ကြာပြီ ပေါ့”

ချုံကူလင်က....

“ဆက်ပြောစမ်းပါဦးဗျာ”

ကြာဖြူမယ်က ဆက်ပြော၏။

“ကျွန်မအဖွဲ့ထဲကို ဝမ်လျှံအဖွဲ့ထဲက သူလျှိုတင်မကဘူး တခြားအဖွဲ့တွေက သူလျှိုတွေပါ ရောနှောဝင်လာတာကို



ကျွန်မကောင်းကောင်းကြီး ရိပ်မိတာပေါ့၊ ဒါပေမယ့် ကျွန်မ မစိုးရိမ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ သူလျှိုအားလုံး ကျွန်မလူတွေ ဖြစ်ကုန်လို့ပါပဲ၊ နောက်ပြီး ကျွန်မအဖွဲ့ထဲက ရာထူးနိမ့်ကျပေမယ့် တချို့က အင်မတန် သိုင်းပညာထက် မြက်နေတာပါတယ်၊ အဲဒီလူတွေဟာ တခြားအဖွဲ့က သူလျှို တွေပါပဲ၊ ကျွန်မအဖို့တော့ အင်အားပြည့်ပြီးရင်း ပြည့်လာ တဲ့ သဘောပါပဲ”

“ဩော်....ဒါကြောင့်ကိုး”

ဝမ်လျှံအဖွဲ့ရှင် သဘောပေါက်သွားပြီ၊ ကြာဖြူမယ် က....

“အခု ကျွန်မ ပြောပြနေတာတွေဟာ အားလုံး အဖြစ် မှန်တွေပါပဲ၊ တချို့ ဆိုရင် ဒီအဖြစ်တွေကို ယုံနိုင်ကြမှာတောင် မဟုတ်ပါဘူး”

ဝမ်လျှံအဖွဲ့ရှင်က....

“ငါ့ယောကျ်ားကိုကျွန်ကတော်သတ်တယ်ဆိုတဲ့အကြောင်း ကတော့ ခုထိ မပါသေးဘူးနော်”

ကြာဖြူမယ်က ခေါင်းညိတ်ပြ၏။

“ကျွန်မ သိပါတယ်၊ ဒီကိစ္စကို ကျွန်မပါးစပ်က ပြောပြ မနေတော့ပါဘူး၊ သက်သေသက္ကာယနဲ့ပြတာ ပိုကောင်းမယ်

လို့ ထင်ပါတယ်၊ ဒါကြောင့် အဲဒီသက်သေကို မမနဲ့ တွေ့ဆုံခွင့်ပေးပါ့မယ်"

"ဘာ....သက်သေတစ်ယောက်ရထားတယ် ဟုတ်လား"

"ဟုတ်ပါတယ် မမရယ်၊ သက်သေတစ်ယောက် ရှိနေပါတယ်"

ဝမ်လျှံအဖွဲ့ရှင်က....

"အင်း....ဒီသက်သေကိုပဲ အားကိုးရတော့မှာပဲ၊မင်းကော ဒီသက်သေကို စစ်ဆေးပြီးပြီလား"

ကြာဖြူမယ်က ခေါင်းညိတ်လေ၏။

"ထိုက်သင့်သလောက်တော့ စစ်ဆေးပြီးပါပြီ"

"ဒါနဲ့ ငါ တစ်ခုမေးစမ်းပါရစေဦး၊အခု ငါ့ယောကျ်ားနဲ့ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ် တိုက်ခိုက်သတ်ဖြတ်တဲ့ကိစ္စမှာ ကျွန်ကတော် သိသေးသလား"

"ကျွန်ကတော်လဲ အကြားအမြင်များတဲ့သူပဲ မမရယ်၊ ဒီသတင်းတော့ မကြားတဲ ဘယ်ရှိပါ့မလဲ၊ ကျွန်မဆိုရင် မမကို တွေ့စက ကျွန်ကတော်ပဲ အောက်မေ့နေတယ်"

"ငါဆိုလိုတာက ဒီလိုပါ၊ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်အဖြစ် ဝင်ပြီးဟန်ဆောင်နေတဲ့လူဟာ သူ့ယောကျ်ားဆိုတာ ကျွန်ကတော် သိသလား ဆိုတာပါပဲ"



"ကျွန်မ ထောက်လှမ်း စုံစမ်း သိရှိရသလောက်တော့ အဲဒီအချက်ကို ကျွန်ကတော် သိရှိထားပါတယ်၊ နောက်ပြီး သူ့ယောကျ်ား ဝူကြည်အဖွဲ့ ခေါင်းဆောင်ချုပ်ကို တိန့်ရှိလို့ သတ်ဖြတ်လိုက်တယ်ဆိုတာလဲ သိရှိထားပါတယ်"

"ဒီကိစ္စဟာ အင်မတန် လျှို့ဝှက်တဲ့ကိစ္စပဲ၊ ကျွန်ကတော်က သူလျှိုတွေ စေလွှတ်ထားလို့ ဒီကိစ္စကို သိရှိသွားရတာလား"

ကြာဖြူမယ်က ခေါင်းကို ထွင်တွင်ခါယမ်းလိုက်၏။

"ဒီကိစ္စကို ကျွန်ကတော်အနေနဲ့ သူလျှိုတွေကတစ်ဆင့် သိမယ်မထင်ဘူး၊ ကျွန်မစိတ်ထင် အစ်ကိုတိန့်ရှိလို့ကပဲ ဒီအကြောင်းတွေကို သွားပြောပြလိုက်တယ်လို့ ထင်ပါတယ်"

"ဘာ...."

ဝမ်လျှံအဖွဲ့ရှင်၏ အသံသည် အတော်ကလေး ကျယ်လောင်သွား၏။ အဘယ်မှာလျှင် ဝမ်လျှံအဖွဲ့ရှင် မအံ့သြဘဲ နေအံ့နည်း၊ ယောကျ်ားဖြစ်သူကို သတ်ပြီး ဇနီးဖြစ်သူအား တရားခံကိုယ်တိုင်က သွားရောက် သတင်းပို့သည် ဆိုသည့် သတင်းမှာ မယုံနိုင်ဖွယ်ရာသတင်းပင် မဟုတ်ပါလား။

## အခန်း ( ၁၀၆ )

### လျှို့ဝှက်ပစ္စည်း

ဝမ်လျှံအဖွဲ့ရှင်က ဒါးသည်းစွာ ပြောလေ၏၊

"မဖြစ်နိုင်ဘူး"

"ဖြစ်နိုင်ပါတယ်"

ကြာဖြူမယ်ကသည်း ချက်ချင်း လက်ငင်းပင် ပြောသည်၊

"ကျွန်မရဲ့လူတွေဟာ သိုင်းလောကအနှံ့ ရောက်နေကြပါတယ်၊ ဘယ်သူတွေဟာ ဘယ်အဖွဲ့ရဲ့ သူလျှိုဆိုတာကို တောင် သိနေကြပါတယ်၊ ကျွန်ကတော်ရဲ့ သူလျှိုဆိုတာ မရှိသလောက်ပါပဲ၊ ရွှေဟသ်ာအဖွဲ့ဟာ ပြိုကွဲသွားပြီးတဲ့ နောက် ခေါင်းမထောင်နိုင်တာ ကြာပါပြီ"



ဝမ်လျှံအဖွဲ့ရှင်က စဉ်းစဉ်းစားစားပြောလေ၏၊

"သူ့ယောကျ်ားကို သတ်ပြီး ဒီသတင်းကို သတ်တဲ့ ကာယကံရှင်ကိုယ်တိုင် သတင်းပို့နိုင်တယ်ဆိုတဲ့ အဖြစ်က တော့ အတော့်ကို ဆန်းကြယ်နေတယ်၊ အဖြစ်က ငါ့ယောကျ်ားနဲ့ ကျွန်ကတော်တို့"

ဝမ်လျှံအဖွဲ့ရှင်သည် စကားဆက်မပြောရဲတော့ချေ၊

ကြာဖြူမယ်က....

"ကျွန်မလဲ တိတိကျကျတော့ ဘာမှ မပြောရဲသေးပါဘူး၊ ဒီ ထူးခြားတဲ့အဖြစ်ရဲ့နောက်ကွယ်မှာအကြောင်း တစ်ခုခုရှိနေတာ အမှန်ပါပဲ၊ ဒါကြောင့်မို့ ကျွန်မ ဘယ်သူ့ကိုမှ မစွပ်စွဲရဲတာပေါ့"

ဝမ်လျှံဖွဲ့အရှင်က ညည်းညည်းညူညူပြောလေ၏၊

"အဖြစ်က ကြာလေရှုပ်လေပါပဲလား"

ရုံကူလင်က ကြားထဲမှ ဝင်ရောက်ဖျန်ဖြေပေးသည်၊

"ဒီသတင်းအတွက်နဲ့ ဘယ်သူမှခေါင်းရှုပ်ခံမနေကြပါနဲ့ ခင်ဗျာ၊ အခုသတင်းက တိကျတဲ့သတင်းမဟုတ်ပါဘူး၊ စိတ်ထင်နဲ့ မှန်းဆပြောတဲ့သတင်းသာဖြစ်ပါတယ်၊ သိုင်းလောကမှာ ကောလာဟလသတင်းကြောင့် သွေးစွန်းခဲ့ရတဲ့ အဖြစ်တွေ အများကြီး ရှိခဲ့ပါတယ်"

ဝမ်လျှံ အဖွဲ့ရှင်က ခေါင်းညိတ်ပြ၏။

"မင်းပြောတာအများကြီးဖြစ်နိုင်ပါတယ်"

ကြာဖြူမယ်က....

"မမက ဘာအတောက်အထားနဲ့ ပြောတာလဲ"

"အထောက်အထား ရှိလို့တော့ မဟုတ်ပါဘူး၊ ငါနဲ့ ကျွန်တော် သုံးလေးကြိမ်လောက်တွေ့ဆုံဖူးတယ်၊ သူဟာ သိပ် ဉာဏ်ကြီးတယ်၊ အေးအေးဆေးဆေး နေထိုင်တတ်တဲ့ အမှုအရာမျိုးလဲ ရှိပါတယ်"

"ဩော်"

"ကဲ...မှန်းဆတဲ့ စကားတွေကို စဉ်းစားနေရတာ အင်မတန် ခေါင်းရှုပ်တယ်၊ မင်းဆီမှာရှိတဲ့ သက်သေကဘယ်မှာလဲ၊ ငါတို့က ဒီသက်သေကို ဘယ်လိုတွေ့ရမှာလဲ"

"အဲဒီ သက်သေကို ကျွန်မ ထိန်းချုပ်ထားပါတယ်"

"သူ့ကို ဒီနေရာ ခေါ်ခဲ့လို့ မရဘူးလား"

ကြာဖြူမယ်က အကြောက်အကန် ငြင်းဆန်လေ၏။

"ဟာ....မဟုတ်တာ"

ဝမ်လျှံ အဖွဲ့ရှင်၏မျက်နှာမှာ ရုတ်ခြည်းပင် တင်းမာခက်ထန်သွား၏။



"ဘာဖြစ်လို့ ငါနဲ့ မတွေ့နိုင်ရမှာလဲ"

"မမနဲ့ မတွေ့နိုင်ဘူးလို့ ကျွန်မ မပြောပါဘူး"

"မင်းစကားက ဘာစကားလဲ"

"ဒီနေရာကို ဘယ်လိုခေါ်လာလို့ဖြစ်မလဲ၊ ကျွန်မရဲ့ ဘဝ မှန်ကို ဒီသက်သေ သိသွားလို့ ဘယ်ဖြစ်မလဲ"

ဝမ်လျှံ အဖွဲ့ရှင်က စဉ်းစဉ်းစားစား ပြုံ၍ပြောသည်။

"အင်း....ဒါလဲ ဟုတ်တာပဲ၊ ဒီတော့ မင်းဘယ်လိုလုပ်ချင်သလဲ"

ကြာဖြူမယ်က....

"ချိန်းရိုးတာစပ်ကိုလာခဲ့ပါလား၊ အဲဒီကို ကျွန်မရဲ့ သက်သေကို လွှတ်ပေးမယ်၊ အဲဒီမှာ မေးမြန်းစစ်ဆေးကြည့်ပေါ့၊ ကျွန်မကတော့ လိုက်လာမှာ မဟုတ်ဘူး၊ ကျွန်မရဲ့ တပည့်တွေနဲ့ပဲ လွှတ်ပေးလိုက်မှာ"

ရှုကူလင်က....

"ခင်ဗျားလိုက်လာရင်လဲ ဖြစ်တာပဲ၊ ဘာလို့ မဖြစ်ရမှာလဲ"

ကြာဖြူမယ်က....

"ဘယ်ဖြစ်မလဲ၊ ခုအချိန်မှာသာ ငါဟာ ကြာဖြူမယ် ဖြစ်တယ်၊ ဒီရက်ကစပြီး နောက်ပိုင်းမှာ ကြာဖြူမယ် မဖြစ်နိုင်တော့ဘူး၊ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ပဲ ဖြစ်ရလိမ့်မယ်"

ရုံကူလင်က....

"ကျွန်တော့်စိတ်ထဲမှာ မရှင်းတဲ့အချက်တစ်ခု ရှိနေပါတယ်၊ မေးခွင့်ပြုပါလားခင်ဗျာ"

"မေး၊ ဘာမေးမလဲ"

"ခင်ဗျားဟာ မိန်းမသားတစ်ယောက်ပဲ ဖြစ်ပါတယ်၊ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်အဖြစ် ဟန်ဆောင်နေရတဲ့ အဖြစ်ဟာ တစ်နေ့လဲမဟုတ်၊ တစ်လလဲမဟုတ်၊ တစ်နှစ်လဲ မဟုတ်၊ ဒီလောက်ကြာအောင်ဟန်ဆောင်နေဖို့ဆိုတာ မလွယ်ပါဘူး၊ ခင်ဗျား မိန်းမသားဖြစ်နေတယ်ဆိုတာ ခင်ဗျားတို့ အဖွဲ့သားတွေထဲက တစ်ယောက်မှ မရိပ်မိကြဘူးလား"

ကြာဖြူမယ်က....

"အင်း....မင်းဟာ မေးသင့်မေးထိုက်တဲ့မေးခွန်းကလေးတွေကို တော်တော်မေးတတ်တယ်၊ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ဟာ မြင်းမျက်နှာနဲ့တူတဲ့မျက်နှာအတုနဲ့ သူ့အဖွဲ့သားတွေကို အမြဲတမ်း ဆက်ဆံတယ်၊ သူအာလွန်အားထား ယုံ



ကြည်တဲ့ စေတမန်ဆိုတဲ့ သိုင်းသမားတောင် သူ့မျက်နှာအစစ်အမှန်ကို သိမြင်ခွင့်မရခဲ့ပါဘူး"

ရုံကူလင်က....

"ဝူကြည်အဖွဲ့ ခေါင်းဆောင်ချုပ်အဖြစ် ဟန်ဆောင်ခဲ့တဲ့ ကျန်းတုံရင်ဟာ တကယ်ပဲပီရိတာကိုး၊ အင်းလေ....ဒါမှလဲ ရှေးဟယ်ဘာအဖွဲ့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ်ဆိုတာသိုင်းလောကသားတွေ မရိပ်မိဘဲရှိမှာပေါ့"

ကြာဖြူမယ်က ခေါင်းညိတ်ရင်း....

"အဲဒီအချက်က ငါ့အတွက် ကောင်းသွားတာပေါ့၊ သူဟာ မသေမီ အဲဒီမျက်နှာအတုကို အမှတ်တရ ပေးအပ်ခဲ့တယ်၊ အဖွဲ့သားတွေ မရိပ်မိအောင် ဘယ်လိုနေထိုင်ရမယ်ဆိုတာတွေကိုပါ သင်ကြားပေးခဲ့တယ်၊ ဒါကြောင့်မို့ နှစ်ပေါင်းဒီလောက်ကြာခဲ့ပေမယ့် သူတို့အားလုံး ငါမိန်းမသားဖြစ်တယ်ဆိုတာ မရိပ်မိပဲ ရှိခဲ့ကြတာပေါ့"

ဝမ်လျှံအဖွဲ့ရှင်က ...

"ကဲ....ငါတို့တွေ့ဆုံပွဲကို ဒီလောက်နဲ့ရပ်ဖို့တော်ပြီ၊ ဟိုသက်သေကိုသာ ချိန်းထားတဲ့နေရာအရောက် ပို့ပေးပါ"

ကြာဖြူမယ်က ခေါင်းညိတ်၏၊

"ကောင်းပြီ၊ ဒါဖြင့် ကျုပ်မသွားတော့မယ်"

ကြာဖြူမယ်သည် စကားဆုံးသည်နှင့် အလှန်တရာ ထက်မြက်လှသော ကိုယ်ဖော့သိုင်းပညာကို အသုံးပြုလျက် ဇရပ်တွင်းမှ ပြေးထွက်သွားလေ၏။

ဝမ်လျှံ အဖွဲ့ရှင်က လှမ်း၍အော်ပြောလိုက်သည်။

"မင်း ကတိတည်ပါစေ၊ လျှို့ဝှက်အစောင့်တွေဘာတွေချပြီး လုပ်ကြံဖို့တော့ မစဉ်းစားပါနဲ့"

သူမ အသံသည် တုန်ဟည်းလျက် အရပ်ရှစ်မျက်နှာသို့ ပြန့်ထွက်သွားသည်။ ကြာဖြူမယ် ကြားမည်ကတော့ သေချာသည်။ သို့သော် ကြာဖြူမယ်ကမူ မည်သို့မျှ တုံ့ပြန်အဖြေမပေးဘဲ ပြေးမြဲပြေးသွားလေ၏။

ရှုံကူလင်သည် ကြာဖြူမယ်ပျောက်သွားသည်အထိ ငေးမောကြည့်လိုက်ပြီးနောက် ဝမ်လျှံ အဖွဲ့ရှင်အား မေးလိုက်၏။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ကြာဖြူမယ်ရဲ့ စကားကို ယုံရဲ့လားခင်ဗျာ"

ဝမ်လျှံ အဖွဲ့ရှင်က ဖြည်းညင်းစွာ ခေါင်းခါလိုက်သည်၊

"ယုံရလဲအခက် မယုံရလဲ အခက်ပဲ၊ ဒါကြောင့်မို့ ဒီစကားကို အကြွင်းမဲ့ ငါမယုံပါဘူး၊ ယုံတစ်ဝက်မယုံတစ်ဝက်ပါပဲ"



ရှုံကူလင်က....

"ကျွန်တော်လဲ ဒီသတောအတိုင်းပါပဲခင်ဗျာ၊ ကျွန်တော်ဟာ သိုင်းလောကထဲမှာ သိပ်ပြီး ကျင်လည်ခဲ့တဲ့လူတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ရွှေဟသာအဖွဲ့ ခေါင်းဆောင်ချုပ်ကြီး တိုက်ပွဲမှာ အကြိတ်အနယ်တိုက်ခိုက်ပြီး ကျဆုံးခဲ့တယ်ဆိုတဲ့သတင်းကိုတော့ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားခဲ့ရပါတယ်"

ဝမ်လျှံ အဖွဲ့ရှင်က ခေါင်းညိတ်ပြ၏။ စကားတော့မပြောပေ။ ရှုံကူလင်က ဆက်ပြော၏။

"ဒီသတင်းနဲ့ ပတ်သက်ပြီး သိုင်းလောကမှာ စောဒကတက်တဲ့သတင်းလဲ လုံးဝမကြားခဲ့ရတော့ ရွှေဟသာ ခေါင်းဆောင်ချုပ် ကျန်းတုံရင် အမှန်တကယ် သေဆုံးတယ်လို့ပဲ သတ်မှတ်ရမှာ ဖြစ်ပါတယ် ခင်ဗျာ"

ဝမ်လျှံ အဖွဲ့ရှင်က ခေါင်းညိတ်ပြပြန်၏။

ရှုံကူလင်က ဆက်ပြောပြန်သည်၊

"နောက်တစ်ချက်ကတော့ ကျွန်တော်ဟာ ကျန်ကတော်ကြီးကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပါတယ်၊ အင်မတန် အေးဆေးတည်ငြိမ်ပြီးအင်မတန်အကြင်နာတရားရှိမယ့် ရုပ်ရည်မျိုးလို့ ကျွန်တော် ထင်မှတ်ခဲ့ပါတယ်၊ ဒါကြောင့်မို့ ကြာဖြူမယ် ပြောခဲ့တဲ့စကားတွေဟာ မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်"

ဝမ်လျှံအဖွဲ့ရှင်သည် ကြာဖြူမယ် ပြောကြားခဲ့သည့် စကားများနှင့် ပတ်သက်၍ အလေးအနက် စဉ်းစားနေပုံ ရလေ၏။

ထိုစဉ် ရုံကူလင်က ဝမ်လျှံအဖွဲ့ရှင်အား မမျှော်လင့်သည့် မေးခွန်းတစ်ခုကို ဖျတ်ခနဲ မေးလိုက်လေ၏။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၊ ရှေးဟောင်းသခင် ဝမ်ဖန်ကြည်ရဲ့ ဂျင်ရှင်အာမခံဌာနက ဖြတ်ပြီးယူသွားတဲ့ အာမခံပစ္စည်းတွေ အခုဘယ်မှာရှိနေပါသလဲ ခင်ဗျာ"

ဝမ်လျှံအဖွဲ့ရှင်က အေးအေးပင် ဖြေသည်။

"ခိုင်ဖုန်မြို့ကို ပို့ပစ်လိုက်ပြီ"

"ဘာဖြစ်လို့ ပို့လိုက်တာပါလဲ ခင်ဗျာ၊ ကျွန်တော်သိခွင့် မရှိဘူးလား၊ သိခွင့်ရှိရင် သိချင်ပါတယ်"

"မင်းဟာ ဒီပစ္စည်းတွေအပေါ် သိပ်စိတ်ဝင်စားပါ ကလား"

"စိတ်ဝင်စားရတာပေါ့ ခင်ဗျာ၊ ရှေးဟောင်းသခင်ကြီး ဝမ်ဖန်ကြည်ဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ကြီး ဖြစ်ပါတယ်၊ သူ့ပစ္စည်းတွေ ပြန်ရအောင် ကူညီပေးဖို့က ကျွန်တော့်တာဝန်ပါ"

ဝမ်လျှံအဖွဲ့ရှင်က ခေါင်းညိတ်ပြီး....



"ငါတို့ဟာ ဒီပစ္စည်းကို တန်ဖိုးအရ မက်မောလို့ယူထားတာ မဟုတ်ပါဘူး၊ ဒီပစ္စည်းတွေအပေါ်က လျှို့ဝှက် အမှတ်အသားတွေကြောင့်သာ လက်ခံယူထားတာ ဖြစ်တယ်"

"ဒီအမှတ်အသားတွေဟာ သူ့ရဲ့ကောင်းကြီး တိန်ရီလုံနဲ့ ပတ်သက်နေပြန်ပြီလား ခင်ဗျာ"

"ဟင့်အင်း....မပတ်သက်ပါဘူး၊ ဒါက သီးခြားကိစ္စပါ၊ ဒီသီးခြားကိစ္စကလဲ သိုင်းလောကကြီးရဲ့ အနာဂတ်ကိစ္စကြီး တစ်ခုလုံးနဲ့ သက်ဆိုင်နေတာပါပဲ"

"ဗျာ....ဒါကလဲ သိုင်းလောကကြီးနဲ့ ဆက်စပ်နေပြန်ပြီလား၊ အံ့ဩစရာတွေချည်းပါပဲလား ခင်ဗျာ"

ဝမ်လျှံအဖွဲ့ရှင်က ပြုံးလိုက်၏။

"ငါဟာ ငါ့အဖွဲ့ရဲ့ လုပ်ရပ်တွေနဲ့ ပတ်သက်ပြီး လျှို့ဝှက်သိမ်းဆည်း သူစိမ်းတွေကို ရှင်းပြလေ့ မရှိဘူး၊ ဒါပေမယ့် မင်းကိုတော့ ခြွင်းချက်အဖြစ် သဘောထားပြီး နည်းနည်းလောက်တော့ ရှင်းပြပါ့မယ်၊ ငါဟာ ဘယ်လို မိန်းမမျိုး ဖြစ်တယ်ဆိုတာ မင်းဘာသာ စဉ်းစားဆုံးဖြတ်ပေါ့ကွာ"

"ဟုတ်ကဲ့၊ ခုလို ယုံယုံကြည်ကြည်နဲ့ ရှင်းပြတာကို အများကြီး ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"ဒီလိုကွယ့်၊ ငါဟာ ဝမ်လျှံအဖွဲ့ကို ဖွဲ့ပြီးကတည်းက ငါ့ထောက်လှမ်းရေးမှူးကို သိုင်းလောက အနှံ့အပြားက

သတင်းတွေ စုဆောင်းခိုင်းခဲ့တယ်၊ ထင်ထင်ရှားရှားရှိနေတဲ့ သိုင်းအဖွဲ့ကြီးတွေရဲ့ သတင်းသာမကဘူး၊ လျှို့ဝှက်သိုင်းအဖွဲ့တွေရဲ့သတင်းတွေကိုပါ စုဆောင်းခိုင်းခဲ့တယ်၊ အဲဒီသတင်းတွေ စုဆောင်းပြီး သိုင်းလောကကြီးရဲ့ ဦးတည်ချက်ဟာ ဘယ်ကို သွားနေတယ်ဆိုတာ သုံးသပ်နေရတယ်''

ရှုံကူလင်က ရိုးရိုးသားသား ချီးကျူးလိုက်၏။

''ကျွန်တော်ဆိုရင် ဒီလောက် အမြော်အမြင်ရှိမယ်မထင်ပါဘူးခင်ဗျာ''

ဝမ်လျှံအဖွဲ့ရှင်က ပြုံးလိုက်၏။

''မင်း စိတ်ထင်လို့ပါ၊ အလုပ်တစ်ခုကို တကယ်တာဝန်ယူ လုပ်လာပြီဆိုရင် ဘယ်သူမှ ဦးနှောက်မသုံးဘဲ မနေနိုင်တော့ပါဘူး၊ ရှိသမျှအကြံဉာဏ်ကို ထုတ်သုံးကြရတာပဲ၊ ငါ့နေရာကို မင်း ရောက်နေရင်လဲ ငါ့သိုပဲ အကြံဉာဏ်ထုတ်ရမှာ သေချာပါတယ်''

ရှုံကူလင်က ရှက်ပြုံး ပြုံးလိုက်၏။

''ကျွန်တော်ကတော့ ဘယ်တော့မှ ခေါင်းဆောင် ဖြစ်မယ့်လူမဟုတ်ပါဘူးခင်ဗျာ၊ လူများများကို အုပ်ချုပ်ရတဲ့ အလုပ်ကို ကျွန်တော် ငြီးငွေ့ပါတယ်၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးပြောမယ့်စကားကိုသာ ဆက်ပြောပါခင်ဗျာ''



''အေး...ပြောပါမယ်၊ ငါဟာ ငါ့သူလျှိုတွေကို နေရာအနှံ့အပြားမှာ ချထားတာတောင် တချို့ ငါတို့သတင်းမရတဲ့ လျှို့ဝှက်သိုင်းအဖွဲ့တွေရှိနေတယ်ဆိုတာကို နောက်ပိုင်းမှာ သိလာခဲ့ရတယ်''

''ဗျာ... သိုင်းလောက ကလဲ အဖွဲ့တွေ မှိုလိုပေါက်နေတာပါပဲလား ခင်ဗျာ၊ ကျွန်တော့် စိတ်နဲ့ခတော့မဖြစ်ပါဘူး''

''ဖွဲ့အဖွဲ့တွေကို အထင်မကြီးလောက်ပါဘူးလေ၊ ဒါပေမယ့် တချို့ လျှို့ဝှက်အဖွဲ့တွေကတော့ အတော်ကလေး အဆင့်အတန်းမြင့်ကြတယ်၊ ရည်ရွယ်ချက်လဲကြီးကြတယ်''

''ဘာရည်ရွယ်ချက်လဲခင်ဗျာ၊ သိုင်းလောကကြီးကို စိုးမိုးမယ်ဆိုတဲ့ ရည်ရွယ်ချက်ပဲ့ မဟုတ်လားခင်ဗျာ''

''များသောအားဖြင့်တော့ အဲဒီရည်ရွယ်ချက်နဲ့လှုပ်ရှားကြတဲ့ သိုင်းအဖွဲ့တွေများပါတယ်၊ သူတို့ဟာ အထူးသဖြင့် အဆိပ် ဆေးဝါးတွေနဲ့ သူတို့အဖွဲ့တွေကို ကြီးထွားလာအောင်လုပ်လေ့ရှိကြတယ်၊ ဥပမာ ဂူဂြည်အဖွဲ့လိုပေါ့''

ရှုံကူလင်က....

''စိတ်မရှိပါနဲ့နော်၊ ကျွန်တော် တစ်ခုလောက် မေးပါရစေ''

''မေးပါ၊ ဘာမေးမလဲ''

ဝမ်လျှံအဖွဲ့ကတော့ အဆိပ်ဆေးဝါးတွေ မသုံးဘူးလား ခင်ဗျာ"

ဝမ်လျှံအဖွဲ့ရှင်သည် ထိုမေးခွန်းကို လွန်စွာသဘောကျသွားလေ၏။

"ငါတို့အဖွဲ့မှာ တချို့ဆေးဝါးတွေကို သုံးတဲ့ပါတယ်၊ ဒါကလဲ လူကိုထိခိုက်လောက်အောင် မဟုတ်ပါဘူး၊ အဆိပ်ကိုတော့ လက်နက်အဖြစ် ဘယ်တော့မှ မသုံးခဲ့ဘူး၊ ငါတို့အဖွဲ့ဟာ အောက်လမ်းအဖွဲ့မဟုတ်ဘူး၊ ငါဟာ ငါ့အဖွဲ့ကို ရှောင်လင်အဖွဲ့၊ ဝုတန်းအဖွဲ့၊ ခွန်းလွန်အဖွဲ့၊ ဝါခမအဖွဲ့တွေလို သမိုင်းထွန်းပြောင်တဲ့ တော်ဝင်သိုင်းအဖွဲ့ကြီးတွေလို ဖြစ်စေချင်တယ်၊ နောက်ဆုံး မဖြစ်ဘူးဆိုရင်တော့ သိုင်းလောကကို ဒုက္ခပေးမယ့် အောက်လမ်းအဖွဲ့တွေကို နှိမ်နင်းတဲ့ သိုင်းအဖွဲ့ပဲ ဖြစ်စေချင်တယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ယုံပါတယ် ခင်ဗျာ"

"ငါဟာ လျှို့ဝှက်သိုင်းအဖွဲ့တွေရဲ့ သတင်းကို ထောက်လှမ်းချမ်း အမျိုးအမည်မသိတဲ့ လူတစ်စုဟာ တစ္ဆေတွေလို လှုပ်ရှားလာတယ်ဆိုတာ သတိပြုမိလာတယ်"

"ရိုးရိုးအရပ်သားတွေလား၊ သိုင်းသမားတွေလား ခင်ဗျာ"

"သိုင်းသမားတွေပဲပေါ့ကွယ်၊ ဒါပေမယ့်အဲဒီသိုင်းသမားတွေကို ခြေရာခံလောက်လို့မရဘူး၊ ငါ့အဖွဲ့ဟာ အတော်ကလေး



အစွမ်းထက်တဲ့အဖွဲ့ပါ။ ကိုယ့်အဖွဲ့မို့ ကိုယ်ပြောတာ မဟုတ်ပါဘူး"

"အဲဒီအချက်ကိုလဲ ကျွန်တော် လက်ခံပါတယ်၊ ဝမ်လျှံအဖွဲ့ရဲ့ သိုင်းပညာနဲ့ ထောက်လှမ်းမှုပညာဟာ အတော်ကို အဆင့်အတန်းမြင့်ပါတယ်၊ ကျွန်တော် ကိုယ်တွေ့မို့ ခေါင်းဆောင်ချုပ်ကြီးရဲ့စကားဟာ ကြွားဝါတဲ့စကား မဟုတ်ဘူးဆိုတာ ကျွန်တော်သိပါတယ် ခင်ဗျာ"

"အေး....ကျေးဇူးတင်ပါတယ်ကွယ်၊ အဲဒီ သိုင်းသမားတွေဟာ အင်မတန် ပိပိရိရိ လှုပ်ရှားနိုင်ကြတယ်၊ သူတို့ ဘယ်သူဘယ်ဝါဆိုတာ ခြေရာမခံနိုင်ပေမယ့် သူတို့လှုပ်ရှားနေတဲ့ အရပ်တွေကိုတော့ သိနိုင်ခဲ့ပါတယ်"

"ဘယ်အရပ်ဒေသတွေမှာလှုပ်ရှားနေကြပါသလဲခင်ဗျာ"

"ငါ့ထောက်လှမ်းရေးမှူးက သတင်းလာပို့တယ်၊ ချင်ကျုံ၊ ဂျင်စင်နဲ့ စူဝမ်းဆိုတဲ့ အရပ်ဒေသတွေမှာ အဲဒီအရိပ်မဲ့အဖွဲ့သားတွေ လှုပ်ရှားနေကြတယ်တဲ့"

"ဩော်... သူတို့အဖွဲ့က အရိပ်မဲ့အဖွဲ့တဲ့လား ခင်ဗျာ"

"ကြုံကြုံဖန်ဖန် ဘယ်ကလာ အရိပ်မဲ့ကအဖွဲ့ကမှာလဲ၊ အရိပ်မဲ့အဖွဲ့ဆိုတာ အရိပ်ကိုတောင် ရှာလို့ မတွေ့လောက်အောင် ခြေရာဖျောက် ကောင်းကြလို့ အရိပ်မဲ့အဖွဲ့လို့ ငါတို့က နာမည်ပေးထားကြတာပါ"

"ကြော်…ဒီလိုကိုး"

ဝမ်လျှံ အဖွဲ့ရှင်သည် သူမ၏ဆံပင်ကို အသာသပ်တင်လိုက်၏။ ခန့်ညားချောမောသော မျက်နှာသည် ငယ်စဉ်က မည်မျှလှပခဲ့သည်ကို ဖော်ပြနေပေသည်။ သူမက ဆက်၍ပြောလေ၏။

"အဲဒီအချိန်မှာပဲ သတင်းတစ်ခုကြားလိုက်ရတယ်၊ ဂျင်ရှင်အာမခံဌာနက ရတနာပစ္စည်းတွေ ပို့မယ်ဆိုတဲ့ သတင်းပဲ"

ရုံကူလင်က မေးလိုက်၏။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးတို့က အာမခံပို့ဆောင်ရေးဌာနတွေကိုလဲ မျက်လုံးဒေါက်ထောက်ကြည့်နေတာပဲလား"

ဝမ်လျှံ အဖွဲ့ရှင်က တခစ်ခစ် ရယ်မောလိုက်သည်။

"မင်း မသေမချင်းမှတ်ထား၊ အာမခံပို့ဆောင်ရေးဌာနဆိုတာတွေဟာ သိုင်းလောကရဲ့စနက်တံတွေပဲ၊ သူတို့ဆီက သတင်းတွေ အများကြီးရနိုင်တယ် အာမခံပို့ဆောင်ရေးဌာနတိုင်းကို သိုင်းသမားတွေကသာ ဖွဲ့စည်းကြတာပဲကွယ်၊ သူတို့က သိုင်းလောကနဲ့ဘယ်ခွဲခြားလို့ရပါ့မလဲ၊ ဒါကြောင့်မို့ တရုတ်ပြည်မှာရှိတဲ့ အာမခံဌာနတိုင်းလိုလိုကို မျက်လုံးဒေါက်ထောက် ကြည့်နေရတာပေါ့"

"ဟုတ်ကဲ့…ကျွန်တော် ဗဟုသုတတစ်ခု တိုးတာပဲပေါ့ ခင်ဗျာ၊ ဆက်ပြောပါဦး"



"ငါတို့ရဲ့ သူလျှိုတွေဟာ ဂျင်ရှင်အာမခံဌာနကို မလွှတ်တမ်းစောင့်ကြည့်နေဆဲမှာပဲ ရတနာတင်ပို့မယ့် လူတွေဟာ သူတို့ရဲ့ရတနာတွေကိုသျှိုဝှက်ပစ္စည်းအဖြစ် ပြောင်းလဲတင်ပို့မယ်လို့ ဆုံးဖြတ်လိုက်ကြသတဲ့၊ လျှို့ဝှက်ပစ္စည်းအဖြစ်ပို့ရင် အာမခံဌာနက ဈေးနှုန်းကိုမတန်တဆဘောင်းတတ်ကြတယ်ဆိုတာလဲ မင်း မှတ်ထားဦးပေါ့"

"ဟုတ်ကဲ့ခင်ဗျ၊ မှတ်ထားပါ့မယ်"

"အေး…နောက်ပြီး ပစ္စည်းလာအပ်တဲ့ လူတွေရဲ့ အခြေအနေကိုကုံစမ်းခိုင်းတော့ ဒီလူတွေရဲ့ပုံစံဟာရတနာကုန်သည်ပုံမပေါက်ဘူးလို့ သတင်းရရှိခဲ့တယ်"

"အင်းပေါ့၊ ဒါလဲထူးခြားတာပဲပေါ့ ခင်ဗျာ"

"အကြောင်းကြောင်းတွေကို ဆက်စပ်စဉ်းစားလိုက်တဲ့ အခါမှာတော့ ဂျင်ရှင်အာမခံဌာနကို လာအပ်နှံတဲ့ ပစ္စည်းတွေဟာ အတော့်ကို မသင်္ကာစရာကောင်းတဲ့ ပစ္စည်းဖြစ်တယ်ဆိုတာ ကောက်ချက်ချလို့ရတယ်"

"ဟုတ်ကဲ့… မသင်္ကာစရာပါပဲ ခင်ဗျာ"

"နောက် ဆက်ပြီးကြားရတဲ့ သတင်းကတော့ အဲဒီ ကျောက်မျက်ရတနာတွေဟာ အဖိုးအနဂ္ဃ ထိုက်တန် တယ်ဆိုတဲ့ သတင်းပဲ၊ အမှန်အတိုင်းပြောရရင် ငါတို့ဟာ အလွန်အကျူး ချဲ့ကားလာတဲ့ သတင်းဆိုရင် အယုံအကြည် မရှိ

တော့ဘူး၊ ဒါက သတင်းလိုက်တဲ့လူကို လှည့်စားတတ်တဲ့သဘောရှိလို့ပါပဲ၊ ဒါပေမယ့်အခုကြားရတဲ့ သတင်းကိုတော့ ငါယုံတယ်၊ ငါယုံတာက ကျောက်မျက်ရတနာအဖြစ်မဟုတ်ပါဘူး၊ တခြားပစ္စည်းတစ်ခုခုဖြစ်မယ်ဆိုတာကို ယုံတာပါ"

"သိုင်းကျမ်းတစ်ခုခုလို့ မှတ်ယူပုံများလား ခင်ဗျာ"

"အဲဒီသဘောပါပဲ၊ သိုင်းကျမ်းတစ်ခုခု သို့မဟုတ် သိုင်းကျမ်းနဲ့ ပတ်သက်တဲ့ အရာသို့မဟုတ် သိုင်းလောကကို ဒုက္ခဖြစ်စေမယ့် ပစ္စည်းတစ်မျိုးမျိုး စသဖြင့်ပစ္စည်းမျိုးပေါ့ကွာ"

"ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် အဖွဲ့ခေါင်းဆောင်ချုပ်ကြီးတို့ အဲဒီ အာမခံပစ္စည်းကိုလုယူတော့ လူတွေအတော်ကလေး သေကြေကုန်တယ်လို့ ကြားရပါတယ် ဟုတ်သလား"

"ကြုံကြုံဖန်ဖန်ကွယ်၊ ငါတို့အဖွဲ့က အောက်လမ်းအဖွဲ့မှ မဟုတ်တာ၊ ဘာဖြစ်လို့ အကြောင်းမဲ့ လူသတ်ရမှာလဲ"

"ဒါဖြင့် ကျွန်တော် ကြားရတဲ့ သတင်းက...."

"မင်းကြားရတဲ့သတင်းက အမှန်တစ်ဝက်၊ အမှားတစ်ဝက်သတင်းပေါ့ကွယ်၊ ဒီလိုကွယ့်...."

ဝမ်လျှိုအဖွဲ့ရှင်သည် ခေတ္တမျှရပ်နားပြီး ကန်ရေပြင်ကို ကြည့်လိုက်၏။



ပြီးမှ....

"ငါတို့အဖွဲ့က ဂျင်ရှင်အာမခံဌာနအလံ တပ်ထားတဲ့ မြင်းလှည်းတန်းကြီးနှိုးရာကို အပြင်း ချီတက်ခဲ့ကြပါတယ်၊ ပါလာတဲ့ ပစ္စည်းတွေကို လုမလို့ပေါ့ကွယ်၊ ဒါပေမယ့် ဓားပြအဖွဲ့ တစ်ဖွဲ့က ငါတို့ထက် ဦးအောင်ရောက်နှင့်နေတယ်ကွယ့်"

"သူတို့ကလဲ လာလုတာပဲလား"

"ဓားပြအဖွဲ့ဆိုတဲ့နောက်တော့ လုတော့မှာပေါ့ကွယ်၊ ဒီဓားပြအဖွဲ့က သိုင်းပညာအတော်ထက်မြက်ပြီး လူအင်အားကလဲ အတော်တောင့်တင်းတော့ ရွှေခေါ်သခင်ကြီး ဝမ်ဖန်ကြည်ရဲ့ သိုင်းဆရာတွေ မခုခံနိုင်တဲ့ ပစ္စည်းတွေအလုခံလိုက်ရတာပေါ့ကွယ်"

ရုံကူလင်က....

"ဩော်....ကျွန်တော် သဘောပေါက်ပါပြီ၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးတို့က ဒီဓားပြတွေဆီက ပြန်လုယူလိုက်တာ ဆိုပါတော့ဗျာ"

ဝမ်လျှိုအဖွဲ့ရှင်က ခေါင်းညိတ်ပြ၏။

ရုံကူလင်က....

"ဒါဖြင့် ဘာဖြစ်လို့ ဒီပစ္စည်းတွေကို ခိုင်ဖုန်မြို့ကို ပို့ပစ်လိုက်ရတာလဲခင်ဗျာ၊ ဒီပစ္စည်းတွေဟာ အင်မတန် အရေးကြီးတယ် မဟုတ်လား"

"အရေးကြီးလို့ပဲ ပို့ပစ်လိုက်တာပေါ့"

"ဗျာ....ကျွန်တော်ကတော့ ဘာမှ နားမလည်တော့ပါဘူး"

"ငါတို့ ဝမ်လျှံအဖွဲ့က အကျဉ်းထောင် အုပ်ချုပ်ရေးမှူး ဘိုးဘိုးကျင်ဆိုတာ ဗဟုသုတ အသိဉာဏ်ပညာ အင်မတန် ပြည့်စုံထက်မြက်တယ်၊ ငါ့လက်ရုံးပဲ ဆိုပါတော့၊ သူဟာ ဒီပစ္စည်းတွေကို စစ်ဆေးကြည့်တယ်၊ အင်မတန် ထူးဆန်းတဲ့ လျှို့ဝှက်ချက်တစ်ခုကို တွေ့ရှိခဲ့ရတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်လဲ ဘိုးဘိုးကျင်ကို တွေ့ခဲ့ဖူးပါတယ်၊ အင်မတန်ကြောက်စရာကောင်းတဲ့ အဘိုးကြီးပါပဲ"

ဝမ်လျှံအဖွဲ့ချုပ်က ပြုံးလိုက်ပြီး....

"ဟုတ်ပါတယ်၊ အဲဒီ ဘိုးဘိုးကျင်ပါပဲ"

ရှုံကူလင်က....

"အဲဒီ ဘိုးဘိုးကျင်က ဘာလျှို့ဝှက်ချက်များ တွေ့ခဲ့ပါသလဲခင်ဗျာ"



ဝမ်လျှံအရှင်က ထပ်မံပြုံးပြန်၏။

"ဒီဟာချက်ကိုတော့ ထုတ်ဖော် မပြောနိုင်သေးဘူးကွယ်"

"ရှိပါစေတော့ ခင်ဗျာ၊ ကျွန်တော် အနေနဲ့တစ်ခုတော့ တောင်းဆိုချင်ပါတယ်၊ အဲဒါ..."

ရှုံကူလင်၏ စကားမဆုံးမီ ဝမ်လျှံအဖွဲ့ချုပ်ကဖြတ်၍ပြောလိုက်လေ၏။

"ဘာလဲ....အဲဒီ အာမခံပစ္စည်းတွေ မင်းကို ပြန်ပေးဖို့လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဒီသိုင်းလောက အရှုပ်အထွေးကြီးထဲ ကျွန်တော် ရောက်လာတာဟာ အဲဒီ အာမခံပစ္စည်းတွေ ပြန်လည်ရရှိဖို့ပါပဲခင်ဗျာ"

ဝမ်လျှံအဖွဲ့ချုပ်က...

"အေး....နည်းနည်းတော့ သည်းခံပြီးစောင့်ဆိုင်းပါဦးကွယ်၊ ခိုင်ဖုန်မြို့က အခြေ သိပြီးတဲ့အခါမှာတော့ ဒီပစ္စည်းတွေ မင်းလက်ထဲ ပြန်ရောက်ချင် ရောက်ပါလိမ့်မယ်"

ရှုံကူလင်မှာ စိတ်ပျက်သွားသည်။

"ဟုတ်ကဲ့....ကျွန်တော် အင်အားနဲ့ ပြန်မယူနိုင်တဲ့ကိစ္စမို့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့စကားအတိုင်း သည်းခံစောင့်ဆိုင်းရုံပဲရှိတော့တာပေါ့ခင်ဗျာ"

"ဒီလောက်ထဲ စိတ်ပျက်မနေပါနဲ့ကွယ်၊ သိုင်းလောကကြီးတစ်ခုလုံးရဲ့ အကျိုးအတွက် မဟုတ်ရင် ဒီပစ္စည်းတွေကို ငါ ပြန်ပေးတာ ကြာပါပြီ"

ရုံကူလင် အနေဖြင့် ထပ်မံမတောင်းဆိုနိုင်ပါတော့ချေ။

❖

## အခန်း ( ၁၀၇ )

သက်သေ

ဝမ်လျှံ အဖွဲ့ရှင်သည် ကျောက်ကုလားထိုင်မှ ထကာ ဖြည်းညင်းစွာ လျှောက်ထွက်သွား၏၊ ဇရပ်အဝသို့ ရောက်သောအခါ ရုံကူလင်အား လှည့်ပြောလေ၏၊

"ကဲ.... ငါ တို့ သွားကြစို့"

ရုံကူလင်က....

"ဒီရေကန်ပတ်လည်မှာ အစောင့်ချထားတဲ့အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ အစောင့်တွေကို ပြန်မရုပ်သိမ်းတော့ဘူးလား ခင်ဗျာ"

"ရုပ်သိမ်းဖို့ မလိုဘူး၊ ဟို ကြောဖြူမယ် ပြေးထွက် သွားပြီးပြီဆိုရင် သူတို့တာဝန်ကုန်ပြီ၊ သူတို့ဘာသာ ဆုတ်သွားလိမ့်မယ်"

"ဒါနဲ့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးအနေနဲ့ ဟိုကြာဖြူမယ် ပိုမယ့် သက်ခဲသားကို သွားစစ်ဆေးဦးမယ်ဆိုတာ ဟုတ်ပါသလား"

"အေး....စစ်ဆေးရမှာပေါ့၊ မစစ်ဆေးလို့ ဘယ်ဖြစ်မလဲ၊ ငါ့ယောက်ျား သေတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဒီသက်သေကို စစ်ရမှာ"

ရုံကူလင်က ရုတ်တရက် သံဝေဂစကား ဆို၏။

"အင်း....သူ့ရဲ့ကောင်ကြီး တိန်ရီလုံလို လူမျိုး တစ်ယောက်တောင် မြေပုံ ဘယ်ရှိမှန်းမသိဘဲ သေဆုံးခဲ့ရတယ်၊ သိုင်းလောကကြီးဟာ ဘယ်လဲ ကြောက်စရာ ကောင်းပါလား ခင်ဗျာ"

ရုံကူလင်နှင့် ဝမ်လျှို အဖွဲ့ရှင်တို့သည် ရေကန်ကြီးကို ကျော်ဖြတ်လျက် မူလ သူတို့စခန်းရှိရာသို့ လမ်းလျှောက်၍ ပြန်လာခဲ့ကြရာ ထိုခရီး၌ ရုံကူလင်က သံဝေဂစကားဆိုခြင်း ဖြစ်ပါသည်။

ဝမ်လျှို အဖွဲ့ရှင်က ပြုံးလိုက်ပြီး....

"မင်းဟာ ခုသိုင်းပညာလဲ ထက်မြက်တယ်၊ လူငယ်လဲ ဖြစ်တယ်။ ဒါနဲ့တောင် ဒီသို့စကားမျိုး ပြောထွက်သလား၊ စိတ်မလျှော့ပါနဲ့ကွယ်၊ သိုင်းလောကပဲဖြစ်ဖြစ်၊ လူ့လောကပဲ



ဖြစ်ဖြစ် အတူတူပါပဲ၊ အဓိကကတော့ ဖြစ်လာသမျှကို ကြံ့ကြံ့ခံ ရင်ဆိုင်ပြီး အကောင်းဆုံးဖြစ်အောင် ကူညီ ဆောင်ရွက်ဖို့ပဲ၊ ဒါမှ လူပီသမယ်၊ သိုင်းသမားကောင်း ပီသမယ်"

ထို့နောက် ဝမ်လျှို အဖွဲ့ရှင်သည် သူ၏ လောကအမြင်နှင့် ပတ်သက်၍ ရုံကူလင်အား ဖြည်းညင်းစွာ ရှင်းပြသည်၊

လူ့လောက သိုင်းလောက၊ မည်သည့်လောကမဆို ဒုက္ခသာလျှင်ရှိကြောင်း၊ သုခဟူ၍စစ်စစ်မရှိကြောင်း လူ့လောကသား သိုင်းလောကသားများသည် ရာထူး ဌာနန္တရများအတွက် တိုက်ခိုက်ခြင်း၊ မိမိအား မတရား စော်ကားသဖြင့် ပြန်လှန် ခုခံရခြင်း၊ ဝဋ်မှတ်သောဘေးဒုက္ခ ကြုံတွေ့ရခြင်း၊ အစရှိသော ဒုက္ခပေါင်းစုံကို တွေ့ကြုံ ခံစားနေရမှ ထိုခံစားမှုအပေါင်း ပျောက်ကွယ် သွားသောအခါ သုခဟူ၍ ခေါ်ကြောင်း ရှင်းပြသည်။

"အခု သိုင်းလောကမှာမမြင်ရတဲ့ တစ္ဆေတွေလို ဆိုးသွမ်းနေတဲ့ သိုင်းအဖွဲ့တွေ ရှိနေတယ်၊ သူတို့ဟာမြွေဆိုးမြွေဟောက်တွေလို သိုင်းလောကကို ဒုက္ခပေးဖို့ကြံနေကြတယ်၊ သူတို့ကို တွန်းလှန်ဖို့ကို အတော်ကြိုးစားရမယ် အဲဒီ မကောင်းဆိုးဝါးတွေကို နှိမ်နင်း တွန်းလှန်ပြီးရင် သိုင်းလောကကြီးဟာ သုခချမ်းသာနဲ့ ပြည့်ဝလာတော့မှာ သေချာပါတယ်"

ရုံကူလင်သည် ဝမ်လျှို အဖွဲ့ရှင်အား အတော်ပင်ကြည်ညိုလေးစားသွား၏။

"ဒါနဲ့ နက်ဖြန်သက်သေကို သွားစစ်မေးတဲ့အခါ ကျွန်တော် လိုက်ခဲ့ရဦးမှာလား"

"လိုက်ခဲ့ရင် အကောင်းဆုံးပေါ့"

"ကျွန်တော် တစ်ခုလောက် အကြံပေးချင်ပါတယ်"

"ပြောပါ၊ ဘာအကြံလဲ"

"ကျွန်တော်တို့အနေနဲ့ ကြားဖြူမယ့်စကားကို ခြွင်းချက်မရှိ ယုံကြည်လို့ မဖြစ်ပါဘူး၊ ဒါကြောင့်မို့ သွားတဲ့အခါမှာ သတိဝီရိယရှိရှိ သွားဖို့လိုမယ်လို့ ထင်ပါတယ်"

ဝမ်လျှံအဖွဲ့ရှင်က ရယ်ရင်း....

"ဒီအတွက် ပူမနေပါနဲ့ကွယ်၊ ငါ့ကိစ္စငါသိပါတယ်"

ဤသို့ စကားပြောရင်း လျှောက်လာကြရာ ဝမ်လျှံအဖွဲ့ရှင်၏ မူလစခန်းသို့ ပြန်လည် ဆိုက်ရောက် လာကြလေ၏။

ဝမ်လျှံဖွဲ့အရှင်က....

"ကဲ....မင်းလဲ အနားယူပေတော့၊ နက်ဖြန်ဆိုရင် ပွဲကြီးပွဲကောင်းတစ်ခု မတွေ့ကြုံရဘူးလို့ မဆိုနိုင်ဘူး၊ ကဲ... ငါလဲ သွားပြီ"

ရုံကျူလင်သည် သူ့အတွက်ပေးထားသည့် အခန်းတွင်းသို့ ဝင်လာခဲ့သည်။ အခန်းထဲ၌ မီးထွန်းထားခြင်း မရှိသဖြင့် မှောင်နေသည်။



သူ၏ခုတင်ကို စမ်းသပ်ပြီး
ခေါင်းထဲ၌ အမွှေးနံ့ ထောင်း
ချင်းပင် မေ့လဲကျသွားလေ၏။

သူ ပြန်လည် သတိရလာသောအခါ ကျွတ်သင်းအေးမြသော အသံကလေးကို ကြားလိုက်ရသည်။

"ဆရာလေး ဘာမှ မစိုးရိမ်ပါနဲ့၊ ကျွန်မတို့ကို ကျွန်မတို့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မက စေလွှတ်လိုက်တာပါ"

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက ဘာတွေအမိန့်ပေးလိုက်ပြန်ပြီလဲ"

ရုံကျူလင်သည် ခုတင်ပေါ်၌ ထ ထိုင်ရင်း ပယ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ နေပင် အတော်မြင့်နေချေပြီ၊ အခန်းထဲသို့ ပြန်ကြည့်သောအခါ ယမန်နေ့ညက သူ့အားနှိပ်နယ်ပေးခဲ့သည့် မိန်းမပျိုသည် အစိမ်းရောင် သိုင်းဝတ်စုံကို ဝတ်ဆင်လျက် တဲထောင့်ရှိ ခုံတစ်လုံးတွင် ထိုင်နေကြောင်း တွေ့ရှိရလေ၏။

ရုံကျူလင်သည် သွေးလည်ပတ်စီးဆင်းအောင် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပြီးနောက် ခုတင်ပေါ်မှ အသာအယာ ဆင်းလိုက်၏။ သူနှင့်မလှမ်းမကမ်းရှိ စားပွဲတစ်လုံးပေါ်တွင်

"ဒါနဲ့ နက်ဖြန်သက်သေကာစ်စင်းကို တင်ထားကြောင်း တော် လိုက်ခဲ့ရဦးမှာလား"

"လိုက်ခဲ့ရင် အဇာ

"မနေ့ညက ဆေးကတော့ အတော့်ကို ပြင်းထန်တာ ပါပဲဗျာ"

မိန်းမပျိုက ပြုံး၍...

"ဒီဆေးက အင်မတန် တန်ဖိုးရှိပါတယ်၊ ဆရာလေးရဲ့ အတွင်းအားကို အချိန်တိုတိုနဲ့ အဆမတန် တိုးတက်စေတဲ့ နည်းပါ၊ အရင်က အတွင်းအား သိုင်းကျင့်စဉ် တစ်ခုကို သုံးလနဲ့ ကျင့်ရင် အခု ခုနစ်ရက်နဲ့ လေ့ကျင့်လို့ရပါတယ်၊ အခု ဆရာလေး ဘယ်လို ခံစားနေရပါသလဲ"

"အရိုးအဆစ် နည်းနည်းတော့ ကိုက်ချင်နေတုန်းပဲဗျ ဒါပေမယ့် ဆိုးဆိုးရွားရွားတော့ မဟုတ်ပါဘူးလေ"

မိန်းမပျိုက...

"ဟုတ်ပါတယ်၊ ဒီဆေးရဲ့ သဘောက ဒီလိုပါပဲ၊ နောက်တော့လဲ ကောင်းသွားမှာပါ"

ရှုံကူလင်သည် ရုတ်တရက် သက်သေကို စစ်မေးရန် ကိစ္စ သတိရလာသည်။



"ခု ဘယ်အချိန်ရှိပြီလဲ"

မိန်းမပျိုက ပြုံး၍ပြောသည်၊

"ချိန်းထားတဲ့အချိန်က အတော်လိုပါသေးတယ်၊ ဆရာလေးအနေနဲ့ ကိုယ်လက်သန့်စင်ဖို့ အချိန်အများကြီး ရပါတယ်"

"ဗျာ...ခင်ဗျားလဲသိတယ် ဟုတ်လား"

"သိပါတယ်၊ ဒီကိစ္စက လျှို့ဝှက်ကိစ္စ မဟုတ်ပါဘူး၊ အင်နဲ့အားနဲ့ သွားရမယ့်ကိစ္စပါ၊ ကျွန်မဝတ်ထားတဲ့ ဝတ်စုံကိုလဲ ကြည့်ပါဦး"

မှန်ပါသည်။ မိန်းမပျိုသည် တိုက်ပွဲဝင်သိုင်းဝတ်စုံကို ချပ်ချပ်ရပ်ရပ် သေသေသပ်သပ် ဝတ်ဆင်ထားပေသည်။

ရှုံကူလင် ကိုယ်လက်သန့်စင်ပြီးသွားသောအခါ မိန်းမပျို နှစ်ယောက် အခန်းထဲသို့ဝင်လာ၏။ တစ်ယောက်သောမိန်းမပျို၏လက်ထဲတွင် စားသောက်ဖွယ်ရာ ဟင်းလျာများပါသည့် လင်ဗန်းတစ်ချပ်ကို ကိုင်ထားပေသည်။

မိန်းမပျိုက....

"ဆရာလေး စားသောက်လိုက်ပါဦး၊ အချိန်အများကြီး ရှိပါသေးတယ်"

ရုံကူလင်သည် အထွေအထူး စကားပြောမနေတော့ဘဲ စားသောက်ဖွယ်ရာများကို ထိုင်စားပစ်လိုက်သည်။ ပထမ စားသောက်ဖွယ်ရာများကို ထိုင်စားပစ်လိုက်သည်၊ ဦးဆုံးရောက်ရှိနေသည့် သိုင်းဝတ်စုံဝတ်ဆင်ထားသည့် မိန်း မပျို့က အခြေအနေကို ရှင်းပြသည်။

"ဒီကနေ့ သက်သေသွားစစ်ဖယ်ပွဲမှာ ဆရာလေးနဲ့အတူ ကျွန်မတို့သုံးယောက် လိုက်ပါမယ်"

ရုံကူလင်သည် ထိုအခါကျမှပင် နောက်ထပ်ဝင်လာသည့် မိန်းမပျိုနှစ်ယောက်ကို အကဲခတ်ကြည့်မိသည်။

သူမတို့သည်လည်း သိုင်းဝတ်စုံကို ကျနသေသပ်စွာ ဝတ်ဆင်ထားပေသည်။

ရုံကူလင်သည် ညတုန်းကပင် ဝမ်လျှံအဖွဲ့ရှင်အား လိုသို မည်မည် အကြံပေးခဲ့သေးသည်၊ ကြာဖြူဖယ်၏စကားများ သည် အကြွင်းမဲ့ယုံကြည်၍ မဖြစ်သဖြင့် မိမိတို့ဘက်မှ အင် အားများကို အသင့်ပြင်ဆင်ထားသင့်သည်ဟု ပြောခဲ့သည်။

ယခု မိန်းမပျိုပြောစကားအရ ရယ်စရာပင် ကောင်းနေ သေးတော့သည်။ ဝမ်လျှံအဖွဲ့သား မိန်းမပျိုက သုံးယောက်၊ သူပါခေါင်းလျှင် စုစုပေါင်း လေးယောက်၊ မည်မျှ အင် အားတောင့်တင်းသည့် အဖွဲ့ပါနည်း။

ဤအဖွဲ့မျိုးကို ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်က အစိမ်း လိုက် ဝါးစားပစ်နိုင်သည်၊ ဓားသမား ဆယ်နှစ်ယောက်



ကျားအဖွဲ့ခွဲမှူးနှင့်ရန်ကြူးမတို့ကို ဝမ်လျှံအဖွဲ့၏တဲအတွင်း သို့ စေလွှတ်ခဲ့စဉ်က ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်အနေဖြင့် အားစမ်းသည့်သဘောမျိုးသာ စေလွှတ်ခေတ္တဆုံးခိုင်းခဲ့ခြင်းမျိုး သာ ဖြစ်သည်။

ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်အပါအဝင် ဝူကြည်တစ်ဖွဲ့ လုံး အင်နှင့်အားနှင့် အလုံးအရင်းဖြင့်တိုက်ခိုက်လျှင် ဝမ်လျှံ အဖွဲ့ရှင်အပါအဝင် တစ်ဖွဲ့လုံး ဒုက္ခရောက်သွားနိုင်ပေသည်။

ရုံကူလင်က ဝမ်လျှံအဖွဲ့ရှင်အနေဖြင့် ဤသို့ ပေါ့ပေါ့ ဆဆမလုပ်သင့်ဟု ယူဆသည်။

ထို့ကြောင့် မိန်းမပျိုအား မေးလိုက်၏။

"ခင်ဗျားတို့အဖွဲ့က ဒါအကုန်ပဲလားဗျာ"

"ဟုတ်ပါတယ်၊ ဒီနေ့အဖို့ ကျွန်မတို့သုံးယောက်ပဲ လိုက် နိုင်ပါမယ်"

ရုံကူလင်သည် ဝမ်လျှံအဖွဲ့၏ အကျဉ်းဆောင်အုပ်ချုပ် ရေးမှူးဟု အမည်တွင်သော ဘိုးဘိုးကျင်ကို သတိရမိသည်။

"ဟို....ဘိုးဘိုးကျင်ကော ဗျာ၊ သူက ဘာဖြစ်လို့ မလိုက် တာလဲ"

"အကျဉ်းဆောင်အုပ်ချုပ်ရေးမှူးနဲ့ ထောက်လှမ်းရေး မှူးတို့ဟာ တခြားတာဝန်တွေ ပိနေကြပါတယ်၊ ဒါကြောင့် မို့ သူတို့အနေနဲ့ ဒီပွဲမှာ လိုက်မလာနိုင်ပါဘူး"

"ဖြစ်မှ ဖြစ်ရလေဗျာ၊ ငွေကြည်အဖွဲ့ကို ဝမ်လျှံအဖွဲ့ရှင်က ဒီလောက်တောင် အထင်သေးနေရသလား"

မိန်းမပျိုက ပြုံးလိုက်၏။

"ငွေကြည်အဖွဲ့က ထောင်ချောက်တွေ ဘာတွေ ဆင်ထားခဲ့ရင် ခုခံရအောင် ကျွန်မတို့သုံးယောက် လိုက်လာခဲ့ရတာပါ၊ တော်ရုံတန်ရုံ ထောင်ချောက်လောက်တော့ ကျွန်မတို့က မမှုပါဘူး၊ ကျွန်မတို့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မက တစ်ခုတော့ မှာလိုက်ပါတယ်၊ ဆရာလေး မလိုက်ချင်လဲ နေခဲ့နိုင်ပါတယ်တဲ့"

ရုံကူလင်သည် စားသောက်ပြီးစီးပြီးဖြစ်၍ တဟားဟားရယ်မောလေတော့၏။

"ဘယ့်နှယ်ဗျာ.... အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက ကျွန်တော့်ကို ဘာသဘောနဲ့ နေခိုင်းခဲ့တာလဲဗျ"

"ကျွန်မတို့စိတ်ထင်တော့ ဆရာလေး ဘေးအန္တရာယ်မကပ်ငြိအောင်နဲ့ တူပါတယ်"

"ဟား....ဟား....ဟား....ခင်ဗျားတို့လို မိန်းမသားတွေတောင် သွားဝံ့တဲ့နေရာကို ကျွန်တော်က ဘာဖြစ်လို့ မလိုက်ဝံ့ရမှာလဲဗျ"



"ဒီလိုဆိုရင်လဲ ဆရာလေးရဲ့ သဘောပါပဲရှင်၊ ကျွန်မတို့ကတော့ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မ မှာကြားထားတဲ့အတိုင်း ပြောပြရတာပါ၊ ဪ....ဒါထက်....အဖွဲ့ခေါင်းဆောင်ချုပ်သခင်မ ပြောခိုင်းထားတဲ့ စကားတစ်ခု ရှိပါသေးတယ်"

ရုံကူလင်က....

"ခင်ဗျားတို့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးဟာ အခုကိစ္စမှာ များသောအားဖြင့် ကျွန်တော့်ကို တိုက်ရိုက်ပြောလေ့ရှိပါတယ်၊ အခု ဘာဖြစ်လို့ ခင်ဗျားတို့ကနေတစ်ဆင့် ပြောခိုင်းရတာလဲ"

"ဟုတ်ကဲ့၊ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မကိုယ်တိုင်ပြောမလို့ ဒီအခန်းထဲ ဝင်လာပါသေးတယ်၊ ဆရာလေး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတော့ မနှိုးတော့ဘဲနဲ့ ပြန်ထွက်သွားပါတယ်၊ နှစ်ကြိမ်တိုင်တိုင် ဝင်လာခဲ့ပါတယ်ရှင်"

"နှိုးလိုက်ရောပေါ့ဗျာ"

"အဲဒါနဲ့ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မက ကျွန်မတို့ကိုပဲ တစ်ဆင့် မှာကြားခဲ့ပါတယ်"

"ဟုတ်ကဲ့၊ ဘာကိစ္စ မှာကြားခဲ့ပါသလဲ"

"တကယ်လို့ ကြာဖြူမယ်က ဆရာလေးကို တွေ့ချင်မြင်ချင်တယ်လို့ နောက်တစ်ခါချိန်းဆိုခဲ့ရင် ဆရာလေးအနေနဲ့ မငြင်းဆန်ပဲ လက်ခံလိုက်ပါလို့ မှာကြားခဲ့ပါတယ်"

ရှုကူလင်က အကြီးအကျယ်အံ့ဩသွားသည်။

"အဲဒါက ဘာသဘောလဲ မသိဘူး"

မိန်းမပျိုက ခေါင်းကိုခါယမ်းပြီး....

"ဘာသဘောလဲဆိုတာ ကျွန်မတို့လဲ မသိပါဘူးရှင်၊ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မက အကျယ်ချဲ့ပြီး ရှင်းမပြခဲ့ပါဘူး"

ရှုကူလင်သည် အဘယ့်ကြောင့် ဤသို့ပြောဆိုခဲ့သည်ကို စဉ်းစား၍မရဘဲ ဖြစ်နေ၏။ နောက်ဆုံး သူ့စိတ်ထဲ၌....

"ဟင်း.... ဝမ်လျှံအဖွဲ့ချုပ်ဟာ ရှေ့ရေးကိုအတော်ကလေးကြိုတင် မြော်မြင်တတ်သူဖြစ်တယ်၊ အကြောင်းမရှိဘဲနဲ့တော့ ဒီစကားကို မှာကြားခဲ့မှာ မဟုတ်ဘူး၊ ဒီတော့ သူမှာကြားတဲ့အတိုင်း လိုက်နာရုံပဲ ရှိတော့တယ်"

သူသည် ထိုကိစ္စကိုဆက်မမေးတော့ဘဲ အခြားအကြောင်းအရာကို လှည့်မေးမြန်းလိုက်၏။

"ကောင်းပါပြီ၊ တခြား ဘာကိစ္စ မှာကြားခဲ့သေးသလဲ"



မိန်းမပျိုက....

"တခြားကိစ္စတော့ မရှိတော့ပါဘူး၊ ဪ.... ဆရာလေးရဲ့ ဓားပေါက်ငွေကို ဆရာလေးရဲ့ ခေါင်းအုံးအောက်မှာ ထားခဲ့တယ်နော်၊ ဆရာလေး ကျွန်မတို့နဲ့ လိုက်လာရင်တော့ မမေ့သွားခဲ့ပါနဲ့"

ရှုကူလင်သည် စကားအဆုံးအထိ ပြောမနေတော့ဘဲ ခေါင်းအုံးကို ဖယ်ရှားကာ ဓားကိုယူလိုက်၏။

မိန်းမပျိုက....

"ဆရာလေး.... ဒီပြင်လက်နက်များ ယူခဲ့ချင်သေးသလား"

"မယူချင်တော့ပါဘူး၊ ကျွန်တော်က ဓားသိုင်းပဲ ကျွမ်းကျင်တယ်၊ ဓားတစ်ချောင်းပါရင် ပြီးတာပါပဲ"

"ဒီနေ့မထွက်ခင် ဆရာလေးကို ကိစ္စတစ်ခု ပန်ကြားချင်ပါတယ်၊ အဲဒါ ဆရာလေး သဘောတူ မတူ သိချင်ပါတယ်ရှင်"

"ဘာကိစ္စများလဲ၊ ကျွန်တော်တတ်နိုင်တာဆိုရင်အသင့်ပါပဲ"

"ကိစ္စကတော့ တခြားမဟုတ်ပါဘူးရှင်၊ ကျွန်မတို့ ညီအစ်မလေးယောက်ဟာ 'စတုဂံ ပူးပေါင်းတိုက်ကွက်' တစ်

ခုက် တီထွင်ထားပါတယ်၊ ဒီပုံးပေါင်းတိုက်ကွက်ဟာ လူလေးယောက်ရှိမှ ဖြစ်ပါတယ်"

"ဟုတ်ကဲ့....ပြောပါ"

"အခု ကျွန်မတို့ ညီအစ်မ သုံးယောက်ပဲရှိတော့ တစ်ယောက်လိုနေပါတယ်ရှင်၊ ဒီ စတုဂံပုံးပေါင်းတိုက်ကွက်ထဲမှာဆရာလေး ဖြည့်စွက်ကူညီပေးပါလို့ မေတ္တာရပ်ခံ ဖို့ပါတယ်"

ရုံကူလင်မှာ တွေဝေသွားသည်။ သူ့အနေဖြင့် သူတစ်ပါးအား ကူညီရန်ကိစ္စ၌ မည်သည့်အခါမှ ဝန်မလေးခဲ့ချေ၊ သို့သော် ယခုကိစ္စမှာ လွယ်လွယ်ကူညီနိုင်သည် မဟုတ်ပေ၊ သူ့အနေဖြင့် စတုဂံတိုက်ကွက်သဘောတရားကို မသိသဖြင့် မည်သို့မျှ မကူညီနိုင်ပေ။

ရုံကူလင်က....

"ကျွန်တော့်အနေနဲ့ ကူညီဖို့ဝန်မလေးပါဘူး၊ ဒါပေမယ့် ဒီ စတုဂံပုံးပေါင်းတိုက်ကွက်ကို ကျွန်တော်မသိဘဲ၊ ကျွန်တော်ဝင်လိုက်တာနဲ့ ခင်ဗျားတို့ အားလုံး နားလည်မှုတွေ လွဲကုန်လိမ့်မယ်"

မိန်းမပျိုက ကျေနပ်စွာ ပြုံးလိုက်၏။



"ဆရာလေး ကူညီဖို့ပဲလိုပါတယ်၊ စတုဂံ ပုံးပေါင်းတိုက်ကွက်အတွက်တော့ ပူစရာမရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာလေးက ဓားသိုင်းပညာမှာ အတော်ကလေးထက်မြက်နေတာမို့ ကျွန်မတို့ ဓားသိုင်းရဲ့ သဘောကို နည်းနည်းကလေး ရှင်းပြလိုက်တာနဲ့ လွယ်လွယ်ကူကူ သဘောပေါက်နိုင်ပါတယ်"

ရုံကူလင်က သဘောတူညီကြောင်း ခေါင်းညိတ်ပြလိုက်၏၊ မိန်းမပျိုက စတုဂံပုံးပေါင်းတိုက်ကွက်၏ ဆုတ်၊ တက် လှုပ်ရှားပုံစနစ်ကို စာရွက်တစ်ရွက်ပေါ်၌ ပုံစံချ၍ ရေးဆွဲပြီး ရှင်းလင်းပြောပြ၏။

ရုံကူလင်ကဲ့သို့ ဓားသိုင်းကျွမ်းကျင်သူအဖို့ ထို စတုဂံ ပုံးပေါင်းတိုက်ကွက်သဘောတရားသည် များစွာ မခက်ခဲလှပေ။ လေးယောက်၏ အင်အားကို အညီအမျှခွဲဝေအသုံးချခြင်းပင်ဖြစ်တော့သည်။

မိန်းမပျိုက....

"ဆရာလေး၊ ကျွန်မ နောက်တစ်ခေါက် ရှင်းပြရဦးမလား"

ရုံကူလင်က ခေါင်းခါလိုက်၏၊

"မလိုတော့ပါဘူး၊ ကျွန်တော် နားလည်ပါပြီ"

ရုံကူလင်၏ စကားအဆုံးတွင် အခန်းအပြင်မှ ဝမ်လျူ အဖွဲ့ရှင်၏ စကားကို ကြားလိုက်ရသည်။

"ကဲ....အားလုံး ပြီးကြပြီလား"

ထိုစကားသံအရ ဝမ်လျူအဖွဲ့ရှင်သည် အစောကြီးကတည်းက အခန်းအပြင်၌ ရောက်ရှိနေဟန် တူပေသည်။ မိန်းမပျိုများက စေတုဂံဘုံကတ်ကွက်နှင့် ပတ်သက်၍ ရုံကူလင်အား ရှင်းပြနေချက်များကို တဲအပြင်မှာ စောင့်ဆိုင်း နားထောင်နေဟန် တူပေသည်။

မိန်းမပျိုက....

"ဟုတ်ကဲ့၊ ပြီးပါပြီ သခင်မ"

"ကဲ....ဒါဖြင့် ထွက်ခဲ့ကြပေတော့"

မိန်းမပျိုသုံးယောက်သည် ရုံကူလင်အား တရိုတသေ အချက်ပြကာ အပြင်သို့ထွက်သွားလေ၏။

ရုံကူလင်လည်း မိန်းမပျိုများနောက်မှကပ်၍ လိုက်လာလေ၏။

အခန်းအပြင်သို့ရောက်သောအခါ ဝမ်လျူအဖွဲ့ရှင်အား တစ်ကိုယ်လုံးဝတ်စုံစိမ်းများ ဝတ်ဆင်ထားကြောင်း တွေ့မြင်ရလေ၏။ တိုက်ပွဲတစ်ခုအတွက် ကြိုတင် ပြင်ဆင်ထားပုံရကြောင်း အဆင်အပြင်က ဖော်ပြနေပေသည်။



သူမ၏ လည်ပင်းတွင် မျက်နှာဖုံးအတုတစ်ခုကိုကြိုးတစ်ခုဖြင့်ဆွဲထားကြောင်းတွေ့ရ၏။ တိုက်ပွဲကာလအတွင်း၌ဝမ်လျူအဖွဲ့ရှင်သည် သူမ၏မျက်နှာကို အမြင်ခံမည်မဟုတ်ကြောင်း ထိုအချက်က သက်သေပြနေ၏။

ဝမ်လျူအဖွဲ့ရှင်သည် ရုံကူလင်နှင့် မိန်းမပျိုသုံးယောက်တို့အား ကြည့်ပြီး....

"ကဲ....အခု ခရီးမထွက်ခင် ကြိုတင်မှာကြားထားမယ်၊ တိုက်ပွဲဖြစ်မယ် မဖြစ်ဘူးဆိုတာကို ဘယ်သူမှ အတိအကျ အာမမခံနိုင်ဘူး၊ တိုက်ပွဲဖြစ်ရင်လဲ ဒီတိုက်ပွဲဟာ အသေအကြေ မီးကုန်ယမ်းကုန်တိုက်ပွဲဖြစ်မှာ သေချာတယ်၊ ရန်သူနယ်မြေထဲရောက်တာနဲ့ အားလုံး ငါ့စကားကို တစ်သဝေမတိမ်း နားထောင်ပါ၊ ကိုယ်ထင်ရာကိုယ် မစိုင်းကြပါနဲ့"

ဤစကားများသည် စင်စစ် ရုံကူလင်ကို ရည်ညွှန်းပေသည်။ အဘယ်ကြောင့်ဆိုသော် မိန်းမသုံးယောက်တို့သည် ဝမ်လျူအဖွဲ့ရှင်က သေဆိုလျှင် သေ၊ ရှင်ဆိုလျှင် ရှင်မည့် တပည့်မများသာ ဖြစ်သောကြောင့်တည်း။ ရုံကူလင် တစ်ဦးသာ လူစိမ်းပါပေသည်။

ရုံကူလင်ကလည်းထိုသဘောကိုနားလည်ပေသည်။ ဝမ်လျူအဖွဲ့ရှင်မပြောလည်း ရုံကူလင်အနေဖြင့် ထိုအခြေအနေမျိုး၌ ဝမ်လျူအဖွဲ့ရှင်၏အမိန့်ကို နာခံရမည်ဖြစ်ကြောင်း သဘောပေါက် နားလည်ပြီးသား ဖြစ်ပေသည်။

ရုံကူလင်က မည်သို့မျှ မပြောဆိုသော်လည်း မိန်းမပျို သုံးယောက်တို့က ဦးညွှတ်လျက် ဖြေကြားကြသည်။

"ဟုတ်ကဲ့.... အမိန့်ကို နားလည်သဘောပေါက်ပါတယ် သခင်မ"

ဝမ်လျှံအဖွဲ့ရှင်က....

"အေး....ဒါဆိုပြီးတာပဲ၊ သွားကြမယ်"

ဝမ်လျှံအဖွဲ့ရှင်က ရှေ့ဆုံးမှ ဦးဆောင်ပြေးထွက်သွားရာ မိန်းမပျိုသုံးယောက်နှင့်ရုံကူလင်တို့လည်း နောက်မှပြေးလိုက်ကြလေသည်။ သူတို့သည် ကိုယ်ဖော့ပညာသုံး၍ ပြေးကြခြင်းဖြစ်ရာ မကြာမီ ကြာဖြူမယ်နှင့် ချိန်းဆိုထားသည့်နေရာသို့ ရောက်ရှိလာကြလေ၏။

ဝမ်လျှံအဖွဲ့ရှင်သည် ကောင်းကင်သို့မော့ကြည့်လိုက်ပြီး..

"ချိန်းဆိုထားတဲ့ အချိန်တောင် စေ့နေပြီပဲ"

ဝမ်လျှံအဖွဲ့ရှင်၏ စကားမဆုံးမီပင် ကျောက်တုံးကြီးတစ်တုံး၏ နောက်ကွယ်မှ မိန်းမသံတစ်သံ ပေါ်ထွက်လာလေ၏။

"အချိန်အများကြီး ရှိသေးတာပဲ၊ ချိန်းထားတဲ့အချိန် မကုန်ဆုံးသေးဘဲနဲ့ ဘာဖြစ်လို့ ပူပန်နေရတာလဲ"



မကြာမီ အသံရှင်ကိုပါ တွေ့မြင်လိုက်ရလေ၏။ အသံရှင်ကား မိုးပြာရောင်ဝတ်စုံကိုဝတ်ဆင်ထားသည့်လှပကြော့ရှင်းသည့် ရန်ကြူမေပင်တည်း။ တတိယသခင်မအမည်ခံ ရန်ကြူမေသည် ကျောက်တုံးအလယ်မှ ထည်ဝါစွာ ထွက်လာလေ၏။

ဝမ်လျှံအဖွဲ့ရှင်က အေးစက်စွာ မေးလိုက်၏။

"မင်းက ဘယ်သူလဲ၊ မင်းတို့ရဲ့ ဂူကြည်အဖွဲ့ခေါင်းဆောင်ချုပ်က ဘာဖြစ်လို့ ကိုယ်တိုင်မတွေ့တာလဲ"

ရန်ကြူမေက မျက်နှာပုံးအတု စွပ်ထားပြီး တစ်ကိုယ်လုံးအနက်ရောင်ဝတ်ဆင်ထားသည့်ဝမ်လျှံအဖွဲ့ရှင်အားတစ်ချက်အကဲခတ်လိုက်သည်။ ဝမ်လျှံအဖွဲ့ရှင်၏အသံသြဇာမှာ အလွန်တရားပြည့်ဝလှသဖြင့် သာမန်အဖွဲ့သားတစ်ဦး မဟုတ်ကြောင်းကို ရန်ကြူမေ ရိပ်မိ၏။

"ရှင်ကကော ဘယ်သူလဲ"

"မင်းက ငါ့ကို ပြန်မေးနေစရာ မလိုဘူး၊ ငါမေးနေတာကိုသာ ဖြေ၊ မင်း ဘယ်သူလဲ၊ ဘာဖြစ်လို့ ဂူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ကိုယ်တိုင် မလာတာလဲ၊ ဘာဖြစ်လို့ သူက ကတိကိုဖျက်ပြီး ငါစစ်ဆေးရမယ့် ဆက်သေကို ခေါ်မလာတာလဲ"

ရန်ကြူမေသည် သူမနှင့် တွေ့ဆုံနေရသူသည် ဝမ်လျှံအဖွဲ့ရှင်ဖြစ်ကြောင်း ရုတ်ခြည်း သဘောပေါက်သွားလေ၏။

ရန်ကြူမေက....

"ကျွန်မနာမည်က ရန်ကြူးမေပါ၊ ဝူကြည်အဖွဲ့မှာ တတိယ သခင်မ အဆင့်ရှိပါတယ်၊ ကျွန်မတို့ရဲ့ အဖွဲ့ခေါင်းဆောင် ချုပ်ကြီး လိုက်မသွားတာတော့ မသိုအပ်လို့ပါ၊ ယက်သေ ကို ခေါ်လာခဲ့ပါတယ်၊ ခဏစောင့်ပါ"

ဝမ်လျူ အဖွဲ့ရှင်သည် စကားဆက်၍ မပြောတော့ပေ။ မျက်နှာဖုံးအဘွင်းမှ စူးရှသော မျက်လုံးအစုံဖြင့် ရန်ကြူးမေ ကို အကဲခတ်နေသည်။

ရိုကူလင်ကလည်း ရန်ကြူးမေကို အကဲခတ်နေ၏။ သူမ သည် မိမိအား တစ်ချက်မျှမကြည့်ဘဲရှိနေခြင်းက မိမိမည်သူ ညဉ်ဖြစ်သည်ကို ရိပ်မိခြင်း မရှိသေးကြောင်း ဖော်ပြနေ သည်။

အချိန်အတော်ကြာသည်အထိ သူတို့ သုံးယောက်သည် ငြိမ်သက်စွာ စောင့်ဆိုင်းနေကြ၏။ ဝမ်လျူ အဖွဲ့ရှင်သည် မူလ ရပ်နေသည့်နေရာ၌ တစ်ချက်မျှ လှုပ်ရှားခြင်းမရှိဘဲ ရပ်နေ သည်။ ဝမ်လျူ အဖွဲ့ရှင်၏ စိတ်ရှည်လက်ရှည် သည်းခံနိုင်စွမ်း ရှိခြင်းကို ရိုကူလင် ချီးကျူးမိလေ၏။

"အင်း...ဒီလိုစိတ်ရှည်ခြင်းကလဲ ခေါင်းဆောင်ကောင်း ဖြစ်ဖို့ လိုအပ်တဲ့ အရည်အချင်းတစ်ချက် ဖြစ်ပုံရတယ်"

ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ ခပ်လှမ်းလှမ်းမှ ခြေသံများကို ကြားလိုက်ရသည်။

❖

## အခန်း (၁၀၈)

### အချစ်ဝက်ပါထဲကလူ

အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် စေတမန်သည် ရှေ့ဆုံးမှ ပေါ်ထွက်လာသည်။ ယခင်က မြူနီခြောင်ကျား ဝတ်ဆင်ထားတတ်သည့် စေတမန်ကို ယခုကဲ့သို့ ဖြူစင်သော အဝတ်အစားများနှင့် တွေ့လိုက်ရသောအခါ ရိုကူလင်မှာ ရုတ်တရက် မမှတ်မိသလို ဖြစ်သွား၏။ သို့သော် မကြာမီပင် ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်၏ လက်ရုံး စေတမန်ဖြစ် ကြောင်း သိရှိလိုက်ရသည်။

ထိုစေတမန်၏နောက်မှ အနက်ရောင်ဝတ်စုံ ဝတ်ဆင် ထားသည့် ဝူကြည်အဖွဲ့သားနှစ်ဦးသည် မည်းညစ်ခပ်ရေနေ သော အကျဉ်းသားတစ်ဦးကို တစ်ဖက်စီညှပ်၍ တွဲခေါ် လာ၏။

ထိုအကျဉ်းသား၏မျက်နှာမှာ သွေးမရှိသလို ဖြူရော်နေသည်၊ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်သည် ထိုအကျဉ်းသားကို ကြာမြင့်စွာ ချုပ်နှောင်ထားပုံရကြောင်း အကျဉ်းသားကို မြင်ရုံမျှနှင့် သိလိုက်ကြရလေ၏၊

ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်၏စေတမန်သည် ပေါ့ပါးသောအလျင်အဟုန်ဖြင့် ဝမ်လျှံအဖွဲ့ရှင်ရှေ့သို့ ရောက်ရှိလာပြီး မေးခွန်းထုတ်လေ၏။

"ဝမ်လျှံအဖွဲ့ရှင်ပါလား ခင်ဗျာ"

ဝမ်လျှံအဖွဲ့ရှင်က ခပ်ပြတ်ပြတ်ပြောသည်၊

"ဟုတ်တယ်၊ ငါ ဝမ်လျှံအဖွဲ့ရှင်ပဲ"

စေတမန်က ဦးညွှတ်၍ ဂါရဝပြုသည်။

"ကျွန်တော်တို့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ အမိန့်အရ အကျဉ်းသားကို ခေါ်ဆောင်လာခဲ့ပါပြီ"

"မင်းတို့လာတာ ချိန်းထားတဲ့အချိန်ထက် အများကြီး နောက်ကျတယ်"

"ဒီလိုလဲ မဟုတ်ပါဘူးခင်ဗျာ၊ ချိန်းထားတဲ့အချိန်ကိုလဲ မကျော်လွန်သေးပါဘူး"



"မင်းတို့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက ဘာဖြစ်လို့ မလာတာလဲ"

"ကျွန်တော်တို့ အဖွဲ့ခေါင်းဆောင်ချုပ် လာဖို့မလိုပါဘူး ခင်ဗျာ၊ အစကတော့ အကျဉ်းသားကို ဒီအရောက် ခေါ်လာဖို့ပါပဲ၊ အခု အကျဉ်းသားကို ခေါ်ဆောင်လာခဲ့ပါပြီ၊ တစ်ခုတော့ရှိပါတယ်"

စေတမန်သည် ရုတ်တရက် စကားကိုဖြတ်လိုက်ပြီး ဝမ်လျှံအဖွဲ့ရှင်၏မျက်နှာကို ကြည့်လိုက်၏။ ဝမ်လျှံအဖွဲ့ရှင်က...

"ဘာပြောချင်သလဲ ပြော"

"ကျွန်တော်တို့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက မှာလိုက်ပါတယ်၊ အကျဉ်းသားကိုတော့ ခေါ်ဆောင်သွားခွင့် မပြုပါဘူးတဲ့၊ စစ်မေးဖို့တော့ ခွင့်ပြုထားပါတယ်"

"ဘာဖြစ်လို့ သူ့ကို ခေါ်ဆောင်သွားခွင့် မပြုတာလဲ"

"ဒါတော့ ကျွန်တော်လဲ မသိပါဘူးခင်ဗျာ၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးမှာကြားခဲ့တဲ့ စကားကိုသာပြောပြတာပါ"

"ကောင်းပြီ၊ သူ့ကို စစ်မေးတဲ့အခါမှာ မင်းတို့လေးယောက်စလုံး ဒီမှာပဲ စောင့်နေကြမှာလား"

"ဝမ်လျှံအဖွဲ့ရှင်အနေနဲ့ ကျွန်တော်တို့ကို ဒီမှာ နေခွင့်မပြုရင် ကျွန်တော်တို့ ရှောင်ရှားပေးပါ့မယ်၊ စစ်မေးပြီးတဲ့

အခါမှာတော့ အကျဉ်းသားကို ကျွန်တော်တို့ ပြန်လာပြီး ခေါ်ပါမယ်"

ဝမ်လျှံ အဖွဲ့ရှင်က ရန်ကြူမေအပါအဝင် အားလုံးကို ခေါ်ကြည့်ပြီး....

"ကောင်းပြီ၊ မင်းတို့ ရှောင်ပေးကြတော့"

စေတမန်သည် လက်ကို တစ်ချက်မြှောက်ပြပြီး ခုန်ထွက်သွားလေ၏။ သူ့နောက်မှ အကျဉ်းသားကို တွဲခေါ်လာသော ဝူကြည်အဖွဲ့သားနှစ်ဦးပါ ခုန်လိုက်သွားကြသည်၊ ရန်ကြူမေနှာမူ မူလနေရာ၌ ရပ်မြဲရပ်၍ ကျန်နေရစ်သည်။

ဝမ်လျှံ အဖွဲ့ရှင်က မနှစ်မြို့သောလေသံဖြင့် ရန်ကြူမေအား လှမ်းပြောလိုက်လေ၏။

"မင်းကကော ဘာဖြစ်လို့ မသွားသေးတာလဲ"

ရန်ကြူမေမှာ မတတ်သာ၍ သည်းခံနေရသော မျက်နှာထားဖြင့် တဖြည်းဖြည်း နောက်ဆုတ်သွားလေ၏။

ဝမ်လျှံ အဖွဲ့ရှင်သည် အနီးအနား၌ ရန်ကြူမေအပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှ ရှိမနေကြောင်း သေချာသောအခါမှ မိန်းမပျိုတစ်ဦးအား လှမ်း၍ အမိန့်ပေးလိုက်လေ၏။

"ရိရှင်အကျဉ်းသားကို မင်း စစ်ဆေးမေး"



ရိရှင်သည် ရှေ့သို့တိုးကာ အကျဉ်းသားနှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ရှင့်နာမည် ဘယ်သူလဲ"

အကျဉ်းသားက နှမ်းနယ်စွာဖြေကြား၏။

"ကျုပ်နာမည် ကျန်တာချိန်ပါ"

"ဘယ်အရပ်သားလဲ"

"ကြာနန်ကပါ"

"ကျွန်မတို့ဟာ ဝူကြည်အဖွဲ့သားတွေ မဟုတ်ဘူး၊ ဝူကြည်အဖွဲ့နဲ့ ပြိုင်ဘက်အဖွဲ့တစ်ဖွဲ့ ဖြစ်တယ်ဆိုတာရော ရှင် ရိပ်မိရဲ့လား"

"ကောင်းကောင်း ရိပ်မိပါတယ်၊ ကျုပ်လဲ သိုင်းလောကသားပဲဥစ္စာ"

"ကျွန်မတို့မေးတာကို မှန်မှန်ဖြေပါ"

"ကျုပ်သိသမျှ ဖြေဖို့ အဆင်သင့်ပါပဲ၊ ကျုပ် အချုပ်ခံနေရတာကြာပြီ၊ ဒီတော့ သိုင်းလောကနဲ့ အကြာကြီးအဆက်ပြတ်နေခဲ့တယ်၊ လောလောဆယ် သိုင်းလောကရဲ့ အဖြစ်အပျက်တွေကိုတော့ ကျုပ် ဘာမှဖြေနိုင်မယ် မထင်ဘူး"

ရှိရင်က....

"ကီစ္စမရှိဘူး၊ ကျွန်မတို့ သိချင်တာက အခုသိုင်းလောက မှာ ဖြစ်ပျက်နေတဲ့ ကိစ္စမဟုတ်ဘူး၊ အရင်က ဖြစ်ပျက်ခဲ့တဲ့ ကိစ္စပါ"၊

"ကောင်း...."

ထိုစဉ် ဝမ်လျှံ့အဖွဲ့ချုပ်က ရုတ်တရက် ဝင်၍ပြောလေ၏။

"မင်း သူရဲကောင်းတိန်ရီလုံ အသတ်ခံထားရတဲ့ကိစ္စကို ဘယ်လောက်များများ သိထားသလဲ၊ ဒါပဲ ငါသိချင်တယ်"

"အင်း...ကျုပ်လဲ ထင်သားပဲ၊ ဒီကိစ္စပဲ ဖြစ်လိမ့်မယ်လို့"

"ဘာဖြစ်လို့ ဒီကိစ္စပဲလို့ ထင်ရတာလဲ"

"ကျုပ်ကို ဝူကြည်အဖွဲ့ကဖမ်းပြီး အထပ်ထပ် စစ်မေးခဲ့ တယ်၊ သူတို့စစ်မေးခဲ့တဲ့ မေးခွန်း အားလုံးဟာ တိန်ရီလုံ အကြောင်းချည်းပဲ၊ ကျုပ်ကို တိန်ရီလုံ အသတ်ခံရတဲ့ကိစ္စနဲ့ ဖမ်းထားမှန်း အဲဒီတော့မှ သိတော့တယ်"

ဝမ်လျှံ့အဖွဲ့ချုပ်က....

"မှန်ပါတယ်၊ အခုလဲ တိန်ရီလုံ ဘယ်ပုံဘယ်နည်း သေရ သလဲဆိုတဲ့ အကြောင်းပဲ သိချင်တယ်၊ ဒီကိစ္စဟာ ငါ့အတွက် အင်မတန်မှ အရေးကြီးတယ်၊ မင်းသိထားသမျှ မခြွင်းမချန် အမှန်ကိုပဲ ပြောစေချင်တယ်"



အကျဉ်းသားမှာ ဝမ်လျှံ့အဖွဲ့ချုပ်၏ မျက်နှာဖုံးကို လှမ်း ကြည့်ရင်း....

"ခင်ဗျားကတော့ ဘယ်သူလဲ၊ စောစောက ပြောနေတဲ့ ဝမ်လျှံ့အဖွဲ့ချုပ်ဆိုတာတော့ ကျုပ် သိပြီးပါပြီ၊ တိန်ရီလုံနဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာပဲ ကျုပ်သိချင်တယ်"

ဝမ်လျှံ့အဖွဲ့ချုပ်က ပြတ်သားစွာ မပြောချလိုက်၏။

"တိန်ရီလုံဆိုတာ တခြားလူမဟုတ်ဘူး၊ ငါ့ယောကျ်ားပဲ"

"ဗျာ....ခင်ဗျားက တိန်ကတော် ဟုတ်လား"

"ဟုတ်တယ်....တိန်ကတော်ပဲ၊ ငါသိချင်တာက တိန်ရီလုံ ဘယ်လိုသေရသလဲ ဆိုတာပဲ"

"ဟုတ်ကဲ့....ကျုပ်သိသမျှ ပြောပြဖို့ ဝန်မလေးပါဘူး၊ ဆရာကြီးတိန်ရီလုံရဲ့ ကျေးဇူးဟာ ကျုပ်အပေါ်တင်ရှိခဲ့ဖူး ပါတယ်"

ဝမ်လျှံ့အဖွဲ့ချုပ်သည် အလွန်တရာ အားတက်သွား၏။ ခင်ပွန်းသည်၏ ကျေးဇူးတင်ရှိခဲ့ဖူးသည်ဆိုပါက အမှန်တရား ကိုကြားရန် ပိုသေချာသည် မဟုတ်ပါလား။

"သိပ်ကောင်းတယ်၊ တိန်ရီလုံကို ဘယ်သူသတ်ပစ်လိုက် သလဲ၊ အဲဒီအချက်ကို ပထမဆုံး ပြောစမ်းပါ"

အကျဉ်းသားက ပြတ်သားစွာ ဖြေသည်။

"ရွှေဟသ်ာအဖွဲ့က ကျွန်ုပ်တော်ပဲ"

ဝမ်လျှံ့အဖွဲ့ရှင်သည် ထိုအဖြေအတွက် သိပ်အံ့သြခြင်း မဖြစ်မိပေ၊ အဘယ့်ကြောင့်ဆိုသော် ကြာဖြူမယ်နှင့် တွေ့ဆုံဆွေးနွေးပြီးကတည်းက တိန်ရှီလုံကို ကျွန်ုပ်တော်သတ်သည်ဟု သိရှိခဲ့ရသောကြောင့်တည်း။

ကြာဖြူမယ်သည်လည်း ဤအကျဉ်းသား၏ အစစ်ခံချက်ကို အခြေပြု၍ သူတို့အား ယင်းအဖြေကိုပေးခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ဝမ်လျှံ့အဖွဲ့ရှင်၏ လေသံမှာ အနည်းငယ် မာလာသည်။

"ဒီကိစ္စဟာ ပေါ့ပေါ့တန်တန်ကိစ္စမဟုတ်ဘူး၊ ငါ့အဖွဲ့ကြီးတစ်ဖွဲ့ကို ဦးစီးဦးဆောင်ပြုလာရတဲ့ ရည်ရွယ်ချက်ထဲမှာ ငါ့ယောကျ်ားကို ဘယ်သူသတ်သလဲဆိုတဲ့ အချက်ကို ဖော်ထုတ်ဖို့ ရည်ရွယ်ချက်လဲ ပါတယ်၊ မင်းအနေနဲ့ လေးလေးနက်နက် ဖြေပါ၊ မှန်မှန်ကန်ကန်ပြောပါ၊ တလွဲတချော်တွေပြောလို့ကတော့ မင်းအသက်ဟာ လွယ်မှာမဟုတ်ဘူး၊ ငုကြည်အဖွဲ့ ခေါင်းဆောင်ချုပ်ကိုလဲ ငါဂရုမစိုက်ဘူး"

ကျွန်ုပ်တာချိန်က....

"ဟုတ်ကဲ့....ကျုပ်ဟာ သိုင်းလောကသား တစ်ယောက်ပါ၊ ကျုပ်ကို တကူးတက ခေါ်လာပြီး စစ်မေးတယ်ဆိုကတည်းက ဒီအချက်ကို ကျုပ်သဘောပေါက်ပြီးသားပါ"



ဝမ်လျှံ့အဖွဲ့ရှင်က ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ငါ့ယောကျ်ားကို ကျွန်ုပ်တော်က ဘာဖြစ်လို့ သတ်ရတာလဲ"

"သူ့ယောကျ်ားအတွက် လက်တုံ့ပြန်တာပါ"

ဝမ်လျှံ့အဖွဲ့ရှင်က လှောင်ပြောင် ရယ်မောလိုက်လေ၏။

"အဲဒီစကားက အတော်ကလေးယုံတ္တိမတန်တဲ့စကားပဲ"

ကျွန်ုပ်တာချိန်က....

"ဘာဖြစ်လို့လဲဗျာ"

"မင်းဟာ သိုင်းလောကသားတစ်ယောက်ပဲ၊ ရွှေဟသ်ာအဖွဲ့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ် ကျွန်းတုံရင်ဟာ အင်မတန်ကြီးကျယ်တဲ့ တိုက်ပွဲကြီးတစ်ပွဲမှာ ကျဆုံးသွားတယ်ဆိုတာ သိုင်းလောကသားတိုင်း အသိပဲ၊ မင်းကော မသိဘူးလား"

"ဟုတ်ကဲ့... ကျုပ်လဲ သိပါတယ်"

"သိလျက်သားနဲ့များ ငါ့ယောကျ်ားက ရွှေဟသ်ာအဖွဲ့ခေါင်းဆောင်ချုပ် ကျွန်းတုံရင်ကို သတ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ လူ့လောကမှာ မရှိတော့တဲ့ ကျွန်းတုံရင်ကို ငါ့ယောကျ်ား တိန်ရှီလုံက ဘယ်လိုသတ်နိုင်မှာလဲ၊ အဲဒါကို

ကျွန်ကတော်ကကော မသိဘူးလား၊ မင်း စကားပြောရင် တွေးတွေးဆဆ ချိန်ချိန်ဆဆ ပြောပါ"

ကျွန်တော်ချိန်က ရဲရဲဝံ့ဝံ့ပင် ပြန်ဖြေသည်။

"ရှေ့ဟသ်ာအဖွဲ့ရဲ့ ခေါင်းဆောင်ချုပ်ကြီး ကျွန်းတုံ့ရင် သေသွားပြီဆိုတာ ကျုပ်လဲ ကြားခဲ့ပါတယ်၊ အကယ်၍ ကာယကံရှင်တွေ ပြောနေတဲ့ စကားတွေကိုသာ မကြားရင် ကျုပ်လဲ ဒီလိုမပြောပါဘူး"

"မင်းက ဘယ်သူတွေဆီက ကြားခဲ့တာလဲ"

"ဆရာကြီးတိန်ရီလုံ ဒဏ်ရာရပြီး ကျွန်ကတော်နဲ့ ပြောနေတဲ့စကားတွေကို ကြားခဲ့ရလို့ပါ"

"ကောင်းပြီ၊ ငါ့ခယောက်ျားက ကျွန်းတုံ့ရင်ကိုသတ်ခဲ့တဲ့ ကိစ္စကို သူတို့ချင်းပြောကြတာကို ထားလိုက်ပါတော့၊ ငါ့ ယောက်ျားကို ကျွန်ကတော် သတ်တယ်ဆိုတာကကော မင်းမျက်မြင်လား၊ ဒါမှမဟုတ် သူများရဲ့အပြောလား"

ကျွန်တော်ချိန်က ခိုင်ခိုင်မာမာပြောလေ၏။

"ကျုပ် မျက်မြင်ပါ"

ဝမ်လျှံအဖွဲ့ရှင်က အေးစက်စက်ပြောလိုက်သည်။



"တကယ်တမ်းသာကျွန်ကတော်သတ်ရင်တော့ ဒီရာဇဝင် ကြေးဟာ ဘယ်တော့မှ မကျေနိုင်တော့ဘူး"

ကျွန်တော်ချိန်က....

"ကျုပ်က သူများအကျဉ်းသားဖြစ်နေတဲ့ လူပဲဗျာ၊ ဘယ်မှာ မဟုတ်တာပြောလို့ ဖြစ်ပါမလဲ"

ဝမ်လျှံအဖွဲ့ရှင်က...

"ကောင်းပြီ၊ ငါ့ခယောက်ျားဟာ ကျွန်ကတော်ဆီ ဘယ်လိုရောက်လာတာလဲ"

ကျွန်တော်ချိန်က ခေါင်းညိတ်ပြီး....

"ကျုပ်ကလဲ အဲဒီတုန်းက အဆင်သင့်သွားတာပါ၊ ရှေ့ဟသ်ာအငူနားက ဘာစ်ပင်တစ်ပင်ပေါ်ကို ရောက်နေခဲ့ပါတယ်"

"မင်းက ဘာဖြစ်လို့ အဲဒီကို ရောက်နေရတာလဲ"

"ကျုပ်က သိုင်းလောကသားဆိုပေမယ့် ဂိုဏ်းဂဏရှိတဲ့ သိုင်းသမားမှ မဟုတ်ဘဲဗျ၊ တစ်ကိုယ်တော်သိုင်းသမားဆိုတော့ သိုင်းလောကအနှံ့ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက်နေတာပဲ၊ နောက်ပြီး သိုင်းလောကရဲ့ အဖွဲ့ကြီးအဖွဲ့ငယ် အသွယ်သွယ်ဆီက လျှို့ဝှက်သတင်းကလေးတွေ ဘာလေးတွေ ရသိုရငြား ထောက်လှမ်းခဲ့တာပဲပေါ့ဗျာ"

"အင်း....ဆိုစမ်းပါဦး၊ ငါ့ယောက်ျား ရွှေဟင်္သာအဖွဲ့ဆီ ရောက်လာပုံကို"

"ကျုပ်ပုန်းနေတဲ့ သစ်ပင်ကြီးနားမှာ ကျုန်ကတော်နဲ့ သူ့အဖွဲ့သားတချို့ စခန်းချနေတုန်း သူရဲကောင်းကြီးတိန်ဒီလို ရောက်လာတာပဲဗျ"

"ဒီအတိုင်း လူကောင်းသူကောင်းပုံစံ အတိုင်းပဲလား"

"ဘယ်ဟုတ်မလဲ၊ ဒဏ်ရာတွေနဲ့ပေါ့၊ ဒါပေမယ့် ဒဏ်ရာတွေက သေလောက်တဲ့ဒဏ်ရာတွေ ဟုတ်ပုံမရပါဘူး"

"ဒီတော့"

"သူရဲကောင်းကြီး တိန်ဒီလို ဒီပုံစံနဲ့ပြေးလာတာမြင်တော့ ကျုန်ကတော် သိပ်အံ့သြသွားတယ်၊ တိန်ဒီလိုကို လေးလေးစားစားပဲ ကြိုဆိုပါတယ်"

"နောက်တော့ကော"

"ကျုန်ကတော်က မေးတယ်၊ 'တိန်ဒီလို ရှင် ဘာဖြစ်လာတာလဲ၊ ဘယ်သူနဲ့ တိုက်ပွဲဖြစ်လာတာလဲ' လို့ မေးပါတယ်"

"ငါ့ယောက်ျားက ဘာပြန်ပြောသလဲ"

"သူရဲကောင်းကြီး တိန်ဒီလိုကတော့ ခပ်အေးအေးပါပဲ၊ 'ခင်ဗျား ယောက်ျားနဲ့ တိုက်ပွဲဖြစ်လာတာ' လို့ အမှန်အတိုင်းပဲ ပြောပါတယ်"



"ဒီတော့ ကျုန်ကတော် စိတ်ပူသွားမှာပေါ့"

"ပူတာပေါ့၊ သူကချက်ချင်းမေးတယ်၊ 'ကျုန်မယောက်ျား ဘာဖြစ်သွားသေးသလဲ' တဲ့၊ အဲဒီစကားကိုပဲ ထပ်ခါတလဲလဲ မေးတာပဲ"

"ငါ့ယောက်ျားက ဘာပြောသလဲ"

"သူရဲကောင်းကြီး တိန်ဒီလိုကတော့ ဝေ့လည်ကြောင်ပတ် လုပ်မနေပါဘူး၊ 'ကျုပ်သတ်လို့ ခင်ဗျားယောက်ျား သေပြီ' လို့ တဲ့တိုးကြီး ပြောချတာပဲ"

"အဲဒီလိုပြောတာနဲ့ ကျုန်ကတော်က ငါ့ယောက်ျားကို ဝိုင်းဖမ်းပြီး သတ်ပစ်လိုက်တာလား"

"မသတ်ပါဘူး၊ ကျုန်ကတော်က မေးတယ်၊ 'ကျုန်မယောက်ျားက ရှင့်ကို ဘာများ စော်ကားမော်ကား လုပ်လိုက်လို့ပါလဲ' လို့"

"ဒီတော့"

ကျုန်တာချိန်က....

"ကျုန်ကတော်ရဲ့မေးခွန်းက နိမိတ်ပြမေးခွန်းပါ၊ အကယ်၍ သူရဲကောင်းကြီး တိန်ဒီလိုကသာ 'ဟုတ်တယ်ဗျာ၊ ခင်ဗျား ယောက်ျားက ကျုပ်ကိုလာပြီး ရန်စစော်ကားလို့ ကျုပ်နဲ့ တိုက်ရင်း သေသွားတာလို့' ပြောရင် ကျုန်ကတော်က သူ့ရဲ

ကောင်းကြီး တိန်ရီလုံကို အပြစ်က ခွင့်လွှတ်မယ့်သဘောမျိုး ရှိပါတယ်၊ သူ့စိတ်ထဲ တကယ်တမ်း ဘယ်လိုရှိတယ်ဆိုတာ တော့ မသိဘူးပေါ့ဗျာ"

"ငါ့ယောကျ်ားက မဖြင်းကွယ်ဘူးဆိုပါတော့"

"မဖြင်းကွယ်ပါဘူး၊ မဖြင်းကွယ်တဲ့အပြင် သူက ခပ် ပြတ်ပြတ်ပြောသေးတယ်၊ 'ခင်ဗျားယောကျ်ားက ရန်စတာ မဟုတ်ဘူးဗျ၊ ကျုပ်က စိန်ခေါ်ပြီးတိုက်ကြလို့ ခင်ဗျား ယောကျ်ားသေသွားတာ'တဲ့၊ ကဲ...ကောင်းရော"

ဝမ်လျှံအဖွဲ့ရှင်မှာ ဘာမှမပြောနိုင်ဘဲ ဖြစ်သွားသည်။

ကျန်တာခိုင်က ဆက်ပြောလေ၏။

"ဒီတော့ ကျန်ကဘော်လဲ ဘယ်သည်းခံနိုင်တော့မလဲ ဗျာ၊ သူ့အဖွဲ့သားတွေကို အချက်ပေးပြီး သူရဲကောင်းကြီး တိန်ရီလုံကို ဝိုင်းတိုက်တော့တာပေါ့"

ဝမ်လျှံအဖွဲ့ရှင်က တစ်ဆို့စွာ မေးလိုက်၏။

"အဲဒီမှာ ဖမ်းမိသွားရောလား"

"မဖမ်းမိပါဘူး"

"ဘာ..."



"ဟုတ်တယ်လေ၊ ကျန်ကတော်နဲ့ သူ့အဖွဲ့သားတွေက သူရဲကောင်းကြီးတိန်ရီလုံကို ဖမ်းမှမဖမ်းနိုင်တာပဲ"

"မင်းစကားက ဘာစကားလဲ၊ ဘာဖြစ်လို့ ဝေ့လည် ကြောင်ပတ် ပြောနေတာလဲ"

"ကျုပ်က ခဝေ့လည်ကြောင်ပတ်ပြောတာမဟုတ်ပါဘူး၊ ခင်ဗျားက ဖြတ်မေးနေလို့ ဖြတ်ဖြတ်ပြောနေရတာပါ"

"ကဲ....ရှင်းရှင်းပြော"

"သူရဲကောင်းကြီးတိန်ရီလုံဟာ သေလောက်တဲ့ ဒဏ်ရာ ရနေတာမျိုး မဟုတ်တော့ ကျန်ကဘော်နဲ့ ရွှေဟသာအဖွဲ့ သားတွေရဲ့ ကြားထဲက ဖောက်ထွက် ပြေးသွားနိုင်ခဲ့တယ် ဗျ...."

"ကျန်ကတော်က ဆက်မလိုက်ဘူးလား"

"ဘယ်လိုက်နိုင်မလဲ၊ သူ့ရဲကောင်းကြီး တိန်ရီလုံက ကိုယ်ဖော့ပညာ သိပ်ကောင်းတာကိုးဗျ၊ ကျန်ကတော်တို့ လူစုကို အသာလေး မျက်ခြည်ပြတ်သွားနိုင်ခဲ့တယ်"

"ကဲ... ဆက်ပြောစမ်းပါဦး"

"ဒီလိုဗျ၊ ကျန်ကတော်တို့ အဲဒီနေရာက ထွက်သွားတော့ ကျုပ်လဲ သစ်ပင်ပေါ်က ဆင်းလိုက်ရတာပဲ၊ သူရဲကောင်း ကြီး တိန်ရီလုံနဲ့ ထပ်တွေ့တာ၊ ကျန်ကတော်က ဘယ်လို

လုပ်ကြံဘာဆိုတာတွေကို ကျုပ်တစ်ယောက်တည်းမြင်ခဲ့တာ ဗျ၊ ကျုပ်သာ ဒီလောကထဲမှာ မရှိရင် ဒီသတင်းစကားကို ဘယ်သူမှ မသိနိုင်တော့ဘူး"

ဝမ်လျှို အဖွဲ့ချုပ်က မေးခွန်းထုတ်လိုက်သည်။

"ငါ မေးစမ်းပါဦးမယ်၊ ကျန်ဘာတော်တောင် လိုက်လို့ မမီတဲ့ ငါ့ယောကျ်ားနောက်ကို မင်း ဘယ်လိုလိုက်သွားနိုင်ရတာလဲ"

ကျန်ဘာချိန်က....

"ဒါကို ခင်ဗျားမေးလိုက်ပါတယ်၊ တကယ်တော့ ကျုပ်နဲ့ တိန်ရှီလုံက အဲဒီနေ့မှာ ထပ်မတွေ့တော့ဘူးဗျ၊ တွေ့တာက နောက်တစ်ရက်မှာပါ၊ ကျုပ်လဲ ကျန်ဘာတော်နဲ့ တိန်ရှီလုံ ပြောတဲ့ စကားတွေကို စဉ်းစားပြီး ရွှေဟသ်ာအင်ဆဲတက်က နေ ကျန်နန်ဘက်ကို ခရီးဆက်လာခဲ့တယ်၊ အဲဒီလိုထွက်ခဲ့တာကပဲ အမှတ်မထင် တိုက်ဆိုင်မှု တစ်ခုနဲ့ ကြုံတွေ့ခဲ့ရတာပါပဲဗျာ"

"ဆက်ပြောပါ၊ ဘာတွေကြုံတွေ့ရတာလဲ"

"အဲဒီလို ကျုပ်တစ်ယောက်တည်း ခရီးထွက်လာတဲ့ အချိန်မှာ ကျုပ်နောက်က တခွပ်ခွပ်နဲ့ မြင်းခွာသံ ကြား



လိုက်ရတယ်၊ ဒါနဲ့ ကျုပ်လဲ တပျာကယာ သစ်ပင်ခေါင်ခုန်တက်ပြီး ပုန်းလိုက်ရတယ်"

ရှုံကူလင်က ဝင်မေး၏။

"မြင်းစီးလာတာ ဘယ်သူလဲ"

"ဘယ်သူရှိရမလဲ၊ တိန်ရှီလုံပေါ့၊ ဒက်ဆု ဒဏ်ချက်တွေ ရထားပေမယ့် အဘုင်းအားကောင်းတော့ တိန်ရှီလုံဟာ သိပ်ဟန်မပျက်ဘူး၊ မြင်းကို ခပ်မှန်မှန်ပဲ စီးလာတယ်၊ မြင်းကြီးကတော့ မြင်းဖြူကြီးပါ၊ တကယ့် မြင်းကောင်းကြီးပါပဲ၊ အချိန်ကတော့ နေဝင်ဆည်းဆာအချိန်ပေါ့"

ဝမ်လျှို အဖွဲ့ချုပ်က....

"မြင်းစီးပြီး သူက ဘယ်သွားတာလဲ"

ကျန်တာချိန်က....

"အဲဒါပြောတာပေါ့၊ မြင်းကြီးစီးလာပြီး တောထဲ ဝင်သွားတော့ ကျုပ်လဲ မအံ့သြဘဲ ဘယ်နေပါ့မလဲ၊ အချိန်ကိုလဲ ကြည့်ဦးလေ၊ နေဝင်ဆည်းဆာအချိန်ကြီးမှာ သူက ဘာဖြစ်လို့ တောထဲ ဝင်ရတာလဲ၊ စဉ်းစားစရာ သိပ်ကောင်းနေတာပေါ့ မဟုတ်ဘူးလား"

ရှုံကူလင်က ခေါင်းညိတ်၏။

"မှန်တယ်၊ ပြဿနာတွေနဲ့ ရှုပ်ထွေးနေတဲ့ သူ့ရဲ့ကောင်းကြီးဟာ သူ့တစ်ယောက်တည်း ညနေဆည်းဆာအချိန်တောတွင်းဝင်သွားတယ်ဆိုတော့ ဘယ်သူပဲဖြစ်ဖြစ်စဉ်းစားကြမှာပဲ၊ သံသယရှိကြမှာပဲ"

ကျန်တာချိန်က....

"ကျုပ်က ပိုဆိုးတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျုန်ကတော်ကြီးနဲ့ တိန်ရီလုံ တိုက်ခိုက်ကြတာ ဘာကြောင့် တိုက်ခိုက်ကြတယ်ဆိုတာတွေ သိနေတော့ ကျုပ်က ပိုစိတ်ဝင်စားမိတာပေါ့"

ဝမ်လျှုံအဖွဲ့ရှင်က....

"ဒါနဲ့ မင်းလဲ သူ့နောက်ကို လိုက်သွားတယ်ဆိုပါတော့"

ကျန်တာချိန်က ခေါင်းညိတ်ပြ၏။

"ကျုပ်တို့ခေတ်မှာ သူ့ရဲ့ကောင်းကြီး တိန်ရီလုံလောက်စိတ်ဝင်စားစရာ ကောင်းတဲ့ သိုင်းသမား မရှိပါဘူးဗျ၊ သူက သိုင်းပညာကျတော့လဲ ထိတ်ထိတ်ကြဲ၊ ရင်ချောအပြော်ကောင်း၊ မိန်းမချိုတိုင်းလိုလို မဆွတ်ခင်က ညွတ်ချင်နေတဲ့လူ၊ ဒီလိုလူမျိုးနောက်လိုက်ရင် ထူးဆန်းတာ တစ်ခုမဟုတ်တစ်ခု တွေ့မယ်ဆိုတာ မြေကြီးလက်ခတ် မလွဲပေါ့



ဗျာ၊ ဒါကြောင့်မို့ သူ့နောက်က တိတ်တခိုးလိုက်သွားခဲ့ပါတယ်"

ရှုံကူလင်က....

"ခင်ဗျား နောက်ကလိုက်တယ်ဆိုတာ သူနည်းနည်းမှ မရိပ်မိဘူးလား"

ကျန်တာချိန်က အသံထွက်အောင်ရယ်လိုက်၏။ အကျဉ်းသား ကျန်တာချိန်အနေဖြင့် ပထမဦးဆုံးအကြိမ် ရယ်လိုက်ခြင်းပေတည်း။

"ကျုပ်က သိုင်းလောကသားပဲ၊ ပ စ်ကိုယ်တော် သိုင်းသမားလဲဖြစ်တယ်၊ နောက်ပြီး သူ့ရဲ့ကောင်းကြီး တိန်ရီလုံဟာ ဘယ်လောက် သိုင်းပညာစွမ်းထက်တယ် ဆိုတာလဲကျုပ်က သိနေသေးတယ်၊ ဘယ်ပေါ့ပေါ့ဆဆ လိုက်မလဲဗျာ၊ သတိဝီရိယ ကောင်းကောင်းထားပြီး လိုက်တာပေါ့၊ ဒီတော့ ကျုပ် လိုက်လာတယ်ဆိုတာ တိန်ရီလုံ ဘယ် သိတော့မလဲ"

"အင်း....ဆက်ပြောပါဦးဗျာ"

"သူ့နောက်က ကပ်မလိုက်ဝံ့တော့ ခပ်ခွာခွာ လိုက်ရတာပေါ့၊ အမှောင် တော်တော်ပျိုးလာတဲ့အခါကျတော့ ကျုပ်ရှေ့က မြင်ကွင်း ပျောက်သွားတယ်၊ မြင်းခွာသံလဲ

မကြားရတော့ဘူး၊ ဒီတော့ ကျုပ်စိတ်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်၊ ကျုပ်လိုက်လာတာ သိသွားလို့ဗျား တိန်ရိုလုံက တစ်နေရာက စောင့်ဖမ်းနေသလားဆိုပြီး ခရီးလမ်းတည့်တည့် မလိုက်ဝံ့တော့ဘူး၊ သစ်ပင်အကြို အကြားကနေကွေ့ကောက်ပြီး နောက်ယောင်ခံလိုက်ရတော့တယ်"

"သူရဲကောင်းကြီး တိန်ရိုလုံကို ပြန်ပြီး ခြေရာခံမိရဲ့လားဗျာ"

"ခံမိပါတယ်၊ ခြေရာခံမိပုံကလဲ သိပ်ခက်ခက်ခဲခဲ မဟုတ်ပါဘူး၊ တိန်ရိုလုံရဲ့ မြင်းကြီးကို သစ်ပင်တစ်ပင်မှာ ချည်ထားတာ တွေ့တာပဲဗျ၊ တိန်ရိုလုံကိုတော့ မတွေ့ရဘူး၊ ကျုပ်လဲ မျက်စိကို အစွမ်းကုန်ဖွင့်၊ နားကို အစွမ်းကုန် စွင့်ထားရတယ်၊ ကျုပ်ကို ပုန်းကွယ်ပြီးတိုက်ခိုက်ရင် ဘယ်လိုလုပ်မလဲ"

"အင်း....ဟုတ်တာပေါ့၊ သတိဆိုတာ ပိုတယ်မရှိဘူး လိုတယ်ပဲ ရှိတာပဲ"

"ကျုပ်လဲ အတော်ကြာကြာငြိမ်ပြီး စောင့်ကြည့်နေခဲ့တယ်၊ ဘာလှုပ်ရှားမှုမှမတွေ့တော့ တဖြည်းဖြည်း ရှေ့ကိုတိုးလာတယ်၊ လား....လား....ကျုပ်ရှေ့မှာ ဘုရားကျောင်းပျက်ကြီးတစ်ခု ရှိနေတာကိုဗျ၊ တောထဲ တောင်ထဲမှာ ဒီလောက်ကြီးကျယ်တဲ့ ဘုရားကျောင်းပျက်ကြီးရှိနေတာကို



ကျုပ် အံ့ဩမိတယ်၊ ကျုပ်စိတ်ထင်တော့ ဟိုး....ရှေးပဝေသဏီက ဒီနေရာတစ်ဝိုက်ဟာ မင်းနေပြည်တော်တစ်ခုခု ဖြစ်ကောင်း ဖြစ်နိုင်တယ်လို့ မှတ်ယူမိတယ်၊ ဒါကြောင့်သာ ဒီလောက်ကြီးမားတဲ့ ဘုရားကျောင်းကြီး ရှိနေနိုင်တာပေါ့"

ရှုံကူလင်က ...

"ခင်ဗျား အဲဒီဘုရားကျောင်းထဲ ဝင်လိုက်သွားရောလား"

ကျန်တာချိန်က....

"ဘယ်ဝင်လိုက်ရဲမလဲ၊ သူ့မြင်းကိုချည်ထားတဲ့ သစ်ပင်နဲ့ မနီးမဝေး သစ်ပင်တစ်ပင်ပေါ်ကို ခုန်တက်ပြီး ပုန်းအောင်းနေလိုက်တာပေါ့၊ တိန်ရိုလုံ တစ်ခုခုလုပ်တာကို ဒီသစ်ပင်ကြီးပေါ်က စောင့်ကြည့်မယ်ဆိုတဲ့ သဘောပါပဲ"

ရှုံကူလင်က....

"မှောင်ကြီးထဲမှာ ခင်ဗျား ဘယ်လိုမြင်နိုင်မလဲ"

ကျန်တာချိန်က ရယ်ရင်း....

"အဲဒါကြောင့် မြင်းကိုချည်ထားတဲ့ မနီးမဝေးသစ်ပင်ပေါ် တက်ပုန်းတာပေါ့"

ဝမ်လျှံအဖွဲ့ရှင်က ဝင်မေးလိုက်၏။

"ကဲ....ဆိုစမ်းပါဦး၊ နောက်တော့ ဘာတွေသလဲ"

"အင်း....တွေ့ရပုံကတော့ ခပ်ဆန်းဆန်းပါပဲဗျာ၊ ကျုပ်က တိန်ရီလို့ ဘာလုပ်မလဲဆိုတာ ချောင်းပြီးကြည့်နေတယ်၊ ကျုပ် ပထမဦးဆုံး တွေ့ရတာကတော့ တိန်ရီလို့မဟုတ်ဘူးဗျ။ မီးအိမ်တစ်ခုကို ကိုင်လာတဲ့ မိန်းမတစ်ယောက်ပဲဗျ"

ဝမ်လျှံအဖွဲ့ရှင်က တအံ့တသြမေးလိုက်၏။

"ဘယ်က မိန်းမလဲ"

"ကျုပ်လဲ ဘယ်သူဆိုတာ စောင့်ကြည့်နေရတာပေါ့၊ သူလဲ ကျုပ်လာတဲ့လမ်းဘက်ကနေ ဘုရားကျောင်းပျက်ဆီ လာနေတာပဲဗျ၊ ကျုပ်လဲ အဲ့ မိန်းမ ဘယ်သူဖြစ်မလဲဆိုတာ တွေးကြည့်နေပါတယ်၊ သူ့ရဲကောင်းကြီး တိန်ရီလို့ဟာ မကောင်းသူပယ်၊ ကောင်းသူကယ်တဲ့ သိုင်းသမားကြီးတစ်ယောက်ပါပဲ၊ ဒါပေမယ့် သူ့ဆီမှာ ပီယဆေးရှိတယ် ထင်ရလောက်အောင် တွေ့တဲ့မိန်းမတိုင်းက သူ့ကိုကြိုက်နေတာကခက်နေတယ်၊ သူလဲ ယောကျ်ားသားဆိုတော့ မရှောင်နိုင်ဘူးပေါ့ဗျာ၊ ဒီတော့ အပြင်ကကြည့်လိုက်တော့ ဝင်းပမှည့်ရှန်းနေတဲ့ သဖန်းသီးကြီးထဲမှာ ပိုးဟွေ့ထိုးနေသလို တိန်ရီလို့ဟာလဲ သိုင်းလောကမှာ နာမည်ပျက်နေရတော့တာပေါ့"



ထိုအခါ ငြိမ်ငြိမ်သက်သက်နားထောင်နေခဲ့သောဝမ်လျှံအဖွဲ့ရှင်သည် တင်းမာခက်ထန်သောလေသံဖြင့် ဝင်ပြောလာလေ၏။

"င့ါယောကျ်ားဟာ မိန်းကလေးက သဘောမတူဘဲနဲ့ ဘယ်တော့မှ ဗလက္ကာရမလုပ်ဘူး ဆိုတာဘဲ၊ မိန်းမတွေကိုက သူ့ကို လိုလိုလားလား လက်ခံကြလို့သာ သူ့မှာ နာမည်ပျက်ခဲ့တာပါ"

ကျန်တာချိန်က....

"ဟုတ်ပါတယ်၊ ကျုပ်ကလဲ သူ့ရဲကောင်းကြီးတိန်ရီလို့ကို အပြစ်တင်ပြီးပြောနေတာ မဟုတ်ပါဘူး၊ မိန်းမတွေကိုက သူမဆွတ်ခင်ကတည်းက ညွတ်ချင်နေကြတယ်ဆိုတာ ကျုပ်ပြောပြီးပါပြီ၊ ဒီအချက်ကို ဝါစဉ်ကြီးသိုင်းဆရာကြီး တော်တော်များများက သိရှိထားကြပါတယ်၊ ဒါကြောင့်လဲ သူ့ရဲကောင်းကြီးတိန်ရီလို့ဟာ သိုင်းလောကမှာ နာမည်မွေးနေခဲ့တာပေါ့"

ရုံကျူလင်က ဝင်ပြော၏။

"ကဲပါဗျာ....ခင်ဗျားပြောနေတာ လိုရင်းကို မရောက်နိုင်ဘူး၊ ကျုပ်တို့က လိုရင်းကို နားထောင်ချင်တာဗျ၊

စီကာပတ်ကုံး ပြောနေတာကို သိပ် နားထောင်ချင်တာ မဟုတ်ဘူး"

အကျဉ်းသား ကျွန်တာချိန်က ရယ်ရယ်မောမောပင် ပြောသည်။ ဤအခြေအနေမျိုး၌ သူမို့ ရယ်မောနိုင်ပေသည်၊ တော်ရုံတန်ရုံ စိတ်ဓာတ်ပျော့သူဆိုလျှင် မည်သို့မျှ ရယ်မောနိုင်လိမ့်မည် မဟုတ်ပေ။

❖

## အခန်း ( ၁၀၉ )

### ကျွဲနဲ့ဆင်

ဝမ်လျှံ အဖွဲ့ရှင်ကလည်း ငင်ပြော၏။

"ဟုတ်တယ်၊ မင်းပြောနေတဲ့စကားတွေကငါ့ယောကျ်ား ကို သိက္ခာချနေတာ မဟုတ်ပေမယ့် သိက္ခာချနေသလို ဖြစ်နေ တယ်၊ တိုတိုရှင်းရှင်းနဲ့ လိုရင်းကိုသာ ပြောပေတော့"

ကျွန်တာချိန်က....

"ဒီမိန်းမဟာ တဖြည်းဖြည်းနဲ့ ဘုရားကျောင်းပျက်အနီး ကို ရောက်လာပါတယ်"

ဝမ်လျှံ အဖွဲ့ရှင်က ခက်ထန်စွာ မေးလိုက်၏။

"ဒီမိန်းမက ဘယ်သူလဲ"

"ကျုပ်မသိပါဘူး၊ သူစိမ်းမိန်းမ တစ်ဦးပါပဲ"

"မင်း မလိမ်နဲ့၊ မှန်မှန်ပြော"

"မလိမ်ပါဘူး၊ ဒီမိန်းမကို ကျုပ်တစ်ခါမှမမြင်ဖူးပါဘူး"

ဝမ်လျှံအဖွဲ့ရှင်က ရီရင်အား အချက်ပြလိုက်၏။

"ရီရင်....သူ မှန်မှန်ပြောအောင် လုပ်စမ်း"

ရီရင်သည် ကျန်တာချိန်၏ လက်ဝဲဘက် လက်မောင်းကို ဖမ်းကိုင်လိုက်၏။ ကျန်တာချိန်၏ ဖြူဆွတ်သော မျက်နှာ၌ ချွေးသီးချွေးပေါက်များကျလာသည်။ မကြာမီနှုတ်မှညည်းညူလာမိ၏။

ရီရင်က ခက်ထန်မာကျောစွာ ပြောလေ၏။

"ဒါ အစပဲ ရှိသေးတယ်၊ ဒါကို ခံနိုင်ရည်ရှိတယ်၊ ရှေ့ဆက် စမ်းချင်သေးတယ်ဆိုရင်လဲ ရှင့်သဘောပဲ"

ကျန်တာချိန်က ညည်းညည်းညူညူဖြင့် ပြောလေ၏။

"မလုပ်ပါနဲ့တော့ဗျာ၊ ကျုပ် ဖွင့်ပြောပါ့တော့မယ်"

ရုံကူလင်က ဘေးမှစိတ်မသက်မသာဖြစ်ဟန်ဖြင့် ဝင်ပြောလေ၏။



"ခင်ဗျားကလဲဗျာ....ပြောလက်စနဲ့ အစအဆုံး ရိုးရိုးသားသား ပြောလိုက်တာမဟုတ်ဘူး၊ ခုတော့ ခင်ဗျားမှာလဲ မသက်သာဘူး၊ ကျွန်တော်တို့လဲ စိတ်အနှောင့်အယှက်ဖြစ်ရတယ်"

ကျန်တာချိန်မှာ ရုတ်ရက် မည်သည့်စကားမျှ ပြန်မပြောနိုင်ဘဲ ဖြစ်နေ၏။

ဝမ်လျှံအဖွဲ့ရှင်က....

"ရီရင် လွှတ်ပေးလိုက်တော့"

ရီရင်က လွှတ်ပေးလိုက်ပြီး....

"ကဲ....တိတိကျကျ မှန်မှန်ကန်ကန်ပြောပေတော့၊ ကျွန်မတို့အနေနဲ့ ဝူကြည်အဖွဲ့ကို လုံးဝမကြောက်ဘူး၊ ရှင့်ကို သတ်ပြီးမှ သူတို့နဲ့ တိုက်ခိုက်ရလဲ တိုက်ခိုက်မှာပဲ"

"ကျုပ် ပြောပါတော့မယ်ဗျာ"

ဝမ်လျှံအဖွဲ့ရှင်က....

"ကဲ....ပြောပေတော့"

ကျန်တာချိန်က....

"တိန်ကတော်....သိုင်းလောကထဲက ယပ်တောင်နီဆိုတဲ့ သိုင်းဒေဝီတစ်ယောက်ကို သိပါသလား"

ဝမ်လျှံ့အဖွဲ့ရှင်က....

"ဟာ....ယပ်တောင်နီ ဟုတ်လား၊ ယပ်တောင်နီက အပျိုမှမဟုတ်ဘဲ၊ သူ့မှာ ယောကျ်ားရှိတယ်၊ ငါ့ယောကျ်ားက ဒီလိုမလွတ်မလပ် အမျိုးသမီးတွေနဲ့ ဘယ်တော့မှ မဖောက်ပြားဘူး"

ကျွန်တာချိန်က....

"ဒါတော့ ကျွန်တော် မပြောတတ်ဘူး၊ အဲဒီ မီးအိမ်ကိုင်ပြီး ဘုရားကျောင်းပျက်ဆီလာတဲ့ အမျိုးသမီးကတော့ ယပ်တောင်နီ သိုင်းဒေဝီပါပဲ၊ ခင်ဗျားတို့ အတင်းအကျပ် တိုက်တွန်းလို့သာ ထုတ်ပြောရတာပါ၊ တကယ်တော့ ကျုပ်လဲ မပြောချင်ပါဘူး"

ရှုံကူလင်က ဝင်ပြော၏။

"ထားပါတော့ဗျာ....ယပ်တောင်နီပဲထားပါတော့နောက်တော့ ဘာဖြစ်ကြသလဲ"

"ယပ်တောင်နီမှ ယပ်တောင်နီ အစစ်ပါ၊ သူ့သက်ထဲက မီးအိမ်ရဲ့ အလင်းရောင်က သူ့ကို ထင်လင်းအောင် ထွန်းပြနေတာပဲ၊ ဘုရားကျောင်းပျက်ထဲက တိန်ရှီလုံ ထွက်လာပြီး ယပ်တောင်နီကို ကြိုဆိုတယ်၊ နောက်ပြီး သူတို့နှစ်ယောက်စလုံး ဘုရားကျောင်းပျက်ထဲ ဝင်သွားတော့တာပဲ"



"ခင်ဗျား ဝင်ထိုက်မသွားဘူးလား"

"ဟာ....ကျုပ်က ဘယ် ချက်ချင်း လိုက်ရဲမလဲ၊ သူတို့နှစ်ယောက်စလုံး ထိတ်ထိတ်ကြဲသိုင်းသမားတွေချည်းပဲဥစ္စာ၊ ကျုပ် ချက်ချင်းဝင်လိုက်ရင် သူတို့ ချက်ချင်း သိသွားမှာပေါ့၊ ဒါပေမယ့် ကျုပ်လဲ သိပ်အကြာကြီး စောင့်မနေပါဘူး၊ သိချင်စိတ်က အင်မတန်နှိုးဆွနေတာကလား၊ ဒါနဲ့ ကျုပ်လဲ သစ်ပင်ပေါ်က ခုန်ချပြီး ဘုရားကျောင်းပျက်ထဲ ဝင်လိုက်တယ်"

ရှုံကူလင်က....

"ဘုရားကျောင်းပျက်ထဲမှာ တွေ့ရသလား"

ကျွန်တာချိန်က ခေါင်းခါ၏။

"မတွေ့ပါဘူးဗျာ၊ ပလ္လင်ပျက်ကြီးပေါ်မှာ အမွေးတိုင်တွေနဲ့ ဖယောင်းတိုင်တစ်တိုင် ထွန်းထားတာတော့ တွေ့တယ်၊ ကျုပ်စိတ်ထင် အဲဒါတွေကို တိန်ရှီလုံ ထွန်းထားတာပဲ ဖြစ်ရမယ်၊ ဟို ယပ်တောင်နီ သိုင်းဒေဝီကော တိန်ရှီလုံကော လုံးဝ မတွေ့ရပါဘူးဗျာ"

ဝမ်လျှံ့အဖွဲ့ရှင်က အေးစက်စက် မေးလိုက်၏။

"မင်း လိုက်မရှာဘူးလား"

"ရှာတော့ ရှာတာပေါ့၊ ဒါပေမယ့် အရမ်းလဲ မရှာရဲဘူးလေ၊ ကျုပ်ရှာနေတာ သိသွားရင် ကျုပ် အသက်နဲ့ကိုယ်

အိုးစားကွဲသွားမှာပေါ့၊ ယပ်ဘောင်နီ သိုင်းဒေဝီဟာ ဘယ်လောက် ရက်စက်တယ်ဆိုတာ ခင်ဗျားတို့အသိပဲဥစ္စာ"

ဝမ်လျှံအဖွဲ့ရှင်က....

"ကဲ....ဆက်ပြောစမ်းပါ"

"ဟုတ်ကဲ့....အဲဒီလို စမ်းတဝါးဝါး ရှာနေတုန်း ဘုရားကျောင်းပျက် အပြင်မှာ လူရိပ်တစ်ခုကို တွေ့လိုက်ရတာနဲ့ ကျုပ်လဲ ပလ္လင်ပျက်ကြီးတစ်ခုနောက်ကို ကမန်းကတန်း ဝင်ပုန်းလိုက်ရတယ်"

ဝမ်လျှံအဖွဲ့ရှင်က....

"အဲဒီလူ ဘယ်သူလဲ၊ ရန်သူလား၊ မိတ်ဆွေလား"

ကျန်တာချိန်က....

"ဖဲယောင်းတိုင်မီးက သိပ်မလင်းတဲ့အပြင် အဲဒီလူဟာ ဝတ်စုံနက် ဝတ်ထားတယ်၊ ခေါင်းမှာ ဇာပဝါလဲ ခြုံထားတယ်၊ ပုံစံကတော့ မိန်းမပုံစံပဲ"

ရှုံကူလင်က ဝင်မေးပြန်သည်။

"သူ ဘယ်သူမှန်း မသိဘူးပေါ့"

"ပထမပိုင်းမှာတုန်းကသာ မသိတာပါ၊ နောက်ပိုင်းကျတော့ သိသိုက်ပါတယ်၊ ရွှေဟသ်ာအဖွဲ့က ကျန်ကတော်လေ"



ရှုံကူလင်က....

"သူ ဘယ်လိုခြေရာခံလာနိုင်သလဲ မသိဘူး"

ကျန်တာချိန်က....

"သူကတော့ တမင် ခြေရာခံလိုက်လာတာပါ၊ ကျုပ်ကတော့ ကြုံကြုံကြိုက်ကြိုက် ကံကောင်းပြီး တွေ့ခဲ့ရတာပါ"

"ကဲ....ခင်ဗျား တွေ့တာတွေကို ဆက်ပြောပါဦး"

"ကျန်ကတော်ဟာ ဘုရားကျောင်းထဲကို ဝင်မသွားဘူးဗျ၊ ဒါနဲ့ ကျုပ်လဲ ထူးခြားပါတယ်ဆိုပြီး အသာချောင်းကြည့်မိတယ်၊ ကျန်ကတော်ဟာ ဘုရားကျောင်းပျက်ရဲ့ ကြမ်းပြင်ပေါ်မှာ အဆိပ်မှုန့်တွေ ဖြူးနေတာကိုးဗျ"

ရှုံကူလင်သည် ကျန်ကတော်၏ ခန့်ညားတည်ကြည်သော ရုပ်ရည်ကို တွေ့မြင်ဖူးသူဖြစ်ရာ ကျန်တာချိန်၏ စွပ်စွဲမှုကို လက်မခံနိုင်အောင် ဖြစ်သွားသည်။

"သူ ဖြူးနေတာတွေကို အဆိပ်မှုန့်တွေမှန်း ခင်ဗျား ဘယ်လိုသိသလဲ"

ကျန်တာချိန်က ရှုံကူလင်အားစူးစူးဝါးဝါးကြည့်ရင်း....

"သူ့ယောကျ်ားကို သတ်သွားတဲ့လူ ပြန်ထွက်လာမယ့်လမ်းမှာ သေသူရဲ့ဇနီးကတော့ အမွှေးနံ့သာမှုန့်တွေလာဖြူး

မယ် မထင်ပါဘူး၊ ခင်ဗျားက နံ့သာမှုန့်တွေဖြူးမယ်လို့ ထင်နေသလား"

ရုံကူလင် စကားမပြောနိုင်တော့ပေ။ ကျန်တာချိန်၏ စကားက မှန်ပါသည်။ ကာလဲ့စားချေမည့် ရန်သူသည် အဆိပ်မှုန့်မှလွဲ၍ မည်သည့်အမှုန့်များကို ဖြူးပါမည်နည်း။

ဝမ်လျှို အဖွဲ့ရှင်က....

"အဲဒီအချိန်မှာ တိန်ရီလုံ ထွက်လာခဲ့ရောလား"

ကျန်တာချိန်က ခေါင်းခါ၏။

"ဟင့်အင်း.... ထွက်မလာပါဘူး၊ ကြည့်ရတာ ဘုရားရှိကျောင်းပျက်ထဲမှာ လျှို့ဝှက်လိုဏ်ခေါင်းတွေ ဘာတွေ ရှိတယ်နဲ့တူပါတယ်၊ ကျန်တော်ဟာ အဆိပ်မှုန့်ဖြူးပြီးတာနဲ့ အဆိပ်မှုန့်လွတ်တဲ့နေရာမှာရပ်ပြီး ငှက်အော်သံလို ထူးထူးခြားခြားအသံပြုလိုက်တယ်၊ သဘောကတော့ ဘုရားကျောင်းရှေ့မှာ လူစိမ်းတွေရောက်လာပြီဆိုတာကို အထဲက လူတွေ ကြားအောင်လုပ်လိုက်တာပါပဲ၊ အဲဒီလို လုပ်တဲ့အတွက်လဲ အကျိုးသက်ရောက်မှုရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားကျောင်းပျက်ထဲ ဘယ်နေရာရောက်နေမှန်းမသိတဲ့ တိန်ရီလုံဟာ ပျာယီးပျာယာနဲ့ ထွက်လာလို့ပါပဲ"

ဝမ်လျှို အဖွဲ့ရှင်က ရုတ်တရက် ဝင်မေးလိုက်၏။



"ငါ့ယောက်ျား ထွက်လာတော့ ဟို ယပ်တောင်နီ သိုင်းဒေဝီဆိုတာကော ပါလာတာ မဟုတ်လား"

ကျန်တာချိန်က ခေါင်းခါ၏။

"မပါဘူး၊ ဝင်သွားတုန်းကတော့ ယပ်တောင်နီပါတယ်ဆိုတာ ကျုပ် အသေအချာတွေ့လိုက်ပါတယ်၊ ပြန်ထွက်လာတော့ တိန်ရီလုံ တစ်ယောက်တည်းပဲ"

ဝမ်လျှို အဖွဲ့ရှင်က....

"အဲဒါ ဘယ်လိုဖြစ်သွားတာလဲ မသိဘူး၊ ယပ်တောင်နီက ဘယ်ပျောက်သွားရတာလဲ"

"ကျုပ်စိတ်ထင်တော့ ဒီ ဘုရားကျောင်းပျက်ကြီးမှာ တခြားဂူပေါက်တွေ မြေအောက် လိုဏ်ခေါင်းတွေ ရှိလိမ့်ဦးမယ်နဲ့တူတယ်၊ အဲဒီအပေါက်တစ်ပေါက်ကနေ ထွက်သွားတာဖြစ်လိမ့်မယ်"

ရုံကူလင်ကလည်း ထောက်ခံ၏။

"ဖြစ်နိုင်ပါတယ်၊ ရှေးဟောင်းကျောင်းပျက်တွေမှာ လိုဏ်ခေါင်းတွေ မြေအောက်ဂူတွေ လုပ်ထားတတ်ကြတာပဲ"

ဝမ်လျှို အဖွဲ့ရှင်က....

"ကဲ....ဆက်ပြောပါ"

"ဟုတ်ကဲ့၊ တိန်ရှီလုံဟာ အဲဒီလို ကမန်းကတန်း ပြေးထွက်လာတဲ့အတွက် ကျွန်ကတော်ရဲ့ ထောင်ချောက်ထဲ တန်းတိုးမိတာပါပဲ၊ သူသာ အလျင်စလို မဟုတ်ဘဲ သတိရှိရှိနဲ့ထွက်လာခဲ့ရင် ကျွန်ကတော်ကြောင့် တိန်ရှီလုံ ဒုက္ခမရောက်ပါဘူး၊ အခုတော့ တိန်ရှီလုံဟာ ကျွန်ကတော် ဖြူးထားတဲ့ အဆိပ်မှုန့်တွေအပေါ် မားမားမတ်မတ် ရပ်ပြီးတော့ ကျွန်ကတော်နဲ့ ရင်ဆိုင်စကားပြောတယ်၊ 'ကျွန်ကတော် စောစောက အော်လိုက်တာ ခင်ဗျားလား'လို့ မေးတယ်၊ ကျွန်ကတော်က 'ဟုတ်တယ်'လို့ ပြန်ပြောလိုက်တော့ 'ဘာဖြစ်လို့ ကျုပ်ကို ဒီလိုခေါ်တာလဲ'လို့မေးတယ်၊ ကျွန်ကတော်က အေးစက်စက် ရယ်တယ်၊ 'ရှင့်ကို လက်စားချေမလို့' ပဲတဲ့"

ဝမ်လျှံအဖွဲ့ရှင်က ဝင်မေးသည်။

"ငါ့ယောကျ်ားက မငြင်းဘူးလား"

ကျွန်တာချိန်က ခေါင်းညိတ်လျက်....

"ငြင်းတာပေါ့၊ 'ခင်ဗျားကို မသတ်ချင်ပါဘူး'တဲ့၊ လင်ရော မယားရော သတ်ရင် ကျုပ်လောက် အသုံးမကျတဲ့လူ ဒီလောကမှာ ရှိတော့မှာ မဟုတ်တော့ဘူး'လို့ ပြောပါတယ်"



ရုံကူလင်က စုတ်တသပ်သပ်ဖြင့်....

"သူရဲကောင်းကြီး တိန်ရှီလုံဟာ အင်မတန်ပွင့်လင်းတာပဲကိုး၊ သိုင်ပွင့်လင်းတော့လဲ တစ်ဖက်သားအခံခက်တာပေါ့လေ"

ကျွန်တာချိန်က ဆက်ပြောသည်။

"အဲဒီအခါမှာ ကျွန်ကတော်ဟာ ဟက်ဟက်ပက်ပက် ရယ်မောတယ်၊ ရှင့်ကိုယ် ရှင် သိပ်လဲ အထင်ကြီးမနေနဲ့၊ ရှင်ဟာ အခုဆိုရင် သေလူဖြစ်နေပြီ၊ ရှင်ရပ်နေတဲ့ကြမ်းပြင်မှာ အဆိပ်တွေဖြူးထားတယ်၊ ဒီအဆိပ်တွေက ပျံ့နှံ့တာ အင်မတန်မြန်တယ်၊ ကျွန်မယောကျ်ားအတွက် ကျွန်မ လက်စားချေပြီးပြီ'လို့ ကျွန်ကတော်က ပြောပါတယ်"

"ဒီတော့ သူရဲကောင်းကြီး တိန်ရှီလုံက ဘာပြောသလဲ"

"ဘာမှ မပြောတော့ဘူး၊ ခါးဆွဲပြီး ခုန်ထွက်တော့တာပဲ၊ အဆိပ်မှုန့်တွေဟာ ခြေထောက်ကစပြီး ဒုက္ခပေးလာကို သူ ခံစားလိုက်ရပုံရတယ်'

"ကျွန်ကတော်ကို အကြင်နာအနှယ် ယှဉ်ပြိုင်နိုင်ရဲလား"

ရုံကူလင်က ဝင်မေးသောအခါ ဝမ်လျှံအဖွဲ့ရှင်က ဖြတ်၍ ဖြေလိုက်၏။

"ကျွန်ကတော်ဟာ သိုင်းပညာတော်တာမှန်တယ်၊ ဒါပေမယ့် ငါ့ယောကျ်ားကို ယှဉ်ပြိုင်နိုင်လောက်အောင်တော့ မတော်သေးဘူး"

ကျွန်တာချိန်က ခေါင်းညိတ်၏။

"ဝမ်လျှံအဖွဲ့ခေါင်းဆောင်ချုပ် တိန်ကတော်ပြောတာမှန်ပါတယ်၊ ကျွန်ကတော်ဟာ သူ့ရဲ့ကောင်း တိန်ရိလိုရဲ့ပြိုင်ဘက် မဟုတ်ပါဘူး၊ သိုင်းကွက်ပေါင်း ငါးဆယ်ကျော် ယှဉ်ပြိုင်တိုက်ခိုက်ပြီးတဲ့အခါမှာ ကျွန်ကတော် လက်ရည်ကျလာတယ်၊ ထိုးသင်ဆင်ဖို့နေနေသာသာ ခံစစ်ကိုတောင် မနည်းအသဲနှင့်ခံရတယ်၊ ဒါပေမယ့် တကယ့် အရေးအကြီးဆုံးအချိန်ရောက်တဲ့အခါမှာတော့ ကျွန်တော်ဖြူးခဲ့တဲ့ အဆိပ်တွေဟာ တိန်ရိလိုရဲ့ တစ်ကိုယ်လုံးကို လွှမ်းခြုံပြီး ဒုက္ခပေးတော့တာပဲ"

ရှုံ့ကူသင်က စိတ်ချမ်းသာသော လေသံဖြင့် ဖြတ်မေးလိုက်၏။

"နောက်ဆုံး ကျွန်ကတော်က ယတ်လိုက်သလား"

"ဟင့်အင်း.... သူ့ ချက်ချင်း မသတ်နိုင်ပါဘူး၊ သူ့ရဲ့ကောင်း တိန်ရိလိုကို ရှင်အသုံ့ခံလိုက်ပါ၊ အဆိပ်ဖြေဆေးပေးမယ်လို့ ပြောပါတယ်၊ ဒါပေမယ့် သူ့ရဲ့ကောင်း တိန်ရိလို



ဟာ ကျွန်ကတော်ကို လုံးဝဂရုမစိုက်တော့ဘဲနဲ့ တိုက်ပွဲစည်းအပြင်ကို ခုန်ထွက်ပြေးသွားတယ်"

"ကျွန်ကတော်က လိုက်ဘူးသလား"

"လိုက်တာပေါ့၊ ဒါပေမယ့် ထန်းခနဲတန်းခနဲအသံ သုံးချက်ကြားလိုက်ရပြီး ကျွန်ကတော် ဒယီးဒယိုင်နဲ့ နောက်ပြန်ဆုတ်လာတယ်"

ဝမ်လျှံအဖွဲ့ရှင်က ဝင်၍ မှတ်ချက်ချလိုက်၏။

"အဲဒီခေါက်သုံးကွက်က ငါ့ယောကျ်ားရဲ့ အသက်ကယ် ခေါက် သုံးကွက်ပဲ ဖြစ်လိမ့်မယ်"

ကျွန်တာချိန်က ခေါင်းညိတ်လျက်....

"ဖြစ်နိုင်ပါတယ်၊ ကျွန်ကတော်ကို ကျူပ် အကဲခတ်သော့ အတော်ကလေး ဒဏ်ရာပြင်းထန်ပုံရပါတယ်၊ သူ့ရဲ့ဘယ်ဘက်လက်မောင်းမှာလဲ သွေးခြင်းခြင်း နီနေတာပဲ"

ဝမ်လျှံအဖွဲ့ရှင်သည် ကျွန်တာချိန်၏စကားကို အလွန်တရာ စိတ်ဝင်စားသွား၏။

"မင်းတွေ့လိုက်တာ ကျွန်ကတော်ရဲ့ဘယ်ဘက်လက်မောင်း ခနော်"

ကျွန်တာချိန်က....

"ဟုတ်ပါတယ်....ဘယ်ဘက်လက်မောင်းပါ၊ တစ်ခုတော့ ရှိတယ်၊ ဘယ်နေရာကို ဓားချက်ထိသွားတယ် ဆိုတာကိုတော့ အသေအချာ မသိပါဘူး၊ တံတောင်ဆစ်နားလဲ ဖြစ်ချင်ဖြစ်မယ်၊ လက်မောင်းရင်းလဲ ဖြစ်ချင်ဖြစ်မယ်၊ ဘာဖြစ်လို့လဲ"

ဝမ်လျှံအဖွဲ့ရှင်က ပြန်ဖြေ၏။

"ဝါဒေယာကျ်ားကို သတ်တာ ကျွန်ကတော်မှန်ရင် ကျွန်ကတော့်ရဲ့လက်မောင်းမှာ ဓားဒဏ်ရာ အမာရွတ်တစ်ခုတော့ ရှိရမှာပေါ့"

ကျွန်တာချိန်က လက်ခံ၏။

"ဒါ ဖြစ်နိုင်ပါတယ်၊ သူ့လက်မောင်းမှာ ဓားဒဏ်ရာရှိ မရှိကို ခင်ဗျားတို့ စစ်ဆေးကြည့်ပေါ့"

ဝမ်လျှံအဖွဲ့ရှင်က....

"နောက်တော့ ဘာဖြစ်သွားသလဲ"

"နောက်တော့ တိန်ရီလို လဲကျသွားတာပဲ၊ ဓားကွက် သုံးကွက် ထုတ်ပြီးတာနဲ့ သူလဲ လုံးဝ အားကုန်သွားပုံ ရတယ်၊ ပထမပိုင်း ဒဏ်ရာရထားတာရယ်၊ နောက်ထပ် အဆိပ်မိတာရယ် ပေါင်းပြီး သူ သေဆုံးသွားတယ်၊ ကျွန် ကတော်ကတော့ သူ့အင်္ကျီလက်ကို ဆုတ်ဖြဲပြီး သူ့ဒဏ်ရာ ကို သေသေချာချာ စည်းနှောင်တယ်၊ ပြီးမှ ဘုရားကျောင်း ရှေ့က ထွက်သွားတော့တာပဲ"



ဝမ်လျှံအဖွဲ့ရှင်က...

"မင်းပြောတာ အမှန်ချည်းပဲနော်"

ကျွန်တာချိန်က....

"ကျုပ်က သေလူပဲဗျာ၊ ဘယ်မှာ မဟုတ်တာ မမှန်တာ ပြောပါ့မလဲ"

"ကောင်းပြီ၊ မင်းလိမ်လဲ သက်သာမှာမဟုတ်ဘူး၊ ဝူကြည် အဖွဲ့ ခေါင်းဆောင်ချုပ်ကြီးကလဲ မင်းကို သတ်ဦးမှာမဟုတ် ဘူး၊ လိမ်ပြောတာသာ သိရင်တော့ဝူကြည်အဖွဲ့ခေါင်းဆောင် ချုပ်ဆီက မင်းကို လွှဲယူပြီး ကောင်းကောင်း နှိပ်စက်ပြမယ်"

ဝမ်လျှံအဖွဲ့ရှင်၏ စကားမဆုံးမီ အလွန်တရာ လျင်မြန် လှသော လူရိပ်နှစ်ခုသည် သူတို့လူစုအနီးသို့ အပြေးအလွှား ချဉ်းကပ်လာလေ၏။

ထိုသူနှစ်ဦးကား ဝတ်စုံဖြူဝတ်ဆင်ထားသည့် စေတမန် နှင့် တတိယသခင်မအချည်ခံ ရန်ကြူမေတို့ပင်တည်း။

ရန်ကြူမေသည် ရှေးဦးစွာ အကျဉ်းသားကို ကြည့်လိုက် ၏၊ အကျဉ်းသားကို နှိပ်စက်ထားပုံမရကြောင်း တွေ့သော အခါမှ ဝမ်လျှံအဖွဲ့ရှင်အား မေးလိုက်၏။

"ကျွန်မတို့ရဲ့အကျဉ်းသားကိုစစ်ဆေးလို့ပြီးပါပြီလားရှင်"

ဝမ်လျှံအဖွဲ့ရှင်က ခပ်ပြတ်ပြတ် ဖြေ၏။

"အေး....ပြီးပြီ"

ရန်ကြူမေက....

"ဒါဖြင့်ရင် သူ့ကို ကျွန်မတို့ ပြန်ပြီး ခေါ်ဆောင်သွားပါတော့မယ်၊ ကျွန်မတို့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက ဒီအကျဉ်းသားကို နည်းနည်းကလေးမှ ထိခိုက်ဒဏ်ရာမရပါစေနဲ့လို့ မှာကြားလိုက်ပါတယ်"

ရှီရှင်က ရန်ကြူမေအား မထီမဲ့မြင် ရယ်ပြီး....

"ကျွန်မတို့က သူ့ကို ဘာဖြစ်လို့ ဒုက္ခရောက်စေရမှာလဲ၊ ကျွန်မတို့သိချင်တာ သိရပြီးရင် ပြီးတာပါပဲ"

ရန်ကြူမေက....

"ကဲ...ဒါဖြင့် အဖွဲ့ခေါင်းဆောင်ချုပ်ကြီး စေတမန်ကလည်း ဒီအကျဉ်းသားကို ကျေးဇူးပြုပြီးခေါ်ဆောင်သွားပါတော့"

အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၏ စေတမန်သည် ဝမ်လျှံအဖွဲ့ရှင်အား ဦးညွှတ်ဂါရဝပြုပြီး သူ့လူနှစ်ယောက်အား အချက်ပြလိုက်၏။

ဝတ်စုံနက်ဝတ်ဆင်ထားသည့်လူနှစ်ယောက်သည်အကျဉ်းသား ကျန်တာချိန်အား နှစ်ဖက်ညှပ်လျက် ခေါ်ဆောင်သွားလေ၏။



ရှီကူဘင်သည် ရန်ကြူမေအား တစ်ချိန်လုံး အကဲခတ်နေရာ မိမိတို့လူစုက အကျဉ်းသားကျန်တာချိန်အား အကြမ်းဖက် လုယူသွားမည်ကို စိုးရိမ်နေပုံရနေ၏။

ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၏စေတမန်ကအကျဉ်းသားကို ခေါ်ဆောင်သွားသည့် အချိန်တွင်လည်း သူမသည် ဝမ်လျှံအဖွဲ့ရှင်၏ လှုပ်ရှားမှုရှိ မရှိ မမှိတ်မသုန် စောင့်ကြည့်နေကြောင်း တွေ့နေရ၏။

ဝမ်လျှံအဖွဲ့ရှင်က မေးလိုက်၏။

"ကဲ....ငါတို့ကိစ္စတော့ ပြီးပြီ၊ မင်းရဲ့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက ဘာမှာစကားလက်ဆောင်ပါးလိုက်သေးသလဲ"

"ဟုတ်ကဲ့....ကျွန်မလဲ အဲဒီအချက်ကို ပြောမလို့ပါပဲ၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက အချက်တစ်ခုကို မေတ္တာရပ်ခံလိုက်ပါတယ်"

"ဘာမေတ္တာရပ်ခံလိုက်သလဲ"

"သူ့ရဲ့ကျောင်းကြီး တိန်ရှံလုံးမြို့ ဟန်ဆောင်တားတဲ့ လူကို ခေတ္တငှာ ထားခဲ့မှုလို့ မေတ္တာရပ်ခံလိုက်ပါတယ်"

"မင်းတို့မေတ္တာရပ်ခံချက်ကို ငါ မလိုက်လျောဘူးဆိုရင် ကောကွယ်"

ရန်ကြီးမေ မျက်နှာပျက်သွား၏။

"ဒါတော့ မကောင်းပါဘူးရှင်၊ ကျွန်မတို့အဖွဲ့ ခေါင်းဆောင်ချုပ်ကြီးနဲ့ ဝမ်လျှံအဖွဲ့ရှင်တို့ မျက်နှာပျက်ကြလိမ့်မယ်လို့ ကျွန်မထင်ပါတယ်"

ဝမ်လျှံအဖွဲ့ရှင်က မထီမဲ့မြင် ရယ်မောလိုက်၏။

"မျက်နှာပျက်စရာကို ငါက ဂရုစိုက်မယ် မှတ်သလား၊ ငွေကြည်အဖွဲ့ကိုမပြောနဲ့ ငါ့အပေါ် တလွန်းတင်မယ့် စကားမျိုးနဲ့ အကြောကြီးနဲ့ လာပြောရင် ငါက ရွှေလင်နဲ့ ငွေတန်းအဖွဲ့ကိုတောင် ဂရုစိုက်မှာ မဟုတ်ဘူး၊ မင်းတို့က ငါ့ကို ဘယ်လောက် ဒုက္ခပေးနိုင်မှာမို့လဲ"

ရန်ကြီးမေက မဲ့ပြုံးပြုံးလိုက်၏။

"ဝမ်လျှံအဖွဲ့ရှင်၊ ကျွန်မအနေနဲ့ ရှင့်ရဲ့အစွမ်းသတ္တိကို အထင်မသေးပါဘူး၊ ဒါပေမယ့် အစွမ်းသတ္တိဆိုတာ နေရာဌာနအလိုက်မှာသာ ထင်ပေါ်ပြီး အကျိုးသက်ရောက်မှု ရှိပါတယ်"

ရန်ကြီးမေ၏စကားသည် အမှန်တရားပင်ဖြစ်၏။

မြစ်ချောင်းထဲ၌ ကြောက်မက်ဖွယ်ရာ အစွမ်းထက်လှသော မိကျောင်းသည် ရေထဲမှထွက်သွားလျှင်



မိကျောင်း၌ရှိသောအစွမ်းသတ္တိ ကင်းမဲ့သွားသည်။ တောသုံးတောင်၌ ကြောက်စရာကောင်းဖွယ် မင်းမူနိုင်သော ခြင်္သေ့သည် ရေထဲသို့ ကျရောက်သွားခဲ့လျှင် ခြင်္သေ့၌ရှိသော အစွမ်းသတ္တိများ ကင်းမဲ့သွားရပေလိမ့်မည်။

သူမအနေဖြင့် ဤသို့ အပိုင်အနိုင်ပြောနိုင်လောက်အောင်လည်း သူမ၏အင်အားများ တပ်ဖြန့်ချထားခဲ့ပြီး ဖြစ်ပေသည်။

ဝမ်လျှံအဖွဲ့ရှင်က မဲ့ပြုံးပြုံးလိုက်ပြီး....

"မင်းရဲ့အင်အားကို ထုတ်ပြစမ်းပါဦး"

ဝမ်လျှံအဖွဲ့ရှင်သည် လူရိပ်လူကဲနှင့် စကားရိပ်စကားကဲကို အလွန်သိသည်။ ရန်ကြီးမေသည် အဓိပ္ပာယ်မရှိသော စကားများကို ပြောဆိုလိမ့်မည် မဟုတ်ကြောင်း သူမအနေဖြင့် နားလည်ပြီးဖြစ်၏။ ထို့ကြောင့် ယင်းစကားကို ပြောလိုက်ခြင်းဖြစ်ပေသည်။

ရန်ကြီးမေသည် မည်သည့်စကားမျှ မပြောတော့ဘဲ ခါးထဲ၌ထိုးထားသည့် ဝါးပလွေတစ်ချောင်းကို ထုတ်ယူလျက် နှုတ်ခမ်း၌တေ့ကာ မှုတ်လိုက်၏။ သာယာသောအသံ ထွက်လာပြီးနောက် သစ်ပင်များနောက်ကွယ်မှ များပြားလှ

သော ဝူကြည်အဖွဲ့သားများကို တွေ့ဆိုက်ရ၏။ ဝူကြည်အဖွဲ့ သားခေါင်း ရာချီ၍ သူတို့အား ဝိုင်းထားပြီးသေပြီ။

ရုံကူလင်သည် ဝမ်လျှံ အဖွဲ့ရှင်၏စကားများကို စဉ်းစား၍ မရနိုင်ဘဲ ဖြစ်နေ၏။ သူတို့ ကျနေရာသို့ ထွက်မလာခင်က သူ့အား ရှိရင်မှတစ်ဆင့် ကြိုတင်မှာကြားခဲ့သော စကား တစ်ခွန်းရှိခဲ့သည်။

အကယ်၍ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ် (သို့မဟုတ်) ကြာဖြူမယ်က သူ့အားတွေ့ဆုံလိုသဖြင့် ချိန်းဆိုပါက ထို ချိန်းဆိုမှုကို လက်ခံလိုက်ပါဟု မှာကြားထားခဲ့ခြင်း ဖြစ်၏။ ယခင်က ထိုသို့မှာကြားခဲ့ပါလျက် ယခု အဘယ် ကြောင့် ငြင်းဆန်လိုသည့် အရိပ်အယောင်များ ပြနေရ သနည်း။

ရုံကူလင်သည် ရှိရင်၏အနီးသို့ကပ်ပြီး တီးတိုးမေးလိုက်၏။

"ကျွန်တော်နဲ့ကြာဖြူမယ်တွေ့ဖို့ကိစ္စကို လက်ခံဖို့ ခင်ဗျား အဖွဲ့ခေါင်းဆောင်ချုပ်သခင်မကပဲ ကျွန်တော့်ကို ကြိုတင် မှာခဲ့တယ်၊ အခု ဘယ်လိုသဘော ပြောင်းသွားတာလဲ"

ရှိရင်ကလည်း တီးတိုးပြန်ရှင်းပြသည်။

"ကျွန်မတို့ အမှူးခေါင်းဆောင်ချုပ်သခင်မက စိတ်ထား မပြောင်းပါဘူး၊ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ဟာ ဘယ်လို အစီအမံမျိုးတွေ လုပ်ထားသလဲဆိုတာ သိချင်လို့ တမင်



ဒီစကားတွေ ပြောနေတာပါ၊ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မ ဟာ အဓိပ္ပာယ်မရှိတဲ့အလုပ်ကို ဘယ်တုန်းကမှ မလုပ်ခဲ့ပါ ဘူး"

ရုံကူလင်သည် မည်သည့်စကားမျှ ဆက်ပြောရန် အကြောင်းမရှိတော့သဖြင့် အသာနောက်ဆုတ်သွားသည်။ သူ့အနေဖြင့် အခြေအနေကို စောင့်ကြည့်ရုံသာရှိသည်။

ယခု မိမိတို့အင်အားမှာ ဝမ်လျှံအဖွဲ့ရှင်အပါအဝင်၊ မိမိ အပါအဝင် မိန်းမပျိုသုံးယောက်နှင့်ပေါင်းမှ ငါးယောက်ပဲ ရှိသည်။ ယခု ဝူကြည်အဖွဲ့သားများမှာ အင်အားတစ်ရာခန့်ရှိ နေသည်။ ထိုသူများသည် သိုင်းပညာ အဆင့်အတန်း လည်း မြင့်သူများဖြစ်ရာ မိမိတို့နှင့် တကယ်တမ်းတိုက်ခိုက် ပါက ဝမ်လျှံအဖွဲ့ရှင်၏သိုင်းပညာ မည်မျှထက်မြက်သည် ဖြစ်စေ ရှုံးနိမ့်မည်မှာ သေချာနေပေသည်။

ထိုစဉ် ဝမ်လျှံအဖွဲ့ရှင်၏စူးရှသော အမိန့်ပေးသံ ထွက် ပေါ်လာ၏။

"ဟော့.....ကိုယ့်နေရာ ကိုယ်ယူ"

မိန်းမပျိုသုံးယောက်သည် စတုဂံပူးခေါင်းတိုက်ကွက်၏ ပုံစံကို ယူလိုက်ကြ၏။

ငေးကြောင်ကြောင် ရပ်ကျန်နေသော ရုံကူလင်အား ရှိရင်က တီးတိုးပြောလေ၏။

"ဆရာလေး ကျွန်မတို့ရဲ့ စတုဂံတိုက်ကွက်ထဲမှာ နေရာယူလိုက်လေ"

ရှုံကူလင်က တီးတိုးပြန်ပြော၏။

"ဘယ်လိုလဲဗျ၊ လူဘစ်ရာလောက်ကို ကျုပ်တို့ ငါးယောက်တည်း ပြန်တိုက်ရင် ကျောက်ဆောင်ကို ဦးခေါင်းနဲ့ တိုက်သလို ဖြစ်သွားမှာပေါ့ဗျ"

"အို...နေရာသာ ယူစမ်းပါ ဆရာလေးရယ်၊ ကျွန်မ တောင်းပန်ပါတယ်"

ရှုံကူလင်သည် စတုဂံတိုက်ကွက်၏ လိုအပ်သောနေရာ၌ ဝင်ရပ်လိုက်၏။

ဝမ်လျှံအဖွဲ့ရှင်က ရန်ကြူမေအား သရော်လှောင်ပြောင်သည့်အသံဖြင့် ပြော၏။

"ဒီမှာ ငါးလူလေးယောက် ဘယ်ပုံနေရာယူထားတယ်ဆိုတာ တွေ့ရဲ့လား၊ မင်းရဲ့လူတစ်ရာမပြောနဲ့ လူဒလးရာလာတာတောင် ငါက ဂရုမစိုက်ဘူး၊ ဒီတစ်ခါ မင်း ရှုံးသွားရင်တော့ မင်းတို့ရဲ့ ဂူကြည်ဘိုးဘိုးက မင်းကို ခွင့်လွှတ်တော့မယ် မထင်ဘူး"

ရန်ကြူမေက မဲ့ပြုံးပြုံးလိုက်၏။



"ဒီလူတစ်ရာလုံးသေမှာ ကြောက်တဲ့လူတွေ မဟုတ်ဘူးရှင့်၊ ကျွန်မကလဲ ဒီတစ်ပွဲ ရှုံးနိမ့်သွားပြီးရင် အသက်ရှင်လျက်နဲ့ ဂူကြည်ဘိုးဘိုးဆီပြန်သွားလိမ့်မယ်လို့ ထင်သလား၊ အဲဒီလို ပြန်သွားရင် ကျွန်မလောက်မိုက်တဲ့လူ ဘယ်ရှိတော့မလဲ"

ထိုစဉ် ရှုံကူလင်က ရုတ်တရက်ဝင်၍တောင်းပန်လိုက်၏။ ဤသို့တောင်းပန်ခြင်းမှာ ဝမ်လျှံအဖွဲ့ရှင်သည် အမှန်တကယ်ပင် ဂူကြည်အဖွဲ့နှင့် တိုက်တော့မည်ထင်၍ ဝင်တောင်းပန်ခြင်းသာဖြစ်၏။

သို့သော် ဝမ်လျှံအဖွဲ့ရှင်မှာသူထင်သလိုမဟုတ်ပေ၊ ရိုးရင်ပြောသလို ဂူကြည်အဖွဲ့ခေါင်းဆောင်ချုပ်၏အစီအမံများကို ဖော်ထုတ်နေခြင်းသာဖြစ်၏။ အချိန်တန်လျှင် ရှုံကူလင်ကို မေတ္တာရပ်ခံချက်အတိုင်း ထားခဲ့မည်သာ ဖြစ်ပေသည်။

ရှုံကူလင်က...

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၊ ကျွန်တော် တစ်ခုလောက် ပြောပါရစေ"

ဝမ်လျှံအဖွဲ့ရှင်က....

"မင်း ဘာပြောချင်လို့လဲ"

"ကျွန်တော် ဒီမှာ ခေတ္တခဏနေခဲ့ပါမယ်၊ ဒီအတွက် ကျွန်တော့်အဖို့ အပန်းမကြီးလှပါဘူး"

"ဘယ်ဖြစ်မလဲ ငါနဲ့ ပတ်သက်တဲ့ လူတစ်ယောက်ကို ချောက်တွင်းထဲမှာ ထားမပစ်နိုင်ဘူး"

ရန်ကြူမောက မခံမရပ်နိုင်ဝင်ပြော၏။

"ဝမ်လျှံ အဖွဲ့ချုပ် အဲဒီစကားမပြောပါနဲ့၊ ကျွန်မတို့အဖွဲ့က ဒီလူ့ကို အန္တရာယ်ပေးဖို့ ခုနရစ်ခိုင်းခဲ့တာ မဟုတ်ပါဘူး။ ကျွန်မတို့ အဖွဲ့ခေါင်းဆောင် ချုပ်ကြီးကလဲ ဒီလောက် အောက်တန်းမကျပါဘူး"

"ဒါကတော့ မင်းတို့အပြောပဲရှိတာပေါ့လေ၊ အခုတော့ ကြည့်ပါလား၊ ငါတို့က ငါးယောက်ပဲလာတယ်၊ မင်းတို့က လူတစ်ရာလောက်ဆို လျှို့ဝှက်ပုန်းအောင်း ခိုင်းထားတယ်"

"ရပါတယ်၊ ကျွန်မလူတွေကို အခုပဲ နောက်ဆုတ်ခိုင်း လိုက်မယ်"

ဝမ်လျှံ အဖွဲ့ချုပ်က ရုံကူလင်အား တစ်ချက် လှမ်းကြည့်ပြီး....

"ဘယ့်နှယ်လဲ၊ မင်းကိုယ်တိုင်ကတော့ ဒီမှာ နေရစ်ခဲ့ချင်စိတ်ရှိသလား၊ ရှိရင် ငါတို့ထားပစ်ခဲ့မယ်"



"ဟုတ်ကဲ့၊ နေချင်စိတ် ရှိပါတယ်၊ ကျွန်တော့်ကြောင့် တိုက်လားခိုက်လားဖြစ်မှာကိုမလိုလားပါဘူးဗျာ၊ နောက်ပြီး ကျွန်တော့်အတွက် အန္တရာယ် ကျရောက်လာလိမ့်မယ်လို့လဲ မယုံကြည်ပါဘူး။ ဒါကြောင့်မို့ နေခဲ့မယ်လို့ ပြောတာပါ"

ဝမ်လျှံ အဖွဲ့ချုပ်က ခေါင်းတစ်ချက်ညိတ်ပြီး....

"ကောင်းပြီ၊ ဒီလိုဆိုရင်မင်းဒီမှာခေတ္တခဏနေခဲ့၊ ပြီးရင် ပြန်လာခဲ့၊ အခုတော့ ငါတို့ ရှောင်ထွက်သွားပေးမယ်"

"ဟုတ်ကဲ့....ဝူကြည်အဖွဲ့ ခေါင်းဆောင်ချုပ်နဲ့ပဲ ဖြစ်ဖြစ် ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ရဲ့ ကိုယ်စားလှယ်နဲ့ပဲ ဖြစ်ဖြစ် တွေ့ဆုံ ဆွေးနွေးပြီးတာနဲ့ ချက်ချင်းပြန်ခဲ့ပါ့မယ်"

ဝမ်လျှံ အဖွဲ့ချုပ်သည် မိန်းမပျိုတို့ကို လက်ခြောက်အချက် ပြလျက် ကိုယ်ဖော့ပညာသုံးကာ ပြေးထွက်သွားလေ၏။ မိန်းမပျိုသုံးယောက်လည်း လေနှင်တိမ်များနှယ် ပြေးလိုက်သွားကြလေ၏။

## အခန်း ( ၁၁၀ )

### အာမခံပစ္စည်းနေရာ

ရုံကူလင်သည် ပထမဦး ဝမ်လျှံအဖွဲ့ရှင်နှင့် မိန်းမပျို သုံးယောက်တို့အတွက် ကြီးစွာစိတ်ပူမိသည်။ ဝူကြည်အဖွဲ့သားတစ်ရာကျော်တို့က ထွက်ခွာခွင့်မပေးဘဲ ဝိုင်းဝန်းတိုက်ခိုက်ကြပါက ထိုလေးယောက်စလုံး ဒုက္ခဖြစ်သွားနိုင်ပေသည်။

သူ့အနေဖြင့် ရန်ကြူမေကို မယုံကြည်၍ မဟုတ်ပေ၊ ရန်ကြူမေသည် အတွင်းစိတ်က ဝူကြည်ဘိုးဘိုးအပေါ် မကျေနပ်သူဖြစ်ရာ မည်သည့်နည်းနှင့်မျှ မတော်မတရားလုပ်မည့်သူ မဟုတ်ပေ၊ သို့ရာတွင် ဝူကြည်ဘိုးဘိုးကိုယ်တိုင်လျှို့ဝှက်ခေါင်းဆောင်လာပြီး ဝမ်လျှံအဖွဲ့ရှင်အား တိုက်ခိုက်ရန် အမိန့်ပေးပါက ရန်ကြူမေ ကိုယ်တိုင်လည်း မည်သို့မျှ တားမြစ်နိုင်မည် မဟုတ်ချေ။



ရုံကူလင် ဤသို့ တွေးသည်မှာ အကြောင်းမဲ့မဟုတ်ချေ။ ဝူကြည်ဘိုးဘိုးဟု အမည်တွင်သော ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်သည် ကြာဖြူမယ်သာဖြစ်ကြောင်း ဝမ်လျှံအဖွဲ့ရှင်က သိထားသည်မဟုတ်ပါလား။

ဝမ်လျှံအဖွဲ့ရှင်တို့လေးယောက်စလုံး ဘေးကင်းရန်ကင်း လွတ်မြောက်သွားသည်ကို တွေ့ရသောအခါမှ ရုံကူလင်မှာ ဟင်းချနိုင်ပေတော့သည်။ ဤနေရာသို့ ဦးဆောင်လာသူမှာလည်း ရန်ကြူမေတစ်ယောက်တည်းသာဖြစ်ကြောင်း သိရှိရတော့သည်။

ထိုစဉ် ကြည်မြပီသသော ရန်ကြူမေ၏စကားသံ ထွက်ပေါ်လာပေ၏။

"ရှင်ဟာ ဝတ်စုံနက်ဝတ်ဆင်ထားတတ်တဲ့ ရုံကူလင်ပဲ မဟုတ်လား"

ရုံကူလင် အံ့ဩသွားသည်။ သူ့အား တိန်ရှီလုံအဖြစ်သာ ရန်ကြူမေက သိထားလိမ့်မည်ဟု ယုံကြည်နေခဲ့ရာ ယခုကဲ့သို့ မေးလိုက်သောအခါ အဘယ်မှာ မအံ့ဩဘဲနေလိမ့်မည်နည်း။

"ဟုတ်တယ် ကျွန်တော်ပါပဲ၊ ခင်ဗျား ဘယ်လိုသိလိုက်သလဲဗျာ"

"ရှင့်ရုပ်ရည်နဲ့ အမူအရာကိုကြည့်ပြီး သိတာမဟုတ်ပါဘူး၊ ရှင့်ရုပ်ရည်နဲ့ တူသလိုလိုရှိနေပေမယ့် ရှင်မှန်း လုံးဝ

သိတာတော့ မဟုတ်ပါဘူး၊ စိတ်မှန်းနဲ့ မေးလိုက်တာပါ၊ ကျွန်မစိတ်ထဲမှာ ရှင်ပဲဖြစ်မယ်လို့ ထင်နေမိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကို ချုပ်နှောင်ထားတဲ့ဆီတောင် ဝူကြည် အဖွဲ့သားအဖြစ် ဟန်ဆောင်ပြီး ရှင် ဝင်ရောက်လာနိုင်ခဲ့သေးတယ် မဟုတ်လား၊ အခု ရှင် ရုပ်ပြောင်းထားတာလဲ တကယ် ကောင်းပါတယ်”

“ကျွန်တော့် ပညာ မဟုတ်ပါဘူးဗျာ၊ ဝမ်လျှံ အဖွဲ့သဲက ရုပ်ဖျက်ပညာရှင်တွေက ရုပ်ပြောင်းပေးထားတာပါ”

ရန်ကြူမေက ကျေနပ်စွာပြုံးရင်း....

“ရှင် ဝမ်လျှံ အဖွဲ့ထဲ ရောက်နေပြန်ပြီပေါ့ ဟုတ်လား”

ရန်ကြူမေက ဤသို့မေးခြင်းမှာ ရှုံကူသင်အား မယုံကြည်၍ မေးခြင်းမဟုတ်ပေ၊ ရန်သူသဘောဖြင့် မေးခြင်းမဟုတ်ပေ၊ တစ်ကိုယ်တော်သိုင်းသမား တစ်ယောက်သည် အလွန်တရာ လျှို့ဝှက်ပါသည်ဟုဆိုသော အဖွဲ့ကြီးများ အတွင်းသို့ အလွယ်တကူ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းအတွက် ချီးကျူးသည့်လေသံဖြင့် မေးမြန်းခြင်းဖြစ်ပေသည်။

ရှုံကူသင်က ခေါင်းညိတ်၏။

“ဟုတ်ကဲ့၊ ဝမ်လျှံ အဖွဲ့သားမဟုတ်ပေမယ့် ဝမ်လျှံ အဖွဲ့ထဲတော့ ရောက်နေခဲ့ပါတယ်၊ ဒီလိုရောက်နေခဲ့တဲ့ အတွက်



အင်မတန်အရေးကြီးတဲ့ အချက်ကို ကျုပ်သိခဲ့ရပါတယ်၊ ဒီပတ်ဝန်းကျင်မှာ တခြားလူတွေ ရှိနေသေးသလား၊ ခင်ဗျား တို့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ စေတမန်လိုလူမျိုးတွေ ဘာတွေပေါ့”

ရန်ကြူမေသည် ဘေးပတ်ပတ်လည်ကို မျက်စိကစား ပြီး....

“မရှိပါဘူး၊ ကျွန်မတစ်ယောက်တည်းပါ၊ ရှင်လို့ စိတ်ထဲမှာထင်မိတာနဲ့ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ရဲ့ မေတ္တာ ရပ်ခံချက်ဆိုပြီး ဝမ်လျှံ အဖွဲ့ရှင်ကို လိမ်ညာလိုက်တာပါ၊ ဝူကြည်ဘိုးဘိုးက ရှင်နဲ့တွေ့ဆုံဖို့ မခေါင်းဆိုပါဘူး၊ ကျွန်မ ကသာ ရှင်နဲ့ စကားပြောချင်လို့ ဒီအခြေအနေ ဖန်တီး လိုက်တာပါ”

“ခြော်....ဒီလိုကိုး”

“ကျွန်မ ဒီလိုဖန်တီးလိုက်တာ မှန်သွားတာပေါ့၊ ကဲ.... ရှင် ဘာပြောချင်သလဲ၊ ရှင့်မှာ အရေးကြီးတဲ့အချက်တစ်ချက် ပြောစရာရှိတယ်ဆိုတာ ဘာအချက်လဲ”

“ပြောပါ့မယ်ဗျာ၊ ဒီလိုပြောရတာကလဲ ခင်ဗျားရဲ့စိတ် ထား သဘောထားကို ကျွန်တော်သိထားလို့ ပြောရတာ ပါပဲ၊ မဟုတ်ရင်တော့ မပြောရပါဘူး”

"ဟုတ်လား၊ အကြောင်းက ဘယ်လောက်များ ထူးဆန်းနေလို့လဲရှင်"

"ဟာ....သိပ်ထူးဆန်းတာပေါ့၊ ကျွန်တော် မေးမယ်၊ ခင်ဗျားရဲ့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးအကြောင်း သေသေချာချာ သိရဲ့လား"

"ဘာဖြစ်လို့လဲ၊ ကျွန်မတို့အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက ဂူကြည်ဘိုးဘိုးပဲလေ' သူက ရက်စက်တယ်၊ ဒါပေမယ့် သခင်မသုံးယောက်ထဲမှာတော့ ကျွန်မကို အတော်လေး ဦးစားပေးပါတယ်"

"ဟုတ်ပြီ၊ ဂူကြည်ဘိုးဘိုးရဲ့ရုပ်ရည်ကို ခင်ဗျားအနေနဲ့ အမြဲတမ်း ဘယ်လို မြင်တွေ့ခဲ့ရသလဲ"

ရန်ကြူမေမှာ တွေဝေသွားသည်။ ရုံကူလင်က အဘယ့်ကြောင့် ဤမေးခွန်းကိုမေးမှန်း သူမအနေဖြင့် သဘောမပေါက်နိုင်ဘဲ ဖြစ်သွားသည်။

"ရှင်က ဘာအဓိပ္ပာယ်နဲ့ မေးတာလဲ"

"ကျွန်တော် ဘာအဓိပ္ပာယ်နဲ့မေးတယ်ဆိုတာ နောက်တော့ ရှင်းပြပါမယ်၊ ခင်ဗျားက ခင်ဗျား အမြဲတမ်းမြင်နေရတဲ့ရုပ်ရည်ကို ပြောပါ"



"သူ့ရုပ်ရည်ကို ရှင်လဲ တစ်ခါမြင်လိုက်သားပဲ၊ မျက်နှာက ရှည်ရှည်၊ မုတ်ဆိတ်က ဖြူဖြူနဲ့ ရုပ်ဆိုးဆိုးအဘိုးကြီးပါပဲ၊ ကိုယ်လုံးကိုယ်ထည်ကလဲ ခပ်သေးသေးလို့ပဲ ဆိုရပါမယ်"

"မြင်းမျက်နှာနဲ့တူတဲ့ ရုပ်ရည်ပဲပေါ့"

ရန်ကြူမေက ရုံကူလင်အား စေ့စေ့ကြည့်ရင်း....

"အဲဒီစကားသာ ကျွန်မတို့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ်ကြားသွားရင် ရှင့်ခေါင်းပြတ်မှာ သေချာနေပြီ"

ရုံကူလင်က ခေါင်းညိတ်ကာ....

"ဟုတ်တယ်.... သိပ်သေချာတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ အဖွဲ့ခေါင်းဆောင်ချုပ်က မြင်းမျက်နှာနဲ့တူတဲ့ မျက်နှာအတုကြီးကို စွပ်ထားတာကိုး၊ ဒီတော့ ဟုတ်တာပြော နာလိုခံခက်ဆိုတဲ့ စကားအတိုင်း ခင်ဗျားတို့အဖွဲ့ခေါင်းဆောင်ချုပ်က ကျုပ်ကို သတ်ပစ်နိုင်တယ်"

"ရှင်....တကယ်ပြောနေတာလား၊ နောက်ပြောင်ပြောနေတာလား"

"ဒီလောက် အရေးကြီးတဲ့အချိန်မှာ ကျွန်တော် နောက်ပြောင်ပြောပါ့မလား၊ အခု ခင်ဗျားပြောတဲ့အတိုင်းဆိုရင်

ခင်ဗျားတို့ ငှုကြည်အဖွဲ့သားတွေအားလုံး ငှုကြည်ဘိုးဘိုး အမည်ခံသူရဲ့ မျက်နှာအစစ်အမှန်ကို ဘယ်သူမှ မတွေ့ဖူးတာ မှန်နေပြီ၊ သေချာနေပြီ"

ရန်ကြူမေက ခိုင်မာစိတ်ချစွာ ပြောသည်။

"ရှင်ပြောတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ကျွန်မတို့က သူ့ကို ကြောက်ရတယ်ဆိုပေမယ့် သူ့မျက်နှာကို မော်မကြည့်ရဲလောက်အောင် ကြောက်နေရတာတော့ မဟုတ်ပါဘူး၊ သူ့မျက်နှာကိုတော့ ကောင်းကောင်း အကဲခတ်ခွင့် ရပါတယ်"

"အဲဒါ ခင်ဗျားတို့ သေသေချာချာ မသိကြသေးလို့ပါ၊ သူဟာ ယောကျ်ားတစ်ယောက် မဟုတ်ဘူးဗျ၊ မိန်းမစစ်စစ် တစ်ယောက်ပဲ ဖြစ်ပါတယ်"

"ရှင်...."

ရန်ကြူမေမှာ အာမေဍိတ်သံတစ်လုံး ထွက်သွားသည်မှ တစ်ပါး စကားမပြောနိုင်ဘဲ ရှိနေလေ၏။

အတန်ကြာမှ....

"မဖြစ်နိုင်ပါဘူး"

ရဲကျူလင်က မချင့်မရဲ ပြောလေ၏။



"တကယ်ပါဗျ၊ ကျွန်တော် သေသေချာချာသိလို့ ဒီစကားကို ပြောတာပါ၊ နောက်ပြီး ခင်ဗျားဟာ ပြောသင့်တဲ့လူလဲ ဖြစ်နေလို့ ပြောတာ၊ ဒီပြင်လူဆိုရင် ကျွန်တော် လုံးဝ မပြောဘူး"

"ရှင့်ကိုတော့ ကျွန်မ ယုံပါတယ်၊ အခု စကားကိုတော့ ကျွန်မ မယုံဘူး"

"တယ်ခက်ပါလား၊ ခင်ဗျားကို တစ်ခုမေးမယ်၊ သိုင်းလောကထဲမှာ ကြာဖြူမယ်ဆိုတဲ့ သိုင်းဒေဝီ တစ်ယောက် အကြောင်း ကြားဖူးသလား"

ရန်ကြူမေသည် မျက်မှောင်ကလေးတွန့်၍စဉ်းစားခန့်၏၊ နှလကတည်းက လှပသော မျက်နှာသည် မျက်မှောင်တွန့်လိုက်သောအခါတွင်လည်း တစ်မျိုးတစ်ဖုံ ချစ်စရာကောင်းနေ၏။

အတန်ကြာ စဉ်းစားပြီးနောက်....

"ကြာဖြူမယ်ဆိုတာကို ကြားဖူးတယ်၊ ဒါပေမယ့် သူ့အကြောင်း ကြားရတာ ကြာပါပြီ"

ရဲကျူလင်က လက်ဖျစ်တီးလိုက်ပြီး....

"အဲဒါကို ပြောတာပေါ့ဗျ၊ ခင်ဗျားတို့ သူ့အကြောင်း ဘယ်ကြားရမလဲ၊ သူက ငှုကြည်ဘိုးဘိုးအဖြစ် ဝင်ပြီး တန်ဆောင်နေတာကိုး"

ရန်ကြူမေမှာ ရှုံကူလင်၏စကားကိုလက်မခံနိုင်တဲ့ ခေါင်း တယမ်းယမ်း ဖြစ်နေသည်။

ရှုံကူလင်က....

"ကျွန်တော်ပြောတာ ယုံစမ်းပါဗျာ၊ ကျွန်တော်က ခင်ဗျားမို့လို့ ဒီအကြောင်းတွေ ဖွင့်ပြောနေတာပါ၊ မြင်းမျက်နှာလို ရှပ်ဆိုးဆိုးနဲ့ မုတ်ဆိတ်မွေးဖြူဖြူဘော့ အောက်မှာ ကြာဖြူမယ်ဆိုတာရှိတယ်၊ ဟိုမျက်နှာက ဝူကြည်ဘိုးဘိုး မျက်နှာက အထူးပြုလုပ်ထားတဲ့မျက်နှာအတုကြီးပါဗျ"

ရန်ကြူမေသည် ရှုံကူလင်အား စိန်းစိန်းကြည့်ကာ....

"ကျွန်မက ဝူကြည်ဘိုးဘိုးကို သိပ်လိုလားတာ မဟုတ်ပါဘူး၊ ဝူကြည်ဘိုးဘိုးရဲ့ ရက်စက်ပုံတွေကိုလဲ သိပ်ဘဝင်ကျလှတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဘယ်လိုမှ မဖြစ်နိုင်တဲ့ စကားနဲ့တော့ ဝူကြည်ဘိုးဘိုး အပေါ်မှာ ယုံမှားသံသယ မဖြစ်နိုင်ဘူးရှင့်"

ရှုံကူလင်သည် စိတ်ပျက်သွားသည်၊ ယခုထက်ပို၍ သည်း မပြောချင်တော့ပေ။ ပြောလည်း ယုံလိမ့်မည်မဟုတ်ချေ။ သူသည် စိတ်ပျက်သွားသဖြင့် တော်တော်နှင့် စကားမပြောနိုင်တော့ဘဲ တွေဝေသွားသည်။

ထိုစဉ် ရန်ကြူမေ၏စကားသံ ထွက်ပေါ်လာ၏။



"ရှင်ပြောတာတွေကို ကျွန်မ မယုံနိုင်ဘဲဖြစ်နေပါတယ်၊ ဒီထက် ခိုင်မာအောင် သက်သေပြနိုင်ရင်တော့ သိပ်ကောင်းမှာပဲ"

ရှုံကူလင်သည် ရွှေဟသာအဖွဲ့နှင့် တိန်ရီလုံတို့၏တိုက်ပွဲကို မမျှော်လင့်ဘဲ တွေ့ခဲ့ရပြီး မမျှော်လင့်ဘဲ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ဖြစ်ခဲ့ရသည့် ကြာဖြူမယ်၏ အဖြစ်အပျက်များကို ပြန်လှန်ပြောသင့် မသင့် ချိန်ဆနေလေ၏။

"အင်း....သူဟာ ဝူကြည်အဖွဲ့ရဲ့ မကောင်းမှုကိုလဲ သိထားသူ ဖြစ်တယ်၊ ငါ့ကိုလဲ ကူညီခဲ့ဖူးတယ်၊ ကြာဖြူမယ် ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ် ဘယ်လိုဖြစ်လာတယ်ဆိုတာကို အကျဉ်းချုပ်လောက်ပြောပြလိုက်ရင်တော့ သူယုံကောင်းယုံသွားနိုင်တယ်"

ရှုံကူလင်သည် ထိုသို့ တွေးမိလိုက်သဖြင့် ရွှေဟသာအဖွဲ့ ခေါင်းဆောင်ချုပ်နှင့် တိန်ရီလုံတို့၏ အမည်ကို မဖော်ဘဲ ထိုစဉ်က အဖြစ်အပျက် အခြေအနေကို အကျဉ်းချုပ်ပြောပြလိုက်သည်။

ရှုံကူလင်သည် ရန်ကြူမေ ယုံကြည်စေရန် အခြေခံ အဖြစ်အပျက်များကို ပြောပြလိုက်ကာမှ ပိဆိုးသွားသည်။ ရန်ကြူမေသည် ထိုစကားများကြောင့် ပို၍ မယုံဘဲ ဖြစ်သွားသည်။

"ရှင်ပြောတာတွေ တစ်ခုမှ မဖြစ်နိုင်ဘူး"

ရုံကူလင်လည်း ဒေါသထွက်လာ၏။

"မယုံရင်လဲ နေတော့ဗျာ၊ ကျွန်တော်လဲ ဒီထက်တော့ ဆက်ပြီး ရှင်းမပြတတ်တော့ဘူး"

"ရှင်ပြောချင်တာ ဒါအကုန်ပဲ မဟုတ်ဘူးလား"

"ဟုတ်တယ်၊ ဒါအကုန်ပဲ"

"ဒါဖြင့် ကျွန်မပြောမယ်၊ ကျွန်မ သတင်းနှစ်ခုပေးချင်တယ်၊ ဒါကလဲ ရှင့်ကို ယုံလို့ပဲ၊ ရှင်ဟာ သိုင်းလောကရဲ့ ကောင်းရာကောင်းကျိုးကို တစ်ကိုယ်တော် လိုက်လံဆောင်ရွက်ပေးနေတဲ့ သူရဲကောင်းတစ်ယောက်လို့ ကျွန်မ ယုံမှတ်ထားတယ်၊ ဒါကြောင့် ဒီစကားတွေကို ပြောပြတာပဲ"

ရုံကူလင်က ဆိတ်ဆိတ်နေ၏။

ရန်ကြူမေက ဆက်ပြော၏။

"ကျွန်မ သတင်းတစ်ခုရထားတယ်၊ ကျွန်မတို့ရဲ့ ဝူကြည်အဖွဲ့ ခေါင်းဆောင်ချုပ်ဟာ သူ့ရဲ့ မေတ္တာစေတနာကိုပြတဲ့ အနေနဲ့ အသက်ကယ်ပွဲကြီး ကျင်းပမယ်လို့ ဆိုတယ်"

ရုံကူလင် အံ့ဩသွားသည်။



"ဘာအသက်ကယ်ပွဲလဲ"

"ဘာအသက်ကယ်ပွဲလဲတော့ မသိရသေးဘူး၊ သူ့ရဲ့ မေတ္တာ စေတနာကို ပြသတဲ့အနေနဲ့ ဒီအသက်ကယ်ပွဲကို ကျင်းပမယ်လို့ ဆိုတာပဲ"

"အင်း....ထူးတော့ထူးတာပဲ၊ ဘယ်နေရာမှာ ဒီအသက်ကယ်ပွဲလုပ်မှာလဲ၊ ကျွန်တော် ရောက်ခဲ့ဖူးတဲ့ ခင်ဗျားတို့ဌာနချုပ်မှာပဲလား"

"ဒါလဲ အတိအကျ မသိရသေးဘူး၊ ဒါပေမယ့် သတင်းအရတော့ သိုင်းပညာနဲ့ပတ်သက်ပြီး အစဉ်အလာရှိတဲ့ အရပ်ဒေသမှာ ဒီအသက်ကယ်ပွဲကြီးကို ကျင်းပမယ်လို့ ဆိုတာပဲ"

"ခင်ဗျားပြောတဲ့ သတင်းကလဲ မရေမရာကြီးပါလားဗျာ"

ရန်ကြူမေ မျက်မှောင်ကြုတ်သွား၏။

"ရှင်ဟာ အတော် နုံအသေးတာပဲ၊ သိုင်းလောကမှာ ထူးဆန်းတဲ့ အဖြစ်အပျက်ကြီးတွေ ဖြစ်ပျက်ခဲ့ဖူးတယ်၊ အဲဒီ အဖြစ်အပျက်တွေအားလုံး မဖြစ်ခင်က ဘယ်သူမှတိတိကျကျ သိကြသေးတာမဟုတ်ဘူး၊ သူတစ်မျိုးပြော ငါတစ်မျိုးပြောနဲ့ ကောလာဟလ ပြောရာကနေ အဲဒီ အဖြစ်အပျက်ကြီးတွေ

ဖြစ်ဖြစ်လာတာပဲ၊ ဒီစကားတစ်ခွန်းကြားရုံနဲ့ ရှင်ဟာ သိုင်းလောက အတွေ့အကြုံ သိပ်မရှိသေးဘူးဆိုတာ ဖော်ပြနေတယ်"

ရုံကူလင်က ပြုံး၍ ခေါင်းညိတ်လိုက်၏။

"အဲဒါတော့ မှန်ပါတယ်ဗျာ၊ကျွန်တော် သိုင်းလောကထဲ ဝင်လာတာ သိပ်မကြာသေးဘူးဗျ၊ ဒါပေမယ့် အတွေ့အကြုံကလဲ သိပ်တော့ မခေသးပါဘူး၊ သိုင်းလောကထဲ ဝင်ပြီးကတည်းက တွေ့လိုက်သမျှ ကြုံလိုက်သမျှ အကြောင်းအရာတွေအားလုံးဟာ တကယ် ရှူးချင်စရာတွေချည်းပါပဲ"

ရန်ကြူမေက သတိပေးစကားပြောလေ၏။

"ကျွန်မပြောတဲ့စကားကို မရေရာဘူးဆိုပြီး စိတ်ထဲမှာ ခပ်ပေါ့ပေါ့မထားပါနဲ့၊ဒီအသက်ကယ်ပွဲကြီးဆိုတာအမင်္ဂလာပွဲကြီးဖြစ်ဖို့များတယ်၊ဒါကြောင့်မို့ ရှင့်ကို ပြောပြနေတာပဲ"

ရုံကူလင်က လေးလေးစားစား ပြောလေ၏။

"ဟုတ်ကဲ့...ကျွန်တော် စိတ်ထဲမှာပေါ့ပေါ့ဆဆသဘောမထားတော့ပါဘူးဗျာ၊ သတိထားပါ့မယ်"

ရန်ကြူမေ ကျေနပ်သွား၏။



"ဒီလိုမှပေါ့ရှင်၊ ကဲ....ပြောစရာစကားလဲကုန်ပြီ၊ ကျွန်မသွားတော့မယ်၊ သိုင်းလောကရဲ့အကျိုးကို ဆထက်ထမ်းပိုး ထမ်းရွက်သွားနိုင်ပါစေလို့ ဆုတောင်း နှုတ်ဆက်ခဲ့ပါတယ်"

ရန်ကြူမေသည် ရုံကူလင်အား နှုတ်ဆက်ပြီး ပြေးထွက်သွားရန် ဟန်ပြင်လေ၏။

"ခဏနေပါဦး"

ရုံကူလင်က ကမန်းကတန်း တားလိုက်သည်၊ ရန်ကြူမေက ရပ်တန့်လိုက်ရင်း....

"ဘာလဲ....ပြောစရာစကား ရှိသေးလို့လား"

"ခင်ဗျား စောစောက ပြောတုန်းက ပြောစရာစကား နှစ်ချက်ရှိတယ်ဆို၊ အခု တစ်ချက်ပဲ ပြောခဲ့သေးတယ်လေဗျာ၊ နောက်တစ်ချက် ကျန်သေးတယ်ဗျ"

ရန်ကြူမေသည် ရုံကူလင်ကို စူးစူးစိုက်စိုက် ကြည့်လိုက်လေ၏။ မိန်းမကဲခတ်တတ်သူဆိုပါက ရန်ကြူမေ၏မျက်လုံးထဲ၌ ချစ်ရိပ်ချစ်ငယောင်များ လွှမ်းနေသည်ကို ရုံကူလင် သတိပြုမိပေလိမ့်မည်၊ ယခုမူ ရုံကူလင်မှာ ရိုးသားလှသူဖြစ်၍ ရန်ကြူမေ၏ မျက်လုံးထဲမှ အဓိပ္ပာယ်များကို သရုပ်မခွဲတတ်ဘဲ ရှိခနေခဲ့ပေ၏။

ရန်ကြူမေက မချိပြုံးပြုံးလျက်....

"ဟုတ်ပါတယ်၊ ပထမတုန်းကတော့ အချက်နှစ်ချက်ကို ပြောမလို့ပါပဲ၊ ဒါပေမယ့် သေသေချာချာ စဉ်းစားပြီးတဲ့ အခါမှာတော့ နောက်တစ်ချက်ကို မပြောတာကောင်းတယ်လို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်၊ ဒါကြောင့်မို့ မပြောဘဲ ထွက်သွားတာပါ"

ရုံကူလင်သည် ရန်ကြူမေ၏စကားကြောင့် ဆက်မေးရန် မသင့်တော့ဟု ဆုံးဖြတ်လိုက်၏။

"အေးဗျာ... ခင်ဗျားက မပြောချင်တော့ဘူး ဆိုရင်လဲ ကျွန်တော့်အနေနဲ့ ဘာပြောစရာ ရှိတော့မလဲ၊ ခင်ဗျားက ပြောစရာ မရှိတော့ပေမယ့် ကျွန်တော်ကတော့ ပြောစရာ ရှိပါသေးတယ်၊ ခင်ဗျားအချုပ်ခံရတုန်းက ကျွန်တော် ခင်ဗျားဆီ ရောက်လာခဲ့တယ်၊ ခင်ဗျားကသာ ကျွန်တော့်ကို ဖေးဖေးမမ မလုပ်ခဲ့ဘူးဆိုရင် ကျားအဖွဲ့ခွဲမှူးဟာ ကျွန်တော့်ကို အတော်ကလေး ဒုက္ခပေးမှာ သေချာပါတယ်၊ အဲဒီတုန်းက ကျွန်တော့်ကို ကူညီခဲ့တဲ့အတွက် ကျွန်တော် ကျေးဇူးတင်ကြောင်း ပြောလိုက်ပါရစေ"

ရန်ကြူမေ၏မျက်နှာ၌ ဆွေးရိပ်သမ်းသွားသည်။ ရန်ကြူမေသည် သူရဲကောင်းကလေး ရုံကူသင်အပေါ်၌ တိတ်တခိုး ချစ်စိတ်ဝင်နေမိသည်တကား။



"ကျွန်မကသာ ရှင့်ကို ကျေးဇူးတင်ရမှာပါ၊ ကျွန်မဆီ လာတဲ့လူတိုင်း သေဒဏ် ထိနိုင်ပါတယ်၊ ဒါကို ရှင်သိလျက်နဲ့ ဝင်လာတာကိုက ရှင့်မေတ္တာစေတနာကို ကျွန်မ သိရှိခဲ့ရပါတယ်"

သူမသည် စကားကို ခေတ္တဖြတ်ပြီး ရုံကူလင်ကို စေ့စေ့ကြည့်ကာ....

"ရှင့်ကို ယခုတော့ သတိပေးလိုက်ပါရစေဦး၊ အခု ရှင် ရုပ်ဖျက်ထားတဲ့ပုံစံဟာ တချိန်က ကျော်ကြားခဲ့တဲ့ သူရဲကောင်းကြီးတိန်ရှီလုံရဲ့ ရုပ်ပုံနဲ့ ဆင်တူတယ်လို့ ထင်ပါတယ်၊ ကျွန်မမြင်ဖူးလို့ ပြောတာတော့ မဟုတ်ပါဘူး၊ ကြားဖူးလို့ ပြောတာပါ၊ အဲဒီသူရဲကောင်းကြီး တိန်ရှီလုံဟာ ကံဆိုးပြီး သေဆုံးခဲ့ရသတဲ့၊ ဒါကြောင့်မို့ သူ့ပုံစံနဲ့ ရုပ်ဖျက်ဖို့ ကျွန်မ တောင်းပန် သတိပေးလိုက်ပါတယ်"

သူမသည် စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်ပြေးသွားလေတော့၏။ ရန်ကြူမေ၏ ကိုယ်ဖော့ပညာမှာ ကောင်းလှသဖြင့် မကြာမြင့်မီအချိန်အတွင်း လုံးဝပျောက်ကွယ်သွားလေ၏။

ရုံကူလင်သည် မြင်ကွင်းမှ ပျောက်သွားသည့် ရန်ကြူမေအား ငေးမောရင်း....

"အင်း....ဒီအမျိုးသမီးဟာ ငါနဲ့ ရင်းရင်းနှီးနှီး သိပ်လဲ မနေဖူးပါဘူး၊ ဒါပေမယ့် ငါ့အပေါ်မှာတော့ စေတနာထား

ရှာတယ်၊ သူရဲကောင်းကြီး တိန်ရီလိုဟာ သိုင်းပညာမှာ တော်တာတော့မှန်တယ်၊ ချစ်ရေးချစ်ရာကိစ္စ ရှုပ်ပွေလွန်းတော့ 'မ'ကိစ္စနဲ့ အလုပ်ကြုံခံရဖို့ သိပ်နီးစပ်တယ်၊ သူ့ရဲကောင်းကြီးတိန်ရီလိုနဲ့ မတူအောင် ငါ့ပင်ကိုယ်ရုပ်အတိုင်းဖြစ်အောင် ပြန်ပြုပြင်ရမယ်"

ရုံကူလင်သည် ဝူကြည်အဖွဲ့သားမြောက်မြားစွာခိုအောင်းနေသည့် နေရာသို့ ရောက်ရှိနေသည်။ ယခု သူ ဤတောတန်းမှ ဖြတ်လျှောက်လာသောအခါ ဝူကြည်အဖွဲ့သားတို့၏ အရိပ်အယောင်ကို လုံးဝမတွေ့ရတော့ပေ။

မိုင်ဝက်ခန့် လျှောက်လာပြီးသောအခါ ထိုတောတန်းသည် ကုန်ဆုံးသွား၏။ ဟောတောင်အတွင်းမှ စီးဆင်းလာသော စမ်းချောင်းကလေးသည် တောစပ်အဆုံးအထိ ကွေ့ဝိုက်၍စီးဆင်းလာကြောင်း တွေ့ရသည်။

ရုံကူလင်သည် စမ်းချောင်းကလေး၏ကမ်းစပ်၌ ရပ်ကာ ဝမ်လျှံအဖွဲ့နှင့် မည်သို့ဆက်သွယ်ရမည်ကို စဉ်းစားနေ၏။

ထိုအခိုက်မှာပင် ကျောက်တုံးကြီးတစ်တုံး၏ အကွယ်မှ ရီရင် ထွက်လာလေ၏။

"ဆရာလေး....ပြန်လာပြီလား"

"ခြော်....ခင်ဗျားက ဒီမှာစောင့်နေတာကိုး"



"စောင့်ရတာပေါ့၊ ကျွန်မတို့အဖွဲ့ချုပ်သခင်မက စောင့်ဖို့ အမိန့်ပေးထားတာပဲ"

"ကျွန်တော် ဘေးကင်းရန်ကင်း ပြန်လာနိုင်မယ်ဆိုတာ သိနေတဲ့သဘောပေါ့"

"ကျွန်မတို့ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မက အင်မတန်အတွေးအခေါ် ကောင်းပါတယ်၊ သူ စဉ်းစားတွေးတောရင် မမှန်တာမရှိပါဘူး"

ရုံကူလင်သည် ရီရင်၏အဖွဲ့ခေါင်းဆောင်ချုပ် သခင်မအပေါ်၊ အလွန်အကျွံ လေးစားခြင်းအပေါ် အံ့သြခြင်း မဖြစ်မိပါ။ အဘယ့်ကြောင့်ဆိုသော် ဝမ်လျှံအဖွဲ့ခေါင်းဆောင်ချုပ်သည် အများတကာက လေးစားလောက်သည့် ခေါင်းဆောင်ကောင်းဖြစ်ကြောင်း သူကိုယ်တိုင် သိရှိနေသောကြောင့်တည်း။

ထိုစဉ် ရီရင်က. ..

"ဆရာလေး ကျွန်မကတော့ ခုပဲခရီးထွက်ဖို့ ပြင်ထားပါတယ်၊ ဆရာလေးအနေနဲ့ကော အဆင်သင့်ဖြစ်ပါ့မလား"

ရုံကူလင်က ဟက်ဟက်ပက်ပက်ရယ်ရင်း....

"ကျွန်တော့်မှာ တိုက်ခိုက်ရတာလဲ မဟုတ်၊ ခဏ်ရာရထားတာလဲ မဟုတ်တော့ ဘာဖြစ်လို့ ချက်ချင်းခရီးမထွက်နိုင်ရမလဲ၊ ဖြစ်ပါတယ်၊ ခုပဲ သွားကြစို့"

ရီရင်က....

"ကောင်းပါပြီ၊ ကျွန်မကပဲ ဦးဆောင်ပြီး သွားပါမယ်"

ရီရင်သည် စကားဆုံးသည်နှင့် ကိုယ်ဖော့ပညာ သုံး၍ ထွက်ပြေးသွားရာ ရုံကူလင်ကလည်း အမီလိုက်ရလေ၏။ ဆယ်မိုင်ခန့် ပြေးမိကြသောအခါ သစ်ပင်များ စုစုအုပ်အုပ် ဖြစ်နေသည့် တဲကလေးနှစ်လုံးကို တွေ့လိုက်ကြရသည်၊ တဲ အနီး၌ သစ်ပင်တစ်ပင်၌ မြင်းကုန်းနှီး အပြည့်အစုံ တပ်ဆင် ထားသော မြင်းနှစ်ကောင်ကို တွေ့ရှိကြရ၏။

ရုံကူလင်က သတိရှိစွာဖြင့် ပြောလေ၏။

"နေဦးဗျ၊ အရမ်းမဝင်နဲ့၊ တဲထဲမှာ ဒီမြင်းပိုင်ရှင်တွေ ရှိနေပုံရတယ်"

ရီရင်က တခစ်ခစ်ရယ်ပြီး....

"ဒီမြင်းက တခြားလူတွေရဲ့မြင်းတွေ မဟုတ်ပါဘူး၊ ကျွန်ုပ်တို့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မတို့အတွက် အသင့် ပြင်ပေးခဲ့တာပါ"

"ဟုတ်လား"

ရုံကူလင် အံ့သြသွားသည်။ ဝမ်လျှံအဖွဲ့ရှင်သည် အစစ အရာရာ သေချာစေ့စပ်သည့် မိန်းမပါတကား။



ရုံကူလင်သည် ဝမ်လျှံအဖွဲ့မှ စီစဉ်ပေးထားသည့်မြင်းဟု သိရသည့်အခါ မြင်းနှစ်ကောင်ရှိရာသို့ လျင်မြန်စွာ ချဉ်းကပ် သွားလေ၏။

"ဆရာလေး မသွားနဲ့ဦး"

ရုံကူလင်မှာ လမ်းခုလတ်၌ ရပ်တန့်သွားရလေ၏။ သူက တအံ့တသြလှည့်မေးသည်။

"ဘာဖြစ်လို့လဲ"

"ဒီမြင်းနှစ်ကောင်ရဲ့ဘေးမှာ ထောင်ချောက်တွေရှိတယ်၊ မြင်းရှိရာကို ဘယ်လိုဝင်ရထွက်ရတယ်ဆိုတာ ကျွန်မတို့ပဲ သိတယ်"

"ဗျာ....ဘာဖြစ်လို့ ထောင်ချောက်ဆင်ရတာလဲ"

"ဩော်....ဆရာလေးကလဲ၊ ဒီမြင်းကြီးတွေကို လူမရှိ သူမရှိတာထဲမှာ ဒီအတိုင်းပစ်ထားခဲ့ရတဲ့ဥစ္စာ၊ နည်းနည်း ပါးပါးတော့ အရံအတားလေး ဘာလေး လုပ်ထားခဲ့ဦးမှ ပေါ့၊ ဆရာလေး ဒီမှာနေခဲ့ပါ၊ မြင်းတွေကို ကျွန်မ ယူလာ ခဲ့ပါမယ်"

ဝမ်လျှံအဖွဲ့သားတစ်ဦး ဖြစ်သော ရီရင်သည်ပင်လျှင် မြင်းများရှိရာသို့ မြွေလိမ်မြွေကောက်နှင့် ဝင်သွား၏။ သူမ

အမူအရာကို ကြည့်ခြင်းဖြင့် မည်မျှသတိဝီရိယကြီးစွာ ထားနေကြောင်း သိနိုင်လေသည်။

ရှုံကူလင်က ရီရင်အား လှမ်းပြော၏။

"အဲဒီငွေထောင်ချောက်တွေပေါ်အောင် တစ်ခုခုနဲ့ ဖော်ထုတ်လိုက်ပါလား၊ ဘယ်လောက်ဆိုးရွားတဲ့ထောင်ချောက်တွေလဲလို့ သိချင်လို့ပါ"

ရီရင်က လက်ကာရင်း....

"ဟာ....မလုပ်နဲ့ ဆရာလေး၊ ဒီအတိုင်းပဲထားလိုက်ပါ၊ နှိုးမိရင် ထောင်ချောက်တွေ ထပ်ဆင်နေရဦးမယ်၊ အခွင့်ကြုံတဲ့အခါမှာ ဒီထောင်ချောက်တွေရဲ့ ကြောက်စရာကောင်းပုံကို ကျွန်မ ပြပါ့မယ်"

"ကောင်းပါပြီဗျာ"

ရီရင်နှင့်ရှုံကူလင်တို့သည် မြင်းကြီးများပေါ်သို့ လွှားခနဲ ခုန်တက်ကာ ခရီးဆက်ကြတော့၏။ ရီရင်ကဦးဆောင်လမ်းပြ၍သွားသည်။

သူတို့သည် မိုင်ပေါင်းများစွာ မြင်းကို အပြင်းစိုင်းနှင်လာကြ၏။ ထို့ကြောင့် မြင်းကြီးနှစ်စီးစလုံး ချွေးပြိုင်းပြိုင်းကျလာသည်။



ရှုံကူလင်သည်မြင်းစီးသူရဲကောင်းတစ်ဦးဖြစ်ရာ မြင်းကြီးများ အလွန်ပင်ပန်းနေသည်ကိုသိ၍ ရီရင်အားလှမ်းအော်၍ ဘားမြစ်လိုက်၏။

"ရီရင်....ကျွန်တော်တို့နားမှ ဖြစ်မယ်ဗျို့"

"ဘာဖြစ်လို့လဲ"

"မြင်းတွေ သိပ်ပင်ပန်းနေပြီ၊ ဒီအတိုင်းဆက်စီးသွားရင် အမောဆို့ပြီး သေကုန်လိမ့်မယ်"

"ဟာ...နားဖို့ မလိုတော့ပါဘူး၊ ရှေ့ဆိုရင် ရောက်နေပါပြီ"

"ဒါဖြင့်လဲ နည်းနည်းတော့ အရှိန်လျှော့ဗျာ၊ မြင်းတွေ နားနားနေနေ သွားပါစေ"

ရီရင်က ရှုံကူလင်အား စေ့စေ့ကြည့်ရင်း....

"ဆရာလေးက စိတ်သဘောထား တယ်နူးညံ့တာပဲကိုး၊ သိုင်းလောကထဲရောက်ရင် ပန်းပွင့်အသည်းမျိုး မရှိသင့်ပါဘူး"

ရှုံကူလင်သည် ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောကြားသည့် ရီရင်၏ စကားကြောင့် ပြုံးလိုက်မိသည်။

"ပန်းပွင့်အသည်းမျိုးမရှိရင် ဘယ်လိုအသည်းမျိုး ရှိရမှာလဲဗျာ"

"သံမဏိအသည်းမျိုး၊ ကျောက်ခဲအသည်းမျိုး ရှိရလိမ့်မယ်၊ သိုင်းလောကဆိုတာ သွေးနဲ့ဓားနဲ့ လုံးချာရစ်ပတ်နေတာ၊ သိပ်ပြီး စိတ်ထားနူးညံ့လွန်းရင် အသက်မြန်မြန် ဆုံးတတ်ပါတယ်၊ ဒါတွေပြောလို့ ကျွန်မကို စိတ်မရှိပါနဲ့နော်၊ ကျွန်မက စေတနာနဲ့ ပြောတာပါ"

"ကျွန်တော် နားလည်ပါတယ်ဗျာ"

သူတို့နှစ်ယောက်သား စကားတပြောပြောဖြင့် မြင်းစီးလာကြရာ ရွာကြီးတစ်ရွာသို့ဆိုက်ရောက်လာလေ၏။ မကြာမီ ရွာလယ်လမ်းမကြီး တစ်လျှောက်၌ သူတို့နှစ်ယောက် ရင်ပေါင်တန်း၍ မြင်းစီးလာသည်။

ရွာသူရွာသားများအဖို့ ဤသို့ သူစိမ်းဧည့်သည်များ အဝင်အထွက်များနေပြီဖြစ်၍ သူတို့နှစ်ယောက်ကို အထူးအဆန်းလုပ်၍ ကြည့်မနေကြတော့ပေ။

ရီရင်သည် ကြီးမားသောအိမ်ကြီးတစ်ဆောင်ရှေ့၌ သူ့မြင်းကို ဇက်သပ်ရပ်လိုက်သည်။ ချက်ချင်းဆိုသလိုပင် ဝတ်စုံနက် ဝတ်ဆင်ထားသူတစ်ဦး ရောက်လာပြီး မြင်းဇက်ကြိုးကို



ဆွဲပေး၏။ ရီရင် ရှေ့မှ ဦးဆောင်ဝင်သွားသဖြင့် ရုံကူလင်လည်း နောက်မှဝင်လိုက်သွားသည်။

သူတို့၏ မြင်းများကို မြင်းဇောင်း၌ထားပြီး အပေါ်သို့ တက်လာကြသောအခါ ရုံကူလင်မြင်တွေ့ဖူးထားပြီးဖြစ်သည့် မိန်းမပျိုတစ်ယောက်ကို အဆင်သင့်တွေ့ရသည်။

ရီရင်က....

"ဆရာလေးကို ခေါ်ခဲ့ပြီ၊ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မကို သွားပြီးအကြောင်းကြားပေးပါ"

ထိုမိန်းမပျိုက....

"မမရီရင်....အဖွဲ့ခေါင်းဆောင်ချုပ် သခင်မ မရှိတော့ပါဘူး၊ အရေးတကြီးကိစ္စရှိလို့အပြင်ကို ထွက်သွားပါတယ်၊ ကျွန်မတို့အားလုံး ဒီမှာပဲ စောင့်နေကြဖို့ မှာကြားသွားပါတယ်"

ရီရင်က....

"ဒီပြင် ဘာများ မှာကြားသွားသေးသလဲ"

မိန်းမပျိုက....

"တခြားတော့ မမှာပါဘူး၊ အကယ်၍အချိန်တန်လို့များ မမရီရင်နဲ့ ဆရာလေးပြန်မရောက်ရင် ငှုကြည်ထိုက်ကို အလုံး

အရင်းနဲ့ တိုက်ခိုက်ဖို့ အသင့်ပြင်ထားဖို့ မှာကြားခဲ့ပါတယ်။ ဆရာလေးနဲ့ မမရီရင်ကို အသက်ရှင်လျက် ပြန်ကယ်နိုင်စေရမယ်တဲ့”

ရုံကူလင်က....

“တကယ်လို့ ကျွန်တော်တို့ အသတ်ခံရရင်ကော”

မိန်းမပျိုက ပြုံးလိုက်ပြီး....

“ဆရာလေးတို့ အဖမ်းခံရမယ့်ကိစ္စတောင် တကယ်တမ်းအားဖြင့် မဖြစ်နိုင်ဘူးလို့ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မက တွက်ထားတာပါ၊ ဆရာလေးတို့အသတ်ခံရမယ့်ကိစ္စကိုတော့ ကျွန်မတို့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မက လုံးဝ ထည့်မတွက်ပါဘူး၊ ကဲ....ဆရာလေးရော မမရီရင်ရော အတော်ကလေး ပင်ပန်းခဲ့ကြပါပြီ၊ ခေတ္တအနားယူပြီး ထမင်းဟင်းလျာများ စားသောက်ကြပါစို့”

မိန်းမပျိုသည် ရုံကူလင်နှင့် ရီရင်တို့ကို ဦးဆောင်ခေါ်ဝင်သွား၏။ ထိုခြံဝင်းကြီးသည် အလွန်ကျယ်ဝန်းသည်ကို တွေ့ရှိရသည်။ ပထမအဆောင်ကြီးမှ ထွက်လာသောအခါ နောက်ဘက်၌ အဆောင်ကြီးတစ်ဆောင်ရှိနေသေးကြောင်း တွေ့ကြရပြန်၏။

ထိုအဆောင်ထဲ၌စားကောင်းသောက်ဖွယ်များကိုအလျှံပယ် ပြင်ဆင်ထားကြောင်းတွေ့ရှိရသည်၊



ရီရင်က....

“ဆရာလေး....အထဲကိုကြွပါ၊ သုံးဆောင်ပါ”

“ခင်ဗျားကော တစ်ခါတည်း ဝင်လိုက်လေ၊ အတူတူစားကြတာပေါ့”

“ဟင်း... ဟင်း...ကျွန်မကသီးခြားအခန်းမှာစားပါမယ်၊ ဒါက ကျွန်မတို့ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မရဲ့ အမိန့်ပါ”

“ဒီလိုဆိုလဲ ပြီးတာပေါ့ပဲလေ”

ရီရင်သည် ရုံကူလင်အား နှုတ်ဆက်၍ ထွက်ခွာသွား၏။ ရုံကူလင်နှင့်အတူ ကျန်ရစ်ခဲ့သူ မိန်းမပျိုမှာ ကျင်လျှံဖြစ်လေ၏။

ကျင်လျှံက....

“ဆရာလေး ဘာမှအားမနာပါနဲ့၊ ဒီအခန်းထဲမှာ စိတ်ကြိုက်သုံးဆောင်ပါ၊ ဆရာလေးသုံးဆောင်ပြီးလို့ခဏတဖြုတ်နားပြီးရင် ကျွန်မတို့ ခရီးဆက်ရပါဦးမယ်”

ရုံကူလင် အံ့ဩသွားသည်၊

“ဘယ်ကို ခရီးဆက်ရဦးမှာလဲ”

"ဒါတော့ ကျွန်မ မပြောနိုင်ဘူးရှင့်"

ရိုက္ကူလင်က ခါးခါးသီးသီး ပြန်ပြောသည်။

"ကျွန်တော် ဘယ်လိုလူမျိုးဆိုတာ ခင်ဗျားတို့အဖွဲ့ခေါင်းဆောင်ချုပ် သိပြီးသားပဲဗျာ၊ သွားမယ့်နေရာလေးကိုတောင် အသိမပေးနိုင်ဘူးဆိုတာတော့ လွန်လွန်းတယ်၊ အဲဒီအချက်ကို ကျွန်တော်မသိရရင် ကျွန်တော် မလိုက်တော့ဘူး၊ ဒီကနေပြီး ကိုယ့်သဘောနဲ့ကိုယ် လမ်းခွဲသွားတော့မယ်"

ကျင်လျှံမှာ မျက်စိမျက်နှာ ပျက်သွားတော့သည်။

"ဒီလိုတော့ မလုပ်ပါနဲ့ ဆရာလေးရယ်၊ ကျွန်မကိုတော့ သနားပါဦး"

"ကျွန်တော်က နှုတ်မလုံတဲ့လူမဟုတ်ဘူး၊ တခြားအဖွဲ့ရဲ့ သူလျှိုလဲမဟုတ်ဘူးဗျ၊ သူတာစ်ပါးကိုစွက်ကို ကူညီဆောင်ရွက်ပေးတဲ့ လူတစ်ယောက်ပါ၊ အခု မင်းတို့သွားမယ့်နေရာကို ကျွန်တော်သိရလို့ ခင်ဗျားတို့အတွက် ဘာမှအကျိုးယုတ်စရာ မရှိပါဘူး"

"ကောင်းပါပြီ... ကျွန်မ ပြောပြပါ့မယ်၊ နေရာတော့ အတိအကျ မသိရသေးပါဘူး၊ ကိစ္စကတော့ ဆရာလေး အလိုရှိနေတဲ့ အာမခံပစ္စည်းတွေရှိတဲ့ နေရာပါပဲ"



ရိုက္ကူလင်သည် စားသောက်စားပွဲ၌သိုင်နေရာမှ ရုတ်ခြည်း ထရပ်လိုက်သည်။

"တာ....ဒါဆိုရင် စောင့်နေစရာတောင် မလိုတော့ဘူး၊ ခုချက်ချင်း သွားရုံပဲ"

ကျင်လျှံမှာ ထိုအခါကျမှ စိတ်သက်သာရာ ရသွား၏။

"ဒီလိုတော့ မလုပ်ပါနဲ့ဦးလေ၊ ဝမ်းဗိုက်ကိုတော့ နည်းနည်းလောက် ဖြည့်လိုက်ပါဦး၊ စားသောက်ပြီးတော့မှ ခရီးဆက်ကြတာပေါ့"

ရိုက္ကူလင်သည် မည်သည့်စကားမျှ မပြောတော့ဘဲ အစားအသောက်များကိုသာ ဂရုတစိုက် စားနေတော့၏။ ဤကား ရိုက္ကူလင်၏အကျင့်ပင် ဖြစ်တော့သည်။

သူသည် အလုပ်တစ်ခု လုပ်နေခိုက် ထိုအလုပ် သေသေသပ်သပ် ဖြစ်စေရန်သာ ဂရုစိုက်သည်။

အခြားအလုပ်သို့ စိတ်မရောက်ပေ။အခြားအလုပ်သို့ စိတ်ရောက်သွားပြီဆိုပါက ထိုအခြားအလုပ်၌သာ စူးစူးစိုက်စိုက် လုပ်တတ်ပေသည်။

သူသည် အာဖခံပစ္စည်းကိစ္စများ အလျှင်အမြန် ပြန်ရလို သူဖြစ်၏။ သို့မှသာ ရွှေဒေးသခင်ကြီး ဝမ်ဖန်ကြည်၏လက်သို့ ပြန်အပ်နိုင်ပြီး သူ့တာဝန်ပြီးဆုံးမည် မဟုတ်ပါလား။

ဤမျှအရေးကြီးသည့် တာဝန်ရှိနေသော်လည်း ရှံကူလင်သည် အစားအသောက်ကိုသာ ဂရုတစိုက် စားသောက်နေပေသည်။

ရှံကူလင် စားသောက်ပြီးသောအခါ ကျောင်းလှျ ရောက်ရှိလာသည်။

"ဆရာလေး....အဆင်သင့်ဖြစ်ပြီလား"

"စားပြီးပြီ၊ သွားရုံပဲ"

ထိုစဉ် အဆောင်၏ တံခါးပေါက်ဝသို့ ထွားကျိုင်းသော လူကြီးတစ်ယောက် ရောက်ရှိလာကာ ရှံကူလင်အား ဦးညွှတ်ဂါရဝပြုသည်။

ထို့နောက် ကျောင်းလှျအား ဂါရဝပြုပြီး....

"အစ်မလေး....မြင်းတွေ အဆင်သင့် ပြင်ဆင်ပြီးပါပြီ"

"ကောင်းပြီ၊ ကျွန်မတို့ အခုပဲလာခဲ့မယ်"

လူကြီးသည် ဂါရဝပြုပြီးနောက် ပြန်လည်ထွက်ခွာသွားလေ၏။



"ကဲ....ဆရာလေး သွားကြစို့"

ရှံကူလင်သည် ကျောင်းလှျနောက်မှ ထက်ကြပ်မကွာ လိုက်သွားသည်။

အဆောင်အပြင်သို့ ရောက်သောအခါ ကုန်းနှီးအဆင်သင့် ပြင်ဆင်ထားသည့် မြင်းကြီးနှစ်စီးကို တွေ့ရသည်။

## အခန်း ( ၁၁၁ )

### နှုတ်ပိတ်ရန်သူ

မြင်းကြီးနှင်ဇီး၏မှတ်လည်တွင် ဝတ်စုံနက်များ ဝတ်ဆင်ထားသည့် ဝမ်လျှံအဖွဲ့သား ဆယ်ယောက်နှင့်အတူ ရီရင်ကိုပါ တွေ့ရှိရသည်။

ရုံကူလင်၏ စိတ်ထဲ၌ လိုလူများပါ အတူလိုက်လာလေမည်လားဟု တွေးတောနေမိ၏။

ထိုစဉ် ရီရင်က ကျင်လျှံအား လှမ်းပြောသည်။

"ညီမလေး....အထူးသတိဝီရိယနဲ့ သွားပါ၊ ခုအချိန်ဟာ သိုင်းလောကမှာ အင်မတန် ရှုပ်ထွေးနေတယ်၊ ရန်ဖြစ်ရမယ့်ကိစ္စတွေကို ရှောင်နိုင်သမျှ ရှောင်ရှားသွားပါ၊ ဒါမှ သခေါင်းဆောင်ချုပ် သခင်မဆီကို မြန်မြန်ရောက်နိုင်မယ်"



ကျင်လျှံက ကတိပြုသည်။

"စိတ်ချပါ မမ၊ မမစကားကိုဘစ် သေဝခေါင်းနားထောင်ပါ့မယ်"

ရီရင်က လက်မြှောက်အချက်ပြလိုက်သောအခါ ကျင်လျှံက မြင်းကို ဒုန်းစိုင်းထွက်သွား၏။

ရုံကူလင်က နောက်မှလိုက်သွားသည်၊ ဝမ်လျှံအဖွဲ့သားဆယ်ယောက်တို့သည် ဦးညွှတ်ဂါရဝပြုလျက် ကျန်ရစ်ခဲ့ကြလေ၏။

"ဖြော်...သူတို့က ငါတို့ကို အခမ်းအနားနဲ့ နှုတ်ဆက်တာကိုး"

ရုံကူလင်သည် တွေးရင်း ကျင်လျှံနောက်မှ ထက်ကြပ်မကွာလိုက်ပါသွားရာ သူတို့ခရီးစဉ်သည် အရှေ့စူးစူးသို့ဦးတည်ကြောင်း ဟာဖြည်းဖြည်း သတိပြုလာမိလေ၏။

"ဟုတ်ပါပြီ၊ ခိုင်ဖုန်မြို့ကို ဦးတည်နေတာပဲ ဖြစ်မယ်"

သူတို့ စီးနင်းလာသည့် မြင်းကြီးများမှာ မြင်းကောင်းမြင်းသန်ကြီးများဖြစ်၍ မကြာမီ ခိုင်ဖုန်မြို့ပြင်သို့ရောက်ရှိလာခဲ့ကြ၏။

လမ်းခရီး၌ မည်သည့်အနှောင့်အယှက် အတားအဆီးမှ မတွေ့ခဲ့ကြရပေ။

ကျင်လျှိသည် တည်းခိုဆောင်တစ်ခုရှေ့၌ သူ့မြင်း၏ မြင်းကို ဇက်သတ်ရပ်လိုက်၏။

ထို့နောက် ရှံကူလင်အား ခပ်တိုးတိုးပြောသည်။

"ဆရာလေး.... လောလောဆယ် ဒီတည်းခိုခန်းမှာပဲ ခေတ္တခဏ တည်းခိုကြရအောင်၊ ဆရာလေးလဲ ရေမိုးသန့်စင်လိုက်ဦးပေါ့၊ ပြီးမှ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မဆီသွားကြမယ်"

ရှံကူလင်က ခေါင်းညိတ်လျက်....

"လုပ်ပါ၊ ခင်ဗျားတို့အတွက် အဆင်ပြေရင်ပြီးတာပါပဲ၊ ကျွန်တော်ကတော့ အကြောင်း မဟုတ်ပါဘူး"

ထိုစဉ် တည်းခိုဆောင်မှ အလုပ်သမားထွက်လာကာ သူတို့အား ခရီးဦးကြိုပြုလေ၏။

"ကြွကြွပါ၊ ဆရာလေးတို့လိုချင်တဲ့အခန်းကိုလဲ အမိန့်ရှိကြပါ"

ကျင်လျှိက မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။



ရှံကူလင်ကလည်း မြင်းပေါ်မှ ခုန်ဆင်းကာ မြင်းဇက်ကြိုးများကို အလုပ်သမား၏လက်ထဲ အပ်လိုက်၏။

ကျင်လျှိက အလုပ်သမားအား လှမ်းပြောသည်။

"အရှေ့မြောက်ဘက်က အခန်းနှစ်ခန်း ရနိုင်မလား"

အလုပ်သမားက....

"ကြြော်....ဒီအခန်းလား၊ အားလုံးအဆင်သင့် ပြင်ပြီးပါပြီ၊ ဆရာလေးနဲ့ အစ်မလေးတို့အတွက် သီးခြားပြင်ဆင်ထားတာပါ၊ အထက်ထပ်ကြွကြွပါ၊ ကျွန်တော်ကတော့ မြင်းတွေကို မြင်းဇောင်းမှာ သွားထားလိုက်ပါဦးမယ်"

ရှံကူလင်က....

"ကြြော်....ဝမ်လျှိအဖွဲ့ရှင်ဟာ ခရီးစဉ်တစ်လျှောက်လုံး အားလုံး အဆင်သင့် ပြင်ဆင်ထားတာပါပဲလား"

ရှံကူလင်၏ အတွေးမဆုံးမီ ကျင်လျှိက....

"ဆရာလေး....ကျွန်မတို့ အပေါ်တက်ကြရအောင်"

"တက်လေ"

သူတို့နှစ်ယောက်ကို လှေကားနား၌ အလုပ်သမား တစ်ယောက်က အသင့်စောင့်ကြိုနေသည်။

"အခု မြောက်ဘက်အခန်းကို ကျွန်တော် သန့်သန့်ရှင်းရှင်း ပြင်ဆင်ပြီးပါပြီ၊ ဆိတ်ဆိတ်ငြိမ်ငြိမ်လဲ ရှိတော့ ဆရာလေးနဲ့ အစ်မလေးတို့ စိတ်တိုင်းကျ ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်"

ကျင်လှူ က ခေါင်းတစ်ချက် ညိတ်ပြပြီး....

"ကောင်းတယ်၊ အစားအသောက်တွေ အဆင်သင့် ပြင်ထားဖို့ ပြောပါ"

အလုပ်သမားက ဦးညွှတ် ဂါရဝပြုပြီး နောက်ဆုတ်သွား၏။

ကျင်လှူ သည် ရုံကူလင်၏အခန်းကို သွားရောက် စစ်ဆေးသည်။ အဆင်ပြေ မပြေ၊ နေရာကောင်း မကောင်း စစ်ဆေးခြင်း ဖြစ်ပေသည်။

ကျင်လှူ က ခေါင်းညိတ်ပြီး....

"ဆရာလေးလဲ ဆရာလေးရဲ့အခန်းကို ကြိုက်ပါတယ်နော်"

"ဟာ....ကြိုက်ပါတယ်၊ ကျွန်တော့် အဖို့တော့ အာတွေ ညာတွေ သိပ်လိုတာ မဟုတ်ပါဘူး၊ ဖြစ်သလို နေတတ်ပါတယ်"



"ဒီအချက်ဟာလဲ သိုင်းသမားကောင်းတစ်ယောက်ဖြစ်ဖို့ လိုအပ်တဲ့ အချက်တစ်ချက်ပါပဲ"

ရုံကူလင်မှာ တဟားဟား ရယ်မိတော့သည်။

"တကယ်တော့ ကျွန်တော်က ခပ်အေးအေးနေချင်တဲ့ လူပါ၊ သိုင်းသမားကောင်းဖြစ်တာ မဖြစ်တာ အဓိကမဟုတ်ပါဘူး၊ ကျွန်တော့် အမေ ပေးလိုက်တဲ့တာဝန် ကျေပွန်ပြီး သွားရင် အိမ်ပြန်မှာပါပဲ"

ထိုအခိုက်မှာပင် ဆိုင်အလုပ်သမားများသည် လင်ဗန်းကြီးငယ်ကိုကိုင်ကာ ရုံကူလင်၏ အခန်းတွင်းသို့ ဝင်လာကြလေသည်။

ထိုလင်ဗန်းများပေါ်တွင် အငွေ့ တထောင်းထောင်း ထနေသော ဟင်းလျာများ ပါရှိလာလေ၏။

အလုပ်သမားခေါင်းဆောင်က....

"အစ်မလေး.... ဒီအခန်းထဲမှာပဲ ထမင်းပွဲ ပြင်ပေးရမလား"

ကျင်လှူ က ခေါင်းညိတ်၏။

"ကောင်းတယ်၊ ပြင်ပါ"

ကျင်လျှံသည် တိုအခန်းထဲ၌ ရှံကူလင်နှင့်အတူ ထမင်းဝင်စားသည်။

ရှံကူလင်က ကျင်လျှံအားကြည့်၍ မေးလိုက်၏။

"ကျွန်တော် တစ်ခုမေးချင်တယ်၊ ဒီတည်းခိုဆောင်ဟာ ဝမ်လျှံအဖွဲ့က ဖွင့်ထားတဲ့ဆိုင်လား"

"ဘာဖြစ်လို့လဲ"

"ဪ.... ကျွန်တော်တို့ ရောက်လာတာနဲ့ ဆိုင်အလုပ်သမားတွေက အားလုံးအဆင်သင့်လိုလို ပြင်ဆင်ထားပြီးဖြစ်နေလို့ပါ"

"ဒါကတော့.... ကျွန်မတို့အဖွဲ့သားထဲက အကြီးအမှူးတစ်ယောက်က အဆင်သင့်ဖြစ်အောင် စီစဉ်ထားလို့ပါ၊ ကျွန်မတို့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မက အင်မတန်စေ့စပ်သေချာပါတယ်၊ ဒါပေမယ့် မြို့တစ်မြို့မှာ တည်းခိုခန်းတစ်ခု ဖွင့်ထားလောက် အောင်တော့ စိတ်ကူးယဉ်မထားပါဘူး၊ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မအနေနဲ့ အဲဒီလောက်စေ့စပ်သေချာဖို့ မလိုဘူးလို့ ယူဆထားပုံရပါတယ်"

"အင်း....ဒါလဲ ဟုတ်သားပါပဲ၊ ခင်ဗျားတို့ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မနဲ့ ကျွန်တော် ဘယ်တော့တွေ့ရမလဲ"



"ကျွန်မတို့ အချိန်စောင့်ရလိမ့်မယ်"

"ဒါနဲ့ ခင်ဗျားပြောတော့ တည်းခိုဆောင်မှာ နားပြီးတွေ့ရမယ်ဆိုဗျ"

"အဖွဲ့ခေါင်းဆောင်ချုပ် သခင်မရဲ့အစီအစဉ်က အဲဒီလိုရှိထားတာပဲကိုးရှင့်၊ ကျွန်မအနေနဲ့ကတော့ ခိုင်ဖုန်မြို့ကိုအခုမှ ရောက်ဖူးတာရှင့်"

"ဒါဖြင့် ဝမ်လျှံအဖွဲ့ရှင် ဘယ်မှာ ရှိနေတယ်ဆိုတာကို ခင်ဗျား လုံးဝမသိဘူးပေါ့"

"မသိပါဘူး၊ ဒါပေမယ့်စိတ်မပူပါနဲ့၊ မိုးမချုပ်ခင် အဖွဲ့ခေါင်းဆောင်ချုပ် သခင်မဆီက အဆက်တော် တစ်ယောက်ယောက် ရောက်လာမှာပါ၊ ကျွန်မတို့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မဟာ သူ့အဖွဲ့သားတွေ စိတ်ပူပန်သောကရောက်နေရမယ့်အဖြစ်မျိုးကို ဘယ်တုန်းကမှ အရောက်မခံခဲ့ဘူးရှင့်၊ အားလုံးကို အံဝင်ခွင်ကျဖြစ်အောင် အမြဲတမ်းစီစဉ်ထားတတ်ပါတယ်"

ရှံကူလင်က ကျင်လျှံကိုကြည့်ကာ....

"အင်း....ခင်ဗျားတို့ ဝမ်လျှံ အဖွဲ့သား အားလုံးသိုလိုခင်ဗျားတို့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ်ကို ချစ်ကြည်ညိုပုံရတယ်"

ကျင်လျှံကပြုံး၍....

''ချစ်ကြည်ညိုတာပေါ့ရှင်၊ ကျွန်မတို့အဖွဲ့ခေါင်းဆောင် ချုပ်သခင်မဟာ တပည့်လက်သားတွေ အပေါ်မှာ ဘယ်တော့မှ မစာမနာမလုပ်ဘူးရှင့်၊ ဒါကြောင့် ကျွန်မတို့ကလဲ သခင်မအတွက်ဆိုရင် အသက်သေသေ အရိုးကြေကြေအမှုထမ်းဖို့ အဆင်သင့်ဖြစ်နေတော့တာပါပဲ''

''ကျွန်တော် ဝမ်လျှံအဖွဲ့နဲ့ စပြီးတွေ့စက ခင်ဗျားတို့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကို မင်းသား တစ်ပါးပါးလား အောက်မေ့မိတယ်၊ ခင်ဗျားတို့ အဖွဲ့သားတွေကလဲ အရှင်သခင် အရှင်သခင်နဲ့ ခေါ်ခေါ်နေကြတာကိုး''

''ဒါကတော့ ကျွန်မတို့အဖွဲ့ရဲ့ ပရိယာယ်ပါပဲ၊ သူစိမ်းလူစိမ်းတွေအနေနဲ့ကျွန်မတို့အဖွဲ့ခေါင်းဆောင်ချုပ်သခင်မကို အဲဒီလို ထင်သွားအောင်ကို တမင်ခေါ်ခေါ် သုံးစွဲကြတာပါ၊ အမွှေးနံ့သာတွေ၊ မီးခိုးတွေဖုံးလွှမ်းအောင် လုပ်ထားတာကလဲ သခင်မကို ယောကျ်ားလား မိန်းမလား ခွဲခွဲခြားခြား မသိနိုင်အောင် တမင်စီစဉ်ထားတာပါ''

''ကျွန်တော့်ကျတော့ မိန်းမဖြစ်ကြောင်း ဘာဖြစ်လို့ အသိပေးရတာလဲဗျာ''

''ဩော်....ဒါကတော့ အကြောင်း ကြောင်း ပေါ့ရှင်၊ တစ်ကြောင်းကတော့ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မဟောင်းရဲ့ ကြင်ရာတော်နဲ့ တူလွန်းတာလဲ ပါတာပေါ့''



ရုံကူလင်သည် ဝမ်လျှံအဖွဲ့နှင့် ဝူကြည်အဖွဲ့ ကွဲပြားခြားနားပုံကို စဉ်းစားနေမိသည်၊ ဝမ်လျှံအဖွဲ့သားများသည် သူတို့၏ အဖွဲ့ခေါင်းဆောင်ချုပ်အပေါ် ချစ်ချစ်ခင်ခင် ရှိကြ၏၊ လိုအပ်လျှင် သူတို့ အသက်ပေးရန်ပင် ဝန်မလေးကြချေ။

ဝူကြည်အဖွဲ့သားများကတော့ ဤသို့မဟုတ်ပေ၊ တစ်ဦးနှင့် တစ်ဦးမယုံကြည်ကြပေ၊

ထို့ပြင် အဖွဲ့ခေါင်းဆောင်ချုပ်ဖြစ်သူကလည်း အဆိပ်ဆေးဝါးများဖြင့် ထိန်းချုပ်ထားရုံမျှမက အလွန်တရာ ရက်စက်သေး၏။

သူ့ရှေ့၌ ကျောက်သိမ်းငှက် အဖွဲ့ခွဲမှူးနှင့် ကျားအဖွဲ့ခွဲမှူးတို့၏ ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးက ထင်ရှားသက်သေပြနေကြသည် မဟုတ်ပါလား။

ဝမ်လျှံ အဖွဲ့သားများသည် ဝမ်လျှံအဖွဲ့ရှင်ကို ချစ်ကြောက်ကြသူများဖြစ်ပြီး ဝူကြည်အဖွဲ့သားများကမူ ဝူကြည်အဖွဲ့ ခေါင်းဆောင်ချုပ်အား ရွံကြောက် ကြောက်ရွံ့ကြကြောင်း ရုံကူလင် အထနဖြင့် နှိုင်းယှဉ်လေ့လာမိခဲ့ပေသည်၊

ရုံကူလင် တွေးတောနေသဖြင့် အခန်းထဲ၌တိတ်ဆိတ်မှုကကြီးစိုးလာသည်။

"ကျွ်ဲ"

ထိုအချိန်မှာပင် အခန်းတံခါးပွင့်သွားပြီး ဝတ်စုံစိမ်း ဝတ်ဆင်ထားသော လူတစ်ယောက် အခန်းဝသို့ ရောက်ရှိလာလေသည်။

"ဟော....ဘယ်သူလဲ"

ကျင်လျှို၏ အသံသည် မိန်းကလေးအသံပင် ဖြစ်သော်လည်း ဟိန်း၍ထွက်သွားလေ၏။

ကျင်လျှို ဤသို့မေးရခြင်းမှာလည်း အကြောင်းရှိသည်၊ ဝမ်လျှို အဖွဲ့သည် တဖြည်းဖြည်း တစစ ကြီးမားကျယ်ပြန့်လာသော အဖွဲ့ဖြစ်၍ အဖွဲ့ဝင်များ များပြားလာသည်၊

ထိုအဖွဲ့သား အားလုံးကို ကျင်လျှို မမြင်ဘူးခြင်းမှာ သဘာဝကျပေသည်။

ဤဝမ်လျှို အဖွဲ့သားတိုင်းကို သိနိုင်သူဆို၍ ဝမ်လျှို အဖွဲ့၌ ပုဂ္ဂိုလ်နှစ်ယောက်သာ ရှိနိုင်ပေသည်။

တစ်ယောက်မှာ အကျဉ်းဆောင်အုပ်ချုပ်ရေးမှူး ဘိုးဘိုးကျင်ဖြစ်ပြီး အခြားပုဂ္ဂိုလ်တစ်ယောက်မှာ သဘင်းထောက်လှမ်းရေးမှူး စန်မင် ဖြစ်၏။

ထိုဝတ်စုံစိမ်းနှင့်လူသည် ကျင်လျှို နှင့် ရုံကူလင်တို့အား ဦးညွှတ်ဂါရဝပြုပြီး....



"အဲဒီလေးက ကျင်လျှိုများလား ခင်ဗျာ"

"ဟုတ်တယ်၊ ရှင်ကကော ဘယ်သူလဲ"

"ကျွန်တော်က အဖွဲ့ခေါင်းဆောင်ချုပ်သခင်မ စေလွှတ်လိုက်တဲ့ အစောက်တော် ဖြစ်ပါတယ်"

"ဒါဖြင့် ရှင့်ကိုယ်ရှင် ဝမ်လျှို အဖွဲ့သားလို့ဆိုလိုတာပေါ့ ဟုတ်လား"

"မဆိုလိုပါဘူးခင်ဗျာ၊ ကျွန်တော်ဟာ ဝမ်လျှို အဖွဲ့သား စစ်စစ် တစ်ယောက်ပါ"

"ကောင်းပြီ....သက်သေခံပြ"

အစိမ်းရောင် ဝတ်စုံနှင့်လူသည် သူ၏ ဝတ်စုံအတွင်းမှ တစ်စုံတစ်ခုကို နှိုက်ထုတ်လိုက်ပြီး ကျင်လျှို၏ရှေ့၌လက်ဝါး ဖြန့်ပြလေ၏။

"ကြည့်ပါခင်ဗျာ....သက်သေခံပါ"

ရုံကူလင်သည် ဘေးမှအကဲခတ်လိုက်၏၊ ထိုလူ၏ လက်ဝါးထဲ၌ တွေ့မြင်ရသောအရာမှာ တစ်ထွာတစ်ညို့မျှရှိသော စိမ်းပြာပြာ ဝါးခြမ်းပြားကလေးတစ်ခု ဖြစ်၏။

ထိုဝါးခြမ်းပြားလေးသည် ဝမ်လျှို အဖွဲ့သားဖြစ်ကြောင်း သက်သေခံပစ္စည်းဖြစ်ကြောင်း ရုံကူလင် နားလည်လိုက်ရ၏။

ကျင်လျှံသည် အလွန်တရာ သော့ချာသော မိန်းကလေး ဖြစ်၏။ ဝတ်စုံစိမ်းနှင့်လူ၏ လက်ထဲမှ ဝါးခြမ်းပြားကလေးကို အသာအယာ ကောက်ယူ စစ်ဆေးလေ၏။

သူမ၏မျက်နှာလည်း ချက်ချင်း ပျော့ပျောင်းသွားသည်။

"ကျွန်မလက်ခံပြီ၊ ကဲ....အဖွဲ့ခေါင်းဆောင်ချုပ်သခင်မက ဘာများ မိန့်ကြားလိုက်သလဲ"

ဝတ်စုံစိမ်းနှင့်လူက ဝါးခြမ်းပြားကလေးကို တရိုတသေ ပြန်လည် သိမ်းဆည်းပြီးနောက်....

"အစ်မလေးတို့နှစ်ယောက် ကျွန်တော့်နောက်ကို လိုက်ခဲ့ဖို့ မှာလိုက်ပါတယ်"

ကျင်လျှံသည် ရှုံကူလင်အား တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပြ၏။

"ကဲ.... ကျွန်မပြောတယ် မဟုတ်လား၊ နေကုန်အောင် တောင် မစောင့်လိုက်ရဘူး၊ ချက်ချင်း ဆက်သား ရောက်လာတာပဲ၊ ကျွန်မတို့ သူ့နောက်ကို လိုက်ကြရမယ်"

ရှုံကူလင်သည် ထရှင်ကာ ကျင်လျှံနှင့်အတူ အခန်းအပြင်သို့ ထွက်လာ၏။



မကြာမီ သူတို့သုံးယောက် တည်းခိုဆောင် အပြင်သို့ ရောက်ရှိသွားကြ၏။

ဝတ်စုံစိမ်းနှင့်လူက....

"အစ်မလေးတို့အနေနဲ့ ကျွန်တော့်နောက်က ကပ်မလိုက်ကြပါနဲ့၊ အနည်းဆုံး ဝါးငါးရိုက်လောက်အကွာက လိုက်ကြပါ"

"ဘာဖြစ်လို့လဲ၊ အန္တရာယ်ရှိလို့လား"

ကျင်လျှံက မေးလိုက်၏။

ဝတ်စုံစိမ်းနှင့်လူက....

"အဖွဲ့ခေါင်းဆောင်ချုပ်သခင်မက မှာကြားလိုက်တာပါ၊ သိုင်းလောကဟာ သိပ်ပြီး ရှုပ်နေသတဲ့၊ အချိန်မရွေး အန္တရာယ်ကျရောက်နိုင်တာမို့ အစ်မလေးနဲ့ ဆရာလေးတို့ကို ခပ်ဝေးဝေးက ချန်လိုက်ခိုင်းဖို့ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မက မှာကြားလိုက်ပါတယ်"

"ကောင်းပြီ....ရှင် ရှေ့ကသွားပါ၊ ကျွန်မတို့ ခပ်လှမ်းလှမ်းက လိုက်ခဲ့ပါမယ်"

ကျင်လျှံ၏ စကားဆုံးသည်နှင့် ဝတ်စုံစိမ်းနှင့်လူ ပြေးထွက်သွားလေတော့၏။

မကြာမီ ဝတ်စုံစိမ်းနှင့် လူသည် သစ်တောတစ်တော အတွင်းသို့ ရောက်ရှိသွား၏။ သစ်တောဆိုသော်လည်း သစ်ပင်ကြီးများ ပိန်းပိတ်အောင် ပေါက်နေသည့် သစ်တောမဟုတ်ပေ။ သစ်တောအလယ်၌ မြင်းလှည်းနှစ်စီး ယှဉ်မောင်းနိုင်ကြသော လမ်းမကြီးတစ်ခု ရှိနေ၏။

လမ်းမကြီးမှာ ဖြောင့်ဖြူးသဖြင့် ခပ်လှမ်းလှမ်းမှာ ပြေးနေသော ဝတ်စုံစိမ်းကို မြင်နေကြရ၏။

ထိုသို့ပြေးနေစဉ် သူတို့၏ရှေ့ဘက် ခပ်ဝေးဝေးမှ တရိပ်ရိပ် လှုပ်ရှားနေသည့် အရာများကို သေးကွေးစွာ မြင်တွေ့လိုက်ကြရသည်။

ဝတ်စုံစိမ်းဝတ်ဆင်ထားသည့်လူသည် ဆက်မပြေးတော့ဘဲ ရပ်တန့်သွား၏။ ရှံကူလင်နှင့် ကျင်လျှံတို့လည်း ဝတ်စုံစိမ်း ဝတ်ဆင်ထားသည့်လူနှင့်အတူ ယှဉ်ရပ်မိကြလေ၏။

ဝတ်စုံစိမ်း ဝတ်ဆင်ထားသည့်လူက အဝေးမှ တရိပ်ရိပ် လှုပ်ရှားနေသည့် အရာများကို လက်ညှိုးညွှန်ပြရင်း....

"အစ်မလေး သတိထားပါ"

ကျင်လျှံက ခေါင်းညိတ်ပြ၏။

"ဟုတ်ကဲ့"



သူမသည် ရှံကူလင်အား စောင်းငဲ့ကြည့်ပြီး သတိပေးလိုက်သည်။

"ဆရာလေး....ကျွန်မတို့အဖွဲ့ ခေါင်းဆောင်ချုပ် သခင်မကြီးဟာ အင်မတန် သတိဝီရိယကြီးပါတယ်၊ သူဟာ အဆောက်တော်ကတစ်ဆင့် ကျွန်မတို့ သတိထားဖို့ မှာကြားခဲ့ပါတယ်၊ အခု ရှေ့မှာတွေ့နေရတဲ့ အရာတွေဟာ ရိုးသားပုံမရပါဘူး"

ရှံကူလင်က ပြုံး၍ပြောသည်။

"ဟုတ်ကဲ့.... သတိတော့ မလွှတ်ပါဘူးဗျာ၊ ဒါပေမယ့် ဒါတွေဟာ ရိုးရိုးခရီးသွားတွေ ဖြစ်ချင်လဲ ဖြစ်နေမှာပါ"

ကျင်လျှံကမူ ရှံကူလင်ကဲ့သို့ ပေါ့ပေါ့ဆဆ မတွေးပေ၊ သူမ ဤသို့မတွေးသဖြင့်လည်း အဆိုးမဆိုသာပေ၊ အဘယ်ကြောင့်ဆိုသော် ရှံကူလင်ကို ဝမ်လျှံအဖွဲ့ရှင်၏ လက်ထဲသို့ မအပ်နိုင်မခြင်း သူမ၏တာဝန် ဖြစ်နေသောကြောင့်တည်း။

မကြာမီ အဝေးမှ လှုပ်ရှားမှုများအား သိမြင်လာ၏။ ထိုလှုပ်ရှားမှုများကားမြင်းသုံးစီးနှင့်လူသုံးယောက်ပင်ဖြစ်တော့သည်။

သုံးယောက်စလုံး တစ်ကိုယ်လုံးဝတ်ရုံနက်ကြီးများ လွှမ်းခြုံထားသဖြင့် ကျင်လျှံသာမက ရှံကူလင်ပင်လျှင် သက်သာမကင်း ဖြစ်သွားရတော့သည်။

"ဆရာလေး....သတိထား"

ရုံကူလင်၊ ကျင်လျှံနှင့် ဝတ်စုံစိမ်း ဝတ်ဆင်ထားသူများသည် မြင်စီးသမားများကို သဲသဲကွဲကွဲ မြင်ပြီးသည်နှင့် ဓားများကို ဆွဲထုတ်လိုက်ကြသည်။

"ရှမ်း...."

သူတို့ဓားများ ထုတ်ပြီးသည့်အချိန်လောက်မှာပင် မြင်းစီးသမားများဆီးမှ အလင်းတန်းများ ဖြာထွက်လာ၏၊

ရုံကူလင်တို့ သုံးယောက်သည် လက်နက်ပုန်းများ ဖြစ်ကြောင်း သိလိုက်သဖြင့် သူတို့၏ဓားများဖြင့် လက်နက်ပုန်းများကို ရိုက်ခတ်ထုတ်လိုက်၏။ လက်နက် ပုန်း များ သည် တသန်းထန်းမြည်လျက် လွင့်စဉ်ထွက်သွားတော့သည်။

ထိုအခိုက်မှာပင် မြင်းစီးသမား သုံးယောက်တို့သည် ရုံကူလင်တို့ကြားထဲသို့ ဒုန်းစိုင်းစီးဝင်လာကာ ထိုးခုတ်တိုက်ခိုက်လေတော့၏၊

ရုံကူလင်သည် အလယ်မှ မြင်းစီးသမားကို ခုခံသည်၊ ကျင်လျှံနှင့် ဝတ်စုံစိမ်းနှင့်လူက ဘေးတစ်ဖက်တစ်ချက်မှ မြင်းစီးသမားများနှင့် တိုက်ခိုက်ကြ၏။

မြင်းစီးသမား သုံးယောက်စလုံး ထိပ်သီးအဆင့်ရှိ ဓားသမားများဖြစ်ကြောင်း တိုက်ပွဲက သက်သေခံနေသည်။

ရုံကူလင်နှင့် ကျင်လျှံမှာ ထိပ်သီးအဆင့်ရှိသူများဖြစ်၍ မထောင်းသာလှသော်လည်း ဝတ်စုံစိမ်းနှင့်လူမှာ ရန်သူ့ဓားများ၌ အသက်ပါမသွားစေရန် အသေအလဲခုခံနေရရှာသည်။



ရုံကူလင်သည် ဝတ်စုံစိမ်းနှင့်လူ၏ အခက်အခဲကိုသိသဖြင့် သူ့ရန်သူကို ခပ်ကြမ်းကြမ်း တိုက်ခိုက်ပြီးနောက် ဝတ်စုံစိမ်းနှင့်လူ၏ ရန်သူဘေးမှ တစ်ချက်တစ်ချက် ဝင်ရောက်သိုးနှက်ပေးသည်။

သို့အတွက် ဝတ်စုံစိမ်းနှင့်လူမှာ သက်သာရာရနေခြင်းဖြစ်တော့သည်။

မြင်းပေါ်မှလူနှင့် မြေပြင်ပေါ်မှလူများ၏ တိုက်ပွဲဖြစ်၍ တိုက်ပွဲမှာ စိတ်ထင်တိုင်း မကြဲနိုင်ဘဲ ဖြစ်နေသည်။

တိုက်ပွဲရှည်ကြာခြင်းသည် မိမိတို့အတွက် အကျိုးမရှိနိုင်သည်ကို တွက်ဆမိဟန်ရှိသော ရန်သူမြင်းစီးသမားများသည် တရကြမ်းဖိ၍ တိုက်လာ၏။

အထူးသဖြင့် ရုံကူလင်နှင့် တိုက်ခိုက်နေသော ရန်သူသည် ရုံကူလင်၏စွမ်းရည်ကို သိရှိထားဟန်ဖြင့် အစွမ်းကုန် တိုက်ခိုက်၏။

ရုံကူလင်ကလည်း ရေရှည်ဆွဲ၍ တိုက်ခိုက်ခြင်းဖြင့် ဝတ်စုံစိမ်းနှင့်လူ ဒုက္ခရောက်ရနိုင်သည်ကို ရိပ်မိ၏။ ထို့ကြောင့် မာန်သွင်းအော်ဟစ်ကာ လေထဲ၌ မြောက်တက်သွားသည်။

မြင်းပေါ်မှရန်သူသည် ရုံကူလင်အား ဓားဖြင့် လှမ်းခုတ်သော်လည်း ထိထိမိမိ မခုတ်နိုင်ဘဲ သူ့ပခုံး၌ ကျင်ခနဲ ခံစား

လိုက်ရတော့သည်။ ချက်ချင်းလိုလိုပင် ကျောသို့ ပူခနဲ ခံစားလိုက်ရပြီး မြင်းပေါ်မှ ဝုန်းခနဲ ပစ်ကျသွားလေတော့သည်။

ရှုံကူလင်သည် သာမန်လူများ မခုန်နိုင်သည့် အမြင့်သို့ ပေါ့ပါးစွာ ခုန်တက်သွားပြီး ရန်သူ၏ကျောပြင်ကို ဓားဖြင့် ဆွဲချလိုက်ခြင်း ဖြစ်ပေသည်။

ရှုံကူလင်သည် သူ့ဓားဖြင့် တရှမ်းရှမ်းရှပ်၍ ဝေ့ယမ်းလိုက်ရာ မျက်နှာကို လွှမ်းခြုံထားသည့် ဝတ်ရုံနက်ကြီးမှာ အစိတ်စိတ်အမြွှာမြွှာ လွင့်စဉ်ထွက်သွားပြီး တင်းမာခက်ထန်သည့် မျက်နှာကြီးကို တွေ့မြင်လိုက်ရလေ၏။

"ခင်ဗျား ဘယ်အဖွဲ့ကလဲ"

ရှုံကူလင်က မေးခွန်းထုတ်လိုက်သည်။ ထိုလူက အံကိုတင်းတင်းကြိတ်ထားသည်။ လုံးဝ စကားမပြောပေ။

ထိုစဉ်....

"အား...."

လက်နက်ပုန်းတစ်ခုသည်အလင်းတန်းတစ်ခုအဖြစ်ပြေးဝင်လာပြီး လဲကျနေသူ၏ရင်ဝသို့ တည့်မတ်စွာထိမှန်သွားသည်။ ဝတ်စုံစိမ်းနှင့်လူကို တိုက်ခိုက်နေသည့်ရန်သူက သူ့လူကိုနှုတ်ပိတ်လိုက်ခြင်းသာ ဖြစ်ပေသည်။



လက်နက်ပုန်းထိမှန်ခံရသူ၏ အသံနက်ကြီးဖြင့် အော်သံမဆုံးမီမှာပင် ကျင်လျှံနှင့် ဝတ်စုံစိမ်း ဝတ်ဆင်သည့်လူကို တိုက်ခိုက်နေသည့် ရန်သူနှစ်ဦးသည် သူတို့၏ မြင်းများကို ခုန်းစိုင်းစီးကာ ထွက်ပြေးသွားကြလေတော့၏။

## အခန်း ( ၁၁၂ )

### ပန်းပွင့်စာလုံး

ကျင်လျှံက ရန်သူနှစ်ဦးနောက်သို့ ပြေးလိုက်ရန် ဟန်ပြင်လိုက်ရာ ရုံကူလင်က တားမြစ်လိုက်၏။

"လိုက်မနေနဲ့တော့၊ လိုက်လဲ မီမှာ မဟုတ်ပါဘူး၊ မီလဲ သူတို့ရဲ့ ဘဝမှန်ကိုတော့ ဘယ်နည်းနဲ့မှ သိနိုင်မှာ မဟုတ်ပါဘူး"

ကျင်လျှံက....

"တော်တော်ရက်စက်တဲ့လူတွေပဲ၊ ဒီလို လုပ်နည်း လုပ်ဟန်ကတော့ ဝူကြည်အဖွဲ့ရဲ့ လုပ်နည်းလုပ်ဟန်ပဲ"

ရုံကူလင်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏၊

"အဲဒီလိုလဲပြောလို့ မရဘူးလေ၊ စောစောကပဲ ခင်ဗျား ပြောခဲ့သေးတယ် မဟုတ်လား၊ သိုင်းလောကကြီးဟာ အင်မတန် ရှုပ်ထွေးနေတယ် ဆိုတာလေ"



ကျင်လျှံလည်း တွေဝေသွားလေ၏။ သူမသည် ချက်ချင်းဆိုလိုပင် ဖျတ်ဖျတ်လတ်လတ် ဖြစ်လာပြီး သေဆုံးနေသောလူ၏ ခန္ဓာကိုယ်ကိုအနှံ့အစပ် ရှာဖွေတော့သည်၊ မည်သည့်သက်သေခံမျှ မတွေ့ရပေ။

ထိုစဉ် ဝတ်စုံစိမ်းနှင့်လူက ရုတ်တရက် ဝင်ပြောလာ၏၊

"အစ်မလေးတို့ ဒီမှာ သိပ်ကြာနေရင် အဖွဲ့ခေါင်းဆောင်ချုပ် သခင်မဆီ အရောက်နောက်ကျ နေပါလိမ့်မယ်"

ကျင်လျှံ၏ ခါးသည် ပြန်မတ်သွား၏။

"ဟုတ်တယ်၊ ဒီမှာ အလကားအချိန်ဖြုန်းနေလို့ မဖြစ်ဘူး၊ သွားကြစို့"

ရုံကူလင်က....

"ခဏနေပါဦးလေ၊ ဒီ အလောင်းကိုတော့မြေမြှုပ်ပစ်ခဲ့ပါဦး"

သူသည် ပြောပြောဆိုဆိုဖြင့် သူ့ဓားကို အသုံးပြုကာ တောလမ်းဘေး၌ မြေကျင်း တစ်ကျင်း တူးတော့သည်၊

ကျင်လျှံနှင့် ဝတ်စုံစိမ်းနှင့်လူလည်း မနေသာတော့သဖြင့် ဓားကိုယ်စီဖြင့် ဝင်တူးပေးရာ မကြာမီပင်ရန်သူ၏အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပေးနိုင်ခဲ့လေတော့၏။

"ကဲ....သွားစို့"

ဝတ်စုံစိမ်းနှင့်လူက ရှေ့မှ ဦးဆောင်ပြေးသွားရာ ရှဲကူလင်နှင့် ကျင်လျှ တို့လည်း ပြေးလိုက်သွားကြလေတော့၏။

ဤသို့ ပြေးလာမိကြသောအခါ သစ်တောသည် တဖြည်းဖြည်း ပါးလာပြီး သစ်တောအဆုံး၌ ခြံဝင်းကျယ်တစ်ခုကို တွေ့လိုက်ကြရသည်။

ထိုခြံကြီးထဲ၌ ကြီးမားသော အဆောက်အအုံကြီးတစ်ခု ရှိနေ၏။ ဝတ်စုံစိမ်းနှင့်လူသည် ခြံကြီး၏ တံခါးမကြီးရှေ့၌ ရပ်တန့်လိုက်ပြီး ကျင်လျှ အား လှည့်ပြော၏။

"အစ်မလေး အဖွဲ့ခေါင်းဆောင်ချုပ် သခင်မရဲ့ ဌာနချုပ်ကို ရောက်လာပါပြီ"

ကျင်လျှ က စကားမပြောဘဲ ခေါင်းညိတ်ပြသည်။ ထို့နောက် ဆက်လုပ်ရန် မေးငေါ့ပြလိုက်သည်။

"ဂျောင်း ...ဂျောင်း....ဂျလောင်း"

ဝတ်စုံစိမ်းနှင့်လူက တံခါးမကြီး၌ တပ်ဆင်ထားသည့် ကြေးကွင်းကြီးနှစ်ခုကို ပြင်းထန်စွာခေါက်လိုက်ရာ တိတ်ဆိတ်ငြိမ်သက်နေသည့် ပတ်ဝန်းကျင်၌ ကြေးကွင်းသံများ ဆူညံသွားလေတော့သည်။

"ကျွီ...."



တံခါးကြီး ပွင့်သွားသည်။ အနက်ရောင် ဝတ်စုံများ ဝတ်ဆင်ထားသည့် လူလေးယောက်သည် ဓားများကို နောက်ကျော၌ သိုင်းလွယ်လျက် ရင်ပေါင်တန်းကာ ရပ်နေ၏။

ကျင်လျှ သည် ဝမ်လျှ အဖွဲ့၌ ဝါရင့်သိုင်းသမား တစ်ယောက်ဖြစ်သော်သည်း ထိုလူလေးယောက်ကိုမူ မမြင်ဖူးချေ။

ထို့ကြောင့် မည်သို့မျှ လှုပ်ရှားမှုမရှိဘဲ ဝတ်စုံစိမ်း ဝတ်ဆင်သည့် သိုင်းသမားကိုသာ စောင့်ကြည့်နေသည်။

"အနက်ရောင် ညဥ့်ငှက်"

ဝတ်စုံစိမ်းဝတ်ဆင်ထားသည့် သိုင်းသမား၏နှုတ်မှထွက်ပေါ်လာသည့် အသံဖြစ်သည်။

"အစိမ်းရောင်ဇီးကွက်"

အနက်ရောင် ဝတ်စုံဝတ်ဆင်ထားသည့် လူများကပြိုင်တူ ပြန်အော်လိုက်ရာ အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်သည့်သိုင်းသမားက ထပ်မံ၍ အော်ဟစ်ပြန်သည်။

"ညဥ့်ငှက်ဇီးကွက်"

"နေ့ဘက်အလင်းရောင်"

နေ့ဘက်အသင်းရောင်ဟု အော်သည့်တစ်ခဏအတွင်းမှာပင် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသူလေးယောက်စလုံး ဦးညွတ်ဂါရဝပြုကာ နောက်ဆုတ်သွားကြလေ၏။

ကျင်လျှံက ရုံကူလင်အား ခေါင်းညိတ်ပြရင်း....

"ဆရာလေး....ဒီအချက်ပြ ဆက်သွယ်မှုဟာ ကျွန်မတို့ ဝမ်လျှံအဖွဲ့ရှင်ခေါင်းဆောင်ချုပ်သခင်မရဲ့ လုပ်နည်း လုပ်ဟန်ပါပဲ၊ သခင်မဟာ အချင်းချင်း ရင်းနှီးမှု မရသေးတဲ့ အဖွဲ့သားတွေကို နှစ်ဆင့် အချက်ပြနည်းနဲ့ ဆက်သွယ်ပေါ့ ပါတယ်"

ရုံကူလင်က သဘောပေါက် နားလည်စွာ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့၊ ကျွန်တော်သဘောပေါက်ပါတယ်၊ တစ်ဆင့်တည်း အချက်ပြ ဆက်သွယ်ရင် ရမ်းသမ်းမှန်းချင် မှန်သွားနိုင်တယ် မဟုတ်လား၊ နှစ်ဆင့် အချက်ပြဆက်သွယ်ရင်တော့ လုံးဝ မမှားယွင်းနိုင်တော့ဘူးပေါ့၊ ဒါဟာအင်မတန်သေချာကဲ့စနစ်ပါပဲ၊ ဝူကြည်အဖွဲ့ဟာ အဆိပ်အဖွဲ့ကြီး ဖြစ်နေလို့လား မသိဘူး၊ ဒီသို့အချက်ပြဆက်သွယ်မှုကို သိပ်အလေးမထားဘူး၊ အရိပ်အခြည်ကြည့်ပြီး ဖြီးဖြန်းရုံနဲ့သူတို့အဖွဲ့သားအဖြစ် ဟန်ဆောင်လို့ရတယ်"

အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်သည့်လူသည် ရှေ့မှ ဦးဆောင်ဝင်သွားရာ ကျင်လျှံနှင့် ရုံကူလင်တို့က နောက်မှ ထက်ကြပ်မကွာလိုက်ပါသွားကြလေ၏။



သူတို့ ခြံထဲသို့ရောက်သည်နှင့် တံခါးမကြီး ပြန်ပိတ်သွားသည်၊

မကြာမီ အဆောင်ကြီး၏ တံခါးမကြီးရှိရာသို့ ရောက်ရှိလာရာ ချက်ချင်းပင် အဆောင်တံခါးကြီး ပွင့်သွားသည်။

ထိုတံခါးကြီးကို ဖြတ်ကျော်လိုက်သည်နှင့် အတွင်း၌ ကင်းဖက်တစ်ယောက်စီ အသင့်ရပ်နေသော သိုင်းသမားများကို တွေ့လိုက်ရသည်။

ထို သိုင်းသမားများသည် ရုံကူလင်တို့အား ခရီးဦးကြိုပြုခြင်း မရှိကြပေ၊ ဝတ်စုံစိမ်းနှင့်လူသည် ထိုလူများကို ဂရုမထားဘဲ တစ်ခန်းပြီးတစ်ခန်း ဖြတ်ကျော်သွား၏၊

တို့နောက် အတော်အတန်ကျယ်ဝန်းသော အခန်းကြီးတစ်ခုအတွင်းသို့ ရောက်ရှိလာတော့သည်။

ထိုအခန်းထဲဝယ် အနက်ရောင် ဇာပဝါခြုံထားသော ဝမ်လျှံအဖွဲ့ရှင်နှင့် လူအချို့ကို တွေ့ရှိလိုက်ကြရသည်။

ဝမ်လျှံအဖွဲ့ရှင်သည် ဒင်းခြင်ခုံဂုဏ်လုံး၌ ထိုင်လျက်ရှိပြီး အခြားလူများမှာ လေးထောင့် စားပွဲရှည်ကြီး၏ ဘေး၌ စီတန်း ထိုင်နေကြသည်၊

သူတို့မရောက်မီက ထိုလူများနှင့် ဝမ်လျှံအဖွဲ့ရှင်သည် တစ်စုံတစ်ခုအကြောင်း ဆွေးနွေးနေပုံရသည်၊ သူတို့ ဝင်လာ

ကြသဖြင့် ဆွေးနွေးစကားပြောခြင်းကို ရပ်ဆိုင်းလိုက်ခြင်း ဖြစ်ပေမည်။

ဝမ်လျှံအဖွဲ့ရှင်သည် ဝတ်ရုံစိမ်းနှင့်လူအား စောင်းငဲ့ကြည့်လိုက်၏။

"အဖွဲ့ခေါင်းဆောင်ချုပ် သခင်မခင်ဗျား၊ ကျွန်တော် တာဝန် ကျေပွန်ပါပြီ"

ဝတ်ရုံစိမ်းနှင့်လူက ဦးညွှတ်ဂါရဝပြုရင်း ပြောကြားလိုက်ရာ ဝမ်လျှံအဖွဲ့ရှင်က တစ်ချက်မျှ ခေါင်းဆတ်ပြလိုက်ပြီး....

"အေး....မင်းတာဝန် ကျေပြီ၊ အပြင်မှာ သွားအနားယူပေတော့"

ဝတ်စုံစိမ်းဝတ်ဆင်သည့်လူသည် ဝမ်လျှံအဖွဲ့ရှင်ကို ဦးညွှတ်ဂါရဝပြုကာ အခန်းတွင်းမှ ပြန်လည်ထွက်ခွာသွားလေတော့၏။

ဝမ်လျှံအဖွဲ့ရှင်က ရုံကူလင်အားလှမ်းကြည့်ကာ....

"အေး....မင်းတို့ရောက်လာတာ အချိန်မီပဲ၊ အခု ငါ မေးမြန်းနေတဲ့ကိစ္စကို မင်းလဲ စိတ်ဝင်စားမှာပါ"

ရုံကူလင်သည် ဝမ်လျှံအဖွဲ့ရှင်၏စကားကြောင့် စားပွဲရှည်၌ ထိုင်နေသူများအား အကဲခတ်လိုက်၏။ စုစုပေါင်း



အဘိုးအိုလေးယောက်နှင့် အသက်လေးဆယ်ခန့် အရွယ်ရှိ လူလတ်ပိုင်းနှစ်ယောက်တို့ ဖြစ်ကြသည်။

အဘိုးအိုလေးယောက်သည် ဖြူဖွေးသော မုတ်ဆိတ်ရှည်ကြီးများဖြင့် ခန့်ညားတည်ကြည်သော ဥပဓိရုပ်ရှိကြသည်။ လူလတ်ပိုင်းနှစ်ယောက်မှာ အပေါင်ဆိုင်စာရေးကြီးပုံစံမျိုး ဖြစ်၏။

ထိုလူခြောက်ယောက်စလုံး၏ အမူအရာများသည် တစ်စုံတစ်ရာကို အကြီးအကျယ် စဉ်းစားတွေးတောနေကြောင်း ဖော်ပြနေသည်။

မျက်မှောင်ကြုတ်သူက ကြုတ်လျက်ရှိ၏၊ နားထင်ကို လက်ညှိုးနှင့် ထောက်သူက ထောက်လျက်ရှိသည်။

အပေါင်ဆိုင်စာရေးကြီးများနှင့်တူသူ နှစ်ယောက်မှာမူ ဦးခေါင်းကို တဗျင်းဗျင်းကုတ်လျက်ရှိပြီး ထိုလူခြောက်ယောက်အနက် ဣန္ဒြေမရဆုံးသော လူနှစ်ယောက် ဖြစ်နေပေသည်။

ဝမ်လျှံအဖွဲ့ရှင်သည် ရုံကူလင်နှင့်ကျင်လျှံဟိအား ထိုင်ခုံတွင် အထိုင်ခိုင်းပြီးနောက် ထိုလူခြောက်ယောက်ရှိရာသို့ မျက်နှာမူလိုက်သည်။

"ဘယ်လိုလဲ စဉ်းစားလို့ရကြပြီလား"

လက်ဝဲဘက်အစွန်ဆုံး၌ထိုင်နေသည့် မုတ်ဆိတ်ဖြူ အဘိုးအိုက ဦးခေါင်းကယမ်းယမ်းဖြင့် ဖြေသည်။

"ကျုပ်တစ်သက်မှာ အဖိုးတန်ကျောက်မျက်ရတနာတွေ ထောင်သောင်းချီပြီး အကဲခတ်ဖူးပါတယ်ဗျာ"

ထိုအဘိုးအို၏ဘေးမှ အဘိုးအိုကလည်း ခေါင်းညိတ်ထောက်ခံ၏။

"ဟုတ်ပဗျာ၊ ဒီပစ္စည်းဟာ လူတွေလုပ်ထားတဲ့ ဖန်သားလား၊ သဘာဝကျောက်မျက်ရတနာလား ဆိုတာတောင် ကျုပ်တို့ မခွဲခြားတတ်တော့ပါဘူး၊ ဒီပစ္စည်းဟာ ပယင်းလား၊ စိန်လား၊ ပတ္တမြားလား၊ ဘာဆိုဘာမှ မခွဲခြားတတ်တော့ပါဘူး"

ဝင်လျှံအဖွဲ့ခေါင်းက....

"ကျောက်အမျိုးအစားပစ္စည်းအမျိုးအစားကို မခွဲခြားတတ်တော့ဘူးဆိုရင်လဲ ထားပါတော့ရှင်၊ ဒီကျောက်ပေါ်က စာတွေဟာ ဘာစာတွေလဲ၊ ဆရာကြီးတို့ဟာ အကြားအမြင် ဗဟုသုတ အလွန်များကြတယ်လို့ ကျွန်မ သိထားတယ်၊ အဲဒီပေါ်ကစာရဲ့ အဓိပ္ပာယ်တော့ သိကြမှာပေါ့နော်"

အပေါင်ဆိုင်စာရေးနှင့်တူသော လူတစ်ယောက်နှင့်ကပ်ထိုင်နေသည့် အဘိုးအိုက သူ့ မုတ်ဆိတ်ရှည်ကြီးကို လက်ဖြင့်သပ်၍ ချိန်ချိန်ဆဆ ပြောကြားလေ၏။



"ကျုပ်စိတ်ထဲတော့ ဒီစာတွေဟာ ကွယ်ပျောက်လုလု ဖြစ်နေတဲ့ ထိန်ကြူစာတွေပဲလို့ ထင်ပါတယ်"

ထိုအဘိုးအို၏ဘေးမှ အဘိုးအိုက ချက်ချင်း ကန့်ကွက်သည်။

"ဟာ....မဖြစ်နိုင်ဘူးဗျာ၊ စာလုံးတွေရဲ့ပုံသဏ္ဍာန်က ပန်းပွင့်အမျိုးမျိုးပုံသဏ္ဍာန် ဖြစ်နေတယ်၊ ထိန်ကြူ နိုင်ငံကပဲဖြစ်ဖြစ် ဘယ်နိုင်ငံက စာပဲဖြစ်ဖြစ် သုံးပြီးသားပုံစံတွေကို တချို့နေရာတွေ ပြန်သုံးရမယ်ဗျ"

ထိန်ကြူစာဟု သတ်မှတ်သည့် အဘိုးအိုက စားပွဲခုံကို လက်ဖြင့်ထုကာ....

"ခင်ဗျား မတွေ့ဘူးလား၊ သုံးပြီးသား ပန်းပွင့်ပုံစံကို နောက်တစ်ခါ ပြန်သုံးထားတာ၊ ခင်ဗျား အရမ်းမပြောနဲ့၊ စဉ်းစဉ်းစားစား ပြောပါဗျာ"

ထိုအဘိုးကြီးနှစ်ယောက်သည် ဝင်လျှံအဖွဲ့ခေါင်းကို ရှိလေသည်ဟူ၍ မမှတ်တော့ဘဲ တစ်ယောက်နှင့်တစ်ယောက် အပြင်းအထန် ငြင်းခုံနေကြတော့၏။ ဘေးမှလူများမှာလည်း ထိုနှစ်ယောက်ကို ဖျန်ဖြေရန်ထက် သူတို့ဘာသာ အတွေးနက်နေရခြင်းကို ပို၍ကျေနပ်နေပုံရကြသည်။

တစ်နည်းအားဖြင့် ရန်ဖြစ်ငြင်းခုံနေသူနှစ်ဦး၏ အော်ဟစ်သံများက သူတို့၏တွေးတောစဉ်းစားနေမှုကို အနှောင့်အယှက်ပေးပုံမရဘဲ ရှိနေသည်။

ထိုစဉ် ဝမ်လျှံ အဖွဲ့ရှင်က မတ်တတ်ရပ်လိုက်ပြီး....

"ကဲ....ကဲ....တော်ကြပါတော့၊ ပညာရှိကြီးတွေလဲ သိပ် ပင်ပန်းနေကြပြီ၊ ကိုယ့်အခန်းကိုယ်ပြန်ပြီး အနားယူကြပါ၊ အနားယူရင်း ဖြည်းဖြည်းဆေးဆေး စဉ်းစားကြပါလို့ မေတ္တာရပ်ခံပါတယ်"

အဘိုးအိုသေးယောက်နှင့် အပေါင်ဆိုင်စာရေးကြီးများနှင့်တူသော လူနှစ်ယောက်သည် ချက်ချင်းလိုလိုပင် မတ်တတ်ထရပ်ကာ အခန်းထဲမှ တန်းစီထွက်ခွာသွားကြလေ၏၊

ဤလူများကို ဝမ်လျှံ အဖွဲ့ရှင်က ဖမ်းဆီးထားခြင်းဖြစ်ကြောင်း ရုံကူလင် ချက်ချင်းရိပ်မိသည်၊

ထိုလူစိမ်းခြောက်ယောက် ထွက်သွားသည်နှင့် ဝမ်လျှံ အဖွဲ့ရှင်သည် သူ၏မျက်နှာ၌အုပ်ထားသောဇာပဝါကို ဖယ်ချလိုက်သည်။

သူမက ရုံကူလင်အား ကြည့်ကာ....

"မင်းတို့လာတာ အတော်မြန်တာပဲ"

ရုံကူလင်က...

"ရီရင်နဲ့ ကျင်လျှံ တို့ရဲ့ အကူအညီနဲ့ ဒီလောက်မြန်မြန် လာနိုင်တာပါ"



ထိုစဉ် ကျင်လျှံ က ခရီး၌ တွေ့ကြုံခဲ့ရသော ရန်သူသုံးယောက်အကြောင်း ရှင်းပြသည်၊ ဝမ်လျှံ အဖွဲ့ရှင်သည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်၏။သို့သော် မည်သို့မျှတော့ မပြောပေ။

သူမသည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ အတန်ကြာ လမ်းလျှောက်ပြီးမှ ရုံကူလင်၏ရှေ့ရှိ ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်သည်။

ကျင်လျှံ သည် ဝမ်လျှံ အဖွဲ့ရှင်အား ဦးညွတ်ဂါရဝပြုပြီး အခန်းထဲမှ တဖြည်းဖြည်း ဆုတ်သွားလေ၏။ ဝမ်လျှံ အဖွဲ့ရှင်သည် အခန်းထဲ၌ မည်သူမျှ မရှိသောအခါမှ ရုံကူလင်အား ခပ်တိုးတိုးပြော၏။

"အမှန်တော့ မင်းဟာ ခရီးရှည်ကြီးက လာတဲ့လူမို့ အနားပေးပြီးမှ ဒီအကြောင်းတွေ ဆွေးနွေးသင့်တယ်၊ ဒါပေမယ့် အချိန်တွေအများကြီး ပုပ်ကုန်မယ်၊ ကိစ္စက သိပ်အရေးကြီးနေတော့ ချက်ချင်း မေးရတော့တာပဲ"

ရုံကူလင်က ပြုံး၍ဖြေလေ၏။

"မေးပါဗျာ၊ ဒီခရီးလောက်တော့ ကျွန်တော် ဂရုမစိုက်ပါဘူး၊ မောလဲမမောပါဘူး"

"မင်း ကြာဖြူမယ်နဲ့ တွေ့ခဲ့ရသလား"

"မတွေ့ခဲ့ရပါဘူး၊ ရန်ကြူမေနဲ့ပဲ တွေ့ခဲ့ရပါတယ်"

"အေး....ဒါလဲ ထင်သားပဲ၊ ရန်ကြူးမေသီက ဘာသတင်းရသလဲ"

"သူက အရေးကြီးတယ်ဆိုတဲ့စကားတစ်ခုပြောပါတယ်"

"ဘာတဲ့လဲ"

"ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ဟာသိုင်းလောကအတွက် အသက်ကယ်ပွဲကြီးတစ်ခု လုပ်မယ်လို့ ဆိုပါတယ်"

"ဘာ....အသက်ကယ်ပွဲကြီး"

ဝမ်လျှံအဖွဲ့ချုပ်ကဲ့သို့ အမြဲတမ်းလိုလို ထိန်းချုပ်နိုင်စွမ်းရှိသူပင်လျှင် အာမေဍိတ်အသံဖြင့် အော်ဟစ်လိုက်မိသည်။

ရုံကူလင်က ခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်၊ အသက်ကယ်ပွဲကြီးပါ"

ဝမ်လျှံအဖွဲ့ချုပ်သည် သူမ၏ စိတ်လှုပ်ရှားမှုကို ထိန်းသိမ်းလိုက်၏။

"ငါနားမလည်ဘူး၊ ဘာအသက်ကယ်ပွဲလဲ၊ နည်းနည်းလောက် ရှင်းပြစမ်းပါ"

"ကျွန်တော်လဲ သေသေချာချာ မသိဘူး၊ ရန်ကြူးမေကိုယ်တိုင်က အသေးစိတ် ရှင်းမပြခဲ့ပါဘူး၊ သိုင်းလောက



အတွက် အသက်ကယ်ပွဲကြီး ကျင်းပမယ် ဆိုတာလောက်ပဲပြောတယ်၊ ဒီသတင်းကိုလဲ သူ့အနေနဲ့ တိတိလင်းလင်းသိထားသေးတာ မဟုတ်ပါဘူး၊ သူ ဘိုးတိုးတိတ်တိတ် ကြားထားတဲ့သတင်းကို ပြောပြတာပါ၊ ကျွန်တော်တို့ အတွက် အသုံးဝင်ကောင်းဝင်မယ်လို့ ယူဆသွားပုံရပါတယ်"

"ရန်ကြူးမေဟာ ဘယ်လိုမိန်းကလေးမျိုးလဲ"

"ရန်ကြူးမေဟာ ဝူကြည်အဖွဲ့က လွတ်မြောက် ချင်တဲ့ မိန်းကလေးပဲ ဖြစ်ပါတယ်၊ ဒါပေမယ့် သူ့အနေနဲ့ ဝူကြည်အဖွဲ့ထဲက ဘယ်လိုမှ လွတ်မြောက်နိုင်မယ်မဟုတ်ဘူးဆိုတာလဲ သိထားပုံရတယ်"

"သူက ဘာဖြစ်လို့ မင်းကို ကူညီနေတာလဲ"

"ဝူကြည်အဖွဲ့ကို သူဖျက်ဆီးချင်ပုံရတယ်၊ သူ့ဘာသာ မဖျက်ဆီးနိုင်တော့ ဖျက်ဆီးနိုင်မယ့်လူကို ဘာမင်သတင်းပေးတာလို့ပဲ ထင်ပါတယ်"

"တခြားအစီအစဉ်ကော ရှိသေးသလား"

ရုံကူလင်သည် ဝမ်လျှံအဖွဲ့ရှင်၏ စကားကို နားမလည်နိုင်ဘဲ ဖြစ်သွား၏။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးပြောတဲ့စကားကိုကျွန်တော်နားမလည်ပါဘူး၊ ဘာအစီအစဉ်လဲ"

ဝမ်လျှံအဖွဲ့ရှင်က တဲ့တိုးပင် မေးချလိုက်၏။

"ရန်ကြူမေဟာ မင်းကို စိတ်ဝင်စားပြီး ကူညီတာကော မဖြစ်နိုင်ဘူးလား"

ရှံကူလင်က သတ်ပြင်းချလိုက်၏။

"မဖြစ်နိုင်ပါဘူး၊ သူ့အဖွဲ့အကြောင်းကို ကျွန်တော်နဲ့ ကျုန်လုအဖွဲ့ ခေါင်းဆောင်ချုပ်ကြီး ဟွာဆယ်ဖုန်ကိုပထမဆုံးအကြိမ် စ့တွေ့ကတည်းက ပြောပြခဲ့ပါတယ်၊ သူ့အဖွဲ့တူနှစ်ယောက်ကိုတောင် ကိုယ့်ကိုယ်ကို သတ်သေခိုင်းပြီးမှ သူ့အဖွဲ့ရဲ့ လျှို့ဝှက်ချက်တချို့ကို ပြောပြခဲ့တာပါ၊ သူပြောပြတဲ့ လျှို့ဝှက်ချက်ကလဲ သူသိထားသမျှပါ၊ ကျွန်တော့်စိတ်ထင်တော့ သူ မသိတာတွေ အများကြီး ရှိပါလိမ့်ဦးမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဝူကြည်အဖွဲ့ထဲမှာ သခင်မက သုံးယောက်တောင် ရှိနေလို့ပဲ၊ ရန်ကြူမေက တတိယအဆင့်ပဲ ရှိပါသေးတယ်၊ နောက်ပြီး အဖွဲ့ခွဲမှူးဆိုတာလဲ ခုနစ်ယောက်တောင် ရှိပါသေးတယ်"

ဝမ်လျှံအဖွဲ့ရှင်သည် ရှံကူလင်၏ စကားများကို သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်၏။

"အင်း....ငါနားလည်ပါပြီ၊ ဒီသတင်းတစ်စွန်းတစ်စဟာ ကြာဖြူမယ်ရဲ့ အစီအစဉ်ဖြစ်မှာ သေချာပါတယ်၊ ဝူကြည်အဖွဲ့ဆိုတာ သိုင်းလောကမှာ ပေါ်လာတာ မကြာသေးပါ



ဘူး၊ ငါ့ဝမ်လျှံအဖွဲ့လိုပဲပေါ့၊ ဒါပေမယ့် သူက သိုင်းလောကအတွက် 'အသက်ကယ်ပွဲကြီး' ကျင်းပမယ် ဘာညာ စီစဉ်ရဲတာကတော့ အတော့်ကို ထူးခြားနေတယ်၊ တစ်ခုတော့ ရှိတယ်၊ ဒီကိစ္စအတွက် သူဟာ မကောင်းမှုတစ်ခုခုကို ကြိုတင်စီစဉ်ထားပုံရတယ်၊ ဒါကြောင့်သာ ဒီလိုသတင်း ထွက်လာတာပေါ့"

ရှံကူလင်သည် ထို'အသက်ကယ်ပွဲကြီး' အကြောင်းနှင့်ပတ်သက်၍ ဘာကိုမျှရေရေရာရာမစဉ်းစားနိုင်ပေ။သူစဉ်းစားသည့်အရာမှာ ရွှေဓားသခင်ကြီး ဝမ်ဖန်ကြည်၏ လျှို့ဝှက်အာမခံပစ္စည်းများ ပြန်ရရေးပင်ဖြစ်သည်။

ရှံကူလင်သည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး....

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးခင်ဗျား....ကျွန်တော်တစ်ခု မေးပါရစေ"

"ဘာမေးမလဲ မေးပါ"

"ဂျင်ရှင်အာမခံ ဌာနက လျှို့ဝှက်အာမခံပစ္စည်းတွေပြန်ရပြီလားခင်ဗျာ"

ဝမ်လျှံအဖွဲ့ရှင်သည် ရှံကူလင်၏စကားကြောင့် မတ်တတ်ထ ရပ်ကာ ဟိုဟိုသည်သည် လမ်းလျှောက်နေသည်။

အတန်ကြာမှ....

"ဒေါ်ဒေါ်က လူခြောက်ယောက်ကိုတွေ့လိုက်သလား"

"ဟုတ်ကဲ့၊ တွေ့လိုက်ပါတယ်"

"အေး....အဲဒီခြောက်ယောက်ထဲက လေးယောက်ဟာ ရှေးဟောင်းစာပေနဲ့ ပတ်သက်တဲ့ ပညာရှိကြီးတွေပဲ၊ ကျန်တဲ့ နှစ်ယောက်ကတော့ ဂျင်ရှင်အာမခံဌာနက လူနှစ်ယောက်ပဲ...."

"ဟုတ်ကဲ့၊ အမိန့်ရှိပါ"

"ရှေခါးသခင်ကြီး ဝမ်ဖန်ကြည့်လက်ခံထားတဲ့ ပစ္စည်းက နှစ်မျိုးရှိတယ်၊ တစ်မျိုးက ရိုးရိုးကျောက်မျက်ရတနာတွေဖြစ်ပြီး တစ်မျိုးက သျှို့ဝှက်အာမခံပစ္စည်းဖြစ်တယ်"

"ဟုတ်ကဲ့၊ ကျွန်တော်သဘောပေါက်ပါတယ်"

"ရတနာတွေ အားလုံး မပျောက်မရှ ရှိပါတယ်၊ ဒီရတနာတွေကို ခုချက်ချင်း ရှေခါးသခင်ကြီး ဝမ်ဖန်ကြည့် လိုချင်တယ်ဆိုရင် ခုချက်ချင်း ပြန်ပေးနိုင်တယ်၊ ပြန်ပေးဖို့ အသင့်ပဲ"

"သျှို့ဝှက်အာမခံပစ္စည်းတွေကိုတော့ ဘာဖြစ်လို့ မပေးနိုင်တာလဲခင်ဗျာ၊ ဒါတွေ ပြန်မရရင် ဂျင်ရှင်အာမခံဌာနဟာ လုံးဝ နာမည်ပျက်သွားမှာ သေချာပါတယ်"



"ငါပြောတာနားထောင်ပါဦးလေ၊ အဲဒီသျှို့ဝှက်အာမခံ ပစ္စည်းသေတ္တာထဲမှာ တွေ့ရတဲ့ ပစ္စည်းတွေထဲမှာ လူလုပ်တဲ့ ကျောက်လား၊ သဘာဝ ကျောက်မျက်လားဆိုတာခွဲခြားမသိနိုင်တဲ့ ကျောက်တုံးတွေပါနေတယ်၊ နောက်ပြီး အဲဒီ ကျောက်တုံးတွေထဲက ကျောက်တုံးတစ်တုံးပေါ်မှာ အင်မတန်ထူးခြားတဲ့ စာတွေပါတယ်"

"ဩော်....ကျွန်တော် နားလည်ပါပြီ၊ ဒေါ်ဒေါ်ကပညာရှိကြီး လေးယောက်ကို ခေါ်ယူ မေးမြန်းနေတာဟာ အဲဒီ စာကိစ္စနဲ့ပတ်သက်နေတယ် ဆိုပါတော့ခင်ဗျာ"

"ဟုတ်ပါတယ်၊ အဲဒီစာကိစ္စပဲ၊ အဲဒီ ကျောက်တုံးဟာ အဖိုးတန်သလား၊ အဖိုးမတန်ဘူးလားဆိုတာ နှစ်ပေါင်းများစွာ ရတနာတွေလက်ခံလာခဲ့တဲ့ အာမခံဌာနက လူနှစ်ယောက်လဲ မခွဲခြားတတ်ဘူး၊ အဲဒီ ကျောက်တုံးပေါ်မှာ ထွင်းထုထားတဲ့ အရာတွေကိုလဲ ပညာရှိကြီး လေးယောက် အနက်က သုံးယောက်ဟာ ဘာမှန်းမသိကြဘူး၊ တစ်ယောက်ကတော့ ထိန်ကြုနိုင်ငံက စာလုံးလို့ယူဆတဲ့အကြောင်း ပြောတယ်၊ ဒီ ထိန်ကြုနိုင်ငံဆိုတာ ပျောက်ကွယ်ခဲ့တာ ကြာပြီလို့ ဆိုပြန်တယ်၊ ဒီ ပညာရှိကြီးကတော့ သိပ်မဆိုးဘူးလို့ ဆိုရမှာပေါ့"

ထိုစဉ် ချုံကူလင်က....

"ကျောက်တုံးပေါ်မှာပါတဲ့စာကို ဘာမှန်း မခွဲခြားနိုင်ပေမယ့် သဘာဝကျောက်လား၊ လူလုပ်တဲ့ကျောက်လားဆိုတာတော့ ကျွန်တော် ခွဲခြားနိုင်မယ် ထင်ပါတယ်"

ဝမ်လျှံအဖွဲ့ရှင် အံ့ဩသွား၏။

"ဘာ....မင်းက ဒီကျောက်မျက်ရတနာတွေနဲ့ အကျွမ်းဝင်လို့လား"

"ဆိုပါတော့ခင်ဗျာ၊ ကျွန်တော် ခွဲခြားဖောင်း ခွဲခြားနိုင်ပါလိမ့်မယ်"

"ဒါများကွာ စောစောက ပြောရောပေါ့၊ ဒီလိုဆိုရင် အာမခံဌာနက လူနှစ်ယောက်ကိုတောင် ခေါ်ထားစရာမလိုတော့ဘူးပေါ့၊လာ....အဲဒီပစ္စည်းတွေထားတဲ့အခန်းထဲ သွားကြရအောင်"

ရုံကူလင်သည် ဝမ်လျှံအဖွဲ့ရှင်နောက်မှ လိုက်သွားရာ အခန်းတစ်ခန်းအတွင်းသို့ရောက်ရှိသွားလေ၏။ ထိုအခန်းထဲတွင် သေတ္တာကြီးငယ်များရှိရာ ထိုအထဲ၌ ထူးခြားသော သေတ္တာအနက်နှစ်လုံးကို တွေ့ရှိလိုက်ရသည်။

ထို သေတ္တာနှစ်လုံး၌ ဂျင်ရှင်အာမခံဌာနဟူသော စာတန်းများ ရေးဆိုးထားရာ ရုံကူလင်သည် ထိုသေတ္တာအတွင်းမှ ပစ္စည်းများကို အလွန်တရာကြည့်ချင် မြင်ချင်စိတ်ပေါ်ပေါက်လာတော့၏။



ဝမ်လျှံအဖွဲ့ရှင်သည် လက်ဝဲဘက်မှ သေတ္တာတစ်လုံးကို လက်ညှိုးထိုးပြပြီး ရုံကူလင်အား အမိန့်ပေးလိုက်၏။

"အဲဒီသေတ္တာကို ဖွင့်လိုက်"

ရုံကူလင်သည် မဆိုင်းမတွပင် လက်ဝဲဘက်မှ သေတ္တာကို ဖွင့်လိုက်သည်၊ ပြိုးပြက်တောက်ပသော အရောင်များသည် တစ်ခန်းလုံး လင်းထိန်သွားစေသည်။

ရုံကူလင်က တီးတိုးပြောလိုက်၏။

"ဒါက ကျောက်မျက်ရတနာတွေပဲ"

သူသည် စကားဆုံးသည်နှင့် ကျောက်မျက်ရတနာသေတ္တာကို ပြန်ပိတ်လိုက်သည်။

ဝမ်လျှံအဖွဲ့ရှင်က လက်ယာဘက်မှသေတ္တာကို လက်ညှိုးထိုးကာ ထပ်မံအမိန့်ပေး၏။

"အဲဒီသေတ္တာကို ဖွင့်လိုက်"

ရုံကူလင်သည် အမိန့်အတိုင်း ဖွင့်လိုက်၏။ သေတ္တာထဲ၌ ကျောက်တုံး သုံးလေးတုံးတွေ့ရ၏။ မည်သည့်ကျောက်မျိုးမှန်း ရုတ်ခြည်း မသိနိုင်ပေ။

ရုံကူလင်သည် ထိုကျောက်တုံးများကိုကြည့်၍ ငိုင်နေမိသည်။

ဝမ်လျှံအဖွဲ့ရှင်က....

"ရုံကူလင်.... အထဲက ကျောက်တုံးတစ်တုံးကို ထုတ်ယူပြီး ကြည့်စမ်းပါ၊ ဘာကျောက် ဖြစ်နိုင်သလဲ၊ စဉ်းစားစမ်းပါ"

ရုံကူလင်သည် သေတ္တာထဲမှ ကျောက်ဖြူတုံး တစ်တုံးကို ထုတ်ယူလိုက်၏။ ထိုကျောက်ဖြူတုံးမှာ အတော်ကလေး လုံးခြားသည်၊ အရောင် မထွက်သည်လည်းမဟုတ်၊ အရောင်ထွက်သည်လည်းမဟုတ်၊ မှောင်ထဲမှာ အရောင်ထွက်မည့် ကျောက် ဖြစ်ကြောင်း ရုံကူလင် သေချာစွာ သိသည်။

ရုံကူလင်သည် ကျောက်တုံးကို သေချာစွာ စစ်ဆေးကြည့်၏။ ကျောက်တုံးပေါ်၌ ပန်းပွင့်နှင့် သဏ္ဍာန်တူသော စာလုံးကလေးများကို တွေ့ရသည်။

သူသည် အခြားကျောက်တုံးများကို ကြည့်သောအခါ၌လည်း စာလုံးကလေးများကို တွေ့ရပြန်သည်။ ရုတ်တရက် ကြည့်မည်ဆိုပါက ထိုစာလုံးများသည်ပန်းပွင့်နှင့်ပို၍သဏ္ဍာန်တူနေပေသည်။

"ဘာကျောက်လဲ"

ရုံကူလင်သည် ကျောက်တုံးများကို သေတ္တာထဲပြန်ထည့်ပြီး ခပ်အေးအေး ပြောလေ၏။

"သဘာဝကျောက်ပါ"

"မင်း သေသေချာချာ သိသလား"



ရုံကူလင်က ပြုံးရင်း....

"သိပါတယ်၊ ဒီလိုကျောက်မျိုး ကျွန်တော် မြင်ဖူးပါတယ်၊ ဒါပေမယ့် အဖွဲ့ခေါင်းဆောင်ချုပ်ကြီး တစ်ခုသိထားဖို့က ဒီကျောက်က အဓိကလား၊ ကျောက်ပေါ်မှာပါတဲ့စာက အဓိကလားဆိုတဲ့ အချက်ကိုပါပဲ"

ဝမ်လျှံ အဖွဲ့ရှင်က ခေါင်းညိတ်၏။

"ဘယ်ဟာက အဓိကဆိုတာ ငါနားလည်တယ်၊ ဒါပေမယ့် ဒီလိုကျောက်မျိုးဟာ တရုတ်ပြည် မြေပြန့်ဒေသကမှာ သိပ်ရှားတယ်၊ ထိန်ကြူနိုင်ငံနဲ့တဲ့ လူတွေမသိတဲ့ တိုင်းပြည် တစ်ခုခုမှ သာရှိတဲ့ ကျောက်နဲ့ရင် ဒီလိုကျောက်သားမျိုး ရှိမယ့် နေရာဒေသကို ရှာဖွေရမယ်၊ ဒါကြောင့် ဘာကျောက်လဲဆိုတာ မေးနေတာပေါ့"

"ဟုတ်ကဲ့... သဘာဝကျောက်ပါ၊ ဒီလိုကျောက်မျိုးကတော့ ရှားပါတယ်၊ ဒီပေါ်ကစာကို ထိန်ကြူနိုင်ငံကစာမှန်း အဖွဲ့ခေါင်းဆောင်ချုပ်ကြီးအနေနဲ့ ဘယ်လိုသိတာလဲခင်ဗျာ"

"ငါဟာ ရှေးဟောင်းစာပေတွေကို အထိုက်အလျောက် လေ့လာဖူးတယ်၊ အဲဒီမှာ ရှားရှားပါးပါး ပန်းပွင့်နဲ့တူတဲ့ စာလုံးမျိုးကို တွေ့ခဲ့ဖူးတယ်၊ ငါ့ဆရာကို မေးကြည့်တဲ့အခါမှာ ဒီစာဟာ ထိန်ကြူစာလို့ ပြောတယ်"

"ဒါဖြင့် ဒီစာတွေရဲ့ အဓိပ္ပာယ်တွေကို အဖွဲ့ခေါင်းဆောင်ချုပ်ကြီး မသိနိုင်ဘူးလား ခင်ဗျာ"

"တချို့စာလုံးတွေကို ငါအဓိပ္ပာယ်ဖော်နိုင်ပါတယ်၊ ဟိုပညာရှိကြီး လေးယောက်ထဲက တစ်ယောက်ပဲ ဒီစာဟာ ထိန်ကြူစာဖြစ်နိုင်တယ်လို့ ခန့်မှန်းနိုင်ပါတယ်၊ ကျန်တဲ့ သုံးယောက်ဟာ ထိန်ကြူစာဖြစ်မှန်းတောင် မသိကြဘူး၊ သိတဲ့ ပညာရှိကြီးလဲ ဒီစာတွေရဲ့ အဓိပ္ပာယ်ကို မဖော်နိုင်ပါဘူး"

ရှံကူလင်သည် ဝမ်လျှံအဖွဲ့ရှင်ကို ပို၍ ပို၍ အထင်ကြီးမိလာသည်၊ ဤအမျိုးသမီးကြီးသည် ဉာဏ်ပညာ ထက်မြက်သည်နှင့်အမျှ ဗဟုသုတလည်း အမှန်တကယ်ကြွယ်ဝလေသည် တကား။

❖

အခန်း ( ၁၁၃ )

သံကိုဖျက်သော သံချေး

"ဟုတ်ကဲ့....အဖွဲ့ခေါင်းဆောင်ချုပ်ကြီးဖော်နိုင်တဲ့စာလုံးတွေရဲ့ အဓိပ္ပာယ်ကို သိနိုင်ခွင့် မရှိဘူးလား ခင်ဗျ"

"ရှိတယ်လေ၊ ဒီအထဲက စာလေးလုံးကို ငါသိထားတယ်၊ အဲဒီလေးလုံးရဲ့ အဓိပ္ပာယ်ကို သိထားလို့လဲ ငါ့ရင်ထဲမှာ ဒီအတွက် မီးလျှံလို တောက်နေရတာပေါ့"

"ဘာအဓိပ္ပာယ်တွေများလဲ ခင်ဗျာ"

"တာချင်းပေါင်သိုင်းဆိုတဲ့ အဓိပ္ပာယ်ပဲ"

ရှံကူလင်၏ စိတ်ထဲ၌ ပေါ့သွားသည်၊ သိုင်းလောက၌ သိုင်းကျမ်းပေါင်း မြောက်မြားစွာ ပေါ်ထွန်းခဲ့သည်၊ ထို သိုင်းပညာများထဲမှ သိုင်းပညာတစ်ခုကို အဘယ်ကြောင့်

ဤမျှစိုးရိမ်နေရမည်နည်း၊ ထို့ကြောင့် ခပ်ခပ်ပါးပါးပင် ပြန်မေးလိုက်မိ၏။

"ဒါများ စိုးရိမ်စရာလားခင်ဗျာ၊ 'တာချင်းပေါင်သိုင်း'က ဘာများ ထူးခြားနေလို့လဲ"

ဝမ်လျှံ အဖွဲ့ရှင်သည် ရှုံကူလင်အား ကလေးသူငယ်တစ်ဦးကို ကြည့်သကဲ့သို့ စိုက်ကြည့်လိုက်၏။

ထို့နောက် သက်ပြင်းချလိုက်သည်၊

"မင်းက 'တာချင်းပေါင်သိုင်း'ပညာအကြောင်း မကြားဖူးတဲ့ကိုး၊ ဒီသိုင်းပညာဟာ အင်မတန်ရှေးကျတဲ့ သိုင်းပညာဖြစ်တယ်၊ အရိုး၊ အကြော၊ အရေ အစရှိတဲ့ လူ့ခန္ဓာကိုယ်မှာရှိတဲ့ အင်္ဂါအစိတ်အပိုင်းရဲ့ အလျော့အမာကို ခွဲခြားသိရှိတဲ့ ပညာဖြစ်တယ်၊ လက်ချောင်း၊ လက်သီး၊ လက်ဝါး၊ တံတောင်၊ ခြေဖျား၊ ဒူး အစရှိတဲ့ အင်္ဂါအစိတ်အပိုင်းတွေနဲ့ တစ်ဖက်ရန်သူကို ထိရှိခိုက်ခိုက်နိုင်တဲ့ပညာဖြစ်တယ် တစ်ဖက်ရန်သူကကိုယ့်ကို ဘယ်လို တိုက်ခိုက်နိုင်တယ်ဆိုတဲ့ အကွက်ကို ထိုးဖောက် သိမြင်နိုင်တဲ့ သိုင်းပညာဖြစ်တယ်၊ ကဲ....ဒီပညာကို မင်း ဘယ်လိုသဘောရသလဲ"

ရှုံကူလင်မှာ ကြက်သီးတဖြန်းဖြန်း ထသွားလေ၏။ ထိုသိုင်းပညာ၏ ပြည့်စုံမှုရှိပုံ၊ ကြောက်မက်ဖွယ်ကောင်းပုံတို့က သူ့အား ခေါင်းနားပန်း ကြီးသွားစေ၏။

ရှုံကူလင်က တုန်လှုပ်စွာ မေးလိုက်၏၊



"ဒီလိုပညာမျိုး သိုင်းလောကမှာ တကယ်ပဲရှိသလား"

ဝမ်လျှံ အဖွဲ့ရှင်က ခေါင်းညိတ်လိုက်၏။

"တရုတ်ပြည်ရဲ့ ရှေးဟောင်းသိုင်းပညာတွေထဲမှာ ကျိုးခေါင်းဆိုတဲ့ သိုင်းပညာတစ်မျိုးရှိတယ်၊ အဲဒီပညာဟာ ဆန်းကြယ်လွန်းလို့ တရုတ်ပြည်သူတွေဟာ ဒီပညာကို စုံးကလေးပညာလို့ ယူဆခဲ့ကြတယ်၊ တကယ်တော့ အဲဒီပညာဟာ စိတ်စွမ်းအင်နဲ့ သိုင်းပညာပေါင်းစပ်ထားတဲ့ပညာပဲ၊ ကျိုးခေါင်းလိုပညာမျိုးတောင် တရုတ်ပြည်မှာ ပေါ်ထွန်းခဲ့သေးတာ၊ တာချင်းပေါင်သိုင်းပညာမျိုး ဘာဖြစ်လို့ မရှိရမှာလဲ"

ရှုံကူလင်သည် သူ၏ ဗဟုသုတမပြည့်စုံမှုသည့် အဖြစ်ကို သတိရကာ တိတ်ဆိတ်ငြိမ်သက်သွားလေတော့၏။

အတန်ကြာ ငြိမ်သက်နေပြီးမှ....

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ ဗဟုသုတကတော့ အံ့သြစရာ ကောင်းလောက်အောင် ပြည့်စုံတာပဲ ကျန်တဲ့စာလုံးတွေရဲ့ အဓိပ္ပာယ်ကို မှန်းဆလို့မရဘူးလား"

ဝမ်လျှံ အဖွဲ့ရှင်က လေးပင်စွာ ခေါင်းခါသည်။

"မှန်းဆလို့မရဘူးလေ၊ ကျန်တဲ့စာလုံးတွေဟာ ဒီသိုင်းကျမ်း ဘယ်မှာရှိတယ်ဆိုတာကို ညွှန်ပြနေရင် ဘယ့်နှယ်လုပ်မလဲ၊ တကယ့်ကိုခေါင်းကိုက်စရာကိစ္စပါပဲကွာ"

ရှုံကူလင်သည် မည်သည့်စကားမျှမပြောတော့ဘဲ တွေသဖြင့် ငြိမ်သက်နေမိသည်။

ဝမ်လျှံအဖွဲ့ရှင်က...

"အခုတော့ အကျဉ်းဆောင် အုပ်ချုပ်ရေးမှူး ကိုပဲ စောင့်ရတော့မှာပဲ"

"ဘာဖြစ်လို့လဲ ခင်ဗျာ၊ အကျဉ်းဆောင် အုပ်ချုပ်ရေးမှူးက ဒီစာတွေရဲ့အဓိပ္ပာယ်ကိုဖော်နိုင်မှာမို့လား"

"အကျဉ်းဆောင် အုပ်ချုပ်ရေးမှူးကတော့ မဖော်ထုတ်နိုင်ပါဘူး၊ သူက ချူကင်းတောင်ဆိုတဲ့ ပညာရှိ အဘိုးအိုတစ်ယောက်ကို သွားပြီးပင့်ခေါ်နေတယ်၊ ချူကင်းတောင်တာ ခိုင်ဖုန်မြို့ရဲ့ မိုင်ပေါင်းတစ်ရာအတွင်းမှာ အခကျော်ကြားဆုံး ပညာရှိဖြစ်တယ်"

"ဆရာကြီးချူကင်းတောင်က ဒီစာတွေရဲ့ အဓိပ္ပာယ်ကို ဖော်ထုတ်နိုင်တယ် ဆိုပါတော့"

"ဟင့်အင်း....ဒီလို အသေအချာကြီး သတ်မှတ်ထားလို့တော့မရဘူး၊ ချူကင်းတောင်ဟာ ငါ့ရဲ့နောက်ဆုံးမျှော်လင့်ချက်ပဲ၊ သူမှ ဒီစာတွေကို မဖော်ထုတ်နိုင်ရင် တခြားဘယ်သူမှ မဖော်ထုတ်နိုင်တော့ဘူး"

ရှံကူလင်သည် သူနားမလည်နိုင်သည့် အချက်ကို မေးလေ၏။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီး၊ ကျွန်တော် တစ်ခုမေးပါရစေ"



"မေးပါ၊ ဘာမေးမလဲ"

"ဒီ တာချင်းပေါင်သိုင်းကျမ်း ဘယ်မှာ ရှိတယ်ဆိုတာ ဒီကျောက်တုံးတွေက ညွှန်နေပြီ ဆိုပါတော့ဗျာ၊ အဲဒါ ကျွန်တော်တို့နဲ့ ဘာဆိုင်မလဲ"

ဝမ်လျှံအဖွဲ့ရှင်သည် ရှံကူလင်အား သနားစရာသတ္တဝါတစ်ကောင်အလားကြည့်လိုက်ပြီး....

"မင်းဟာ အင်မတန်ဉာဏ်ကောင်းပါလျက်နဲ့ ဒီကိစ္စကျတော့မှ ဘာဖြစ်လို့ဉာဏ်တုံးနေရတာလဲ"

ရှံကူလင်က ရိုးသားစွာ ပြောလေ၏၊

"ကျွန်တော့်အနေနဲ့ ဝူကြည်အဖွဲ့ရဲ့ အန္တရာယ်ကိုပဲ ဂရုစိုက်ရမယ်လို့ ထင်ပါတယ်၊ ဒီ တာချင်းပေါင်သိုင်းရဲ့ လျှို့ဝှက်ချက်တွေကို ဘယ်သူတွေက ဘယ်သူ့အတွက် ပို့မှန်းမသိဘဲနဲ့ အချောက်တိုက် ဦးနှောက်အခြောက်မခံသင့်ပါဘူးလို့ ထင်ပါတယ်၊ ကျွန်တော့်ကို သက်သက်အချိန်ဖြုန်းရာကျမနေဘူးလား"

ဝမ်လျှံအဖွဲ့ရှင်က ပြတ်သားသော လေသံဖြင့် ပြောသည်၊

"ဒီ တာချင်းပေါင်သိုင်းရဲ့ အစွမ်းထက်ပုံကို မင်း ဘယ်လို သဘောရသလဲ"

"ဒီသိုင်းပညာက တကယ့်ကြောက်စရာသိုင်းပညာပဲ၊ ဒီ သိုင်းကျမ်းသာ ရသွားရင် ဒီလူဟာ သိုင်းလောကကိုတကယ် ဘမ်း ကြီး စိုးနိုင်မှာ သေချာပါတယ်"

ဝမ်လျို အဖွဲ့ရှင်က....

"အဲဒါတွေ သိလျက်သားနဲ့ မင်း ဆက်စပ်ပြီး မတွေးနိုင်ဘူးလား"

ရှံကူလင် ဆိတ်ဆိတ်ပင် နေနေ၏။

ဝမ်လျို အဖွဲ့ရှင်က....

"ငါ တစ်ချက်ပဲပြောမယ်၊ အဲဒီ တာချင်းပေါင် သိုင်းကျမ်းဟာ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်လက်ထဲ ရောက်သွားပြီဆိုပါတော့၊ သိုင်းလောကကြီး ဘာဖြစ်သွားမလဲ"

ရှံကူလင်မှာ ခေါင်းနားပန်းကြီးသွား၏။ ဟုတ်ပေသားပဲ၊ ဒီလောက်အစွမ်းထက်တဲ့သိုင်းကျမ်း အောက်လမ်းအဖွဲ့သားတွေလက်ထဲ ရောက်သွားရင် သိုင်းလောကအတွက် တွေးစုံစရာမရှိဘူးဟု တွေးတောလာနိုင်သည်။

ဝမ်လျို အဖွဲ့ရှင်က ဆက်ပြော၏။

"ဝူကြည်အဖွဲ့ဆိုတာက ငါတို့ သိထားတဲ့အဖွဲ့ပဲ ရှိသေးတယ်၊ တခြား အဖွဲ့တွေလက်ထဲ ရောက်သွားရင် သိုင်းလောကကြီး တစ်ခုလုံး ဇောက်ထိုးမိုးမျှော် ဖြစ်သွားမှာပေါ့"



ရှံကူလင်သည် သျှိုက်အာခံပစ္စည်း မည်ချအိုးရှုပေါ အရာရောက်ပုံကို သိရှိပြီးနောက် ပစ္စည်းများကို ရွှေခေါ သခင်ကြီး ဝမ်ဖန်ကြည့်၏လက်ထဲသို့ လွှဲပြောင်းကူကူဖြင့် မည်သို့ပျ ပေးအပ်ခြင်း ခံပြုနိုင်ခဲ့သော့ဖြစ်ကြောင်းကိုသည်း နားလည်သွားတော့ပေါက်သွားလေတော့၏။

ထိုသည် ခေါ်ဆောင်အပြင်မှ အတွင်းအားထုတ်၍ အော်ဟစ်လိုက်သည့် အသံ ကစဲသံသည် ရှံကူလင်တို့ရှိနေသည့် အခန်းထဲသို့ ထွင်းဖောက် ရောက်ရှိလာလေ၏။

"အဖွဲ့ခေါင်းဆောင်ချုပ် သခင်မ အကျဉ်းဆောင် အုပ်ချုပ်ရေးမှူးပြန်လည်ရောက်ရှိလာပါပြီ၊ တွေ့ခွင့်ပေးဖို့ ကိုယ်တိုင် အစီရင်ခံပါတယ် ခင်ဗျာ"

ရှံကူလင်သည် ဘိုးတိုးကျင်ပြန်လည်ရောက်ရှိလာပြီ ဖြစ်ကြောင်း သိရှိလိုက်သည်။

ဘိုးတိုးကျင်သည် ပညာရှိအဘိုးအို ချူကင်းတောင်ကို သွားရောက် ပင့်ဖိတ်လာခဲ့ချေပြီ။

ဝမ်လျို အဖွဲ့ရှင်က ခပ်တိုးတိုးပြောလိုက်သည်၊ သို့ရာတွင် သူမ၏အသံသည် အဝေးဝေးသို့ ထွင်းဖောက်ရောက်ရှိသွားသည်။

"အကျဉ်းဆောင် အုပ်ချုပ်ရေးမှူး၏အခန်းထဲကို ဝင်ခဲ့ပါ"

မကြာမီ အကျဉ်းဆောင်အုပ်ချုပ်ရေးမှူး ဘိုးဘိုးကျော်သည် ရုံကူလင်နှင့် ဝမ်လျှံအဖွဲ့ရှင်တို့ရှိနေသည့် အခန်းထဲသို့ ရောက်ရှိလာလေ၏။

သူသည် ဝမ်လျှံအဖွဲ့ရှင်ကို ဦးညွှတ် အရိုအသေပေးလေ၏။

"အကျဉ်းဆောင်အုပ်ချုပ်ရေးမှူး၊ အခုတော့ပင်ပန်းလာခဲ့သလား"

ဝမ်လျှံအဖွဲ့ရှင်ကမေးလိုက်ရာ ဘိုးဘိုးကျော်က ချက်ချင်းပြန်ပြော၏။

"မပင်ပန်းပါဘူး၊ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မ"

"ပညာရှိကြီး ချူကင်းတောင် ပါလာရဲ့လား"

"ပါတော့ ပါလာပါတယ်၊ ဒါပေမယ့်"

ဝမ်လျှံအဖွဲ့ရှင်၏ မျက်နှာက ချက်ချင်း တင်းမာသွားသည်။

ဘိုးဘိုးကျော်သည် ရုံကူလင်၏ အမြင်အရအတော်ကလေး တည်ငြိမ်သူဖြစ်၏။ ယခုမူ ဘိုးဘိုးသည် တုန်လှုပ်နေပေပြီ။

"ဟုတ်ကဲ့၊ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မဆီ အလျင်အမြန်ရောက်ချင်စောနဲ့ မြင်းကို စိုင်းနှင်ခဲ့ပါတယ်၊ ချူကင်းတောင်ဟာ မြင်းစီးကျွမ်းကျင်သူ မဟုတ်တဲ့အတွက် မြင်းပေါ်က လိမ့်ကျပြီး ဒဏ်ရာရခဲ့ပါတယ်"



ဝမ်လျှံအဖွဲ့ရှင်မှာ မျက်နှာပျက်သွား၏။

"သူ သေလောက်တဲ့ဒဏ်ရာ ရသွားသလား"

"သူ သေလောက်အောင်တော့ ဒဏ်ရာမရပါဘူး၊ အခုဆေးကုပေးထားတဲ့အတွက် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေပါတယ်"

ဝမ်လျှံအဖွဲ့ရှင်သည် သက်ပြင်းချလိုက်၏။

"အင်း....မသေဘူးဆိုရင် တော်ပါသေးတယ်၊ ဂျင်ရှင်အာမခံဌာနရဲ့ လျှို့ဝှက်အာမခံပစ္စည်းတွေရဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်နိုင်ဖို့ကိစ္စမှာ ချူကင်းတောင်ဘယ်လောက်အရေးပါတယ်ဆိုတာ အကျဉ်းဆောင် အုပ်ချုပ်ရေးမှူးလဲ သိသားပဲ"

ဘိုးဘိုးကျော်က ရိုကျိုးစွာ ဦးညွှတ်၍ ပြောလေ၏။

"ဟုတ်ပါတယ်၊ ကျုပ်ရဲ့ ချွတ်ယွင်းချက်အတွက် အဖွဲ့ခေါင်းဆောင်ချုပ်သခင်မ ချမှတ်တဲ့ အပြစ်ဒဏ်ကို ခံယူဖို့ အသင့်ပါပဲ"

ဝမ်လျှံအဖွဲ့ရှင်က လက်ကို ခါယမ်းရင်း....

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲလေ၊ အခု ဖြစ်တာက စေတနာနဲ့ မှားတဲ့ အမှားမျိုးပါ၊ ဒီလို အမှားမျိုးအတွက် အပြစ်ယူဖို့က ခပ်ခက်ခက်ပဲ၊ နောက်ပြီး အကျဉ်းဆောင်အုပ်ချုပ်ရေးမှူးဟာ ဝမ်လျှံအဖွဲ့ထဲမှာ စိတ်ရောကိုယ်ပါ မြှုပ်နှံပြီး အဖွဲ့ရဲ့ တိုးတက်ရာ တိုးတက်ကြောင်း ဦးစီး ဦးဆောင်ပြုလုပ်ခဲ့သူ တစ်ဦးလဲဖြစ်တယ်၊ ဒီ ချွတ်ယွင်းချက်အတွက် အပြစ်ပေးဖို့မလိုပါဘူး"

ဘိုးဘိုးကျော်သည် ဝမ်လျှံအဖွဲ့ရှင်အား ဦးညွှတ်ဂါရဝပြုလေ၏။

"ကျေးဇူးတင်ပါတယ် အဖွဲ့ခေါင်းဆောင်ချုပ် သခင်မ"

ရုံကူလင်သည် ဘေးမှ အနီးကပ် လေ့လာနေသူဖြစ်ရာ ဘိုးဘိုးကျော်က လှိုက်လှဲစွာ ပြောလိုက်ခြင်း ဖြစ်ကြောင်းကောင်းစွာ သိရှိပေသည်။

ထို့အတွက်ရုံကူလင်ပို၍အံ့သြသည်။ သူ့အနေဖြင့် ဘိုးဘိုးကျော်အား ပထမဦးဆုံး တွေ့ရှိစဉ်ကပင် ဘိုးဘိုးကျော်၏မြင့်မားလှသော သိုင်းပညာကို တွေ့မြင်ပြီးခဲ့၏။

ဘိုးဘိုးကျော်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကိုယ်တိုင်က ဝမ်လျှံအဖွဲ့ရှင်အား ဤမျှရိုသေလေးစားနေခြင်းကို အကဲခတ်ခြင်းဖြင့် ဝမ်လျှံအဖွဲ့ရှင်၏ သိုင်းပညာအဆင့်ကို ခန့်မှန်းနိုင်ပေသည်။

ဝမ်လျှံအဖွဲ့ရှင်က....

"ကဲ....အကျဉ်းဆောင် အုပ်ချုပ်ရေးမှူးလဲ ခရီးကြမ်းကြီးကို အပြင်းနှင်လာခဲ့ရတော့ ပင်ပန်းကောင်း ပင်ပန်းနိုင်တယ်၊ သွားပြီးအနားယူလိုက်ပါဦး"

"ကောင်းပါပြီ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မ"

ဘိုးဘိုးကျော်သည် ဝမ်လျှံအဖွဲ့ရှင်ကို ဦးညွှတ်ဂါရဝပြုပြီးနောက် အခန်းထဲမှ ထွက်ခွာသွားသည်။

ရုံကူလင်နှင့် ဝမ်လျှံအဖွဲ့ရှင်တို့ နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့သည်။

ဝမ်လျှံအဖွဲ့ရှင်က....



"ကဲ... ပညာရှိကြီး၊ ချူကင်းတောင်နဲ့တွေ့တဲ့အခါကျမှပဲ ဟိုကျောက်တုံးတွေပေါ်က ထိန်ကြူစာတွေရဲ့ အဓိပ္ပာယ်ကို သိရတော့မှာပဲ၊ မင်းလဲ အနားယူချင်ရင် ယူပေတော့၊ မင်းအတွက် ကျင်လျှံတို့က အဆင်သင့် ပြင်ပေးလိမ့်မယ်"

ရုံကူလင်သည် ဝမ်လျှံအဖွဲ့ရှင်ကို ဦးညွှတ် ဂါရဝပြုပြီး အခန်းအပြင်သို့ ထွက်လာ၏။ ဝမ်လျှံအဖွဲ့ရှင်မှု အခန်းထဲ၌ အတွေးနက်ရင်း ကျန်ရစ်ခဲ့ပေသည်။

"...ာဝေး...အနားယူတော့မလား"

ရုံကူလင်သည် အခန်းအပြင်သို့ ရောက်လျှင် ရောက်ချင်း ရုတ်တရက် ဆီးပြောလိုက်သည့် အသံကြောင့် ထိတ်လန့်သလိုဖြစ်သွားပြီး လှမ်းကြည့်မိသည်။

အခန်းအပြင်၌ ကျင်လျှံ အပြင် ရီရင်ပါ ရောက်ရှိနေပြီး သူ့ကို ခင်မင်ရင်းနှီးစွာ ပြုံးကြည့်နေလေ၏။

"ဟုတ်ကဲ့....အနားယူတော့မယ်ဗျာ၊ လူတော့ မမောပါဘူး၊ စိတ်တော့ အမောသားဗျ"

ရီရင်နှင့် ကျင်လျှံတို့သည် ရုံကူလင် အိပ်စက်ရမည့်အခန်းကို လိုက်ပြသည်။

"ဒါ....ဆရာလေးအတွက် အခန်းပါပဲ၊ ကောင်းကောင်း အိပ်စက်အနားယူပါ၊ ဘာမှ ဘေးအန္တရာယ် မရှိပါဘူး"

မိန်းမပျိုနှစ်ယောက် ထွက်သွားတော့မည့်ဆဲဆဲ၌ ရုံကူလင်က ကပျာကယာ တားလိုက်၏။

"ဒီမှာ....ဒီမှာခဏလောက်နေကြပါဦး၊ ကျွန်တော့် မျက်နှာကိုလဲနဂိုမျက်နှာဖြစ်အောင်ပြန်ဖျက်ပေးကြပါဦးဗျာ"

ရီရင်နှင့် ကျင်လျှံတို့က ပြိုင်တူ ရယ်မောလိုက်ကြလေ၏။

"ဘာလဲ.... ဆရာလေးက သူ့ရဲ့ကောင်းကြီး တိန်ရီလုံနဲ့ မတူချင်ဘူးလား"

ရှုံကူလင်က ခါးခါးသီးသီး ခေါင်းခါပြရင်း....

"နေပါစေတော့ဗျာ....သူ့ရဲ့ကောင်းကြီး တိန်ရီလုံလို ချစ်ရေးချစ်ရာကိစ္စမှာလဲ မစွံချင်ပါဘူး၊ သူ့လိုလဲ အဆိပ်မိပြီး မသေချင်ပါဘူး၊ ကျွန်တော်က သိုင်းလောကအတွက်ဖြစ်ဖြစ်၊ တိုင်းပြည်အတွက်ဖြစ်ဖြစ် အဓိပ္ပာယ်ရှိရှိပဲ သေချင်ပါတယ်"

ရှုံကူလင်၏စကားကြောင့် ရီရင်နှင့် ကျင်လျှံတို့မှာ မရယ်နိုင်ဘဲ ဖြစ်သွားကြ၏။ ရှုံကူလင်ကိုလည်း ပို၍လေးစားသွားကြသည်။

ရီရင်က....

"ဆရာလေးရဲ့ နဂိုမူလရုပ်ရအောင် ကျွန်မတို့ ပြန်လုပ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် အဖွဲ့ခေါင်းဆောင်ချုပ် သခင်မက...."

ဝမ်လျှံ အဖွဲ့ရှင်၏ ခွင့်ပြုချက်မရဘဲ ရှုံကူလင်၏နဂိုရုပ်ရည်ကို ပြန်ရအောင် လုပ်ပေးလိုက်ပါက သူတို့၏အပြစ်ကျရောက်လာမည်ကို ရီရင်တို့ စိုးရိမ်ကြပေသည်။

ရှုံကူလင်က ရယ်မောရင်း...

"ဒီအတွက်တော့ မပူပါနဲ့ဗျာ၊ ကျွန်တော့်ကို တိန်ရီလုံအဖြစ် ရုပ်ဖျက်တုန်းက ကြာဖြူမယ်ရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်ချင်လို့ အဲဒီအတိုင်း ရုပ်ဖျက်ပေးလိုက်တာပါ၊ နောက်ပိုင်းမှာ တိန်ရီလုံအဖြစ် သရုပ်ဆောင်ရမယ့်ကိစ္စ မရှိ



တော့ပါဘူး၊ တကယ်လို့ ခင်ဗျားတို့အပေါ် အပြစ်ကျမယ်ဆိုရင် ကျွန်တော်ဝင်ပြီး ရှင်းပေးနိုင်ပါတယ်၊ ဒီအကြောင်းတွေကို ခင်ဗျားတို့လဲ သိသွားပဲဗျာ"

ရီရင်နှင့် ကျင်လျှံတို့သည် တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်ကြပြီး ရှုံကူလင်၏စကားအတိုင်း မူလရုပ်ရည် ပြန်ရအောင် ပြုပြင်ပေးရန် သဘောတူလိုက်ကြ၏။

"ကောင်းပါပြီ....ကျွန်မတို့ ဆောင်ရွက်ပေးပါမယ်၊ ဆရာလေးသာ ခုတင်ပေါ်မှာ အိပ်လိုက်ပါ"

ရီရင်သည် ရှုံကူလင်၏ မူလရုပ်ရည်ပေါ်အောင် ပြန်လည်ပြုပြင်ပေးလိုက်သည်။

"ကဲ....ရော့၊ ဆရာလေးရဲ့ မူလရုပ်ရည်ဆိုတာ မှန်ထဲမှာ ပြန်ကြည့်ပါဦး"

ရှုံကူလင်သည် ရီရင်ပေးသည့် မှန်ကို လှမ်းယူပြီး သူ၏မျက်နှာကို ပြန်ကြည့်သည်။ မှန်ရုပ်ထဲ၌ ရှုံကူလင်၏ငယ်ရွယ်နုပျိုသောမျက်နှာ ပြန်ပေါ်လာသည်။

"ကျေးဇူးကြီးလှပါပေတယ်ဗျာ၊ ကိုယ့်ရုပ်ရည်နဲ့ ကိုယ်မှ နေသားထိုင်သား ကျသွားတော့တယ်"

ရီရင်သည် ရိုးသားလှသော ရှုံကူလင်၏ စကားကြောင့် စိတ်ထဲ၌ ပြုံးမိသွားသည်။

"အင်း....ဒီဆရာလေးဟာ ရိုးသားဖြူစင်သလောက် မြတ်လှတယ်၊ သူသာ သိုင်းလောကထဲ ဝင်လှုပ်ရှားရင် သ လောကရဲ့ မကိုင်ဦးသျှောင်ဖြစ်မှာ သေချာတယ်"

ကျင်လျှံက....

"ကဲ…ဆရာလေး ကျေနပ်ရင် ပြီးတာပါပဲ၊ ဆရာလေး လဲ ပင်ပန်းပြီ၊ အခန်းထဲမှာ ကောင်းကောင်းကြီး အိပ်စက် အနားယူပါတော့၊ ကျွန်မတို့ သွားတော့မယ်"

"ကောင်းပါပြီဗျာ၊ ခင်ဗျားတို့ရဲ့ ကျေးဇူးလဲ အင်မတန် ကြီးမားလှပါတယ်"

"ဒီလောက်လဲမဟုတ်ပါဘူးရှင်၊ ကျွန်မတို့ကို ခွင့်ပြုပါဦး"

မကြာမီ ရီရင်နှင့် ကျင်လျူတို့ ထွက်ခွာသွားကြလေ၏။ သူတို့ ထွက်ခွာသွားကြသောအခါမှ ရှံကူလင်သည် အခန်း ကလေးကို လှည့်ပတ်ကြည့်ရှုသည်။

စားပွဲတစ်လုံး၊ ကုလားထိုင် သုံးလုံးနှင့် ခုတင်တစ်လုံး ရှိသည်၊ အားလုံး သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ရှိသည်။

စားပွဲအောက်တွင် ဖယောင်းတိုင် သုံးလေးတိုင်နှင့် မီးခြစ် တစ်လုံးကိုလည်း တွေ့ရ၏။

ရှံကူလင်သည် အခန်းတံခါး၏ မင်းတုပ်ကို ချလိုက်၏။ ထို့နောက် ခုတင်ပေါ်တွင်ထိုင်ကာ အတွင်းအား လေ့ကျင့်တော့၏။

တိတ်ဆိတ်ငြိမ်သက်သော အခန်းထဲတွင် စိတ်ထားတည် ငြိမ်စွာဖြင့် အတွင်းအားကျင့်စဉ် လေ့ကျင့်နေခြင်းဖြစ်၍ ရှံကူ လင်အဖို့ များစွာ အင်အားတိုးတက်လာသည်။

သူ့မျက်လုံးဖွင့်ကြည့်လိုက်သောအခါ တစ်ခန်းလုံး မှောင် နေပြီဖြစ်သည်ကို သိရှိလိုက်ရတော့သည်။

"အင်း…ငါ အတွင်းအား လေ့ကျင့်လိုက်တာ အတော် တန်သွားတယ်"



ရှံကူလင်သည် ခုတင်ပေါ်မှထကာ ဖယောင်းတိုင်မီးထွန်း ရန် ကြံလိုက်၏။ သို့သော် ချက်ချင်းပင် ထိုအကြံကို ပယ်ဖျက် လိုက်ပြီး မှောင်ထဲ၌ စမ်းလျှောက်ရင်း အခန်းတံခါးဆီသို့ သွားသည်။

တံခါးမင်းတုပ်ကို ဖယ်ရှားလိုက်သောအခါ အပြင်မှ အလင်းရောင်အချို့ ဝင်လာသဖြင့် သူ့အခန်းထဲ၌ မီးထွန်း ရန်မလိုဘဲ ဖြစ်သွားသည်။

"ဘယ်က မီးရောင်တွေပါလိမ့်"

သူသည် ဝရန်တာဆီသို့ လျှောက်လာရာ အဆောင်၏ အနောက်ဘက် ကွင်းပြင်၌ မီးတုတ်အချောင်း နှစ်ဆယ်ခန့် ထွန်းညှိထားကြောင်း တွေ့ရှိလိုက်ရသည်။

"ဩော်…ငါအခန်းထဲ ဝင်လာတဲ့ အလင်းရောင်တွေက ဒီကကိုး၊ သူတို့ ဘာလုပ်နေကြတာပါလိမ့်"

ရှံကူလင်သည် အောက်မှလူများ သူ့အား ရုတ်တရက် မြင်မသွားစေရန် တိုင်တစ်တိုင်၌ ကွယ်ပြီး အောက်ဘက်ရှိ ကွင်းပြင်သို့ ချောင်းကြည့်လိုက်သည်။

ကွင်းပြင်ထဲ၌ ဝတ်စုံအစိမ်းရောင် ဝတ်ဆင်ထားသည့် မုတ်ဆိတ်ရှည် အဘိုးအိုလေးယောက်တို့ကို ရီရှင် ကျင်လျူ တို့နှင့်အတူတွေ့ရသည်။

ထိုမုတ်ဆိတ်ရှည် အဘိုးအိုများမှာ ပညာရှိအဘိုးအိုများ မဟုတ်ကြပါ၊ ဝင်လျူအဖွဲ့မှ အဆင့်မြင့်သိုင်းသမား အဘိုး အိုများ ဖြစ်ကြပါသည်။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ဘိုင်းသမားများသည် ဓားများကိုယ်စီလွယ်ထားကြပြီး ဆယ်ယောက် တစ်တန်းစီရပ်နေကြ၏။ စုစုပေါင်းအယောက်လေးဆယ်ရှိသည်။

"ဟာ....ဒါက ဘာဖြစ်ကြတာလဲ၊ ရန်သူလာမယ်ဆိုတာ သိနေလို့ ကြိုတင်ပြင်ဆင်ထားကြသလား မသိဘူး၊ ဒါဆိုရင် ရီရင်တို့ ကျင်လျှံတို့က ငါ့ကိုကြိုပြောထားဖို့ကောင်းကယ်"

ရှံကူလင် တွေးတောနေခိုက်မှာပင် အနက်ရောင် သိုင်းဝတ်စုံဝတ်ဆင်ထားသည့် ဝမ်လျှံ အဖွဲ့ရှင်ရီရှံရှန်သည် ကွက်လပ်ထဲသို့ တည်ငြိမ်စွာ လျှောက်လာသည်။

သူမ၏ နောက်ကျော၌ ဓားတစ်ချောင်း လွယ်ထားကြောင်းတွေ့ရှိရ၏။

သူမသည် လက်ယာဘက်အစွန်ဆုံးရှိ အဘိုးကြီးတစ်ဦးအား လှမ်းကြည့်ပြီးမေးလိုက်သည်။

"ဘယ်အချိန်ရှိပြီလဲ"

ထိုအဘိုးကြီးက ဦးညွှတ်ဂါရဝပြုပြီးနောက်....

"ညတစ်ချက်တီး ကျော်ပါပြီ၊ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မ"

ရှံကူလင်သည် ထိုအခါမှကောင်းကင်သို့မော့်ကြည့်မိ၏။ မှန်နိုင်ပေသည်။ သူသည် အတွင်းအားကျင့်စဉ်ကို တည်ငြိမ်စွာလေ့ကျင့်ခဲ့သဖြင့် အချိန်မည်မျှ ကုန်ဆုံးသွားသည်ကို မသိနိုင်ခဲ့ပေ။ ယခု ညဥ့်သန်းခေါင် ကျော်နေပေပြီ။



ဝမ်လျှံအဖွဲ့ရှင်သည် ကွက်လပ်ထဲ၌ ရှိနေသည့် တစ်ခုတည်းသော ကုလားထိုင်၌ဝင်ထိုင်ရင်း ကောင်းကင်ကိုမော့်ကြည့်နေ၏။

"အင်း....ဝမ်လျှံအဖွဲ့ရှင်ဟာ တစ်ဦးဦးကို စောင့်နေတာပဲ၊ ဘယ်လိုရန်သူမျိုးကို စောင့်နေတာလဲမသိဘူး၊ ဒီလိုချောင်းမြောင်းကြည့်နေတာတော့ မသင့်လျော်တာအမှန်ပဲ၊ ဒါပေမယ့်မတတ်နိုင်ဘူးလေ၊ ဝမ်လျှံအဖွဲ့ရဲ့ လျှို့ဝှက်ချက်ကို သိချင်ရင် ဒီလိုချောင်းကြည့်တဲ့နည်းကလွဲလို့ တခြားနည်းမှ မရှိတာပဲဥစ္စာ"

ရှံကူလင်သည် သူ့ကိုယ်သူ အားပေးရင်း တိုင်အကွယ်မှဆက်၍ ချောင်းမြောင်းကြည့်ရှုနေသည်။

မကြာမီ မီးခိုးရောင်ဝတ်ရုံကြီးကို ဝတ်ဆင်ထားသော အကျဥ်းဆောင် အုပ်ချုပ်ရေးမှူးကြီး ဘိုးဘိုးကျင်သည် ကွင်းပြင်ထဲသို့ အလောသုံးဆယ် ဝင်လာလေ၏။

သူ၏ ဝတ်ရုံကြီးမှာ တသုန်သုန်မြူးသွားသည့် လေရူးကြောင့် တဖျပ်ဖျပ်လုပ်ရှားသွားသည်။ သူ့နောက်ကျော၌လည်း ဓားတစ်ချောင်းကို သိုင်းလွယ်ထားပေသည်။

ဘိုးဘိုးကျင်သည် ဝမ်လျှံအဖွဲ့ရှင်၏ ရှေ့သို့ ရောက်လာသောအခါ ဦးညွှတ်ဂါရဝပြုလေ၏။

ထိုအခါ ဝမ်လျှံအဖွဲ့ရှင်လည်း ရုတ်တရက် ထရပ်လိုက်ပြီး....

"ကဲ....အချိန်တောင် နောက်ကျနေပြီ၊ အလုပ်စလိုက်ကြရအောင်"

"ကောင်းပါပြီ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မ"

ဘိုးဘိုးကျော်သည် နောက်ဆုတ်သွားပြီးနောက် သူ့နောက်ကျောမှ ဓားကိုရှမ်းခနဲဆွဲထုတ်လိုက်သည်။ ဓားသည် မီးတုတ်များ၏ အလင်းရောင်ကြောင့် ပြိုးပြိုးပြက်ပြက် ဝင်းလက်သွားလေ၏။

"ကောင်းတယ်"

အဖွဲ့ခေါင်းဆောင်ချုပ် သခင်မသည် ခပ်တိုးတိုး ရေရွတ်ပြီး လွှက်လပ်ရှေ့သို့ ဖြည်းညင်းစွာလျှောက်သွားလေသည်။

ထို့နောက် သူ့နောက်ကျော၌ သိုင်းလွယ်ထားသည့် ဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်သည်။

သူမ၏ဓားသည်လည်း မီးတုတ်များ၏ အလင်းရောင်အောက်၌ ပြိုးပြိုးပြက်ပြက် လင်းလက်နေသည်။

လွှက်လပ်ကွင်းပြင်ထဲ၌ ဝမ်လျှံအဖွဲ့ရှင်နှင့် ဝမ်လျှံအဖွဲ့ရှင်အား ကိုးယုံကြည်ထားသည့် အကျဉ်းဆောင်အုပ်ချုပ်ရေးမှူး ဘိုးဘိုးကျော်တို့သည် တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ရန် အသင့်ဖြစ်နေကြလေပြီ။

ရုံကျူလင်သည် သူ့မျက်စိရှေ့မှ မြင်ကွင်းကို မယုံနိုင်လောက်အောင် ဖြစ်နေရ၏။ ဝမ်လျှံအဖွဲ့သည် အလွန်တရာ စည်းလုံးသောအဖွဲ့ဖြစ်သည်။ စည်းကမ်းလည်း အလွန်ကြီးသည်၊ အုပ်ချုပ်ပုံအလွန်ကောင်းသည်။

ယခု ဝမ်လျှံအဖွဲ့ရှင်၏ လက်အောက်မှ လူသည် ကိုယ့်အဖွဲ့ခေါင်းဆောင်ချုပ်ကို ပြန်လှန်တိုက်ခိုက်ရန် အသင့်ဖြစ်



နေလေပြီ။ ကိုယ့်အညွှန့် ကိုယ်ချိုးသော ဝမ်လျှံအဖွဲ့သားများ၏ လုပ်ရပ်ကို မြေဘမယုံကြုံမှသာ သိရတော့သည်။

"ရက်စက် ကြမ်းကြုတ်သော အကြီးအကဲ၊
ဝန်တိုတတ်သော အကြီးအကဲ၊ မချိုးမြှင့်တတ်သော
အကြီးအကဲ၊ နှိပ်စက်တတ်သော အကြီးအကဲအား
ရှိသောကျိုးနွံ ခစားခြင်း မရှိအပ်ကြောင်း"

ရုံကျူလင်၏ ငယ်ဆရာက သင်ကြားခဲ့ဖူးသည်။

ယခု ဝမ်လျှံအဖွဲ့ရှင်သည် ထိုကဲ့သို့သော အကြီးအကဲမျိုး မဟုတ်ပေလော။ သို့သော် ရုံကျူလင်၏ အတွေ့အကြုံအရ ရိရင်နှင့် ကျင်လျှို့ကဲ့သို့သော ဝမ်လျှံအဖွဲ့သား မိန်းမပျိုများသည် ပင်လျှင် ဝမ်လျှံအဖွဲ့ရှင်အား အလွန်တရာ ချစ်ကြောက်ရိုသေကြကြောင်း တွေ့ရှိရသည်။

ဝမ်လျှံအဖွဲ့ရှင်သည် ဉာဏ်ပညာအမြော်အမြင် ကြီးမားသော အဖွဲ့ခေါင်းဆောင်ချုပ်ကြီးတစ်ဦး ဖြစ်သည်ဟု သူကိုယ်တိုင်က နားလည်သဘောပေါက်ခဲ့သည်။

ယခု ဘိုးဘိုးကျော်ကဲ့သို့သော ဝါစဉ်ကြီး သိုင်းသမားကြီးက သူ့ကို သဘောမပေါက်ဘဲ အဘယ်ကြောင့် ပြန်လှန်တိုက်ခိုက်ရန် ကြံစည်နေရသနည်း။

ရုံကျူလင်အား အစဉ်းစားရ ကျပ်စေသော အကြောင်းတစ်ချက်မှာ အဖွဲ့စောင့်ရှောက်ရေးမှူး လေးဦးဖြစ်သော ဝက်ကိုဝိမ်းဝတ် အဘိုးကြီးလေးယောက်နှင့် ရိရင်၊ ကျင်လျှို့တို့က အေးအေးဆေးဆေး ရပ်ကြည့်နေကြခြင်းပင်တည်း။

❁

# အခန်း ( ၁၁၄ )

## ထက်ပိုင်းကျိုး ဓားနှစ်လက်

"ကျုပ်ကို ခွင့်လွှတ်ပါ"

ဘိုးဘိုးကျင် ပြောလိုက်သည့်စကားသံကို ရုံကူလင် ပီသစွာ ကြားလိုက်ရ၏။

ရုံကူလင် တွေးနေသည်။

"ကောန္တ ဒါဟာ ဝမ်လျှံ အဖွဲ့တွင်း တော်လှန်ပုန်ကန်မှုပဲဖြစ်လိမ့်မယ်၊ ဝမ်လျှံ အဖွဲ့ရှင်ဟာ ဘိုးဘိုးကျင်ကို အရေးယူချင်ပေမယ့် ဘိုးဘိုးကျင်ရဲ့သစ္စာခံ တပည့်လက်သားတွေ တော်တော်များများရှိနေလို့ ဘိုးဘိုးကျင်ရဲ့ စိန်ခေါ်မှုကို မတတ်သာဘဲ လက်ခံလိုက်ရတာ ဖြစ်လိမ့်မယ်"

ထိုအခိုက်မှာပင် ဘိုးဘိုးကျင်သည် သူ့ဓားကို ဖြည်းညင်းစွာ ဝှေ့ယမ်းလေ၏။ ဝှေ့ယမ်းရင်း ဓားသုံးချက်သည် ဝမ်လျှံ အဖွဲ့ရှင်၏ လက်ကောက်ဝတ် သွေးကြော၊



တံတောင်ဆစ်သွေးကြော၊ လက်မောင်းရင်းသွေးကြောများကို လျှပ်တစ်ပြက်ထိုးစိုက်သွားလေ၏။

ဝမ်လျှံ အဖွဲ့ရှင်သည်သည်း ဘိုးဘိုးကျင်၏ဓားကို သူမ၏ဓားဖြင့် ခုခံခြင်းမပြုဘဲ လျှပ်တစ်ပြက် ရှောင်ထွက်သွားလေ၏။ ရှောင်ထွက်ပုံ လျင်မြန်လှသဖြင့် ရုံကူလင်ကဲ့သို့ လူစိမ်းမပြောနှင့် ဘိုးဘိုးကျင်ကဲ့သို့ လူရင်းပင်လျှင် အံ့သြသွားခဲ့ရပေသည်

ဘိုးဘိုးကျင်က....

"အဖွဲ့ခေါင်းဆောင်ချုပ်သခင်မ ဘာဖြစ်လို့ ဓားကို အသုံးမပြုတာလဲ"

ဘိုးဘိုးကျင်သည် ဆက်လက်မတိုက်ခိုက်ဘဲ မေးခွန်းထုတ်လိုက်သည်။

ဘိုးဘိုးကျင်၏ မေးခွန်း၌ မထီလေးစားပြုမှုသည့်အရိပ်အယောင် လုံးဝ မပါချေ၊လေးလေးစားစားမေးမြန်းလိုက်ခြင်းသာ ဖြစ်ပါ၏။

ဝမ်လျှံ အဖွဲ့ရှင်က ပြုံးလိုက်၏။

"ကျွန်မ လှုပ်ရှားမှုမရှိတဲ့အတွက် အကျဉ်းဆောင်အုပ်ချုပ်ရေးမှူးအနေနဲ့ ဘာမှစိုးရိမ်မှုရှိမနေပါနဲ့၊ ဒီသုံးနှစ်အတွင်း အုပ်ချုပ်ရေးမှူး ဆည်းပူးထားတဲ့ ဓားသိုင်းပညာကို ကျွန်မ သိချင်တယ်၊ ဓားကွက်တွေကိုသာ အကုန်ထုတ်ပါ"

ဘိုးဘိုးကျင်က ခေါင်းညိတ်၏။

"သုံးနှစ်အတွင်းမှာ ကျုပ် ဆည်းပူးထားတဲ့ ဓားသိုင်းပညာ အတော်အသင့် တက်လာပါတယ်၊ ဒါပေမယ့် အဖွဲ့

ခေါင်းဆောင်ချုပ်ယခင်မကို မတော်တဆ ထိခိုက်သွားမှာကို စိုးရိမ်ပါတယ်"

"မစိုးရိမ်ပါနဲ့၊ ကျွန်မ ခွင့်ပြုတဲ့ကိစ္စပဲ၊ အဖွဲ့စောင့်ရှောက်ရေးမှူး လေးယောက်၊ ရိရင်နဲ့ ကျင်လျှို့ တို့အပါအဝင် အဖွဲ့သားလေးထယ် သက်သေအဖြစ် ရှိနေတယ်၊ အကျဉ်းဆောင်အုပ်ချုပ်ရေးမှူးရဲ့ ဓားကြောင့် ကျွန်မ ထိခိုက်အနာတရဖြစ်ရင် ကျွန်မအပြစ်နဲ့ ကျွန်မပဲ၊ ဓားကွက်သာ အကုန်ထုတ်ပါ"

"ကောင်းပါပြီ၊ ဒီလိုဆိုရင် ကျုပ်အစွမ်းကုန် တိုက်ခိုက်ပါမယ်"

ဘိုးဘိုးကျော်သည် ဓားကွက်လေးကွက်ကို ဆက်တိုက်ထုတ်သည်။ ဓားကွက်လေးကွက်သည် သူ့ခမန်အားဖြင့်ကြည့်ပါက ရိုးရိုးဓားကွက်များဟု ထင်မြင်ရသည်။

သို့သော် ဓားကွက်တစ်ခုနှင့်တစ်ခုအပြောင်းတွင်အလှည့်အပြောင်းအကွက်ငယ် များစွာ ပါရှိသဖြင့် ဘိုးဘိုးကျော်၏ ဓားသိုင်းပညာသည် အတော်အတန်အဆင့်မြင့်ကြောင်း သိရှိနိုင်ပေသည်။

ဘိုးဘိုးကျော်၏ ဓားစက်ဝိုင်းသည် ပြိုးပြိုးပြက်ပြက် ဝင်းလက်သွားပြီး တခဏအတွင်း ဝမ်လျှို့ အဖွဲ့ရှင်အား ဖုံးအုပ်သွားလေ၏၊ ဘိုးဘိုးကျော်၏ ဓားသိုင်းအမည်မှာ 'မိုးကြိုးစက်ကွင်း'ဖြစ်၏။



မိုးကြိုးပစ်သောအခါ တည့်တည့် မတ်မတ် ထိမှန်သည့်အရာသည် မီးလောင်ကျွမ်းသွားသကဲ့သို့ စက်ကွင်းဓိသည့်အရာများသည်လည်းသို့လျော်ကြွက်သွေ့သွားရပေသည်။

သို့နည်းတူ ဘိုးဘိုးကျော်၏ ဓားဦး ဓားသွားများသည် ဝမ်လျှို့ အဖွဲ့ရှင်၏ သေကွင်းများဆီသို့ တိုက်ရိုက်သွားသလို ဓားစက်ဝိုင်းကြောင့်လည်း ဝမ်လျှို့ အဖွဲ့ရှင်အနေဖြင့် ခြေပြတ်လက်ပြတ် ဖြစ်သွားနိုင်ပေသည်။

ဘိုးဘိုးကျော်သည် ဓားကိုထိုးသွင်းခြင်းဖြင့် စက်ဝိုင်းပမာလှည့်ပတ်ခြင်းကို တစ်ပြိုင်တည်း တင်ဆက်ဘည်း ပြုနိုင်စွမ်းရှိပေသည်။

ဝမ်လျှို့ အဖွဲ့ရှင်သည် သူ့အား ဓားစက်ဝန်း လှည့်ပတ်လာသောအခါမှ သူ့ဓားကို အသုံးပြု၏၊ သို့သော် တိုက်စစ်ဆင်ခြင်းမဟုတ်ပေ၊ ခံစစ်၌သာ ဓားကိုအသုံးပြုပေသည်၊

ဘိုးဘိုးကျော်သည် အကွက်ပေါင်းနှစ်ဆယ်ခန့် တိုက်ခိုက်ပြီးနောက် ဟူးဆန်းသည့် ဓားကွက်များကို ထပ်မံမထုတ်နိုင်တဲ့ဖြစ်နေသည်။

ဝမ်လျှို့ အဖွဲ့ရှင်သည် ဓားစက်ဝိုင်းအတွင်းမှ ခုန်ထွက်သွားပြီး ဘိုးဘိုးကျော်အား စူးစိုက်ကြည့်လိုက်၏၊

"အကျဉ်းဆောင် အုပ်ချုပ်ရေးမှူးရဲ့ ဓားသိုင်းပညာတွေက ဒီသုံးနှစ်အတွင်းမှာ အတော်တိုးတက်မှု ရခဲ့တာပဲ"

ဘိုးဘိုးကျော်မှာ သူ့ ဓားသိုင်းပညာဖြင့် ဝမ်လျှို့ အဖွဲ့ရှင်အား ထိခိုက်အနာတရဖြစ်အောင် မလုပ်နိုင်ခဲ့သည့်အတွက် လွန်စွာစိတ်ဓာတ်ကျသွားသည်၊

သို့သော် သူသည် စိတ်ပျက်ဟန်ကို မပေါ်လွင်စေဘဲ ဣန္ဒြေဆည်ထားလိုက်နိုင်သည်။

ဝမ်လျှံအဖွဲ့ရှင်အား ဦးညွှတ်ဂါရဝပြုပြီးနောက်....

"ကျုပ်ကို ခုလိုချီးကျူးတဲ့အတွက်ကျေးဇူးတင်ပါတယ်"

ဝမ်လျှံအဖွဲ့ရှင်က တည်ငြိမ်စွာ ဆက်၍ပြောသည်။

"ကဲ....ဒီတစ်ခါ ကျွန်မအလှည့်ပဲ၊ အကျဉ်းဆောင် အုပ်ချုပ်ရေးမှူး သတိသာထားပေတော့"

ဝမ်လျှံအဖွဲ့ရှင်သည် ဓားကိုင်လက်ကို ဆန့်ထုတ်လိုက်၏။ သို့သော် ဓားပြားသည်ရှေ့၌မရှိဘဲ သူ့လက်ဖျံတစ်လျှောက် ကပ်ထားလျက်ရှိပြီး ဓားဦးက သူမ၏ ခန္ဓာကိုယ်ဘက်သို့ လှည့်ထားသည်။

ဤသို့သော ဓားကိုင်ပုံမျိုးသည် အလွန်တရာရှားပါ၏။ ဓားသမားဆယ်ယောက်အနက်တစ်ယောက်ပင်မကိုင်ကြချေ။ ထိုဓားကိုင်ပုံကို တွေ့ရသောအခါ ရုံကူလင်မှာ မျက်လုံးပြူးသွားလေတော့၏။

အဘယ်ကြောင့်ဆိုသော် ဝမ်လျှံအဖွဲ့ရှင်၏ ဓားကိုင်ပုံမျိုးသည် သူဓားကိုင်သည့်ပုံစံနှင့် တထေရာတည်းတူနေသောကြောင့်တည်း။

ထိုအချိန်၌ ဝမ်လျှံအဖွဲ့ရှင်၏စူးရှတောက်ပသော မျက်လုံးအစုံသည် ဘိုးဘိုးကျောင်၏ ခန္ဓာကိုယ်အား ထွင်းဖောက်သွားတော့မည့်နှယ် စိုက်ကြည့်နေ၏။ ထိုအကြည့်ကြောင့် ဘိုးဘိုးကျောင်မှာ မသိမသာတုန်လှုပ်လာ၏။



ရုံကူလင်သည် ဝမ်လျှံအဖွဲ့ရှင်၏ အားယူမှု စူးစိုက်မှုကို ကြည့်ပြီး သူမ၏တိုက်ခိုက်မှုသည် တောင်ကျရေနှယ် အလွန်တရာ ပြင်းထန်မည်ဖြစ်ကြောင်း နားလည်လိုက်မိသည်။

ထိုတခဏ်အတွင်းမှာပင် ဝမ်လျှံအဖွဲ့ရှင်သည် ဖျတ်ခနဲ လှုပ်ရှားသွားပြီး ဘိုးဘိုးကျောင်အား ထိုးနှက်တိုက်ခိုက်တော့သည်။

"ခြွမ်"

"ဖျပ်....ဖျပ်....ဖျပ်"

ဓားရောင်များ ဝင်းခနဲ ဖြစ်သွားပြီး ခြွမ်ခနဲအသံတစ်သံ သာကြားလိုက်ရသည်။ ရုံကူလင် အသေအချာ ကြည့်လိုက်သောအခါ ဘိုးဘိုးကျောင်၏ ဆံပင်များမှာ ဖွာရရာကျလျက်ရှိပြီး သူ၏ အင်္ကျီလက်စရှည်ကြီးမှာ တံတောင်ဆစ်အနီးမှ စ၍ ပတ်လည်ပြတ်ကျသွားသည်။

သူ၏လက်မူ မည်သို့မျှဒဏ်ရာရခြင်းမရှိပေ။

ဤမြင်ကွင်းမှာ အလွန်တရာ အံ့သြဖွယ်ကောင်းသော မြင်ကွင်း ဖြစ်၏။ မြင်သူတိုင်း ဟယ်ခနဲ ဖြစ်စေနိုင်သော မြင်ကွင်းဖြစ်သည်။

တံတောင်ဆစ်မှ အင်္ကျီလက်စရှည်ကို တံတောင်ဆစ်နှင့် လက်ဖျံတစ်လျှောက် လုံးဝဒဏ်ရာမရစေဘဲ ဖြတ်ချနိုင်သည့် ဓားစွမ်းသည် အဘယ်မှာလျှင် မအံ့သြဘဲ နေစေမည်နည်း။

သို့သော် မည်သူမျှ ဟယ်ခနဲ မဖြစ်ကြပါ၊ ထိုသို့သော အာမေဋိတ်သံပြုရန်ကိုပင် မေ့လျော့မှင်တက်နေခြင်းကြောင့်ပေတည်း။

ဝမ်လျှံအဖွဲ့ရှင်သည် ရုတ်တရက်ခုန်ဆုတ်သွား၏။ အဘယ်ကြောင့် ဆက်မတိုက်သည်ကို ရုံကူလင် နားမလည်ပေ။

ထိုစဉ် ဝမ်လျှံအဖွဲ့ရှင်က....

"အကျဉ်းဆောင်အုပ်ချုပ်ရေးမှူးက တကယ့်ကိုတိုးတက်လာတာပဲကိုး၊ ဒီပုံစံအတိုင်းဆိုရင်တော့ ဝမ်လျှံအဖွဲ့ခေါင်းဆောင်ချုပ် ရာထူးကို အကျဉ်းဆောင် အုပ်ချုပ်ရေးမှူးပဲ ရတော့မယ်ထင်ပါရဲ့"

ဘိုးဘိုးကျောင်သည် သူ့လက်တစ်ဖက်ပြုတ်သွားနိုင်အောင် လုပ်နိုင်သည့် ဝမ်လျှံဓားရှင်၏ ဓားစွမ်းကို အကြီးအကျယ် ထိတ်လန့်သွားသော်သည်း သူ့ထိတ်လန့်မှုကို မခပါအောင် မျိုသိပ်ထားနိုင်စွမ်းရှိပေသည်။

သူသည် ဝမ်လျှံအဖွဲ့ရှင်၏ ဓားစွမ်းကိုလုံးဝချီးကျူးခြင်း မပြုဘဲ မသိကျိုးကျွံနေကာ ဦးညွှတ်ဂါရဝပြု၏။

သူက....

"ဒါကတော့ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မက တမင်သက်သက် ကျုပ်ကိုချီးမြှောက်ပြောဆိုတာပါ၊ ဘာပဲဖြစ်ဖြစ် အဖွဲ့ခေါင်းဆောင်ချုပ် သခင်မနဲ့ ပညာဖလှယ်ခွင့် ရတာကတော့ ကျုပ်အတွက် အမြတ်ချည်းပါပဲ"

"ကျွန်မ သိရသလောက်တော့ ဒီသုံးနှစ် အတွင်းမှာ ရှင်ဟာ ဓားသိုင်းကို အပြင်းအထန် လေ့ကျင့်ခဲ့တယ်လို့ ဆိုတယ်၊ ဥပမာ နဂါးပျံဓားသိုင်းကိုစွမ်းပေါ့"



ဘိုးဘိုးကျောင်သည် ဤအတွက် မအံ့ဩပါ။ အဘယ်ကြောင့်ဆိုသော် သူ ဤသို့လေ့ကျင့်ခြင်းမှာ လျှို့ဝှက်လေ့ကျင့်ခြင်း မဟုတ်၍ ဖြစ်ပါသည်။

ဘိုးဘိုးကျောင် ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်"

ဝမ်လျှံအဖွဲ့ရှင်က....

"ဒီနဂါးပျံဓားသိုင်းရဲ့ အခြေအနေက ဘယ်လိုလဲ"

"ဒီနဂါးပျံဓားသိုင်းမှာ အကွက်ပေါင်း ဆယ့်သုံးကွက် ရှိပါတယ် ဒါပေမယ့် ကျုပ်အနေနဲ့ ကိုးကွက်ပဲ တတ်ရပါသေးတယ်၊ လေးကွက်ကို လုံးဝ မတတ်ရသေးပါဘူး၊ ဒီလေးကွက်တတ်ပြီးရင်တော့ ကျုပ်အဖို့ သိုင်းလောကမှာ လူတစ်လုံးသူတစ်လုံး ဖြစ်သွားလိမ့်မယ်လို့ မျှော်လင့်ရတာပဲ"

ရုံကူလင်သည် ထိုသူများကိုကြည့်၍ အကြီးအကျယ်အံ့ဩနေ၏။ အဘယ်သို့သောရန်သူသည် တစ်ဦးနှင့်တစ်ဦး အသေအကြေတိုက်ခိုက်ရင်း ဤသို့ ဆွေးနွေးညှိနှိုင်းကြပါမည်နည်း။

ထိုစဉ် ဝမ်လျှံအဖွဲ့ရှင်က မေးခွန်းထုတ်သည်။

"အကျဉ်းဆောင် အုပ်ချုပ်ရေးမှူးအနေနဲ့ ဒီနဂါးပျံဓားသိုင်းကို တစ်ကြိမ်တစ်ခါမှ မသုံးရသေးဘူးလား"

ဘိုးဘိုးကျောင်က....

"မသုံးခဲ့ရသေးပါဘူး အဖွဲ့ခေါင်းဆောင်ချုပ် သခင်မ၊ ကျုပ်အနေနဲ့ ဆယ့်သုံးကွက်စလုံးတတ်မှပဲ ထုတ်သုံးမယ်လို့ စိတ်ကူးထားပါတယ်"

ဘိုးဘိုးကျော်မျက်နှာကို စေ့စေ့ကြည့်ရင်း ဝမ်လျှံအဖွဲ့ရှင်က ထပ်မံပြောလေ၏။

"ကဲ...ဒီတစ်ခါတော့ ရှင့်ဓားသိုင်းကိုးကွက်ကို ထုတ်လို ရပြီနဲ့တူတယ်၊ ကျွန်မလဲ ဒီဓားသိုင်းကွက်တွေရဲ့ အစွမ်းကို သိချင်ပါတယ်"

ဘိုးဘိုးကျော်သည် ဝမ်လျှံအဖွဲ့ရှင်၏အမိန့်ကို မငြင်းဆန်နိုင်ဟန်ဖြင့် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့....အဖွဲ့ခေါင်းဆောင်ချုပ်သခင်မရဲ့အမိန့်အတိုင်း ပါပဲ၊ ကျုပ်ဓားကွက်တွေကို ထုတ်ပါ့မယ်"

ဘိုးဘိုးကျော်သည် သူ့ဓားကို ဓားလွယ်ခုတ်မြောက်လိုက်၏။ သူ့လက်ကို ဖြည်းညင်းစွာ လှုပ်ရှားသဖြင့် ဓားသည် ဖြည်းညင်းစွာ ရွေ့သို့တိုးသွား၏။ ကြောက်ရွံ့ဖွယ်ရာ အခြေအနေ လုံးဝမရှိပေ။

သို့သော် ထိုသို့ တွေးထင်သူသည် ဓားသိုင်းပညာနှင့် ပတ်သက်၍ နကန်းတစ်လုံးမျှ မသိသောသူ ဖြစ်ရပေလိမ့်မည်။ ရုံကူလင်ကဲ့သို့ ဓားသိုင်းပညာ ထက်မြက်ထူးချွန်သော လူတစ်ယောက်အဖို့မူ ထိုဓားသိုင်း၏ ရက်စက်မှု ကြမ်းကြုတ်မှုကို ကောင်းစွာ သိမြင်နိုင်ပေ၏။

ရုံကူလင်က တီးတိုးရေရွတ်လိုက်၏။

"နဂါးပျံဓားသိုင်းရဲ့ ဓားကွက်ခင်းပုံက ကြောက်စရာ ပါပဲလား"

သူထင်ထားသည့်အတိုင်းပင် ဘိုးဘိုးကျော် စတင်တိုက်ခိုက်သည်နှင့် ဝမ်လျှံအဖွဲ့ရှင်သည် တစ်ရှိန်ထိုး ခုန်ဆုတ်သွား



ကြောင်း တွေ့ရလေ၏။ နောက်ထပ် နှစ်ကွက် ထပ်ထုတ်ရာတွင်လည်း ဝမ်လျှံအဖွဲ့ရှင်သည် ခြေလှမ်းတစ်ဝက်စီခန့် ဆုတ်ရှောင်ရ၏။

သို့ရာတွင် ဝမ်လျှံအဖွဲ့ရှင်က သူမ၏ ဓားကွက်ကို ပြန်ထုတ်လိုက်သည့်အခါတွင်မူ တထန်းထန်း မြည်သံများ ထွက်သွားပြီး နှစ်ယောက်စလုံး နောက်ဘက်သို့ နှစ်လှမ်းစီ ဆုတ်ခွာသွားရလေ၏။

ဝမ်လျှံအဖွဲ့ရှင်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး....

"အင်း.... အကျဉ်းဆောင် အုပ်ချုပ်ရေးမှူး ရထားတဲ့ နဂါးပျံဓားသိုင်းကတော့ တကယ့်ကို မဆိုးတာပဲ"

ဘိုးဘိုးကျော်က ဦးညွှတ်ဂါရဝပြုပြီး မေးမြန်းလေ၏။

"ဟာကွက်တော့ တွေ့ပါသေးသလား အဖွဲ့ခေါင်းဆောင်ချုပ် သခင်မ"

"မတွေ့ဘူး၊ အမြင်ရိုးပေမယ့် ကြောက်စရာကောင်းတယ်၊ လျှင်သုံးသွားတဲ့ အကွက်တွေထဲမှာ ကွက်ပြောင်းကလေးတွေလဲ ပါနေတယ်၊ အရှိန်နှုန်းကို စိတ်တိုင်းကျ ထုတ်သုံးနိုင်တယ်၊ အတော်ကောင်းတဲ့ ဓားကွက်ပဲ၊ ရှင့်အနေနဲ့ အခုအချိန်အထိ ဓားကွက်သုံးကွက် ထုတ်သုံးပြီးပြီဆိုတော့ 'နောက်ထပ်....'"

ဘိုးဘိုးကျော်က ဖြတ်ပြောလိုက်၏။

"နောက်ထပ် ခြောက်ကွက် ကျန်ပါသေးတယ်"

"အင်း....နှမြောစရာ အတော်ကောင်းတာပဲ"

"ဘာဖြစ်လို့လဲ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မ"

"ရှင် ဒီနေ့မှာ ယှဉ်ပြိုင်ဖို့ ရွေးချယ်တာ မှားသွားပြီ"

"ကျုပ် ဘာမှ သဘောမပေါက်ပါဘူး"

"ဩော်....ရှင့်အနေနဲ့ ဓားသိုင်းဆယ့်သုံးကွက်စလုံး တတ်မြောက်ထားခဲ့ရင် ဒီနေ့ဟာ ရှင့်ပွဲဖြစ်သွားနိုင်တယ်"

"ကျုပ်အနေနဲ့က အနိုင်ရဖို့ထက် ကျုပ်ရဲ့ ဓားသိုင်းရဲ့ ဟာကွက် ချွတ်ယွင်းချက်တွေ သိချင်တဲ့လူမို့ လို့ ဒီနေ့ကို ပွဲတောင်းလိုက်တာပါပဲ၊ ဒီအတွက် နောင်တမရပါဘူး၊ ကဲ.... ကျုပ်ရဲ့ခြောက်ကွက်ကို ပြန်ထုတ်ပါမယ်"

"ကောင်းပြီ....ထုတ်ပေတော့"

ဘိုးဘိုးကျော်သည် ဓားကို ကန့်လန့်ဖြတ် ရင်၌တားရင်း ဝမ်လျှံ အဖွဲ့ရှင်ထံသို့ ခုန်ဝင်သွားလေ၏။ ထိုသို့ခုန်ဝင်သွားစဉ် ဓားပြားတစ်လျှောက်လုံး တုန်ခါနေသည်ကို တွေ့ရ၏။

ဤအချက်ကို ဘိုးဘိုးကျော်အနေဖြင့် သူ့ အတွင်းအားကို ဓားကိုယ်ထဲသို့ မည်မျှသွတ်သွင်းထားကြောင်း သိရှိနိုင်သည်။

ထို့နောက် ဓားစက်ဝိုင်းနှစ်ခုသည် အမျိုးမျိုး အဖုံဖုံ တိုက်ခိုက်ကြတော့သည်။

ခန္ဓာကိုယ်များ၏ ရွေ့လျားပုံမှာလည်း အလွန်တရာ လျှင်မြန်လှသဖြင့် သာမန် သိုင်းသမား တစ်ယောက်အဖို့ ထိုနှစ်ယောက်၏ သိုင်းကွက်များကို ထိုးဖောက် ကြည့်မြင်နိုင်မည် မဟုတ်ပေ။

ရုံကူလင်မှာမူ 'ဓားသိုင်းပညာ၌ တစ်ဖက်ကမ်းခရောက် လုနီးပါး ထက်မြက်နေသူဖြစ်၏။ ဘိုးဘိုးကျော်၏ ကြောက်မက်ဖွယ်ရာ ဓားသိုင်း ခြောက်ကွက်နှင့် ဝမ်လျှံ အဖွဲ့ရှင်၏



ထက်မြက်လှသော ပညာများကို တစ်ကွက်ချင်းတွေ့မြင်ခဲ့ရပေသည်။

"အင်း....ဒီပညာရှင် နှစ်ယောက်အနေနဲ့ သစ္စာဘက်တော်သားတွေဖြစ်နေတာ သိုင်းလောကအတွက် ကံကောင်းတယ်၊ သူတို့နှစ်ယောက်သာ သိုင်းလောကကို ကြီးစိုးချင်တဲ့လူတွေ ဖြစ်နေခဲ့ရင် ဒီနှစ်ယောက်ကို အခတော် တားချဆီးရခက်လိမ့်မယ်"

ရုံကူလင်သည် တစ်ကိုယ်တည်း တီးတိုး မှတ်ချက်ချမိလေ၏။

မှန်သည်။ ဘိုးဘိုးကျော်၏ အတွင်းအားနှင့် သိုင်းပညာများသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပြင်းထန် ထက်မြက်၏။

ထိုသို့သောပုဂ္ဂိုလ်မျိုးက ဝမ်လျှံ အဖွဲ့ရှင်၏လက်အောက်သို့ ကျရောက်နေခြင်းက ဝမ်လျှံ အဖွဲ့ရှင်၏အတွင်းအားနှင့် သိုင်းပညာ မည်မျှထက်မြက်သည်ကို သိရှိနိုင်ပေသည်။

ရေတိမ်နေ ရေနက်ကို ကြာပင်အားကြည့်ပြီး သိသကဲ့သို့လည်းကောင်း၊ မြေကောင်း မကောင်းကို မြက်ပင်အားကြည့်ပြီး သိသကဲ့သို့လည်းကောင်း၊ အကြီးအကဲ၏ စွမ်းရည် ထက် မထက်ကို တပည့်ပြုသူအားကြည့်၍ သိနိုင်ပေသည်။

ရုံကူလင် အတွေးတွေပြားနေစဉ်မှာပင် ဓားစက်ဝိုင်းနှစ်ခုသည် လျှင်တပြက် ပေါင်းစုံသွားလေ၏။

"ခြိမ်....ချလွမ်း"

ခေါးစက်ဝိုင်းများ ပျောက်ကွယ်သွားပြီး ဘိုးဘိုးကျင်၏ ခေါးရော ဝမ်လှူ အဖွဲ့ရှင်၏ခေါးပါ ထက်ပိုင်းကျိုး လှုပ်စဉ် သွားလေ၏။

ဘိုးဘိုးကျင်နှင့် ဝမ်လှူ အဖွဲ့ရှင်တို့၏ ခေါးများသည် နှယ်နှယ်ရရခေါးများ မဟုတ်ပေ။ သံအကောင်းစားဖြင့်ပြုလုပ်ထားသော ခေါးများဖြစ်သည်၊

ကော်ရုံတန်ရုံ ထိခိုက်မှုအားဖြင့် မည်သို့မျှ မကျိုးပဲ့နိုင်သော ခေါးများ ဖြစ်သည်၊ သို့သော် ယခု ကျိုးပဲ့သွားခဲ့ရလေပြီ။

အဘယ်ကြောင့် ဤသို့ ဖြစ်ရသနည်း၊

အဖြေကရှင်းသည်၊ ထိုလူနှစ်ယောက်၏ အတွင်းအားသည် အလွန်တစ်ရာ ကောင်းမွန်ထက်မြက်လှသဖြင့် ခေါးများ ဤသို့ထက်ပိုင်းကျိုးသွားရခြင်းသာဖြစ်သည်။

သတို့နှစ်ယောက်သည် အရေးကြီးဆုံးသော အချိန်၌ အပြင်းထန်ဆုံးသော အတွင်းအားများကို လွှတ်သုံးလိုက်ကြသဖြင့် ခေါးများ ထက်ပိုင်းကျိုးသွားရခြင်းသာ ဖြစ်ပေသည်။

ဘိုးဘိုးကျင်သည် ထက်ပိုင်းကျိုးနေသော ခေါးကြီးကိုကိုင်ကာ ဝမ်လှူ အဖွဲ့ရှင်အား ငေးကြည့်နေ၏။ ဝမ်လှူ အဖွဲ့ရှင်သည်လည်း လက်ထဲ၌ ခေါးထက်ပိုင်းကျိုးကြီးကို ကိုင်ထားဆဲ ရှိသည်၊

သို့သော် ဝမ်လှူ အဖွဲ့ရှင်၏မျက်နှာ၌ မည်သည့်ခံစားမှုမျှ မရှိဘဲ ဖြစ်နေသည်၊



ဝမ်လှူ အဖွဲ့ရှင်၏မျက်နှာပေါ်၌ရှိသော တည်ငြိမ်မှုမျိုးကို အကျဉ်းဆောင်အုပ်ချုပ်ရေးမှူး ဘိုးဘိုးကျင်၏ မျက်နှာ၌ မတွေ့ရပေ။ ဤအချက်ကပင် အဖွဲ့ခေါင်းဆောင်ချုပ် တစ်ယောက်၏ မျက်နှာအမူအရာသည် မည်သို့ရှိရမည်ကို ဖော်ပြနေသည့်လား မသိနိုင်ပေ။

❖

## အခန်း ( ၁၁၅ )

### ယိုန်ကြူစာ၏ လျှို့ဝှက်အဖြေ

ရုံကူလင်သည် ထိုတိုက်ပွဲကို တဖြည်းဖြည်း သဘော ပေါက်လာလေ၏။ ထိုတိုက်ပွဲသည် အပျင်းပြေတိုက်သည့် တိုက်ပွဲ မဟုတ်သကဲ့သို့ ပညာဖလှယ်သည့် တိုက်ပွဲလည်း မဟုတ်ချေ။ ဤတိုက်ပွဲကား ဝမ်လျှို အဖွဲ့ခေါင်းဆောင်ချုပ်၏ ရာထူးဌာနန္တရအတွက် တိုက်ခိုက်သည့် တိုက်ပွဲပေတကား။

ဝမ်လျှို အဖွဲ့ရှင်သည် ဘိုးဘိုးကျင်အား ဤသို့ တိုက်ခိုက်ခွင့်ပြုခြင်းက အလွန်တရာ အံ့သြစရာကောင်းနေပေသည်။

ဝမ်လျှို အဖွဲ့ရှင်သည် ဘိုးဘိုးကျင်က ဤသို့စိန်ခေါ်တိုက်ခိုက်ခြင်းအတွက်လည်း စိတ်ဆိုးဟန်လုံးဝမရှိပေ။



ယခု မြင်တွေ့နေရသည့် အခြေအနေအရ နှစ်ဦးစလုံး၏ ဓားများ ကျိုးကုန်ပြီး နှစ်ဦးစလုံး ဒဏ်ရာမရသေးပေ။

ထိုအချက်က တိုက်ပွဲအရှုံးအနိုင် မပေါ်သေးကြောင်း ဖော်ပြနေ၏။

ထိုစဉ် ဘိုးဘိုးကျင်၏ အော်ဟစ်ပြောကြားသံကို ကျယ်လောင်စွာ ကြားလိုက်ရ၏။

"အဖွဲ့ခေါင်းဆောင်ချုပ်သခင်မ သတိထားပါ၊ ကျုပ်ရဲ့ သိုင်းကွက် နှစ်ကွက် ကျန်သေးတယ်၊ ကျုပ်ဆက်တိုက်မယ်"

ရုံကူလင်မှာ ဘုရားတ သွားမိသည်။ ကျန်နှိုသောတိုက်ကွက်နှစ်ကွက်သည် ပထမတိုက်ကွက် လေးကွက်ထက် ပြင်းထန်မည်မှာ သေချာလှပေသည်။

"အင်း...ဒီတစ်ချီမှာတော့ တစ်ယောက်ယောက် ဒဏ်ရာရမှာ သေချာနေပြီ၊ ဘိုးဘိုးကျင်ရဲ့စွမ်းရည်က အတော်ကလေး ကောင်းနေတာကိုး"

ရုံကူလင် ကျိတ်၍ မှတ်ချက်ချနေစဉ်မှာပင် ဘိုးဘိုးကျင်သည် ဝမ်လျှို အဖွဲ့ရှင်အား ကျားသစ်တစ် ကောင် အလား ခုန်အုပ်လိုက်သည်။ သူ့ လက်ထဲမှ ဓားကျိုးသည်ပင်လျှင် အဖြူရောင် စက်ဝိုင်းကြီး ဖြစ်သွားသည်။

ဘုံးသံချင်း ထိသံ၊ မာန်သွင်းသံများ ကျယ်လောင်စွာ ထွက်လာပြီးနောက် အဖြူရောင် ဓားစက်ဝိုင်းနှစ်ခု ဆုံမိပြန်သည်။ မကြာမီပင် ဘိုးဘိုးကျင်သည် နောက်ဘက်သို့ ခြောက်လှမ်းမျှ ဒယီးဒယိုင် ဆုတ်သွားခဲ့ရသည်။

ဝမ်လျှံအဖွဲ့ရှင်မှာမူ သူမ၏ ခြေထောက်ကို မြေကြီးတွင် စိုက်နှင့် ရိုက်ထားသကဲ့သို့ မူလနေရာ၌ပင် ခိုင်မြဲစွာ ရပ်နေကြောင်း တွေ့ရလေ၏။

ဘိုးဘိုးကျင်သည် အလွန် ဣန္ဒြေဆည်နိုင်သူ ဖြစ်ခဲ့၏။ သို့သော် ယခုအခါတွင်မူ ဣန္ဒြေမဆည်နိုင်တော့ပေ၊ စိတ်ပျက်အားလျော့သော အမူအရာများသည် သူ့မျက်နှာ၌ ထင်ရှားစွာ ပေါ်လွင်နေ၏။ ပတ်ဝန်းကျင်တစ်ခုလုံး အပ်တစ်ချောင်းကျလျှင်ပင် အသံကြားနိုင်လောက်သည်အထိ ငြိမ်သက်တိတ်ဆိတ်နေပေသည်။

ဘိုးဘိုးကျင်သည် သူ့လက်ထဲမှ ဓားကျိုးကို လွှင့်ပစ်လိုက်၏။

"အဖွဲ့ခေါင်းဆောင်ချုပ်သခင်မရဲ့ သိုင်းပညာက ကျုပ်ထက် အများကြီး သာပါတယ်"

ဘိုးဘိုးကျင်မှာ အားမတန် မာန်လျှော့သည့် စကားကို ဆိုလိုက်ရလေ၏။

ဝမ်လျှံအဖွဲ့ရှင်၏ မျက်နှာမှ ပြုံးခြင်းရယ်ခြင်း၊ နာကြည်းခြင်း မုန်းတီးခြင်း အရိပ်အယောင် လုံးဝမရှိဘဲ အေးဆေးစွာ ပြောလေသည်။

"အခု သုံးနှစ်အတွင်းမှာ ရှင့်တိုးတက်မှုဟာ တကယ့်အံ့မခန်းပဲ၊ ဒီနှုန်းအတိုင်း တိုးတက်သွားမယ် ဆိုရင်တော့ နောင်သုံးနှစ်မှာ ရှင်ဟာ ဝမ်လျှံအဖွဲ့ရှင် ဖြစ်ကောင်းဖြစ်သွားနိုင်ပါလိမ့်မယ်၊ အခုပုံစံအတိုင်း ဆက်ကြိုးစားပေတော့"

ဘိုးဘိုးကျင်က စိတ်ပျက်အားလျော့သံဖြင့် ပြောသည်။



"ဒီအတွေးကို ကျုပ်ဖြင့် ဆက်ဘောင်မတွေးချင်တော့ပါဘူးဗျာ"

ဝမ်လျှံအဖွဲ့ရှင်က တည်ငြိမ်စွာ ဖြေလေ၏။

"ဒီလို ဘယ်ဟုတ်မလဲ၊ ရှင် ဆက်တက်စရာ ဓားသိုင်းလေးကွက်တောင် ကျန်သေးတယ်မဟုတ်လား၊ အားမလျှော့ပါနဲ့လေ၊ နဂါးပျံဓားကွက်ဆယ့်သုံးကွက်လုံး တတ်မြောက်သွားတဲ့အခါကျတော့လဲ အခြေအနေက တစ်မျိုး ပြောင်းသွားနိုင်ပါတယ်"

ဘိုးဘိုးကျင်သည် သူ့ခေါင်းထဲ၌ ရှုပ်ထွေးနေမှုများကို ရှင်းပစ်သည့်ပမာ ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး ဝမ်လျှံအဖွဲ့ရှင်အား ဦးညွှတ်ဂါရဝပြုလိုက်၏။

ထို့နောက်....

"ကျုပ်ကို ခုလို ယှဉ်ပြိုင်ခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မကို ကျုပ်အနေနဲ့ ကျေကျေနပ်နပ်ကြီး အရှုံးပေးပါတယ်"

ဘိုးဘိုးကျင် နောက်ဆုတ်သွားလေ၏။

ဝမ်လျှံအဖွဲ့ရှင်သည် ကွက်လပ်ပတ်ပတ်လည်၌ ရှိနေသည့် ဝမ်လျှံအဖွဲ့သားများအား တစ်ချက် စေ့ကြည့်လိုက်ပြီး ဖြည်းညင်းစွာ ပြောလေ၏။ သူမ၏အသံသည် အလွန်တရာ ပီသ ကြည်မြလှသည်။ မာနသံ လုံးဝမပါရှိပေ။

"ကဲ....ဒီထဲမှာရှိနေတဲ့ ဘယ်ဝမ်လျှံအဖွဲ့သားမဆို ကွင်းလယ်ကို ထွက်လာနိုင်တယ်၊ သုံးနှစ်မှာ တစ်ကြိမ်ရတဲ့ အခွင့်အရေးဆိုတော့ ဒီအခွင့်အရေးမျိုးရအောင် သုံးနှစ်စောင်

စောင့်ကြရတယ်၊ အခုလို အခါအခွင့်သင့်တဲ့ အချိန်မျိုးမှာ ဝမ်လျှံအဖွဲ့ခေါင်းဆောင်ချုပ်နေရာကို လိုချင်တဲ့လူရှိရင် ယှဉ်ပြိုင်ဖို့ အခုထွက်လာနိုင်တယ်"

ဝမ်လျှံအဖွဲ့ရှင်သည် အဖွဲ့စောင့်ရှောက်ရေးမှူး လေးယောက်ဖြစ်သည့် ဝတ်စုံစိမ်းဝတ်ဆင်သည့် အဘိုးကြီး လေးယောက်ကို တစ်ယောက်ချင်း ကြည့်လိုက်သည်။

အားလုံး ခေါင်းငုံ့သွားကြ၏။ ရီရင်နှင့် ကျင်လျှံတို့မှာမူ ဝမ်လျှံအဖွဲ့ရှင် မကြည့်မီကပင် ခေါင်းငုံ့ထားကြလေ၏။

ဝမ်လျှံအဖွဲ့ရှင်သည် သူမ၏ အဖွဲ့သားများ ကွင်းထဲသို့ ဝင်လာနိုင်ရန် သုံးကြိမ်သုံးခါ မေးမြန်းရာ မည်သူမျှ ထွက်မလာသောအခါမှ လက်ထဲမှ ဓားကျီးကို လွှင့်ပစ်လိုက်သည်။

"ကဲ....ဒီသုံးနှစ်အတွက်ကတော့ ပြီးဆုံးသွားပြီ၊ နောက်သုံးနှစ်အတွက် ကိုယ့်စွမ်းရည် တက်အောင် ကိုယ့်ဘာသာကြိုးစားကြ၊ ဒီလိုကြိုးစားတဲ့အခါမှာ ဝမ်လျှံအဖွဲ့ရဲ့တာဝန်နဲ့ ဝတ္တရားတွေကိုလဲ မပျက်ကွက်ကြစေနဲ့၊ ဝမ်လျှံအဖွဲ့ဟာ သိုင်းလောကရဲ့ ထိပ်တန်းအဖွဲ့တစ်ဖွဲ့ ဖြစ်ရမယ်ဆိုတဲ့ ကျွန်မရဲ့ ရည်ရွယ်ချက်ကို အကျဉ်းဆောင် အုပ်ချုပ်ရေးမှူး၊ အဖွဲ့စောင့်ရှောက်ရေးမှူး လေးယောက်အပါအဝင် အဖွဲ့သားအားလုံးက ဦးထိပ်ထားကြရမယ်"

ဝမ်လျှံအဖွဲ့ရှင်သည် စကားဆုံးသည်နှင့် လူအားလုံးကို ကျောပေးကာ အဆောက်အအုံထဲသို့ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။



အပေါ်ထပ် ဝရန်တာမှ ချောင်းမြောင်း ကြည့်ရှုနေသော ရှီကူလင်သည် ပြိုင်ပွဲရည်ရွယ်ချက်ကို ခပ်စောစောကပင် သဘောပေါက်နေခဲ့ပြီဖြစ်၍ အလွန်တရာ အံ့ဩနေမိခဲ့သည်။

ဤကဲ့သို့အစဉ်အလာမျိုးကို မည်သည့် သိုင်းအဖွဲ့ကမှ မကျင့်သုံးဖူးကြပေ။ ရှောင်လင်အဖွဲ့၊ ဟွာတန်းအဖွဲ့၊ ခုံးတုံအဖွဲ့၊ ခွန်းလွန်အဖွဲ့နှင့် ဝါခမအဖွဲ့ အစရှိသည့် အဖွဲ့ကြီးများတွင် အဖွဲ့ခေါင်းဆောင်ချုပ်ရာထူးဆက်ခံနိုင်ရန် အဖွဲ့ခေါင်းဆောင်ချုပ်ကိုယ်တိုင်က အတော်ဆုံးတပည့်ကို လျာထားရွေးချယ်တတ်သည်။ မည်သည့်တပည့်ကိုမျှ မိမိအား စိန်ခေါ်ယှဉ်ပြိုင်ခွင့် မပေးပေ။

ရှီကူလင်သည် ဝမ်လျှံအဖွဲ့ရှင်နှင့် တွေ့ဆုံသည့်အခါတွင် ဝမ်လျှံအဖွဲ့၏ ဤအစဉ်အလာကို ပယ်ဖျက်ရန် အကြံပေးမည်ဟု ဆုံးဖြတ်လိုက်၏။ ဤအစဉ်အလာသည် တစ်နေ့တွင် ဝမ်လျှံအဖွဲ့ရှင်အား ဒုက္ခပေးလိမ့်မည်ဟု သူ ယုံကြည်မိသည်။

သူ တွေးတော ငေးမောရင်း ကွင်းပြင်ထဲလှမ်းကြည့်လိုက်သောအခါ ဘိုးဘိုးကျင်နှင့် အဖွဲ့စောင့်ရှောက်ရေးမှူး လေးယောက်တို့ မရှိတော့ကြောင်း တွေ့ရ၏။ မီးတုတ်ကိုင်ထားသည့် လူများလည်း အတန်းလိုက် ထွက်ခွာသွားကြလေပြီ။ မကြာမီ ကွင်းပြင်သို့ မှောင်ကျသွားလေ၏။

"ဆရာလေး"

ရှုံကူလင် ထိတ်လန့်သွား၏။ အဘယ်ကြောင့်ဆိုသော် သူ့အဝေးသို့ ငေးမောတွေးတောနေခိုက် ရီရှင်က သူ့နောက်မှ ရုတ်တရက် ခေါ်လိုက်သောကြောင့်ပင်တည်း။

"ဘာလဲ....ဘာလဲ"

"ဆရာလေး....အားလုံးကိုတွေ့မြင်သွားခဲ့ပြီ မဟုတ်လား"

ရှုံကူလင်မှာ ရုတ်တရက် ရှက်စိတ်မှန်သွား၏၊ သူသည် တစ်ပါးသူ၏ အကြံအစည်များကို ခိုးကြောင်ခိုးဝှက် ကြည့်ရှုနေခဲ့မိသည် မဟုတ်ပါလော။

ရှုံကူလင်က ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြော၏။

"ကျွန်....ကျွန်တော် တမင်ကြည့်တာ မဟုတ်ပါဘူးဗျာ၊ မမျှော်လင့်ဘဲနဲ့...."

ရီရှင်က ဖြတ်၍ ပြောလိုက်၏။

"ကိစ္စမရှိပါဘူး၊ ရှင့်ကို ကျွန်မတို့ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မကလဲ အခွင့်အရေးပေးထားတာပဲ၊ နောက်ပြီး ရှင်လိုလူကောင်း သူကောင်းတစ်ယောက်အနေနဲ့ ကျွန်မတို့ အဖွဲ့ရဲ့ လျှို့ဝှက်ချက်ကို သိသွားလို့လဲ အကြောင်းမဟုတ်ပါဘူး"

ရှုံကူလင် စိတ်အေးသွား၏။

"အေးဗျာ၊ ကျုပ်လဲ အိပ်မပျော်တာနဲ့ အပြင်ထွက်လာတုန်း ခင်ဗျားတို့အဖွဲ့ရဲ့ အစည်းအလာကို တွေ့လိုက်ရတာပါပဲ၊ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေမိတာဗျ"

ရီရှင်က ခေါင်းညိတ်ပြ၏။



"ဟုတ်ကဲ့၊ ဒါကတော့ ကျွန်မတို့ရဲ့ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မက ခွင့်ပြုထားတဲ့ အစည်းအလာပဲ၊ တခြားလူတွေ အဖို့တော့ ထူးဆန်းနေမှာပါပဲ၊ သိုင်းလောကရဲ့ အစည်းအလာနဲ့တော့ ညီးနည်းဆန့်ကျင်နေတယ်လို့ ထင်ပါတယ်၊ ကဲ....ဆရာလေးကို ကျွန်မတို့ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မက ခေါ်ခိုင်းလိုက်ပါတယ်"

ရှုံကူလင်သည် မည်သည့်စကားမျှမပြောတော့ဘဲ ရီရှင်၏ နောက်မှ လိုက်ပါသွားသည်။ အခန်းတစ်ခန်းရှေ့သို့ ရောက်သောအခါ ရီရှင်က တီးတိုးပြော၏။

"အဖွဲ့ခေါင်းဆောင်ချုပ် သခင်မ ဒီအခန်းထဲမှာ ရှိပါတယ်၊ ရှင် ဝင်တွေ့လိုက်ပါ"

"ဟုတ်ကဲ့"

ရှုံကူလင်သည် အခန်းထဲသို့ ဖြည်းညင်းစွာဝင်လာသည်။ ဝမ်လျှုံ အဖွဲ့ရှင်သည် စားပွဲတစ်လုံးပေါ်၌ လက်ထောက်ရပ်ထိုင်နေ၏။ သူမသည် တစ်စုံတစ်ခုအတွက် အတွေးနက်နေပုံ ရပေသည်။ မည်မျှ အတွေးနက်နေသနည်းဆိုသော် ရှုံကူလင် ရောက်ရှိလာသည်ကိုပင် သိပုံရမဘဲ ရှိနေ၏။

ရှုံကူလင်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက ကျွန်တော့်ကို ခေါ်တယ်ဆို၊ ဒါကြောင့်မို့ အခု ကျွန်တော်လာတာပါ"

ဝမ်လျှုံ အဖွဲ့ရှင်သည် ဖြည်းညင်းစွာ ခေါင်းလှည့်လာပြီး....

"ကြော်....မင်းတောင် ရောက်နေမှကိုး"

"ဟုတ်ကဲ့"

"ကဲ....ကဲ ဝင်ထိုင်ပါဦးကွယ်"

"အရေးတကြီး ပြောစရာကိစ္စများ ရှိပါသလား ခင်ဗျာ"

"အေး....ရှိတယ်၊ ကိစ္စနှစ်ခုတောင် ပြောစရာရှိတယ်ကွယ်"

"ဟုတ်ကဲ့၊ ပြောပါခင်ဗျာ"

"ပထမ တစ်ချက်က ဂျင်ရှင်အာမခံဌာနရဲ့ ပစ္စည်းတွေ အကြောင်းပဲ"

"ဟုတ်ကဲ့၊ အကုန်ပြန်ပေးတော့မလား ခင်ဗျာ"

"အကုန်တော့ မရဘူး၊ ရတနာသေတ္တာကိုတော့ ပြန်ပေးမယ်"

"ဗျာ....ဟိုသျှို့ဝှက်အာမခံ ပစ္စည်းတာ တော့ဗျာ"

"ဒါကတော့ မင်းလဲ အသိပဲ၊ 'တာချင်းပေါင်' သိုင်းကျိုးနဲ့ မင်းသက်နေတယ်၊ ဘယ်လိုလုပ်ပြန်ပေးနိုင်မလဲ"

ရှုံကူလင်မှာ စိတ်ပျက်သွားသည်။ တာချင်းပေါင်သိုင်း၏ အရေးကြီးပုံကိုလည်း ဝမ်လျှံအဖွဲ့ရှင် ပြောပြထားသဖြင့် သူ သိနေပေသည်။

ထို့ကြောင့် အတင်းအကျပ် တောင်းယူရန် ခက်နေသည်။

သူ့ခေါင်းထဲ၌ ရုတ်တရက် အလင်းရောင်တစ်ခု ဝင်လာ၏။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးခင်ဗျာ"



"ဘာပြောမလို့လဲ"

"ကျွန်တော် တစ်ခုမေတ္တာရပ်ခံချင်ပါတယ်"

"ပြောပါ"

"ဘိုးဘိုးကျင် ခေါ်လာတဲ့ ပညာရှိအဘိုးကြီးရဲ့ ကျန်းမာရေး ပြန်ကောင်းနေပြီဆိုရင် အဲဒီ ထိန်ကြူစာတေ့ရဲ့ လျှို့ဝှက်ချက်တွေကို အခုပဲ ဖော်ထုတ်လိုက်ပါလားခင်ဗျာ၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးပြောသလို အရေးကြီးတယ်ဆိုရင်တော့ ရွှေဓားသခင်ကြီး မိဖန်ကြည်ကို ကျောက်မျက်ရတနာသေတ္တာပဲ ပြန်ပေးပြီး လျှို့ဝှက် အာမခံသေတ္တာကိုတော့ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးပဲ ယူထားလိုက်ပေါ့ဗျာ၊ ပညာရှိကြီးက အရေးမကြီးဘူးလို့ ဆုံးဖြတ်ရင် ပစ္စည်းအားလုံးကို ရွှေဓားသခင်ကြီးကို ပြန်ပေးလိုက်ပေါ့ခင်ဗျာ၊ မကောင်းဘူးလား"

ဝမ်လျှံအဖွဲ့ရှင်သည် ခေတ္တမျှ တွေးတောစဉ်းစားလိုက်သည်။

သူစဉ်းစားချိန်မှာ မကြာမြင့်လှပါ။ သူမက ချက်ချင်းပင် ခေါင်းညိတ်၏။

"ကောင်းတယ်"

"ဖြောင်း....ဖြောင်း....ဖြောင်း"

ဝမ်လျှံအဖွဲ့ရှင်သည် ချက်ချင်းပင် လက်ခုပ်သုံးချက်တီးလိုက်ရာ ရီရင် ချက်ချင်း ရောက်ရှိလာ၏။

"အဖွဲ့ခေါင်းဆောင်ချုပ်သခင်မ....အမိန့်ရှိပါ"

"အကျဉ်းဆောင်အုပ်ချုပ်ရေးမှူး ဆီသွား၊ ပညာရှိကြီး စကားပြောနိုင်ပြီဆိုရင် ဒီအခန်းထဲခေါ်ခဲ့ပါလို့ ပြောလိုက်"

"ဟုတ်ကဲ့....အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်"

ရဲရင်သည် ဝမ်လျှံအဖွဲ့ရှင်အား ဦးညွှတ် ဂါရဝပြုပြီး လျင်မြန်စွာ ထွက်ခွာသွားလေ၏။

ဝမ်လျှံအဖွဲ့ရှင်က ဆက်၍အမိန့်ပေးသည်။

"ရုံကူလင်....မင်းပဲ လျှို့ဝှက် အာမခံပစ္စည်းသေတ္တာကို သွားယူလိုက်ပါ"

ရုံကူလင်သည် အခန်းထောင့်၌ရှိသော လျှို့ဝှက်အာမခံပစ္စည်းသေတ္တာကို မယူလာကာ ဝမ်လျှံအဖွဲ့ရှင်ရှေ့သို့ချပေးထားလေ၏။ တစ်ချိန်တည်းလိုလိုမှာပင် ဘိုးဘိုးကျင် အခန်းထဲသို့ ရောက်ရှိလာ၏။

သူ၏နောက်တွင် ကျင်လျှံနှင့် ရဲရင်တို့က ပညာရှိအဘိုးအို ချူကင်းတောင်ကို တစ်ဖက်တစ်ချက်မှ တွဲခေါ်လာကြ၏။

ကျင်လျှံနှင့် ရဲရင်တို့သည် အဘိုးအိုကို ကုလားထိုင်တင်လုံး၌ ဖြည်းညင်းစွာ ချထားပေးပြီး ပြန်လည်ထွက်ခွာသွားသည်။

ဘိုးဘိုးကျင်ကလည်း ဦးညွှတ်ဂါရဝပြုပြီး ထွက်ခွာသွားရန်ဟန်ပြင်လိုက်သည်။

"အကျဉ်းဆောင်အုပ်ချုပ်ရေးမှူး....ထွက်မသွားပါနဲ့ဦး၊ ပညာရှိကြီး ချူကင်းတောင် ဘာတွေပြောမလဲဆိုတာ ရှင်ပါ နားထောင်ပါ"

"ဟုတ်ကဲ့....အမိန့်အတိုင်းပါ"



ဝမ်လျှံအဖွဲ့ရှင်နှင့် စိန်ခေါ်သူ အကျဉ်းဆောင် အုပ်ချုပ်ရေးမှူးတို့အကြား၌ မည်သည့် အာဃာတတစ်ခုမျှ ရှိဟန်မတူပေ။

သူတို့နှစ်ဦး၏ ဆက်ဆံရေးကား လွန်စွာလေးစားအံ့သြဖွယ် ကောင်းနေပေသည်။

"ရုံကူလင်.... သေတ္တာထဲက ဟိုကျောက်တုံးတွေ ထုတ်လိုက်စမ်းပါ"

အခန်းထဲရှိ လူလေးယောက်အနက် သူသာ အငယ်ဆုံးဖြစ်သဖြင့် ရုံကူလင်သည် ပေါ့ပါးသွက်လက်စွာပင် သေတ္တာကိုဖွင့်ကာ ကျောက်တုံးကြီးများကို ပညာရှိကြီး ချူကင်းတောင်၏ထံမှောက်သို့ ပို့ဆောင်ပေးလေ၏။

ချူကင်းတောင်သည် ကျောက်တုံးတစ်တုံးကို လက်ခံယူလိုက်၏။

ဝမ်လျှံအဖွဲ့ရှင်က....

"ဆရာကြီး....ဒီကျောက်တုံးပေါ်ကစာတွေဟာ ဘာစာတွေ ဖြစ်နိုင်ပါသလဲ"

ပညာရှိကြီး ချူကင်းတောင်ကား ဆံပင်မုတ်ဆိတ် မျက်ခုံးမွေး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး အားလုံး နှင်းပွင့်ကဲ့သို့ ဖြူဆွတ်နေလေပြီ။

အသက်ကလည်း ကိုးဆယ်ခန့် ရှိနေ၏။

သို့သော် အသံကကျန်းမာရေးကောင်းမွန်သူတစ်ယောက်၏ လေသံအတိုင်း မာမာထန်ထန်ပင် ရှိနေ၏။

"နေပါဦး မိန်းကလေးရဲ့၊ ကျုပ်က ကျောက်တုံးတောင် မကြည့်ရသေးဘဲနဲ့ ဘယ့်နှယ် ဒီပေါ်က စာအကြောင်း ပြောနိုင်မှာလဲ"

ဝမ်လျှံ အဖွဲ့ရှင်က တောင်းပန်လိုက်၏။

"ဟုတ်ကဲ့...သည်းခံပါရှင်၊ ကျောက်တုံးကို စိတ်ကြိုက် လေ့လာပါဦး"

ချူကင်းတောင်သည် ကျောက်တုံးကိုရှေးဦးစွာလေ့လာနေ၏။ ပြီးမှ စာများကို လေ့လာသည်။

အတန်ကြာမှ....

"အိမ်း....ဒီကျောက်တုံးကတော့ ထူးခြားတယ်၊ တရုတ်ပြည် မြေပြန့်ဒေသမှာ မရှိတဲ့ ကျောက်မျိုးပဲ၊ ဒီပေါ်က ပန်းပွင့်လိုလိုစာကတော့ ရှေးဟောင်းစာတစ်မျိုးပဲ၊ရှေးတုန်းက ပေါ်ပေါက်ခဲ့ဖူးတဲ့ ထိန်ကြူနိုင်ငံသားတွေသုံးစွဲတဲ့ စာလုံးတွေပဲ"

ဝမ်လျှံ အဖွဲ့ရှင်က ခေါင်းညိတ်လိုက်၏။

"အဲဒီစာလုံးတွေကိုရော အဓိပ္ပာယ် ဖော်တတ်ပါသလား ဆရာကြီး"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"အိမ်း....ဖော်တတ်သပေါ့ကွယ်၊ ဟောဒီ ငါကိုင်ထားတဲ့ ကျောက်တုံးပေါ်က စာလုံးတွေကတော့ 'တာချင်းပေါင် သိုင်းကျမ်း' တဲ့ကွယ်"



ဝမ်လျှံ အဖွဲ့ရှင်၏မျက်နှာမှာဝင်းထိန်သွားသည်၊တာချင်းပေါင်သိုင်းကျမ်း မည်သည့်နေရာ၌ရှိသည်ကို ထုတ်ဖော်နိုင်ပေတော့မည်။

အကယ်၍ ထိုသိုင်းကျမ်းကိုသာ သူမ ရရှိခဲ့လျှင်....

ဝမ်လျှံ အဖွဲ့ရှင်သည် နောက်ထပ် ကျောက်တုံးတစ်တုံး ထပ်ထုတ်ပေးလိုက်ရန် ရှုံကူလင်အား မျက်ရိပ်ပြလိုက်လေ၏။

ရှုံကူလင်က နောက်ထပ် ကျောက်တုံးတစ်တုံး ထပ်ထုတ်ပေးလိုက်သည်။

ဝမ်လျှံ အဖွဲ့ရှင်က....

"အဲဒီကျောက်တုံးပေါ်က စာကော ဘယ်လိုအဓိပ္ပာယ်ရပါသလဲ ဆရာကြီး"

ချူကင်းတောင်က....

"အင်း.... ဒီစာက တစ်မျိုးပါလား 'ရွှေဖုန်ရဲ့ ငါ အကြောင်းကြားလိုက်တယ်' တဲ့"

ရှုံကူလင်က နောက်ထပ်ကျောက်တုံးတစ်တုံးကိုဆရာကြီး ချူကင်းတောင်၏ လက်ထဲသို့ ထည့်ပေးပြန်၏။

ဆရာကြီးက....

"ဒါကလဲ တစ်ပိုင်းတစ်စ စာပဲ ဘာတဲ့ 'မင်းလိုက်ရှာနဲ့တော့'လို့ အဓိပ္ပာယ်ပေါက်တယ်"

ရှုံကူလင်က နောက်ထပ် ကျောက်တုံးတစ်တုံး ထပ်ပေးလိုက်ပြန်သည်။

ဆရာကြီးက ဖတ်ပြ၏။

"ဒါလဲ တစ်ဝက်တစ်ပျက်စာပဲ၊ ရေးထားတာက 'ပျက်စီးသွားခဲ့ပြီ၊ သိုင်းလောကရဲ့ ကေရာဇ် မရှိနိုင်တော့ဘူး' တဲ့"

ရုံကူလင်သည် သေတ္တာထဲသို့ လှမ်းကြည့်လိုက်၏။ သေတ္တာထဲ၌ မည်သည့်ကျောက်တုံးမျှ မရှိတော့ပေ။ ထို့ကြောင့် ဝမ်လျှံ့အဖွဲ့ရှင်အား လှမ်းပြောလိုက်၏။

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ခင်ဗျာ.... သေတ္တာ ထဲမှာ ဘာကျောက်တုံးမှ မရှိတော့ပါဘူး၊ အားလုံးကုန်ပါပြီ"

ဝမ်လျှံ့အဖွဲ့ရှင်က ...

"သူတို့က ကျောက်တုံးတစ်တုံးဆီမှာ တစ်ဝက်တစ်ပျက် စာတွေ ရေးထားတယ်၊ ဒါက ဘာအဓိပ္ပာယ်လဲ"

ပညာရှိကြီး ချူကင်းတောင်က ရယ်၍။

"ဘာအဓိပ္ပာယ်ရမလဲ၊ ဒီကျောက်တုံးက စာတွေကို သူ့အစဉ်အတိုင်း ဆက်ဖတ်လိုက်ပေါ့၊ အခု ငါဖတ်ထားတာတွေအားလုံး ငါမှတ်မိပါတယ်၊ ကဲ....နားထောင်ကြ၊ 'ဓွေ့ဖုန်ရဲ့ ငါ့အကြောင်းကြားလိုက်တယ်၊ တာချင်းပေါင်သိုင်းကျမ်း ပျက်စီးသွားခဲ့ပြီ၊ သိုင်းလောကရဲ့ ကေရာဇ် မရှိနိုင်တော့ဘူး။မင်းလိုက်မရှာနဲ့တော့' လို့အဓိပ္ပာယ်ပေါက်သကွယ့်၊ ရှင်းရဲ့လား"

ပညာရှိကြီး ချူကင်းတောင်၏ အဆက်အစပ်စကားများမှာ လွန်စွာ သဘာဝကျ ဟပ်စပ်လှသဖြင့် ဝမ်သျှံ့အဖွဲ့ရှင်၊ ဘိုးဘိုးကျင်နှင့် ရုံကူလင်တို့သုံးဦးစလုံး ဆရာကြီးကို လေးစားမဆုံးအောင် ဖြစ်သွားကြလေ၏။



ဝမ်လျှံ့အဖွဲ့ရှင်သည် ထိုင်နေသည့် ကုလားထိုင်မှ ထကာ ပညာရှိကြီး ချူကင်းတောင်အား ဦးညွှတ်ဂါရဝပြုလေ၏။

"ဆရာကြီးရဲ့ပညာဟာ မှန်းဆမရအောင်နက်နဲပါတယ်၊ ဗဟုသုတလဲ အင်မတန် ပြည့်စုံပါတယ်၊ ဒါကြောင့် ကျွန်မ ဂါရဝပြုပါတယ်ရှင်၊ ဆရာကြီးကို အနိုင်အထက်ခေါ်ဆောင်လာခဲ့တဲ့ အပြစ်အတွက် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

ဘိုးဘိုးကျင်နှင့်ရုံကူလင်တို့သည်လည်း ဆရာကြီးချူကင်းတောင်ကို ဦးညွှတ်ဂါရဝပြုမိကြလေ၏။

ဆရာကြီးက လက်ဝါးကာလျက်....

"မင်းတို့အတွက် အကျိုးရှိရာရှိကြောင်း ဆောင်ရွက်နိုင်ခဲ့တယ်ဆိုရင်ပဲ ငါကျေနပ်ပါပြီ"

ဝမ်လျှံ့အဖွဲ့ရှင်က အခြေအနေ အရပ်ရပ်ကို ရှင်းပြ၏။

"ဒီလိုပါ ဆရာကြီး၊ ဒီစာတွေဟာ ရှေးဟောင်းထိန်ကြူ စာတွေဆိုတာ ကျွန်မ သိနေပါတယ်၊ တာချင်းပေါင်သိုင်းကျမ်းဆိုတာလဲ အင်မတန် အစွမ်းထက်တယ်ဆိုတာ ကျွန်မ သိထားပါတယ်၊ အခု ဒီကျောက်တုံးတွေပေါ်မှာ ရေးထားတဲ့ စာတွေဟာ တာချင်းပေါင်သိုင်းကျမ်းရဲ့ တည်နေရာကို ဖော်ပြတဲ့ စာတွေများဖြစ်ခဲ့ရင် လူမသမာတွေဟာ ဒီတာချင်းပေါင်သိုင်းကျမ်းကို မရရအောင်ယူကြမှာ သေချာပါတယ်"

ဆရာကြီးက....

"လူမသမာတွေဟာ ဘာဖြစ်လို့ သိုင်းကျမ်းကို လိုချင်ကြတာလဲကွယ်"

"ကျွန်မ မှားသွားလို့ပါ ဆရာကြီး၊ ဒီသိုင်းကျမ်းကို လိုချင်တဲ့လူတွေဟာ သိုင်းသမားတွေပါ၊ အဘက်လမ်း သိုင်းသမားတွေကလဲ ဒီသိုင်းကျမ်းကို လိုချင်မှာပဲ၊ အောက်လမ်းသိုင်းသမားတွေကလဲ ဒီသိုင်းကျမ်းကို လိုချင်မှာပဲ၊ အထက်လမ်း သိုင်းသမားတွေရဲ့လက်ထဲ ဒီသိုင်းကျမ်းရောက်သွားရင် သိုင်းလောကကြီး ဘာမှဖြစ်မသွားနိုင်ပေမယ့် အောက်လမ်းသိုင်းသမားတွေရဲ့လက်ထဲ ဒီသိုင်းကျမ်းရောက်သွားရင် သိုင်းလောကကြီးတစ်ခုလုံးသာမက တရုတ်ပြည်တစ်ပြည်လုံး စိစိညက်ညက် ကျေသွားနိုင်ပါတယ်၊ ကျွန်မက ဒီသိုင်းကျမ်း အောက်လမ်း သိုင်းသမားတွေရဲ့လက်ထဲ ကျရောက်မသွားအောင် လိုက်ကာကွယ်တဲ့လူပါ၊ အခု ဆရာကြီးအဓိပ္ပာယ်ဖော်ပြတဲ့အတိုင်းဆိုရင်...."

ဆရာကြီးချကင်းတောင်က ကြားမှဖြတ်၍ပြောလိုက်၏။

"အေး....အခု ငါဖတ်ရတဲ့အတိုင်းဆိုရင် ဒီသိုင်းကျမ်းဟာ ပျက်စီးသွားပါပြီ၊ တစ်ယောက်ယောက်က ခွေးဖုန်ရီဆိုတဲ့လူဆက်ကို ဒီကျောက်တုံးတွေပေါ်မှာ စာရေးပြီး အကြောင်းကြားလိုက်တာပဲ၊ နေစမ်းပါဦး မိန်းကလေးရဲ့ ငါက ဒီမြင်နေရတွေမှာ ဗဟုသုတစုံပေမယ့် ဒီတာချင်းပေါင် သိုင်းအကြောင်းတော့ ဘာမှမသိဘူး၊ တော်တော် ထက်မြက်တဲ့ သိုင်းကျမ်းလား"

ဝမ်လျှံအဖွဲ့ရှင်က ခေါင်းညိတ်၏၊



"မှန်ပါတယ် ဆရာကြီး၊ အင်မတန် ထက်မြက်တဲ့ သိုင်းကျမ်းပါ၊ ဒီသိုင်းကျမ်း ပျက်စီးသွားပြီဆိုတဲ့အတွက် ကျွန်မလဲ စိတ်အေးသွားပါပြီ၊ ကဲ...."

ဝမ်လျှံအဖွဲ့ရှင်သည် ဘိုးဘိုးကျင်ဘက်သို့ ဆက်၍ပြောလိုက်လေသ၏။

"အကျဉ်းခဆောင် အုပ်ချုပ်ရေးမှူးကြီး.... ဆရာကြီးကို ပစ္စည်းအစုံအလင်နဲ့ ကန်တော့ပြီး သူ့အိမ်ကို ပြန်ပို့ပေးလိုက်ပါ"

"ကောင်းပါပြီ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မ၊ အမိန့်အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ပါ့မယ်"

ဘိုးဘိုးကျင် လက်ခုပ်သုံးချက် တီးလိုက်သောအခါ ဇိုရင်နှင့် ကျင်လျှံတို့ အခန်းထဲသို့ ဝင်ရောက်လာကြလေ၏။

သူတို့နှစ်ယောက်သည် တစ်ဖက်တစ်ချက်မှ ဖေးမတွဲခေါ်သွားကြ၏။

ဘိုးဘိုးကျင်လည်း ဝမ်လျှံအဖွဲ့ရှင်ကိုဦးညွှတ်ဂါရဝပြုကာ အခန်းထဲမှ ထွက်သွား၏။

ဝမ်လျှံအဖွဲ့ရှင်သည် စိတ်ပေါ့ပါးသွားဟန်ဖြင့် သူမ၏ထိုင်ခုံတွင် ပြန်ထိုင်လိုက်သည်။

## အခန်း ( ၁၁၆ )

### သိုင်းလောက၏ ကုယ်တင်ရှင်

သို့စဉ် ရုံကူလင်ကချက်ချင်း မေးခွန်းထုတ်လိုက်လေ၏။

''အဖွဲ့ခေါင်းဆောင်ချုပ်ကြီးခင်ဗျား၊ အခုဆိုရင်သျှို့ဝှက်အာမခံပစ္စည်းတွေဟာ ဘာမှ တန်ဖိုး မရှိတော့ဘူး ဆိုတာ သေချာသွားပါပြီ၊ ဒီပစ္စည်းတွေအားလုံးကို ရွှေဓားသခင်ကြီး ဝမ်ဖန့်ကြည်ဆီ ပြန်ပို့လို့ ဖြစ်နိုင်ပြီလို့ ထင်ပါတယ်''

ဝမ်လျှံ အဖွဲ့ရှင်က ပြုံး၍ကြည့်လိုက်သည်။

''မင်းမှာလဲ ဒီပစ္စည်းတွေအတွက်ပဲ တခကြောင့်ကြောင့် တကြုကြ ဖြစ်နေတာကိုး''

''ဟုတ်ကဲ့ခင်ဗျာ၊ သိုင်းလောကထဲ ရောက်လာတာကိုက ဒီပစ္စည်းတွေပြန်ရဖို့ ရောက်လာရတာဆိုတော့ ကျွန်တော်



အဖို့မှာတော့ ဒါဟာ အရေးအကြီးဆုံးပါပဲ၊ ဒါကြောင့် ဒီမေးခွန်းကို မေးရတာပါ''

ဝမ်လျှံ အဖွဲ့ရှင်က ခေါင်းညိတ်လိုက်၏။

''ဒါပေါ့ကွယ်၊ သိုင်းလောကကို ဒုက္ခမပေးနိုင်တော့တဲ့ ကျောက်တုံးမတွေကို ငါကလဲ ဒုက္ခခံပြီး သိမ်းဆည်းမထားလိုပါဘူး၊ ကျောက်မျက်ရတနာတွေကိုရော၊ သျှို့ဝှက်အာမခံပစ္စည်းတွေကိုရော အားလုံးကို ရွှေဓားသခင်ကြီး ဝမ်ဖန့်ကြည်ဆီကို ငါပဲ လူလွှတ်ပြီး ပို့ခိုင်းလိုက်ပါမယ်၊ မင်းအနေနဲ့ စိတ်အေးအေးသာ ထားပါတော့''

ရုံကူလင်မှာလည်း ထိုအခါကျမှ စိတ်လက် ပေါ့ပါးသွားတော့သည်။ ဝမ်လျှံဖွဲ့အရှင်အား ဦးညွှတ် ဂါရဝပြုလိုက်မိ၏။

''ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးရဲ့ ကျေးဇူးအနန္တ ကျွန်တော့်အပေါ် တင်ရှိသွားပြီလို့တောင် ကျွန်တော် သဘောထားပါတယ်၊ ကျွန်တော်အကူအညီလိုရင်လဲ ပြောပါခင်ဗျာ၊ ကျွန်တော် တတ်နိုင်သမျှ ကူညီပါ့မယ်''

ဝမ်လျှံ အဖွဲ့ရှင်သည် ရုံကူလင်အား မကြည့်ဘဲ ပြတင်းပေါက်မှ အဝေးသို့လှမ်းကြည့်နေသည်။ ထို့နောက် ခပ်ဖြည်းဖြည်းပင် ပြောသည်။

"အေး၊ ငါ မင်းကို စ ပြောတုန်းက ကိစ္စနှစ်ခု ပြောစရာရှိတယ်လို့ ပြောခဲ့တယ်၊ မင်းတဲ့ မှတ်မိမှာပေါ့၊ အခု လျှို့ဝှက်အားစခန်းကိစ္စတော့ ပြီးသွားပြီ၊ နောက်တစ်ခုကတော့ မင်းရဲ့ အကူအညီရမှ ဖြစ်မယ့်ကိစ္စပဲ"

"ဟုတ်ကဲ့၊ အမိန့်ရှိပါ၊ ကျွန်တော်ဘာများ ကူညီပေးရမလဲ ခင်ဗျာ"

ဝမ်လျှံအဖွဲ့ချုပ်က ပြတ်သားစွာပြောချလာသည်။

"ငါ မင်းရဲ့ မေမေကို တွေ့ချင်တယ်၊ တွေ့ခွင့်ရအောင် မင်း ကူညီပါ"

ရုံကူလင်မှာ အကြီးအကျယ် ခေါင်းခဲသွားသည်။ သူသည် မိခင်ကို ကြောက်ရသူဖြစ်၏။

"ဗျာ...ဒါ...ဒါဆိုတော့"

"ဒါလေးများကွား ဘာများ အခက်အခဲ ရှိနေလို့လဲ"

"ဒီပြင်ကိစ္စဆိုရင် ကျွန်တော့် အသက်ပဲသေသေ ကူညီလို့ ဖြစ်ပါတယ်ဗျာ၊ ခုကိစ္စက ကျွန်တော့် အမေနဲ့ ပတ်သက်နေတော့..."

"ဘာလဲ၊ မင်းအမေကို မင်းက ဘာမှ မပြောရဲဘူးလား"

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကို ကျွန်တော် လေးစားပါတယ်ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော့် အမေက အဖွဲ့ခေါင်း



ဆောင်ချုပ်ကြီးကို တစ်ခါတည်း လက်ခံ တွေ့ဆုံဖို့ကိုတော့ ကျွန်တော် အာမ မခံရဲဘူးဗျာ"

"မင်း မေမေက ဘာဖြစ်လို့ ငါ့ကို မတွေ့နိုင်ရမှာလဲ"

"မတွေ့နိုင်ဘူးလို့တော့ အသေအချာ မပြောရဲပါဘူး၊ ခက်တာက ကျွန်တော့် မေမေဟာ သိုင်းလောကနဲ့ လုံးဝ အဆက်ပြတ်သွားတဲ့လူဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ ရှေခါးသခင်ကြီး ဝမ်ဟန်ကျိသို့ အခက်အခဲကြုံတွေ့နေရတဲ့ကိစ္စမျိုးမှာတောင် သူ ဝင်မပါဘဲ ကျွန်တော့်ကိုပဲ လွှတ်ခဲ့ပါတယ်၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးပဲ စဉ်းစားကြည့်ပါ၊ ကျွန်တော်ဟာ သိုင်းလောကအတွေ့အကြုံ လုံးဝ ရှိသူ မဟုတ်ပါဘူး၊ ကျွန်တော့် မေမေဟာ သိုင်းလောကနဲ့ လုံးဝ မဆက်ဆံလိုတဲ့အတွက် ကျွန်တော့်ကို စေလွှတ်ခဲ့တာပဲ ဖြစ်ပါတယ်"

ဝမ်လျှံအဖွဲ့ချုပ်က ပြတ်သားစွာ ပြောသည်။

"မင်း မေမေက တွေ့ချင်သည်ဖြစ်စေ၊ မတွေ့ချင်သည် ဖြစ်စေ ငါ့အဖို့ကတော့ မင်းမေမေနဲ့ တွေ့ရမှ ဖြစ်မယ်၊ မင်းနဲ့ ငါက မိတ်ဆွေတွေဖြစ်တော့ မိတ်မပျက်ဘဲ မင်းမေမေနဲ့ တွေ့ဆုံခွင့်ရရင် ပိုကောင်းပါတယ်၊ မြားလဲစွဲသွားအောင်၊ ရှဉ့်လဲလျှောက်သွားအောင် မင်း စဉ်းစားပေါ့"

ရုံကူလင်မှာ ညှိုးငယ်သွားသည်၊ သူသည် ခန္ဓာကိုယ်နှင့်ပတ်သက်၍၊ သူ့အသက်နှင့်ပတ်သက်၍ မည်သို့မျှ တွန့်တိုခြင်း မရှိပါ။

သို့သော် သူ့မိခင်နှင့် ပတ်သက်လာသည့် ကိစ္စကတော့ ခြင်းချက်ထားရမည် ဖြစ်ပါသည်။

သူ့မိခင်၏ အေးချမ်းသော ကမ္ဘာလေးကို သူမဖျက်ဆီးလိုပါ။

"အဲဒီကိစ္စကတော့ အတော့်ကိုခက်တဲ့ကိစ္စပါပဲဗျာ၊ သူဟာ သိုင်းလောကရဲ့ သပ္ပတ်အူထဲမှာ မပါဝင်လိုတဲ့အတွက် အေးချမ်း သာယာတဲ့ နေရာလေး တစ်ခုမှာ သူ့ဘဝကို သူ မြှုပ်နှံထားပါတယ်၊ ဒီဘဝလေးကို အဖွဲ့ခေါင်းဆောင်ချုပ်ကြီးအနေနဲ့ ဖျက်ဆီးပစ်တော့မလားခင်ဗျာ"

"ဒါက မင်းအထင်ကိုးကွယ့်၊ တကယ်လို့ မင်းထင်ထားတာတွေနဲ့ ဆန့်ကျင်နေရင် ဘယ်လိုလုပ်မလဲ"

"ဗျာ၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ဘာ ဆို လို တာ လဲ ခင်ဗျာ"

"ငါမေးမယ်၊ မင်းရဲ့ဓားသိုင်းပညာကို ဘယ်သူ့ ဆီက သင်သလဲ"

"ကျွန်တော် ဒါပဲထပ်ခါတလဲလဲ ပြောပြပြီး နေပါပြီ ခင်ဗျာ၊ ကျွန်တော့်မိခင်ဆီက သင်ယူတာပါ"

"အေး... အဲဒါပဲပြောတာပေါ့၊ မင်းရဲ့ဓားသိုင်းဟာ အင်မတန်အဆင့်မြင့်တယ်၊ တော်ရုံတန်ရုံ အဖွဲ့ခေါင်းဆောင်ချုပ်တစ်ယောက်ဟာ မင်းရဲ့ဓားသိုင်းကို မယှဉ်နိုင်ဘူး၊



ဒီတော့ မင်းရဲ့မေမေဟာ တော်ရုံတန်ရုံ မိန်းမတစ်ယောက်တော့ မဖြစ်နိုင်ဘူး၊ သာမည မိန်းမတစ်ယောက် မဟုတ်နိုင်ဘူး"

"ဒါပေမယ့် ကျွန်တော့် မေမေဟာ အင်မတန်အေးအေးချမ်းချမ်း နေတတ်ပါတယ်"

"အေးချမ်းခြင်းရဲ့နောက်ကွယ်မှာ ပူလောင်ခြင်းဆိုတာ ရှိတတ်တယ်၊ အေးချမ်းခြင်းနဲ့ ပူလောင်ခြင်းဟာ တွဲဖက်ပဲ၊ သုခနဲ့ဒုက္ခ တွဲနေသလိုပဲပေါ့"

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ပြောတာတွေကို ကျွန်တော် ဉာဏ်မမီပါဘူး"

"မင်း ဉာဏ်မီပါတယ်၊ မင်းမတွေးရဲလို့ပါ၊ မင်းအမေဟာ မင်းထင်သလို တစ်ယောက်တည်း အေးအေးချမ်းချမ်း နေတာမဟုတ်ဘဲနဲ့ သိုင်းလောကကြီးကို ကြီးစိုး လွှမ်းမိုးဖို့ ကြိုးစားနေတာဆိုရင် ဘယ်လိုလုပ်မလဲ"

ရဲကျော်လင်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။ ထို့နောက် ခါးခါးသီးသီး ငြင်းသည်။

"ဟာဗျာ ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ကျွန်တော်သိရသလောက်တော့ ကျွန်တော်တို့အိမ်ကို ဘယ်ဧည့်သည်မှ မလာဖူးဘူး၊ နောက်ဆုံးပြောမယ်ဗျာ ဘယ်ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မလာဖူးဘူး၊ ဘယ်လိုလုပ် သိုင်းလောကနဲ့ အဆက်အသွယ် ရှိနိုင်မှာလဲ"

ဝမ်လျို အဖွဲ့ရှင်က အနည်းငယ် စဉ်းစားသည်။

"အေးလေ မင်းပြောတာလဲ ဟုတ်ချင် ဟုတ်မှာပဲ၊ တစ်ချို့ ဟုတ်ရမယ်လို့တော့၊ မဆိုချင်ဘူး၊ ငါကလဲမင်းမေမေကို သိုင်းလောကကို နောက်ကွယ်က လွှမ်းမိုးဖို့ကြံနေတဲ့လူလို့ တစ်ချို့ စွပ်စွဲတာ မကြားဘူး၊ ဒါပေမယ့် ဟုတ်ချင်လဲဟုတ်နိုင်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းမေမေအနေနဲ့ ငါ့တစ်မျက်နှာကို လက်ခံတွေ့ဆုံဖို့ ဘာမှ အကျိုးယုတ်စရာ မရှိပါဘူး၊ ငါပြောတာ သဘောပေါက်တယ် မဟုတ်လား"

ရှုံကူလင်မှာ အဖြေမပေးနိုင်ပဲ ဖြစ်နေ၏။

"မင်း စဉ်းစားပါဦးလေ၊ မင်းကို ငါအချိန်ပေးနိုင်ပါတယ်"

ထိုစဉ် ရီရင် အခန်းထဲသို့ ဝင်လာပြီး ဝမ်လျို အဖွဲ့ရှင်အား ဦးညွှတ်ဂါရဝပြုလေ၏။

"ဘာကိစ္စလဲ ရီရင်"

"ပထမ ထောက်လှမ်းရေးမှူး လုဖုန် ရောက်ရှိနေပါတယ်၊ အဖွဲ့ခေါင်းဆောင်ချုပ်သခင်မနဲ့ တွေ့ခွင့်ပြုဖို့ တောင်းဆိုနေပါတယ်"

"ကောင်းပြီ၊ သူ့ကိုဧည့်ခန်းမှာ စောင့်ခိုင်းထားလိုက်"

ရှုံကူလင်က အကိုက်သိစွာ ထွက်ခွာသွားရန် ဟန်ပြင်လိုက်လေ၏။



"အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ကျွန်တော့် အခန်းပြန်ခွင့်ပြုပါ"

"ဘာဖြစ်လို့ပြန်ရမှာလဲ"

"အဖွဲ့ခေါင်းဆောင်ချုပ်ကြီးတို့ရဲ့ အတွင်းရေး တွေကို ကျွန်တော်ကြားသိလို့ ဘယ်ဖြစ်ပါ့မလဲ"

ဝမ်လျို အဖွဲ့ရှင်က ရယ်လိုက်ပြီး....

"ကိစ္စမရှိပါဘူး၊ အခုဆိုရင်လဲ မင်းဟာ ငါတို့အဖွဲ့အကြောင်း အတော်သိခဲ့ပြီပဲ၊ မင်းလိုရိုးသားတဲ့ လူတစ်ယောက်က ငါတို့အတွင်းရေး သိသွားလို့လဲ ဘာမှစိုးရိမ်စရာ မရှိပါဘူး၊ ကဲ....ငါနဲ့လိုက်ခဲ့"

"ဒီလိုဆိုရင်လဲ လိုက်ခဲ့ပါမယ် ခင်ဗျာ"

ဧည့်ခန်းအတွင်းဝယ် မီးအိမ် ဆယ် လုံး ထွန်းညှိထားသဖြင့် လင်းထိန်နေသည်၊ သို့သော် ဧည့် ခန်း အ တွင်း ၌ တစ်ယောက်မျှ ရှိမနေပေ။

ဝမ်လျို အဖွဲ့ရှင်က ရီရင်အား တစ်ချက်လှမ်းကြည့်လိုက်ရာ ရီရင်က ဧည့်ခန်းတံခါးအနီးသို့ လျှောက်သွား၏။

"ပထမ သတင်းထောက်လှမ်းရေးမှူး ဝင်လာနိုင်ပါပြီ၊ အဖွဲ့ခေါင်းဆောင်ချုပ် သခင်မက တွေ့ဆုံဖို့ စောင့်နေပါတယ်"

ရှီရင် တံခါး ဖွင့်မပေးမီမှာပင် ဝမ်လျှံ အဖွဲ့ရှင်သည် ဇာပဝါကို မျက်နှာတစ်ခုလုံး လွှမ်းခြုံပြီးဖြစ်နေ၏။

ရှီရင် တံခါးဖွင့်ပေးလိုက်သောအခါ အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူတစ်ယောက် ဝင်လာ၏။ သူက ဝမ်လျှံအဖွဲ့ရှင်အား ဦးညွှတ်ဂါရဝ ပြုလေ၏။

ဝမ်လျှံအဖွဲ့ရှင်က....

“သတင်းထောက်လှမ်းရေးမှူး ညကြီးမင်းကြီး တွေ့ဆုံခွင့် တောင်းရလောက်အောင် ဘာသတင်းတွေများ ထူးလာလို့လဲ၊ သတင်းတွေကို နားထောင်ရအောင်”

သတင်းထောက်လှမ်းရေးမှူး လုဖုန်သည် ဝမ်လျှံအဖွဲ့ရှင်အား မော်ကြည့်ပြီး....

“အဖွဲ့ခေါင်းဆောင်ချုပ် သခင်မ၊ အင်မတန်အရေးကြီးတဲ့ သတင်းတစ်ခုကို ကျွန်တော် ရရှိခဲ့ပါတယ်”

“ဆိုစမ်းပါ၊ ဘာသတင်းလဲ”

“သတင်းကတော့ ကောလဟာလ သတင်းမျိုးပါပဲ၊ ဒါပေမယ့် ဒီသတင်းမျိုးကို လျစ်လျူရှုထားလို့ မရဘူးဆိုတာ ကျွန်တော့် အတွေ့အကြုံအရ သိထားပါတယ်”

“လူတစ်ယောက်ယောက်က သတင်း လိုက်လွှင့်နေတာမျိုးလား”

သတင်းထောက်လှမ်းရေးမှူး လုဖုန် ခေါင်းညိတ်၏။



“မှန်ပါတယ်၊ လျှောက်သတင်းလွှင့်နေတာကတော့ လူကောင်းတစ်ယောက် မဟုတ်ဘူး ခင်ဗျ”

“ဘာကွယ်....”

လူကောင်းတစ်ယောက် မဟုတ်ပါဘူး၊ အရူးတစ်ယောက်ပါ....”

“ဒီအရူးက ဘာသတင်းတွေ လျှောက်လွှင့်နေတာလဲ”

“ကျင်းတောင်ပေါ်မှာ အသက်ကယ်ပွဲကြီး ကျင်းပမယ်လို့ လိုက်အော်နေပါတယ်”

“ဒါပဲအော်သလား”

“မကပါဘူး၊ ကိုယ့်အသက် ကိုယ်ချစ်ရင် ကိုယ့်အသက် ကိုယ်မြတ်နိုးရင် ဒီအသက်ကယ်ပွဲကြီးကို အမီ တက်ရမယ်လို့ ထပ်အော်ပါသေးတယ်”

“ဒီလူဟာ အရူး အစစ်လား”

“ကျွန်တော်ဖမ်းပြီး စစ်ဆေးရင် သေသေချာချာ သိနိုင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် အပြင်ပန်းကပဲ အကဲခတ်ပါတယ်”

“ကောင်းတယ်၊ အတုလား....အစစ်လား”

“အတုလို့ ထင်ပါတယ်၊ သူ့ကို တစ်ယောက်ယောက်က အရူးအဖြစ် ဟန်ဆောင်ခိုင်းတာပဲ ဖြစ်ပါလိမ့်မယ်”

“ဟုတ်ပြီ....နောက်ပိုင်းမှာရော”

"ဒီသတင်းနဲ့ပတ်သက်ပြီး ကျွန်တော်လိုက်ပြီး ထောက်လှမ်းပါတယ်၊ ဒီ အသက်ကယ်ပွဲကြီးဆိုတာ တကယ် ဖြစ်နိုင်ဖို့ အလားအလာ ရှိနေပါတယ်၊ အသက်ကယ်ပွဲ မတက်ရောက်တဲ့လူဟာ တကယ်သေရမယ်လို့လဲ အဆို ရှိနေပါတယ်"

"ဒီသတင်းကြောင့် သိုင်းလောကထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသလား၊ လှုပ်ရှားမှုမဖြစ်ဘဲ ငြိမ်မြဲ ငြိမ်သက်နေသလား"

"ဟာ....လှုပ်ရှားတာမှ အကြီးအကျယ် လှုပ်ရှားပါတယ်၊ ကျွန်တော်ဖြင့် အရှုးတစ်ယောက်ရဲ့ စကားကြောင့် သိုင်းလောကကြီးတစ်ခုလုံး ခုလောက်လှုပ်ရှားတာ ခုတစ်ခါပဲ တွေ့ဖူးသေးတယ်၊ အကြောင်းရင်းကို လိုက်ရှာတော့လဲ ဘာမှ မတွေ့ရသေးဘူး"

ဝမ်လျှံအဖွဲ့ရှင်က ခေါင်းညိတ်လိုက်ပြီး....

"ကောင်းပြီ၊ ဆက်ပြီး စနည်းနာလိုက်ဦး၊ ဒီအသက်ကယ်ပွဲကြီးကို တက်မယ့် လူတွေထဲမှာ သိုင်းလောကသားထဲက ခပ်ကြီးကြီးမားမား ဘယ်သူတွေပါတယ်ဆိုတာလဲ စာရင်းကောက်ထားလိုက်"

"ကောင်းပါပြီ ခင်ဗျာ"

"ကဲ....မင်း သွားနိုင်ပြီ"



လုဖုန့်သည် ဝမ်လျှံအဖွဲ့ရှင်ကိုဦးညွှတ်ဂါရဝပြုပြီး အခန်းထဲမှ ထွက်ခွာသွားသည်၊

"အဖွဲ့ခေါင်းဆောင်ချုပ် သခင်မရှင့်....အနားမယူတဲ့ ညတွေ များနေပါပြီ၊ ဒီညတော့ အနားယူဖို့သင့်ပြီလို့ ထင်ပါတယ်"

ဝမ်လျှံအဖွဲ့ရှင်က လက်ကို ခါယမ်းလိုက်ပြီး....

"မင်းသာ သွားအနားယူချေ၊ ငါ့မှာ ဒီက ရုံကူလင်နဲ့ ဆွေးနွေးစရာ ကျန်သေးတယ်"

မိုရင်သည် အဖွဲ့ခေါင်းဆောင်ချုပ်ကြီး တစ်ယောက်အား ယခုထက်ပို၍ မတောင်းပန်နိုင်သဖြင့် ဦးညွှတ်ထွက်ခွာသွားလေတော့၏။

"ကဲ....လုဖုန့်ပြောတာမင်းကြားတယ်မဟုတ်လား၊ရုံကူမေ့သီကာ ရလာတဲ့ သတင်းကတော့ မှန်နေပြီ"

"ဟုတ်ကဲ့.... ကျွန်တော်လဲ သိလိုက်ပါတယ်၊ ဒါဟာ ဝူကြည်အဖွဲ့ ခေါင်းဆောင်ချုပ်ရဲ့ လက်ချက်ပဲ ဖြစ်ရပါမယ်"

"ဟေ... ဒီအကြံအစည်ဟာ အင်မတန် ကြောက်စရာကောင်းတဲ့ အကြံအစည်ပဲ၊ ဒါပေမဲ့တော့ မင်းအဖို့ ရွေးချယ်စရာလမ်း မရှိတော့ဘူး"

"ဗျာ... ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"

"ကြားဖြူမယ်ဟာ ဒီအသက်ကယ်ပွဲဆိုတဲ့လုပ်ကြံမှုကြီးကို နောက်ပိုင်းနှစ်တွေမှာ လုပ်ထားဖို့ ကြံစည်ထားတာဖြစ်မယ်၊

အခု ငါက အတိအကျင်း ဝင်ပါလာတော့ သူ့အကြံအစည်ကို ခပ်မြန်မြန်ထုတ်ပြီး စီစဉ်လိုက်တာပဲ ဖြစ်မယ်"

"ကျွန်တော် တစ်ခုလောက် မေးပါရစေ"

"ဘာလဲ..."

"ကြာဖြူမယ်အနေနဲ့ အသက်ကယ်ပွဲကြီးမကလို့ အသက်လူပွဲကြီးပဲလုပ်လုပ် သိုင်းလောကက သိုင်းသမားတွေအနေနဲ့ အနေသာကြီးပဲ၊ ဘာဖြစ်လို့ လှုပ်လှုပ်ရှားရှား လုပ်ရမှာလဲ၊ အချိန်ကုန်ရင် သူ့ဘာသာ ရပ်သွားမှာပေါ့"

ဝမ်လျှံအဖွဲ့ရှင်က သဘောကျစွာ ရယ်လိုက်၏။

"မင်းဟာ ဉာဏ်ကောင်းတာတော့ မှန်တယ်၊ ဒါပေမယ့် သိုင်းလောကရဲ့ အတွေ့အကြုံမရှိတော့ သိုင်းလောကသားတွေ ဘာလုပ်တတ်တယ်ဆိုတာ မင်းမသိဘူး၊ ဒီလှုပ်လှုပ်ရှားရှား ဖြစ်တယ်ဆိုတဲ့ သိုင်းသမားတွေဟာ သူတို့ရဲ့အသက်အန္တရာယ် ရှိနေလို့ပေါ့ကွယ်၊ အသက်ကယ်ပွဲကို မသွားရင် သူတို့သေနိုင်တယ်လေ"

"ဗျာ....အဲဒါက ဘယ်လိုဖြစ်တာလဲ"

"ငါလဲ အသေအချာတော့ မသိသေးဘူးပေါ့ကွယ်၊ ဒါပေမယ့် ခန့်မှန်းလို့တော့ရနိုင်တယ်၊ ဥပမာဆိုပါတော့....ကြာဖြူမယ်ရဲ့ ဝူကြည်အဖွဲ့သားတွေဟာ သိုင်းလောကထဲက အဖွဲ့အသီးသီးထဲကို သူလျှိုအဖြစ် ထိုးဖောက်ဝင်ရောက်နိုင်ကြမယ်



ဆိုရင် ဒီအဖွဲ့သားတွေဟာ သက်ဆိုင်ရာ အဖွဲ့ခေါင်းဆောင်တွေ၊ လက်ထောက်ခေါင်းဆောင်တွေရဲ့ အစာထဲမှာ အဆိပ်ခတ်နိုင်မယ်ဆိုရင် ဒီအဆိပ်သင့်တဲ့လူတွေဟာ အသက်ကယ်ပွဲကြီးကို မသွားဘဲ နေရဲပါ့မလား"

ရှံကူလင်က ခေါင်းခါလိုက်ပြီး....

"ကြာဖြူမယ်ဟာ ဒီလိုတော့ လုပ်မယ်မထင်ဘူး"

ဝမ်လျှံအဖွဲ့ရှင်က....

"ကြာဖြူမယ်က လုပ်ချင်မှလုပ်မယ်၊ ဒါပေမယ့် သူ့အရင် ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ် လုပ်သွားတဲ့ ရွှေဟင်္သာအဖွဲ့ခေါင်းဆောင်ချုပ်က ဒီလိုလုပ်ခဲ့တာ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါကြောင့်မို့ ကြာဖြူမယ်က ညည်းညည်းညူညူ ပြောသွားတာပေါ့၊ သူ ဝူကြည်အဖွဲ့ ခေါင်းဆောင်ချုပ်အဖြစ် လက်ခံပြီးတဲ့နောက်၊ ဘယ်လိုမှ နောက်ဆုတ်လို့ မရတော့ဘူးလို့"

"ဒါဖြင့် အဖွဲ့ခေါင်းဆောင်ချုပ်အနေနဲ့ အဆိပ်မိထားတဲ့ သိုင်းသမားမှန်သမျှ ဒီထုံဘင်ကန်ကိုဖြတ်ပြီး ကျင်းတောင်မှာ လုပ်မယ့် အသက်ကယ်ပွဲကြီးကို သွားမယ်လို့ ဆိုလိုတာပေါ့"

"သိပ်သေချာသပေါ့ကွယ်၊ သိုင်းသမားထဲမှာကိုယ့်အသက်ကိုယ်မနှမြောတဲ့သိုင်းသမားရှိသလို ကိုယ့်အသက်ကိုယ်နှမြောတဲ့ သိုင်းသမားလဲ ရှိတာပဲ၊ အဲဒီတော့ ဒီအသက်ကယ်ပွဲကို

သိုင်းသမား တော်တော်များများ သွားကြမှာ သေချာပါတယ်"

"ဒီအသက်ကယ်ပွဲကြီးကို သိုင်းအဖွဲ့အားလုံးသိသို တက်ရောက်မယ်လို့ ထင်ပါသလား"

-ဝမ်လျှံအဖွဲ့ရှင်က....

"ရှောဟသ်ာအဖွဲ့နဲ့ ငါ့ရဲ့ဝမ်လျှံအဖွဲ့ကလွဲရင် အကုန်လိုလို တက်ကြလိမ့်မယ်လို့ ထင်ပါတယ်"

"ဗျာ....ဝမ်လျှံအဖွဲ့က မတက်ဘူးဆိုတာတော့ ထားပါတော့၊ အဖွဲ့ခေါင်းဆောင်ချုပ်ကြီးက ကိုယ့်လူတွေ ကိုယ်စိတ်ချလို့ဆိုတာ ကျွန်တော်လက်ခံပါတယ်၊ ရှောဟသ်ာအဖွဲ့က ဘာဖြစ်လို့ မတက်ရမှာလဲ"

ဝမ်လျှံအဖွဲ့ရှင်က ဟက်ဟက်ပက်ပက်ရယ်ရင်း....

"သေဆုံးသွားတဲ့ ဝူကြည်အဖွဲ့ခေါင်းဆောင်ချုပ်ဟောင်းဟာ ရှောဟသ်ာအဖွဲ့က ကျန်ကတော်ရဲ့ ယောကျ်ားဆိုတာ မင်းမေ့နေပြီလား၊ သူ့မိန်းမနဲ့ သူ့အဖွဲ့သားဟောင်းတွေကိုတော့ သူ ဘယ်နည်းနဲ့မှ အဆိပ်ခတ်ထားမယ် မထင်ပါဘူးကွယ်"

ရဲကူလင်က သူ တွေးထင်ထားသည့် အချက်တစ်ချက်ကို တင်ပြသည်။



"ထားပါတော့.... အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ပြောတဲ့အတိုင်း သူ့လျှိုတွေကြောင့် တခြားအဖွဲ့သားတွေ အဆိပ်မိကုန်ပြီဆိုပါတော့၊ ဒါပေမယ့် ဒီအဆိပ်တွေဟာ အသက်ကယ်ပွဲကြီး ကျင်းပတဲ့အချိန်ကျမှ တစ်ပြိုင်နက် အဆိပ်ထမယ်ဆိုတာတော့ မဖြစ်နိုင်ဘူး ထင်ပါတယ် ခင်ဗျာ"

"ဒါတော့ ငါလဲ မပြောတတ်ဘူး၊ ကြာဖြူမယ်ဟာ မပိုင်တဲ့နွဲတော့ အသက်ကယ်ပွဲကြီး လုပ်မှာမဟုတ်ဘူး"

"ဒါတော့ ကျွန်တော်လဲ လက်ခံပါတယ်"

"ငါတစ်ခုပြောမယ်၊ အဲဒီအသက်ကယ်ပွဲကို တောင်းဆိုလာတဲ့ သိုင်းသမားအားလုံးဟာ ဝူကြည်အဖွဲ့ရဲ့ ဘက်တော်သားတွေဖြစ်ကုန်ရင် လက်ရှိ သိုင်းလောကဟာ ဘယ်အခြေအနေမျိုး ရောက်သွားနိုင်သလဲ၊ မင်း နည်းနည်းလောက် စဉ်းစားစမ်းပါ"

ရဲကူလင်မှာ စိတ်ခေတ်ကျသွားသည်။

သူသည် ကျန်လုအဖွဲ့ခေါင်းဆောင်ကြီး ဟွာဆယ်ပုန်ကို ပြေး၍ မြင်မိသည်။

ကျန်လုအဖွဲ့သည်ပင်လျှင် ပျက်စီးလုလုဖြစ်နေပြီ မဟုတ်ပါလော၊

ထိုစဉ် ဝမ်လျှံအဖွဲ့ရှင်က ဆက်ပြော၏။

"ငါ တစ်ခုပြောရဲတယ်၊ အဲဒီ အသက်ကယ်ပွဲကြီး ဆိုတာသာ အောင်အောင်မြင်မြင်ဖြစ်သွားရင် ဝူကြည်အဖွဲ့ကို

ငါတို့ ဖြိုဖို့ မလွယ်တော့ဘူး၊ ရှေးဟောင်းအဖွဲ့နဲ့ ပေါင်းဖြိုလဲ ရမှာ မဟုတ်တော့ဘူး၊ ဒီ အသက်ကယ်ပွဲကြီးဟာ လာမယ့် တစ်လမှာ ဖြစ်လိမ့်မယ်၊ ငါတို့အတွက်ဖျက်ဆီးဖို့အချိန် တစ်လ ရတယ်၊ ဒါကို ဖျက်ဆီးပစ်နိုင်ရင် ဝူကြည်အဖွဲ့ဟာ သိုင်း လောကကို သူ ထင်သလို ချယ်လှယ်ခွင့် မရတော့ဘူး"

ရုံကူလင်က....

"ဝမ်လျှံအဖွဲ့ရှင်ရဲ့ အင်အားတစ်ခုတည်းနဲ့ ဒီအဖွဲ့ကို ဖျက်ဆီးမှာလား ခင်ဗျာ"

"ငါကတော့ အဘတ်နိုင်ဆုံး ဖျက်မှာပဲ၊ ဘေးကဝင် ကူမယ့်လူရှိရင် ပိုကောင်းတာပေါ့"

ရုံကူလင်က...

"ကျွန်တော်ဟာ အမျိုးအကျိုးအတွက်ဆိုရင် ကိုယ့် အသက်စွန့်ဖို့ ဝန်မလေးပါဘူးဗျာ၊ ကျွန်တော် ဝင်ကူပါ့ မယ်"

ဝမ်လျှံအဖွဲ့ရှင်က....

"မင်းတစ်ယောက်တည်းနဲ့တော့ ဘာမှအရာရောက်မယ် မထင်ပါဘူးကွယ်၊ ဆင်ပါးစပ်နှမ်းပက်သလိုပဲ ရှိနေမှာပါ"

ရုံကူလင်က အားတက်သရော ပြောသည်၊



"ကျွန်တော့်ကို အားမကိုးလောက်ဘူးဆိုရင်လဲ ရှိပါ စေတော့၊ တခြား အထက်လမ်း အဖွဲ့ခေါင်းဆောင်ချုပ် ကြီးတွေဆီမှာ ကျွန်တော်သွားပြီး အကူအညီတောင်းပေး ပါ့မယ်"

ဝမ်လျှံအဖွဲ့ရှင်က ရုံကူလင်အား စူးစူးစိုက်စိုက်ကြည့်၍ မေးလိုက်၏။

"မင်း တကယ်ကူမှာလား"

"တကယ် ကူညီပါ့မယ်"

"အေး....မင်း တကယ် ကူညီချင်တယ်ဆိုရင် မင်းမေမေ နဲ့ ငါနဲ့ တွေ့ဖို့သာ စီစဉ်ပေးပါ"

"ဗျာ...."

"မင်းသာ မင်းမေမေနဲ့ တွေ့အောင်စီစဉ်ပေးနိုင်ရင် မင်း ဟာ ငါ့ကို တကယ်ကူညီလိုက်တာပါပဲ"

"ဗျာ.... အဖွဲ့ခေါင်းဆောင်ချုပ်ကြီး ဆိုလိုတာက ကျွန် တော့် မေမေဟာ သိုင်းလောကကြီး ရေတိမ်နစ်မယ့် အရေး ကိုတောင် ကူညီ ကယ်တင်နိုင်မယ်ဆိုတဲ့သဘောလား"

"မှန်တယ်၊ ဒီသဘောပဲ"

"ကောင်းပြီ၊ ဒီလိုဆိုရင် ကျွန်တော့် မေမေကို ကျွန် တော် တစ်ယောက်တည်း အရင်သွားမေးပါဦးမယ်၊ ဝမ်

လှ အဖွဲ့ ခေါင်းဆောင်ချုပ်ကြီးနဲ့ လက်ခံတွေ့ဆုံဖို့ ဖြစ်မဖြစ်ကို''

''အေး....ဒီလိုမှပေါ့၊ ခုကိစ္စဟာ သိုင်းလောကကြီးတစ်ခုလုံးရဲ့ သေရေး ရှင်ရေးနဲ့ ပတ်သက်နေတာမို့ မင်းမေမေနဲ့ ငါ တွေ့ဆုံဖို့ကိစ္စကို အောင်အောင်မြင်မြင်ဖြစ်အောင် ကြိုးစားစေချင်ပါတယ်''

''ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်၊ ကြိုးလဲ ကြိုးစားပါမယ်၊ မေမေဟာ သိုင်းလောကအတွက် သူတကယ်ပဲ လိုအပ်နေပြီဆိုရင်တော့ ခုလို ဘေးရှောင်နေမယ် မထင်ပါဘူး''

''မင်းမေမေကို ဘယ်အချိန် သွားတွေ့နိုင်မှာလဲ''

''ဗျာ....ဒီလောက်တောင် အရေးကြီးနေပြီလား''

''အချိန်တိုင်းဟာ အရေးကြီးနေပြီ၊ တစ် လဆိုတဲ့အချိန်ဟာ တာမှမရှိဘူး၊ ဒီတစ်လ အတွင်းမှာ အစီအစဉ်တွေ အများကြီး လုပ်ရကိုင်ရဦးမယ်''

''အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကကော ဒီကနေ ဘယ်အချိန် ထွက်ခွာမှာလဲ''

''ဒါတော့ အတတ်ပြောလို့ မရဘူး၊ ငါက အလုပ်များတယ်''



''ကျွန်တော် အဖွဲ့ခေါင်းဆောင်ချုပ်ကြီးကို ဆက်သွယ်ချင်ရင် ဘယ်လို ဆက်သွယ်ရမလဲ''

''ဒါက မခက်ပါဘူး၊ ဒီအိမ်မှာ ရီရင် အမြဲရှိနေမယ်၊ မင်း အကြောင်းတစ်ခုခု ရှိရင်ဖြစ်စေ ရီရင်ကို အကြောင်းကြားပါ''

''ကောင်းပါပြီ၊ ဒါဆိုရင် ကျွန်တော် မေမေရဲ့သဘောထားကို နှစ်ရက်အတွင်း အဖွဲ့ခေါင်းဆောင်ကြီးသိအောင် ကြိုးစားပေးပါမယ်''

''ကောင်းတယ်၊ ခင်းကြိုးစားလို့ မအောင်မြင်ရင် ငါ နည်း ငါ့ဟန်နဲ့ ကြိုးစားရမှာပဲ''

ရှုံကူလင်သည် ရှော်ဘရက် ထ ရပ်လိုက်ပြီး....

''ကဲ....ဒီလိုဆိုရင် ကျွန်တော် ခုပဲ ခရီးဆက်ပါတော့မယ်''

ဝမ်လှ အဖွဲ့ရှင်က ခေါင်းညိတ်လိုက်၏။

''မင်းအတွက် အဖော်ထည့်ပေးရဦးမလား၊ ရီရင်ဖြစ်ဖြစ်၊ ကျင်လှ ဖြစ်ဖြစ်ပေါ့၊ နောက်ပြီး ခင်းမေမေဆီ သွားမယ့် ခရီးလမ်းကိုရော သိရဲ့လား''

''သိပါတယ်၊ အဖော်လဲ မလိုပါဘူး''

"သွားနိုင်ရင်တော့ သွားပေါ့ကွယ်၊ မင်းရဲ့ခွေးနွေးပွဲ အောင်မြင်ပါစေလို့ ငါ ဆုတောင်းလိုက်ပါတယ်"

ရုံကုလင်သည် ဝမ်လျှံ အဖွဲ့ရှင်အား ဦးညွှတ်ဂါရဝပြုပြီး နောက်....

"ကျွန်တော် သွားပါတော့မယ်၊ ကျွန်တော့်ကို လိုလေသေးမရှိအောင် ပြုစုတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

စာစဉ် - ၆ ပြီး၏၊

(စာစဉ် - ၇ ဆက်လက်ဖတ်ရှုပါရန်)